
# လေးလေးမြင့်

## ကိုယ့်ရင်ထဲမှာငိုနေမယ်



## လေးလေးမြင့်၏ ထုတ်ဝေပြီး စာအုပ်များ


၁။ ကြင်နာသနား
၂။ သံယောဇဉ်လေးဖြတ်ချင်တယ်
၃။ မိုက်ငိုကီ
၄။ ချစ်လွန်းတော့သိပ်ချစ်တယ်
၅။ ဒို့ချစ်တာမင်းအသိဆုံးပါ
၆။ ကိုယ့်ရင်ထဲမှာငိုနေမယ်


**လေးလေးချစ်ရပါသော စာဖတ်သူများရှင့်**

လေးလေးရဲ့ ပင်ကိုယ်ရေးဝတ္ထုများကို နှစ်သက်စွာအား ဖတ်ရှုကြတာကို ဝမ်းသာကြည်နူးမိပါသည်။

ဝေဖန် အကြံဉာဏ် ပေးကြသည်များကို လှိုက်လှိုက်လဲ လက်ခံနာယူပါသည်၊ ဆက်ပြီးတော့ စာဖတ်သူများ စိတ်ကြို တွေ့စေမယ့် ဇာတ်လမ်း ဇာတ်ကွက်များဖြင့် ဝတ္ထုသစ်များ ရေးနေကြောင်း သတင်းကောင်းဆိုပါရစေ။

ချစ်သော

**လေးလေးမြင့်**

ဂျူလာရမ်စာပေ

၁၆၉/က ၃၃-လမ်း၊

ရန်ကုန်မြို့။

# ကိုယ့်ရင်ထဲမှာငိုနေမယ်

## လေးလေးမြင့်

(အခန်း–တစ်)

'ကိုအောင်'

'ဟင်'

'သူငယ်ချင်းတွေကပြောကြတယ်'

'ဘာတဲ့လဲ'

'သူသူနဲ့ ကိုအောင်တို့ သိပ်ချစ်ကြတာဘဲတဲ့'

ကိုအောင်ဟု အခေါ်ခံရသော လူရွယ်လေးမှာ အတူယှဉ်တွဲထိုင်နေရာမှ မိန်းမချောကလေးဘက်လှည့်ကာ ချစ်ရည်ရွှန်းသော မျက်လုံးများဖြင့်ကြည့်ကာ မိန်းမချောလေးကို ငေးနေပါ၏။ သူတို့နှစ်ဦးမှာ ဂျပ်ဆင်အောက်ရှိ လှေကားထစ်များတွင် ထိုင်နေကြခြင်း ဖြစ်ပါ၏။

ဂျပ်ဆင်မျှော်စင်ကြီးသည် ပြည်လမ်းမကြီးဘက်သို့ မျက်နှာ လှည့်ထားပြီး ဘယ်ဘက်တွင် သီရိဆောင်၊ ညာဘက်မလှမ်း မကမ်းတွင် ရွှေဘိုဆောင်နှင့် တက္ကသိုလ်ဆရာ/ဆရာမများ၏ နေအိမ်တို့နှင့် ပနာရလှပေသည်။

အများအားဖြင့် လူများမှာ ဂျပ်ဆင့်အောက်မှ ဥဒေ ဖြတ်သန်းသွားတတ်ကြ လသည်၊ ဂျပ်ဆင်အောက်တွင် တံခါ သဘောမျိုးဖြင့် အကန့်သုံးကန့် ကာထားပါသည်။ တဘက်နှ တဘက် မမြင်ရပေ။ အလယ်လှေကားထစ်မှာ အကျယ်ဝန်း ကျယ်ပြန့်သကဲ့သို့ ထင်းကနဲ မြင်ရတတ်သည်။ ဘယ်ဘက်နှ ညာဘက်လှေကားထစ်များမှာ နေရာကျဉ်းပြီး အကာအကွ သဘောကဲ့သို့ ဖြစ်နေသည်၊ အဝေးမှ မမြင်နိုင်။

ဖြတ်သွားဖြတ်လာပြုရုံနှင့်ဆိုလျှင် ထိုအားတဖက်တချက်တွ လူထိုင်နေမှန်းမသိနိုင်။ သတိထားကြည့်မှသာ တွေ့နိုင်ပါ၏ ထို့ပြင် ဂျပ်ဆင်မျှော်စင်အနောက်ဘက်မှ လူသွားစင်္ကြန်လေး ရွှေဘိုဆောင်နှင့် ဝိဇ္ဇာခန်းမထိ ဆက်သွယ်ပေးထားပါလေသည်

ထို့ကြောင့်လည်း ကျောင်းသူကျောင်းသားများမှာ မိန် ဘက်သို့လာပြီဆိုလျှင် ဂျပ်ဆင်အောက်မှ ဖြတ်သွားကြသည် များကြလေ၏။

အခုလည်း ကိုအောင်အမည်ခံ ဇော်ကိုအောင်နှင့် သူ ဆိုသည့် မိန်းမချောလေး ချောစုသူသူတို့သည် တောင်ငူဆောင်မှ နေ၍ လျှောက်လာကြယင်း ဂျပ်ဆင်အောက်တွင် နေရာလွတ် သဖြင့် ဝင်ထိုင်လိုက်ကြခြင်း ဖြစ်သည်။



ဇော်ကိုအောင်မှာ ပညာရေးတက္ကသိုလ်၏ နောက်ဆုံးနှစ်မှ ကျောင်းသားဖြစ်ပြီး ချောစုသူသူသည် စီးပွားရေးတက္ကသိုလ်၏ ဒုတိယနှစ်ကျောင်းသူတဦး ဖြစ်သည်။

သူတို့နှစ်ဦး ချစ်သူဘဝရောက်သည်မှာ ခြောက်လပြည့်သည့် နေ့မို့ ချစ်သူနှစ်ဦးမှာ အထိမ်းအမှတ်အနေဖြင့် ဘုရားတွင် ဆုတောင်းပြီး ပြန်လာကာ ဂျပ်ဆင်အောက်တွင် ဝင်နားကြခြင်း ဖြစ်ပါ၏။

ဇော်ကိုအောင်သည် ချစ်သူနဖူးပေါ်မှ ချွေးစို့နေခြင်းအား လက်ကိုင်ပဝါလေးဖြင့် သုတ်ပေးလိုက်ပါသည်။ ချောစုသူသူမှာ ချစ်သူ၏ယုယမှုလေးများကို ကျေနပ်စွာခံယူယင်း ဇော်ကိုအောင်အား ပြန်လည်ချွေးသုတ်ပေးယင်း သူတို့အချစ်ကို ဂုဏ်ယူ င့်ကြား ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဇော်ကိုအောင်သည် အားရပါးရပြုံးလိုက်ကာ ချောစုသူသူ ခုံးလေးကို ဖက်လိုက်၏။ ချောစုသူသူမှာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပါ၏။ လူသွားလူလာရှင်းနေ၍ ချစ်သူအား ဘာမှမပြောတော့။ ဇော်ကိုအောင်ကလည်း သိတတ်ပါသည်။ ရှေ့ သူ့ရှေ့တွင် ချောစုသူသူအား ဣန္ဒြေပျက်အောင် ဘယ် တော့မှမလုပ်။ သူ့ချစ်သူ သိက္ခာကျသွားမည်စိုး၍ လက်ကလေး ပင် မကိုင်တတ်။

ချစ်သူဘဝအရ ပွေ့တာ၊ ဖက်တာ၊ နမ်းတာတော့ ရှိကြ ခဲ့၊ သို့သော် မိမိကြောင့် ချောစုသူသူကို ပတ်ဝန်းကျင်အထင် သေးမှာ၊ လှောင်ပြောင်မှာကို မကြားရအောင် ဇော်ကိုအောင် က ချစ်သူအပေါ် ငဲ့ညှာခဲ့သည်၊ တန်ဖိုးထားခဲ့ပါ၏။

ချောစုသူသူသည် လွယ်အိတ်ထဲမှစာအုပ်ကိုထုတ်ကာ ယ
ခပ်လိုက်၏။ မဖတ်လ၏ ပူပြင်းသော နွေအပူဒဏ်ကို
အကြောက်ဆုံးပါပေ။

ချောစုသူသူလက်ထဲမှစာအုပ်ကို ဇော်ကိုအောင်က လုယူ
ချစ်သူကို ယပ်ခပ်ပေးလိုက်ပါသည်။ ချောစုသူသူမှာ ဇေ
ကိုအောင်အပေါ် ကျေနပ်မဆုံးဖြစ်ကာ အမှတ်တွေ တိုးသ
ထက် တိုးလာရတော့သည်။

'ကိုအောင်ရယ် သူသူ မအိုက်တော့ပါဘူး၊ ကိုအောင့်လ
လေးတွေ ညောင်းနေပါအုံးမယ်'

ချောစုသူသူက ချစ်သူဇော်ကိုအောင်လက်ထဲမှစာအုပ် လု
ယင်း ပြောလိုက်သည်။ ဇော်ကိုအောင်က မပေးဘဲ....

'မညောင်းပါဘူးကွယ်၊ သူသူလေးအိုက်နေတာ တွေ့ရ
ကိုအောင် စိတ်မဒကာင်းဖြစ်ရတယ်'

'ဘာလို့ဖြစ်ရတာလဲဟင်၊ နွေရာသီဆို ပူတာဘဲဖေါ့ကိုအေ
ရယ်'

'ကိုအောင်တို့ ချစ်သက်တမ်း(၆)လပြည့်တဲ့နေ့ ဘုရားသွ
ချင်တယ်ဆိုလို့ သူသူလေး ပိုအိုက်နေရတာ၊ လမ်းလျှောက်တော
ပိုအိုက်မှာပေါ့၊ ကိုအောင့်က ခံနိုင်ရည်ရှိပြီးသားဘဲ၊သူသူလေး
ထနာသွားရပြီ'

ချောစုသူသူသည် ချစ်သူထံမှ ကြင်နာစကားလေးများက
နားထောင်ယင်း သွားတက်လေးများပေါ်အောင် ပြုံးကာ....

'မဆိုင်ပါဘူးနော်.... ကိုအောင်မပြောလဲ့ သူသူက ဘုရား
သွားချင်တယ် ပြောမှာပါနော်'



နော်ခြင်းထပ်၍ နွဲ့နေသော ချစ်သူကိုကြည့်ပြီး ကိုအောင်
ချင့်မှုရဲဖြစ်လာသည်။ ထို့ကြောင့် ချစ်သူကို အားရပါးရဖက်
း မွှေးလိုက်ပါ၏။

'ဟုတ်ပါတယ်တဲ့ဗျာ၊သူသူလေးသူငယ်ချင်းတွေက ကိုအောင်
အချစ်ကို အထင်တကြီး အသိအမှတ်ပြုတယ်ပေါ့'

'အင်းလေ....'

'ကိုအောင့်အချစ်ကိုသိယင် သူတို့ ဒီထက်မက အသိအမှတ်
ုံးမှာဗျ'

'အံမာ....ကိုအောင့်အချစ်က ပိုတယ်ပေါ့'

မခံချင်သံလေးဖြင့် ချောစုသူသူက ဇော်ကိုအောင်အား
ည့်၍ မေးလိုက်ပါသည်။

'ဒါပေါ့....ဒါပေါ့'

ဇော်ကိုအောင်ကလည်း မြူးပြူးလေးဖြင့် ချစ်သူကို စလိုက်
ည်။

'ဟုတ်လိမ့်မယ် အားကြီးကြီး.... သူငယ်ချင်းတွေက သူသူ
အောင့်အပေါ်ချစ်ဘာကိုကြည့်ပြီး ဆုံးဖြတ်ကြတာပါနော်၊
သူ့မှာ စားလဲ့ကိုအောင်၊ သွားလဲကိုအောင်၊အိပ်လဲ့ကိုအောင်
နေလို့ သူသူ့ကိုတောင် ပြောကြသေး'

'ဘာတဲ့လဲ'

'ချစ်သူကို အဲလောက်မချစ်နဲ့တဲ့၊ စိတ်ဆင်းရဲရလိမ့်မယ်တဲ့'

'ဒါဆို ကိုအောင်တော့ အရမ်းစိတ်ဆင်းရဲနေရမှာပေါ့'

ဇော်ကိုအောင် စိတ်ဆင်းရဲသည်ဆို၍ ချောစုသူသူမှာ မျက်
က်သွားကာ....

'ကိုအောင်က ဘာလို့စိတ်ဆင်းရဲရတာလဲပ င်'

'အော်....သူသူ သူငယ်ချင်းတွေပြောသလို ချစ်သူကိုသိပ်ချစ်တော့ သိပ်စိတ်ဆင်းရဲတယ်ဆို'

'အင်းလေ....သူတို့က ပြောကြတာဘဲ၊ သူသူကတော့ နားမထောင်ပါဘူး၊ ကိုအောင့်ကို ပို-ပိုတောင် ချစ်လာသေးတယ်'

'ဒါတော့ ပြောတာပေါ့၊ ကိုအောင်ကလဲလေ သူသူလေးအချစ်ထက် မနိုင်းသာမယှဉ်သာအောင်ချစ်တော့ အဆပေါင်းများစွာ ကိုအောင်ပိုစိတ်ဆင်းရဲရမလို ဖြစ်နေပြီပေါ့'

ဇော်ကိုအောင်က ချောစုသူသူအပေါ်ထားသော မေတ္တာကိုတင်စားပြောလိုက်ပါ၏။ ချောစုသူသူမှာ ဇော်ကိုအောင်ထက်ပိုချစ်ကြောင်း မပြောသာအောင် ရှိနေ၍ မခံချိမခံသာဖြစ်ပြီးမျက်စောင်းထိုးရုံ အုံမှာ ဟုပြောရုံမှတပါး စကားရှာမတွေ့ဖြစ်နေပါသည်။

မိမိက ဘယ်လောက်ပင်ပိုချစ်ကြောင်း ပြောပြော၊ ဇော်ကိုအောင်က မိမိထက် အဆပေါင်းများစွာသာထားသည်ဟု ပြောထားပြီးဖြစ်နေသည်မဲ့ မဟုတ်ပါလား။ ချစ်ရလွန်းသော ချစ်သူလေးအဖြစ်ကိုကြည့်ပြီး ဇော်ကိုအောင်မှာ သဘောကျမဆုံးဖြစ်ကာ တဟားဟား ရယ်မောလျက်ရှိနေပါတော့သည်။

'ရယ်နော်....တော်တော်သဘောကျ'

'ဟောဗျာ.... ကိုယ့်ချစ်သူနဲ့ အတူစား အတူသွားနေရတာမပျော်ဘဲရှိပါ့မလားဗျာ၊ သူသူလေးကော ကိုအောင်နဲ့တွေ့တာ မပျော်ဘူးလားဟင်'

ဇော်ကိုအောင်က အရယ်ရပ်ပြီးမေးလိုက်သည်။ ချောစုသူသူမှာ ချစ်စဖွယ်နှုတ်ခမ်းလေးစူရာမှ ပြုံးလာကာ....

'သိပ်ပျော်တာပေါ့'



'ဒါဆို ကိုအောင်ရယ်တာ အပြစ်ရှိလားဟင်၊ ပျော်လို့ရယ်တာဘဲဟာနော်'

'အင်း....ခစ်-ခစ်'

ချောစုသူသူကလဲ ဇော်ကိုအောင်နှင့်အတူ ရယ်မိပါတော့သည်။ ဇော်ကိုအောင်သည် ချောစုသူသူလက်လေးကိုကိုင်ပြီး...

'ကိုအောင်နဲ့သူသူလေး အတူနေရတော့မယ်နော်'

'ဟုတ်လား'

ဇော်ကိုအောင် စိတ်ကောက်အောင် ချောစုသူသူက အတည်ပေါက်ဖြင့် စလိုက်သည်။

'ဟုတ်ဖူးလား၊ ကိုအောင် ကျောင်းပြီးတာနဲ့ လက်ထပ်ဖို့မိဘတွေကကော ယောကျ်ားမလောင်းကြီးတွေကပါ သဘောတူထားကြပြီဘဲလေ၊ ဘာလဲ.... သူသူလေးက ကိုအောင်နဲ့ အတူမနေချင်လို့လား'

'သူသူကျောင်းပြီးမှ လက်ထပ်ရအောင်နော်'

'ဘာလို့'

'ရှက်လို့'

ဇော်ကိုအောင်မှာ တခုခုအတွေးပေါက်သွားကာ လက်ခုပ်လက်ဝါးတီးပြီး ရယ်ယင်း....

'ဒီခေတ်မှာ ယောကျ်ားယူပြီးမှ ကျောင်းဆက်တက်တဲ့သူတွေ တပုံကြီးပါဗျာ၊ မရဘူး....ကိုအောင်ကိုချစ်ယင် မိဘတွေအစီအစဉ်အတိုင်း လိုက်နာရမှာဘဲ'

'အင်းပါဆို၊ သူသူက ကိုအောင် စိတ်ဆိုးအောင်ပြောတာ၊ စိတ်လဲမဆိုးဘူး သူများက ချော့ချင်လို့ဟာကို'

ချစ်ကြပြီဆိုတော့ တဦးကိုတဦး ယုယကြသည်၊ ချွဲကြသည်၊ စိတ်ကောက်ဘမ်း ကစားကြပြန်၊ ချော့ကြသည်မှာ ချစ်သူတို့၏ သဘာဝပေပင်။

ဇော်ကိုအောင်သည် ပြုံးရယ်နေသောမျက်နှာကို တည်ပစ်လိုက်သည်။ ဒါတောင် စိတ်ထဲမှ ရယ်ချင်နေ၍ မျက်နှာပိုး မသေနိုင်ဘဲဖြစ်နေ၍ ပါးစပ်ကို နှုတ်ခမ်းဖြင့်ကိုက်ဖိထားရသည်၊ ချောစုသူသူအား ကိုင်ထားသောလက်ကလေးကို လွှတ်လိုက်ပြီး ဒူးပေါ်လက်တင်ကာ ငုတ်တုတ်ထိုင်လိုက်သည်။

ချောစုသူသူမှာ ရုတ်ခြည်း ပြောင်းလဲသွားသော ချစ်သူ၏ အပြုအမူကို ကြောင်၍ နားမလည်အောင်ဖြစ်ယင်း မျက်နှာငယ်လေးဖြင့်....

'ဒါက ဘယ်လိုဖြစ်သွားရတာလဲဟင်၊ သူသူပြောတာ ဘာ စကားမှားသွားလို့လဲ ကိုအောင်ရယ်'

ဇော်ကိုအောင်ထံမှ စကားသံမထွက်လာ။ ချောစုသူသူ စိတ်ဆိုက်သွားကာ ချေးပြန်လာသည်၊ ဇော်ကိုအောင်သည် ဘေးတိုက် ယှဉ်ထိုင်နေရာမှ ချောစုသူသူအား ခိုးကြည့်လိုက်သည်။ နှုတ်ခမ်းနားလေးတွင် ထွက်နေသောချေးသီးလေးများကို သုတ်ပေးချင်လာသည်။

'ကိုအောင်ကလဲ သူသူကိုချစ်တယ်ဆိုပြီး စကားမပြောဘဲ နေနိုင်လိုက်တာ၊ သူသူသာဆို မနေနိုင်ပါဘူး၊ ကိုယ့်ချစ်သူကို စကားမပြောဘဲ စိတ်ဆင်းရဲအောင် မလုပ်ပါဘူးနော်'

သာလိကာက အရှုံးမပေးရအောင် တီတီတာတာပြောနေသော ချောစုသူသူစကားကြောင့် ဇော်ကိုအောင်မှာ ကြာကြာ မနေနိုင်တော့။ ချောစုသူသူလက်ကိုဆွဲကာ....



'ကိုအောင်ကသူသူလေးအချော့ခံချင်လို့စိတ်ကောက်နေတာ၊ သွား....ချော့လဲမချော့ဘူး၊ ကိုအောင်ကချည်း သူသူလေးစိတ်ကောက်တိုင်းချော့ရတော့၊ တခါတလေ အချော့ခံချင်တာပေါ့'

သည်တော့မှ ချောစုသူသူမှာ ပြုံးလာပြီး ဇော်ကိုအောင် စိတ်ကောက်မှန်း သိသွားတော့သည်။

'လက်စသတ်တော့ ကိုအောင်က စိတ်ကောက်နေတာကိုး၊ ပြောရောပေါ့ကိုအောင်ရယ်၊ သူသူ့ကို စိတ်ကောက်တော့မယ်လို့'

'ဟုတ်ကဲ့—စိတ်ကောက်မှာကို ကြေငြာရအုံးမယ်နော်'

ဘာရယ်မဟုတ်ဘဲ ချစ်သူနှစ်ဦးမှာ တခစ်ခစ်ရယ်မိကြပြန်သည်။ ပတ်ဝန်းကျင်ကိုလည်း မေ့သွားတတ်ကြသည် မဟုတ်ပါလား။ နှစ်ဦးသားပျော်ရွှင်နေချိန်တွင် သံချောင်းခေါက်သံများနှင့်အတူ မီးသတ်ကားကြီးများ ပြည်လမ်းမကြီးပေါ်မှ အင်းစိန်ကမာရွတ်ဘက်သို့ အဆက်မပြတ် မောင်းသွားသည်များကို တွေ့ရလေသည်။

သူတို့နေရာမှကြည့်ရာ ကောင်းကင်ပေါ်၌ မီးခိုးလုံးကြီးများကိုတွေ့ရသဖြင့် ဇော်ကိုအောင် စိုးရိမ်သွားသည်၊ နှစ်ဦးသားနှင့်တူထ၍....

'ကိုအောင့်တို့နေတဲ့ ကမာရွတ်များလားမသိဘူး'

ချောစုသူသူမှာ ကောင်းကင်ပေါ်သို့ လိပ်၍လိပ်၍တက်လာသော မီးခိုးလုံးများကိုကြည့်ပြီး ဇော်ကိုအောင်အတွက် ပူပန်သွားရသည်။

ဇော်ကိုအောင်၏ မိဘများမှာ မန္တလေးတွင် နေထိုင်ကြသည်၊ အခြေခံပညာရေး အထက်တန်း အောင်သောအခါ

ဇော်ကိုအောင်သည် ပညာရေးတက္ကသိုလ် တက်ခွင့်ရသဖြင့် ရန်ကုန်ရောက်လာခဲ့သည်။

မိဘများက လားငယ်တဦးစာည်းလွှတ်ရမည်ကို စိတ်မခ[illegible] သဖြင့် သားကြီးကျော်ထွန်းဦးအား ရန်ကုန်ရှိ ပွဲရုံတ ရှုံဝယ်ပြီ လုပ်ငန်းလုပ်ကိုင်ရန် ထည့်လိုက်သည်။

ညီအစ်ကိုနှစ်ဦးသည် ကမာရွတ်တွင် သီးသန့်တထပ်အိမ်လေ တဆောင်ဝယ်ကာ နေခဲ့ကြသည်။ အခုအခါ မီးခိုးများက နီးကပ်စွာတွေ့ရ၍ ဇော်ကိုအောင်မှာ အကိုဖြစ်သူအတွက် စိတ် ပူသွားမိခြင်းဖြစ်သည်။

'မီးလုံးကတော့ အရမ်းနီးတာဘဲ၊ ကိုအောင်တို့ဘက်ထင် တယ်၊ ကိုအောင် အိမ်ခဏပြန်ကြည့်လိုက်အုံးမယ်နော်'

'သူသူလဲ လိုက်မယ်လေ'

'မလိုက်ပါနဲ့....လူတွေရှုတ်ရှတ်ဆဲသဲနဲ့ သူသူလေးကို ထိခိုက် မှာ စိုးတယ်'

စိ 'ဒါဆိုလဲသွားလေ....အကျိုးအကြောင်း သိရအောင် သူသူ ဆီကို လာပြောနော်'

သ 'စိတ်ချ....ကိုအောင် သူသူလေး အဆောင်လာခဲ့မယ်၊ သူသူ လေး ပြန်ရဲ့ရဲ့လား၊ ကိုအောင်လိုက်ပို့ပေးရအုံးမလား'

ဇော်ကိုအောင်မှာ သွားမည့်အရေးတွင် ချစ် ကို စိတ်မ ၍ ပြောလိုက်သည်။

'စိတ်ချလက်ချသွားပါ၊ ဟိုမှာ ကိုအောင့်အကိုက နေ့လည ဆို အိပ်တတ်တယ်ဆို'

'ဟုတ်တယ်....အကိုကြီးအတွက် ပူမိတယ်၊သူ့ခမျာ မန္တလေ မှာ ရှိတဲ့ ချစ်သူနဲ့ခွဲပြီး ကိုအောင်နဲ့ လာနေပေးရတာမို့လာ

ဇော်ကိုအောင်မှာ လူတိုင်းအပေါ် အားနာစိတ်-သနား တတ်သည့် စိတ်ရှိမှုန်း ချောစုသူသူသိသည်။ ရုပ်ရည်ချော[illegible] သည်နှင့်အမျှ စိတ်ကောင်းရှိသော သဘောကောင်းသော[illegible] ကို ချောစုသူသူ အားကိုးသည်နှင့်အမျှ ယုံကြည်မှုလည်း[illegible]

'ကဲ....ကိုအောင် သွားတော့လေ၊ အချိန်မရှိဘူး'

ဇော်ကိုအောင်သည် ချောစုသူသူအား မမှိတ်မသုံ စူးစူ စိုက်စိုက်ငေးကြည့်ပြီး....

'ကိုအောင်သွားမယ်နော်....ကိုအောင့်ကို စောင့်နေနော်'ဟု ပြောပြီး သုတ်ခြေတင်ထွက်သွားပါတော့သည်။

ချောစုသူသူသည် ချစ်သူကျောပြင်ကို ငေးကြည့်ယင်း ဇော်ကိုအောင်အား မျက်စိတဆုံးကြည့်နေမိသည်။

ဇော်ကိုအောင်သည် ကားတစီးငှါးကာ ထွက်ခွါသွားမှ သူမ လည်း အဆောင်ပြန်ရန် နံပါတ် (၉) ကားကို စောင့်ရန် ထွက် ခွါလာခဲ့တော့သည်။

မီးလောင်သည့်နေရာသို့ မကြာမီ ဇော်ကိုအောင်ရောက် သွားသည်။ လူများမှာ ဟိုဟိုဒီဒီပြေးလွှားနေကြပါ၏။ အချိန် မှာလည်း ပူပြင်းလှသော မတ်လဖြစ်သည့်ပြင် နေ့လည် အုံးနာရီ အချိန်လည်းဖြစ်၍ မီးအားမှာ အရှိန်ပြင်းလှန်းသည်။ လေက လည်း တိုက်သဖြင့် မီးတောက်များမှာ တအိမ်မှတအိမ်သို့ လျှင် မြန်စွာ ကူးစက်သွားလေသည်။

ဇော်ကိုအောင်သည် လူအုပ်ကြားကိုတိုး၍ သူ့အိမ်ဈေးရှိ ရာသို့ အရောက်လာခဲ့လေသည်။ တဖြောင်းဖြောင်းမြည်၍ ဝါး မြိုနေသော မီးတောက်များ၏ အရှိန်က လာဟပ်ပေသည်။

ဇော်ကိုအောင် စိတ်ထဲတွင် အကိုကြီးဖြစ်သူ ကျော်ထွန်းဦး အတွက်သာ စိုးရိမ်မှုပိုကာ ဘေးဘီသို့ပင်ငဲ့စောင်း၍မှ မကြည့်မိ။

မီးခိုး၌ မိမိပခုံးကို လူတယောက်လာဆွဲပြီး....

သဖြင့်သာ 'ဇော်ကြီး' ဟု ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ ကျော်ထွန်းဦးဖြစ်နေ၍ စိတ်အေးသွားရတော့သည်။

'အကိုကြီးပါလား... ကျနော်က အကိုကြီးအတွက် စိတ်ပူနေတာ'

'ငါလဲ မင်းစိတ်ပူမယ်ထင်လို့ မင်းကိုရှာနေတာကြာပြီ၊ ဒီနေ့ ငါနေ့လည်မအိပ်ဘဲ မြို့ထဲထွက်မိတာ ကံကောင်းသွားတယ်၊ အိမ်တော့ မီးဝါးသွားပြီကွာ'

'အိမ်ပါတာ ကိစ္စမရှိပါဘူး၊ အရေးကြီးတာကလူဘဲ'

ဇော်ကိုအောင်မှာ တကယ့်ကိုစိတ်အေးသွားဟန်ဖြင့်ပေါ့ပါးစွာပြောလိုက်ပြီးပတ်ဝန်းကျင်ကိုကြည့်မိတော့၏။မီးလောင်ပြီဆိုတော့လည်း အားလုံးမှာ ရှုန်းယင်းဆန်ခတ် ဖြစ်နေကြရသည်သာ။

မီးအရှိန်ကြီးမားသဖြင့် မီးသတ်ကားများမှာ များပြားလှသည်။ အထုပ်ပိုးပိုက်ကာပြေးသူများ၊ မီးသတ်သူများနှင့် ရပ်ကြည့်နေသူများကို တွေ့ရပါ၏။ အချို့များဆိုလျှင် ဆွဲမိဆွဲရာကြောက်အားလန့်အားဖြင့် ရေအိုးကို ဆွဲသူဆွဲလာပေသည်။ ဖျာလိပ်ကို မသူ မလာကြပါ၏။

'လာ....အကိုကြီး၊ ကျနော်တို့လဲ အဘတ်နိုင်ဆုံး သွားကူညီကြရအောင်'

ပြောပြောဆိုဆိုဖြင့် ဇော်ကိုအောင်က ရှေ့မှထွက်သွားလေသည်။ ကျော်ထွန်းဦးမှာ ဇော်ကိုအောင်နောက် လိုက်သွားရ



ပါ၏။ တနေရာအရောက်တွင် အိမ်တအိမ်မှ မိန်းမငယ်တဦး ပြေးထွက်လာကာ သူတို့ညီအစ်ကိုနှစ်ဦးအား အားကိုးတကြီးဖြင့်....

'အကိုတို့ရယ် ကျမတို့သားအမိကိုကယ်ပါဦး၊ အိမ်ပေါ်ထပ်မှာ ကျမသမီးလေးအိပ်ပျော်နေတယ်၊ ကယ်ပေးကြပါရှင်'

ငယ်ရွယ်နုပျိုလှသော အမျိုးသမီးလေးမှာ မပဋ္ဌာမြေလူးပုံစံမျိုးဖြင့် ဇော်ကိုအောင်၏လက်မောင်းကို ဆွဲကိုင်လှုပ်၍ ပြောလိုက်သည်။ မိန်းမငယ်လေးမျက်နှာမှာ သမီးအတွက်စိုးရိမ်ပူပန်မှုက အထင်းသားပေါ်နေရပေ၏။

'ဘယ်အိမ်လဲ'

ဇော်ကိုအောင်က ခပ်မြန်မြန်မေးလိုက်သည်။ မိန်းမရွယ်လေးသည် ဇော်ကိုအောင်အား လက်ညှိုးထိုးပြယင်း....

'ဟိုဘက်မီးလောင်တဲ့အိမ်ဘေးကအိမ်ပါ၊ ဟောအိမ်ခေါင်မိုးတောင် မီးလောင်တော့မယ်၊ လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ သမီးလေး သမီးလေး'

ဇော်ကိုအောင်ပြေးသွားပါ၏။ နောက်ပိုင်းမှ ကျော်ထွန်းဦး၏ တားသံတိုပင် နားမထောင်မိပေ။

'ဟေ့ကောင် ဇော်ကြီး အရမ်းမသွားနဲ့၊ ဟေ့ကောင် မသွားနဲ့တော့လေ'

ကျော်ထွန်းဦးမှာ နောက်မှတကျော်ကျော်အော်ယင်း ပြေးလိုက်သွားတော့သည်။

အိမ်ခေါင်မိုးမှာ မီးစတင်စွဲနေလေပြီ။ ဇော်ကိုအောင်မှာ အိမ်ရှေ့ခန်းမှပြေးဝင်သွားကာ အပေါ်ထပ်သို့လှေကားအတိုင်း တက်သွားယင်း ကိုယ်ပေါ်မှအဝတ်အစားများကို ဆွဲချွတ်လိုက်

သည်။ ကက်ထရက်ဘောင်းဘီရှည် ဝတ်ထား၍သာ ဇော်ကို
အောင်မှာ သွားလာလှုပ်ရှားမှု မြန်ဆန်နေခြင်းဖြစ်ပါ၏၊

ဇော်ကိုအောင်အပေါ်ရောက်သည်နှင့် မီးခိုးရှိန်က ပြင်းလွန်းသဖြင့် သဲကွဲစွာပင်မမြင်ရဖြစ်နေသည်။ မျက်လုံးများမှာ စပ်လာပြီး မျက်ရည်ပူများပင်ကျလာပါသည်။

သို့သော် ဇော်ကိုအောင်မှာ ကိုယ့်ကိုယ်ကို ဂရုမစိုက်အား ကလေးကိုသာ ရှာဖွေမိသည်။ ခေါင်မိုးပေါ်မှ မီးတုတ်တ ကျလာ၍ မနည်းရှောင်လိုက်ရသေးသည်၊ အပြင်ဘက်တွင်လည်း အော်ဟစ်သံများ၊ ငိုသံများဆူညံနေခြင်းကို ကြားလိုက်ရသည်။

ဇော်ကိုအောင်မှာ အိမ်အနေအထားနှင့် အထားအသိုက် မှသိခဲ့သေးသဖြင့် ကလေးကို ဘော်ရှုံနှင့်ရှာမတွေ့ ဖြစ်နေသည်။ မီးအရှိန်ဟပ်သည်ကိုပင် ဂရုမထားဘဲရှာမှ ပုခက်ထဲတွင် အိပ် ပျော်နေသောကလေးကို ချီထုတ်လိုက်ရသည်။

ထိုအချိန်တွင် မီးသတ်သမားများကြောင့် လည်းကောင်း လေအနည်းငယ်ငြိမ်သွား၍ လည်းကောင်း၊ မီးအားမှာ ပျော့ လာပါ၏။

'တော်ပါသေးရဲ့....လေနဲနဲငြိမ်သွားလို့၊ နို့မို့ဆို မင်းကော ငါပါ မလွယ်ဘူးကလေးရေ'

ဇော် အောင်ရင်ခွင်ထဲတွင် အိပ်ပျော်နေသော ကလေးကို ငုံ့ကြည့်ယင်း စိတ်ထဲမှ ရေရွတ်လိုက်သည်။ ကလေးမှာ ဝ ကစ်ကစ်လေးဖြင့် ချစ်စရာကောင်းသဖြင့် ဇော်ကိုအောင်မှ ကလေးကိုချစ်ဘတ်သူပီပီ ငုံ့၍နမ်းလိုက်စဉ်....



'ဒုတ်....'ဟူသောအသံနှင့်အတူ ဇော်ကိုအောင်ခေါင်းထဲတွင် က်ကနဲဖြစ်သွားကာ မျက်လုံးများပြာဝေပြီး အိုးထိန်းစက်ကဲ့သို့ င် ပတ်ခြာလည်သွားလေတော့သည်။

ဇော်ကိုအောင်တကိုယ်လုံး အရုပ်ကြိုးပြတ်ဖြစ်ကာ မီးအရှိန် ာနည်းငယ်ဟပ်ခြင်း ခံလိုက်ရပြီး ဘာမှမသိရှိပါလေတော့။

က်၍

ပျော်

ကို

(အခန်း နှစ်)

ယုယုခိုင်သည် ချောစုသူသူ၏အချစ်ဆုံး သူငယ်ချင်းထဲတ ဦးအပါအဝင်ဖြစ်သည်။ ချောစုသူသူမှာ မီးထဲတွင် ချစ် မှသိခဲ့ရ နေ့စဉ်နှင့်အမျှ ပူဆွေးသော မီးအရှိန်ခံနေပါ၏။ သူမ၏တောင့်တင်းသော ခန္ဓာကိုယ်လေးမှ ပျော့အိသွားသည်ထိပင် ဖြစ်ခဲ့တော့သည်။

ခုလည်း ယုယုခိုင်သည် အခန်းသို့ခဏပြန်ကာ အဝတ်အစ လဲနေချိန်တွင် ချောစုလှသူသတင်းစာကို ထုတ်ကြည့်ပြီး ဝမ်းပ တနည်း ငိုကြွေးနေစဉ် ယုယုခိုင်ပြန်ရောက်လာပြီး ချော့ခနေ ပါပေ။

ချောစုသူသူမှာ စီးပွားရေးတက္ကသိုလ်ကျောင်းသူ ဖြစ် မန္တလေးမှလာရောက်ရခြင်းဖြစ်၍ သဘာဝသိပ္ပံနယ်မြေအတွင် ရှိ ကန့်ကော်ဆောင်တွင်နေရသည်။

သည်လိုနှင့်ပင် အခန်းချင်းကပ်ရက် ယုယုခိုင်၊ သန္တာ ခိုင်ခိုင်စိုးတို့နှင့် ရင်းနှီးခင်မင်လာရာမှ အချစ်ဆုံးသူငယ်ချင်းမျ ဖြစ်လာရသည်။



ယုယုခိုင်တို့သူငယ်ချင်းတစုမှာ ချောစုသူသူနှင့် ဇော်ကို အောင်တို့အကြောင်းကို အစအဆုံးသိရှိနားလည်ထားသူ ဖြစ်၍ သူငယ်ချင်းကိုပို၍သနားမိသည်၊ ချောစုသူသူမဆိုထားနှင့် သူမ ပင်လျှင် ဇော်ကိုအောင်အတွက် ကြေကွဲဝမ်းနည်းမိသဖြင့် ကိုယ်ချင်းစာမိပါသည်။

ဒါပေမင့် သေသောသူက သေဆုံးသွားလေပြီ။ ကျန်ရစ်သူ မှာ လနှင့်ချီ၍ စိတ်ဆင်းရဲနေသည်ကိုမြင်ရတော့ ယုယုခိုင်တို့ တ်မကောင်းဖြစ်ရသည်၊ ထို့ကြောင့်လည်း ချောစုသူသူအား အတတ်နိုင်ဆုံး ဇော်ကိုအောင်အားမေ့ရန် ပြောဆို နေရပြန် သည်၊

ယုယုခိုင်သည် မျက်နှာအပ်၍ ကုတင်ပေါ်တွင်ရှိုက်၍ရှိုက်၍ နေသောချောစုသူသူ၏ ပခုံးလေးကို ဖက်လိုက်ပါ၏။

'မိသူရယ်....ကိုယ့်ကိုယ်ကို မညှင်းဆဲချင်ပါနဲ့၊ စိတ်ကို ပျော် အောင်ထားစမ်းပါ၊ သေတဲ့လူလဲသေပြီဘဲ၊ ခုဆို ကိုဇော်ကို အောင် သေဆုံးသွားတာ (၆)လကျော်လာပြီ ကိုယ်ချင်းမစာ ပြောတာ မဟုတ်ဘူးနော်၊ ကိုဇော်ကိုအောင့်ကို မိသူမေ့သင့် ယုခိုင်ထင်တယ်'

ယုယုခိုင်စကားကြောင့် ချောစုသူသူငိုရာမှ မော့လာသည်။ ယုခိုင်အားစူးစိုက်ကြည့်ပြီး....

'မေ့သင့်ပြီ ဟုတ်လား၊ ကိုအောင့်ကို သူသူမေ့လိုက်ရတော့ ယ်၊ ဟင့်အင်း ဟင့်အင်း သူသူမမေ့နိုင်ဘူး၊ ကိုအောင့်ကို နေ့တိုင်းသတိရနေတယ်၊ ကိုအောင့်ကို အမြဲသတိရနေတယ်၊ ကိုအောင် သူသူ့နားမှာ အမြဲရှိနေပါတယ် ယုယုခိုင်ရယ်'

ငိုပြန်လေပြီ၊ ချောစုသူသူသည် ပြောယင်း ဝမ်းနည်းလာသဖြင့် မျက်ရည်များတွေတွေ ကျလာပါ၏၊ သူငယ်ချင်းကိုကြည့်ပြီး ယုယုခိုင်မှာ သက်ပြင်းချရုံ၊ အားပေးရှိမှုလွဲ၍ ဘာမှမတတ်နိုင်ပါ။

'မိသူလဲအသိဥာဏ်ရှိတဲ့ မိန်းကလေးဘဲ၊ သင်္ခါရသဘောနဲ့ပြောရယင် လောကကြီးမှာ ဘာအရာမှ မတည်မြဲပါဘူးကွာ၊ ယုခိုင်တို့အားလုံးဟာ ရှေ့သွားနောက်လိုက်ချည်းပါ၊မိသူအချစ်ကို လေးစားပါတယ်၊သက်ရှိထင်ရှားရှိရက်နဲ့ ကိုဇော်ကိုအောင်ကိုယုခိုင်ကမေ့ခိုင်းယင် ယုခိုင်မဟာရာဘူးပေါ့၊ ခုဟာက....'

ယုယုခိုင်ကစကားမဆက်ဘဲ ရပ်ထားလိုက်ယင်း ချောစုသူသူပါးပြင်ပေါ်မှမျက်ရည်များကို ညင်သာစွာ သုတ်ပေးလိုက်သည်၊ သူမစကားများကိုတွေဝေ၍ နားထောင်နေသော ချောစုသူသူအား စကားဆက်မပြောရဲပေ။ တော်ကြာမျက်ရည် ကျလာမှာစိုးလှသည်။

'ယုခိုင်ရယ် သူသူ့နေရာမှာ ခဏလေး ဝင်ကြည့်စမ်းပါ၊သူသူဘယ်လိုလုပ်ဖြေရမှာလဲ၊ မေ့လို့ရမှာလဲဟင် ပြောစမ်းပါအုံး၊ ကိုယ့်ချစ်သူကယောက်လုံး ဆုံးရှုံးဘာကို သူသူ မေ့ပျော်နေရမှာလား၊ မပျော်နိုင်ဘူး၊ ပြီးတော့ မဆုံးခင်က သူသူနဲ့ကိုအောင်တို့ တွေ့ခဲ့ကြသေးတယ်၊ ချစ်သက်တမ်း(၆)လပြည့်လို့ ပျော်နေတဲ့ ကိုအောင်ရဲ့ နောက်ဆုံးမျက်နှာလေးကို သူသူ မြင်ယောင်နေတယ်၊ သူသူ့အပေါ် သစ္စာဖောက်ပြီး နောက်ဘယောက်ရှာသွားယင် သူသူ ဝမ်းမနည်းပါဘူး၊ ယုခိုင်က မမေ့ခိုင်းလဲ မေ့လိုက်မှာပါ၊ အခုတော့ သူသူတို့နှစ်ယောက် သစ္စာရှိရှိ ချစ်ကြသားနဲ့ ကံကြမ္မာကခွဲရက်တယ်၊ ကိုအောင်ကလေ ကိုအောင်ကသူ့ကိုစောင့် စောင့်နေပါတဲ့'

'သူသူရယ်'

ချောစုသူသူမှာ စကား ဆက်မပြောနိုင်တော့။ ငိုခဲ့ရသည့်အချိန်များမှာ ရက်များမှတဆင့် လများသို့ပင် ကျော်လွန်လာခဲ့ပြီ မဟုတ်လား။ ယုယုခိုင်တို့ သူငယ်ချင်းများမှာလည်း ချောစုသူသူကိုကြည့်ပြီး မျက်ရည်ဝဲလာရသည်။

ယုယုခိုင် သက်ပြင်းရှည်ကြီးချလိုက်ပါ၏။ အစွဲအလမ်းကြီးသော ချောစုသူသူအား နှစ်သိမ့်စရာ။ ဖြေသိမ့်စရာများ ယုယုခိုင် ရှာ၍ပင် မတွေ့တော့အောင် ဖြစ်သွားရသည်။ဇော်ကိုအောင်အဖြစ်ကလည်းသူတပါးကိုဝင်ကယ်ရာမှ အသက်ချင်းလဲလိုက်ရ၍ ဝင်နာစရာ ကောင်းလှပေသည်၊

'ပြီးတော့ သူသူဒီနေ့ ပိုဝမ်းနည်းမိဘာက ဒီနေ့ဟာကိုအောင်နဲ့ စတွေ့တဲ့နေ့၊ ကိုအောင့်အချစ်ကို သူသူလက်ခံတဲ့နေ့၊ကိုအောင်သာရှိယင် သူသူတို့အချစ် တနှစ်ပြည့်ပြီလို့ ဂုဏ်ယူပြီးပြောရမယ့်နေ့မို့ သူသူ့ရင်ထဲ မချိဘူး ယုခိုင်ရယ်'

'ဒါတော့ ဒါပေါ့ ကံဘာရားလို့ဘဲမှတ်ပါ၊ သေသောသူကိုကြာယင် မေ့သွားတတ်တယ်လို့ ရှေးလူကြီးတွေပြောတဲ့ စကားရှိတယ်မို့လား၊ သူသူစဉ်းစားကြည့်လေ မမေ့လို့ရမလား၊ ဘာလို့ ကိုယ့်ကိုယ်ကို ဒုက္ခခံနေရမှာလဲကွယ်၊ စာမေးပွဲတွေကလဲရှိသေးတယ်မို့လား၊ သူသူခုလိုငိုပြီး ကိုယ့်ကို ညှင်းဆဲနေလို့ကော ဇော်ကိုအောင် ပြန်ရှင်လာမလား၊ အဲလို ရှင်လာမယ်ဆိုယင် ဇော်ကိုအောင်အစား ယုခိုင်က အစားထိုးသေပေးလိုက်မယ်'

ယုယုခိုင်သည် ချောစုသူသူအား ကဲရှကာဒေါ်သောလေးဖြ ပြောလိုက်ပါသည်။ ချောစုသူသူမှာ သူ့စိတ်သူ ဖြေ၍လာ ယုခိုင်စကားနားဝင်၍လားမသိ၊ အငိုလေးများ ငုပ်သွားက သက်ပြင်းရှည်သံကြီးနှင့်အတူ....

'သူသူလဲ့ ကိုအောင့်အဖြစ်ကို သနားမဆုံးဖြစ်မိလို့ပါ၊ ဖေ နိုင်အောင်တော့ ကြိုးစားကြည့်ဖုံးမယ်လေ၊ ယုခိုင်တို့က သူသူ့ကို အစမဖော်ပေးကြနဲ့ပေါ့'

'စိတ်ချမိသူ မိသူက သစ္စာဖောက်တာမှ မဟုတ်တာဘဲ၊ကဲ... ဒီနေ့တစပြုံး ပျော်အောင်ဆာနေ၊ ညနေကျယင် ယုခိုင်တို့လမ်း လျှောက်ထွက်မယ်၊ မနက်ဖြန် ရုပ်ရှင်သွားကြည့်မယ်နော်'

'ယုခိုင်အဘောပါ၊ ခုတော့ သူသူခဏနားချင်တယ်ကွယ်'

ချောစုသူသူမှာ အမှန်ပင် စိတ်ပန်းလူပန်းဖြစ်ကာ နားချင် သဖြင့် ယုယုခိုင်ကို ပြောလိုက်ခြင်းဖြစ်သည်။ ယုယုခိုင်ကလည်း အလိုက်သိ ထွက်ခွါသွားပါ၏။ ယုယုခိုင် ထွက်ခွါသွားသည်နှင့် ချောစုသူသူသည် နဖူးပေါ်လက်တင်ကာစဉ်းစားပါတော့သည်။ ချောစုသူသူအတွေးတွင် ဟိုရောက်သည်ရောက်နှင့်အတွေးပေါင်း များ စုံသွားခဲ့သည်။

နောက်ဆုံးတော့လည်း သူမနှင့်ဇော်ကိုအောင်တို့ စတင်တွေ့ ဆုံသည့်အကြောင်းနှင့် ချစ်ကြိုက်သွားသည့် အကြောင်းများ သာ ရောက်သွားတော့သည်။ ချစ်သူအကြောင်းကို စဉ်းစားမိ တော့လည်း ချောစုသူသူမှာ စိတ်ညစ်သည့်ကြားထဲမှ ပြုံးသွား မိပါသည်။



ထို့ကြောင့်လည်း ဇော်ကိုအောင်နှင့် စတင်သိခဲ့ရသည့် ကြောင်းများသို့ ပြန်လည် စဉ်းစားလိုက်လေတော့သည်။

× × ×

သို့နေ့က သူတို့ စီးပွားရေးတက္ကသိုလ် ကျောင်းသူကျောင်း းများစုံ၍ ပဲခူးသို့ပျော်ပွဲစား ထွက်ခဲ့ကြခြင်းဖြစ်သည်။ လူ ယောက်လျှင် ငွေနှစ်ဆယ်စီထည့်ကြရသည်။ ညွှန်သည် ခေါ် လျှင် ခေါင်းဆောင်ရှိပြီး တယောက်နှုန်းစီ ဖေးရုံသာရှိသည်။

သည့်သောအခါ မိမိအပေါင်းအသင်းများကို ခေါင်းဆောင် ဘတ်ကြသဖြင့် စုံစုံရုံးရုံးနှင့် ပျော်စရာကောင်းလှပေသည်။ အဖြစ် စီးပွားရေးတက္ကသိုလ် အဆောက်အအုံရှေ့တွင်သတ် ပြီး နံနက်(၇)နာရီတွင် စတင်ထွက်ခဲ့သည်။

ကားထွက်လာသည်နှင့် ပဲပလာတာတယောက်တချပ် လိုက် သည်၊ ယုခိုင်ကောချောစုသူသူပါ ဆာဆာနှင့် စားလိုက်ကြ ၊ သည်တွင် မိမိအားဘစုံဘယောက်က ကြည့်နေသည်ကို သူသူစိတ်တွင်ထင့်လာမိ၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ကနဲလှည့်ကြည့်မိသည်။

ရှည်ရှည်ဝေးဝေး မရှာလိုက်ရပေ၊ မိမိနှင့်တတန်းတည်းတွင် ယောက်ကျော် ထိုင်နေသူနှင့် မျက်လုံးချင်းသွားဆုံမိတော့၏။ စုသူသူရင်ခုန်သွားရပါသည်။

တက္ကသိုလ်တွင် ဒုတိယနှစ်ထိ ရောက်လာသည့်တိုင် စိတ် လှုပ်ရှားမိခဲ့သော ချောစုသူသူမှာ သည်ယောကျ်ား၏ အကြ ကို ဘာကြောင့် ရင်ခုန်သွားရသနည်းဟု ကိုယ့်ကိုယ်ကို အ ပေးဓာ မှာနထားလိုက်လေသည်။

သူမကို အားလုံးက ရှစ်ချော၍ မာနကြီးသည်ဟု ယူဆထ ကြသည်။ ချောစုသူသူမှာ မျက်လုံးမျက်ခုံးကောင်း၍ မျက် သွယ်သွယ်လေးမှာ ချစ်စရာကောင်းလှပါ၏။ ဆန်ကျင်ဘက်လ များမှဆိုထားနှင့် မိန်းကလေးချင်းပင် တခါမြင်ရုံနှင့် ပြ မကြည့်ဘဲ မနေနိုင်အောင်ကို ဆွဲဆောင်မှု ရှိပေသည်။

ထို့အပြင် ခေတ်နှင့်အညီ ဝတ်စားပြင်ဆင်နိုင်၍ သူမအ Eco: Queen ဟု အားလုံးက တင်စားခဲ့ကြရသည်။ သူ ချဉ်းကပ်လာသော လူငယ်လူရွယ်အသီးသီးအား အလိမ္မာဖြင့် သူမ ရှောင်ကွင်းခဲ့ပါသည်။ ထို့ကြောင့်လည်း ယောက လေးများ၏ ပါးစပ်ဖျားတွင် လှသလောက် မာနကြီးေ မိန်းကလေးဟူ၍ သတ်မှတ်ခံခဲ့ရသည်မဟုတ်ပါလား။

တခါမှမတွေ့ဘူးသောယောကျ်ားလေးတယောက်၏ကြ မှုကြောင့် သူမရင်ခုန်သွားမှုန်း ယုခိုင်သိလျှင် အပြတ်အငေ ခံရသည်ဟု တွေးမိကာ ပြုံးလိုက်မိသည်။

သူမအပြုံးကို မြင်လိုက်ရမှ တခုံကျော်မှလူရွယ်၏ရင်ထ ပို၍လှုပ်ရှားသွားရပါ၏။ ဖြူဖွေးညီညာသော သွားဖြူတန်း ၏ တဘက်တချက်တွင် သွားတက်ကလေးများ ပေါ်လ မဟုတ်ပါလား။ ကြည့်ကောင်းတော်ကောင်းနှင့် အားနာရမှ မသိဘဲ ကြည့်နေမိသောထိုလူရွယ်ကို ချောစုသူသူ မျက်ေ ထိုးပြီး ယုခိုင်နှင့် လှည့်စကားပြောနေလိုက်ပါ၏။



သူ့ဘေးနားမှလူသည် ထိုလူရွယ်နှင့်စကားပြောရန်အလှည့် တွင် ထိုလူရွယ်၏ အဖြစ်အပျက်ကို မြင်ရသောအခါ တတောင် နှင့်တွက်လိုက်ယင်း....

'ဟော့- ဇော်ကိုအောင်.... ကားကရှေ့ကိုသွားတာပါကွ.... ဘေးကိုသွားတာမဟုတ်ပါဘူး'

'ငါသိတယ်'

'သိယင်ရှေ့ကြည့်လေကွာ'

'မင်းမသိဘူးလှမင်း၊ ငါ့အသဲနှလုံးကို လုပြေးသွားလို့ ပြန် ဘောင်းနေတာ'

'ဟော'

ဇော်ကိုအောင်စကားကဲ ဆန်း၍ လှမင်းမှာ 'ဟော' ကနဲဖြစ် သွားရသည်။ လှမင်းအကျင့်က ကားစီးထည်နှင့်ငိုက်တတ်သည်။ ါကြောင့် ဇော်ကိုအောင် အစိပ္ပါယ်ကို နားမလည်လိုက်ခြင်း ဖြစ်သည်။

တကယ်တော့ ဇော်ကိုအောင်မှာ ပညာရေးတက္ကသိုလ်မှ ကျောင်းသားဖြစ်ပြီး၊ လှမင်းသူငယ်ချင်း ဖြစ်ပါ၏။ မန္တလေး ကျောင်းလာတက်ရသဖြင့် ဘယ်မှမရောက်ဘူးပေ။ လှမင်း နှင့် ခင်မင်သွားပြီးနောက်တွင် ကျောင်းသို့ တခါနှစ်ခါ သာ ဖူးသည်။ ထိုစဉ်က ချောစုသူသူအား မတွေ့မိ။ လှမင်းက ာ ဇော်ကိုအောင်ထံ အစရောက်များလေသည်။ သည်လိုနှင့် င် လှမင်းက ပဲခူးသို့ ပျော်ပွဲစားထွက်မည် လိုက်မလားဟု မေးပြီးနောက် ဇော်ကိုအောင်တယောက် ပါလာခဲ့ခြင်းဖြစ် ပေသည်။

‘ဟကောင်….ငကြောင်- ငပေါက်၊ မင်းအသဲနှလုံး လုံးပြရအောင် မင်းက ဘယ်နေရာများသင်လို့လဲ၊ ကားပေါ်ကပွဲဦးကို သွားနေတဲ့ကားကွ၊ ကြောင်ချင်းကြောင်ယင် ငါကသအိပ်ငိုက်ပြီးကြောင်ရမှာ’

‘ဟား….ဟား….ဒါကြောင့် မင်းမစွံတာ’

‘မင်းကလဲ စွံလို့လား’

‘ဟင့်အင်း’

သူငယ်ချင်းနှစ်ဦး ရယ်လိုက်ကြရာ အသံကျယ်သွားသည်ဖြထိုင်နေသူများ နောက်သို့လှည့်ကြည့်မိကြသည်။ ဇော်ကိုအောသည် လှမင်းနား တိုးကပ်ကာ ချောစုသူသူတို့ ခုံဘန်းဘက်သိုလက်ညှိုးထိုးပြယင်း….

‘ငါက စွံတော့မယ်ကွ၊ ဟိုမှာတွေ့လား’

‘တွေ့သားဘဲ ငါတို့အတန်းထဲက အမျိုးသမီးတွေ’

‘အဲ….သူ….သူပေါ့၊ ငါ့အသဲကလေးကို ဆွဲလုသွားတာ’

လှမင်းမှာ ယုခိုင်ထင်၍ ဘာမှမပြော။ ဇော်ကိုအောင်မှာ ချောစုသူသူကိုသာ ခိုး- ခိုးကြည့်နေမိ၏။ ကြာတော့ ချောစုသူသူမှာ မနေတတ်ဖြစ်လာသလို လှမင်းမှာလည်း အနည်းငယ်ရိပ်မိလာ၍ ဇော်ကိုအောင်ဘက်လှည့်ကာ….

‘မင်းရှိတ်နေတဲ့အမျိုးသမီးက ယုခိုင်မှဟုတ်ဘူးထင်တယ်၊ မင်းမျက်လုံးတွေက တခြားဘဲ’

‘ယုခိုင်လား၊ ဘာလားတော့မသိဘူး၊ ပြတင်းပေါက်နားကအမျိုးသမီးဘဲ’

ဇော်ကိုအောင် စကားဆုံးသည်နှင့် လှမင်းမှာ သူ့နဖူးသရိုက်လိုက်ကာ ညည်းညည်းညူညူဖြင့်….



‘အောင်မလေး….ဇော်ကိုအောင်ရာ၊ မင်းက ကြိုက်မယ့်ကြိုက်တော့လဲ Eco Queen ကို သွားမှန်းတာကိုး၊ မလွယ်ဘူးမောင်ရေ မစခင်ကထဲက လက်လျှော့လိုက်’

‘ကြည့်ပါတယ်ကွ၊ ငါ့ကို’

‘မင်း….ဘယ်လိုသိလဲ’

‘ငါကြည့်လို့ ဆယ်ခါတခါတိုးယင် မျက်စောင်းထိုးတာဘဲ’

‘ဟား….ဟား….ဒါလားကြည့်တာ’

လှမင်းမှာ တဟားဟားရယ်ပြီး ဇော်ကိုအောင်အား ယိလိုက်သည်။ ဇော်ကိုအောင်သည် လေးနက်စွာဖြင့် လှမင်းကိုကျော်ကာ ချောစုသူသူအား တချက်လှမ်းကြည့်လိုက်ပြီး….

‘ဒါတော့ မသိဘူး၊ တခုတော့ ရှိတယ်ကွ၊ သူ့အကြည့်ဘဲဖြစ်ဖြစ် သူ့မျက်စောင်းလေးဘဲဖြစ်ဖြစ် ငါ့မျက်လုံးတွေနဲ့ တွေ့သွားတိုင်း ငါ့ရင်ကို ဒိန်းကနဲ ဒိန်းကနဲ ခုန်သွားနိုင်တယ်၊ ဒီတော့ သူလဲ ငါ့လို ဖြစ်ချင်ဖြစ်မှာပေါ့၊ မဖြစ်ဘူးလို့ မင်းကပြောနိုင်လို့လား’

လှမင်း ပခုံးတွန့်ပြလိုက်သည်။

‘ဒါဆို မင်း ငါစိတ်ဓာတ်ကျအောင် ဘာမှ ထပ်မပြောနဲ့တော့၊ ငါ့အတွေးလေးနဲ့ငါ ဖီလင်ယူနေမယ်’

‘ပွဲဦးရောက်တဲ့အထိ မင်းတယောက်ထဲ ရှူးနေတော့၊ ငါအိပ်ငိုက်လေးတောင် ကုန်သွားတော့မယ်၊ ထောက်ကြန့်တောင်ကျော်လာပြီ’

သည်လိုနှင့်ပင် တလမ်းလုံး ဇော်ကိုအောင်မှာ ချောစုသူသူအား ခိုးကြည့်လာခဲ့သည်။ ချောစုသူသူနှင့် အကြည့်ချင်းဆုံသွားလျှင် သူမမျက်နှာမလွှဲခင် ပြုံးပြလိုက်ပါ၏။ ဘာဘဲဖြစ်ဖြစ်

ကားပေါ်တွင် လူချင်းမသိသော်လည်း မျက်မှန်းတန်းမိသ
အောင် ကြိုးစားထားလိုက်တော့သည်။

'လှမှင်း'

'ဟော'

လှမင်းမှာ မျက်လုံးမဖွင့်ဘဲ ထူးလိုက်သည်။

'ပဲခူးရောက်ယင် ငါ့နှိုးဖို့သတိပေးစမ်းပါကွာ'

'အေး'

'မင်းနဲ့ မျက်မှန်းတန်းမိတယ်မဟုတ်လား'

'အေး'

ဇော်ကိုအောင်မှာ ကားပေါ်မှာပင် ငိုက်ယူနေသောလှမင်
ကို စိတ်မရှည်၍ နာအောင်ရိုက်လိုက်သည်။ လှမင်းမှာ အ‌လ
တကြားဖြင့်....

'ဟ....ရောက်ပလား၊ မြန်လိုက်တာ'

'မင်းဘိုးအေ... ပျော်ပွဲစားထွက်ဖို့လာတာသား၊ အိပ်ဖို့လ
တာလား'

'နှစ်ခုစလုံး'

နောက်ဆုံးတော့ ဇော်ကိုအောင်မှာ လှမင်းကို နိုင်အော
မပြောနိုင်တော့သဖြင့် သူလိုချင်သောကတိကိုသာ အရတော
လိုက်တော့သည်။

'အေး....မင်းကို ကောင်းကောင်းအိပ်ရအောင် မနှောင့်ယှ
တော့ဘူး၊ ငါ့ကိုသာ Intro လုပ်ပေးမယ် ကတိပေး'

'ပေးတယ်ကွာ'

'ဒါဆို အိပ်တော့'



နံနက်(၁၀)နာရီခွဲခန့်တွင် ပဲခူးသို့ရောက်လာပါ၏။ ရှေးဦး
စွာ ပဲခူးရွှေမော်ဓောဘုရားသို့ သွားကြသည်။ ဘတ်(စ်)ကား
သုံးစီးဖြင့် ထွက်လာကြ၍ ပျော်စရာလည်း ကောင်းပေသည်။
ချောစုသူသူနှင့် ယုယုခိုင်သည် မိမိထိုင်ခုံမှာပင် ဖိနပ်များချွတ်
ကာ ဆင်းလာခဲ့သည်။

သူတို့နှစ်ဦး ဆင်းသည်နှင့် ဇော်ကိုအောင်တို့လည်း လိုက်
ဆင်းလိုက်ကြပါ၏။ အမျိုးသမီးနှစ်ဦးမှာ ဘုရားကိုအာရုံပြုနေ
ချိန်တွင် ဇော်ကိုအောင်မှာ ချောစုသူသူကိုသာ စူးစိုက်ကြည့်
နေသည်။ ဘုရားကန်တော့ပြီးနောက် ချောစုသူသူ မလုံမလဲဖြစ်
ကာ လှည့်ကြည့်သည်တွင် ဇော်ကိုအောင်နှင့် မျက်လုံးချင်းဆုံမိ
ပြန်၏။

ချောစုသူသူသည် မျက်နှာလွှဲကာ ထိုင်ရာမှ ထလိုက်သည်။
ထို့နောက်တော့ ဘုရားကို လက်ျာရစ်တပတ် ပတ်၍ ကြည်ညို
လိုက်သည်။ ဇော်ကိုအောင်နှင့် လှမင်းမှာလည်း ချောစုသူသူတို့
နောက် မလှမ်းမကမ်းမှ လိုက်ပါလျက်ရှိပါ၏။

'မချောစုသူသူ'

ခေါ်သံကြား၍ ချောစုသူသူ လှမ်းနေသော ခြေလှမ်းမှာ
တန့်သွားတော့သည်။ လှမင်းမှာ အနားရောက်လာပြီး....

'ဘုရားကြီးက သိပ်ကြည်ညိုဖို့ကောင်းတာဘဲ၊ သပ္ပာယ်လိုက်
တာနော်' ဟု ချောစုသူသူဘက်လှည့်၍ ပြောလိုက်သည်။

ချောစုသူသူမှာ မိမိတို့အတန်းသား ဖြစ်သည့်အပြင် မိမိ
နာမည်ကို ခေါ်၍ စကားလာပြောသဖြင့် ယဉ်ကျေးမှုအရ
အလိုက်အထိုက် ပြောဆိုနေရတော့သည်။ ယုယုခိုင်မှာ ချောစု
သူသူအားကြည့်၍ ကြိတ်ပြုံး ပြုံးလိုက်သည်။

‘မိသူတော့ ကျွတ်နေပြီ’ဟု စိတ်ထဲမှလည်း ရေရွတ်လိုက်မိပါ၏။ ဟုတ်ပါသည်။ ချောစုသူသူသည် ယောကျ်ားလေးများနှင့် စကားမပြောချင်သလို ပြောလည်း မပြောတတ်ပါပေ။ ဒါပေမင့် ချောစုသူသူမှာ အားနာတတ်သည်။ ကိုယ့်ကိုလာ၍ ပြောဆိုနှုတ်ဆက်လျှင်တော့ တခွန်းစနှစ်ခွန်းစသာ ပြောလေသည်။

သူမပင်ကိုယ်စရိုက်က သူငယ်ချင်းများနှင့် ပြောဆိုနောက်ပြောင်ခြင်း ပြုချင်လျှင်ပြုမည်။ သို့မဟုတ်လျှင် တဦးတည်း အေးဆေးစွာနေတတ်သည်က များသည်။ ထို့ပြင် ရေချိုးယင်းဖြစ်စေ၊ သနပ်ခါးလိမ်းယင်းဖြစ်စေ၊ စာကြည့်ရသည်ကို ငြီးငွေ့လာသည်ဖြစ်စေ၊ သည်အခါမျိုးတွင်တော့ တဦးတည်း သီချင်းလေးညည်းကာ နေတတ်သည်။ ရုပ်ရည် ချောမောရုံတွင်မက သူမအသံလေးကလည်း လွင်ရှုံးအံ့ဆောင်မှုရှိကာ ကြားရသူအဖို့ သာယာနာပျော်ဘွယ် ရှိလှပေသည်။

အဆောင်တွင်း၌ ပျင်းလျှင် သူငယ်ချင်းများစုဝေးကာ ချောစုသူ အား သီချင်းဆိုခိုင်းကြသည်။ မိန်းကလေးချည်းမို့ ဖြစ်သည့်အပြင် ချောစုသူသူမှာ သီချင်းဆိုခြင်းကို ဝါသနာပါ၍ မညည်းမညူ ဆိုပြပါ၏၊ သူမမှာ ငယ်စဉ်ကတည်းက ဝါသနာပါသဖြင့် (၁၅)နှစ်သမီးမှစ၍ စန္ဒယားကို နိုင်နင်းစွာ တီးတတ်လာခဲ့သည်။ သီချင်းကြီး၊ သီချင်းခန့် ကာလပေါ်များအပြင် ကခုန် ခေတ်စားနေသော စတီရီယိုတေးများကိုလည်း သူမက ကျွမ်းကျင်နိုင်နင်းလေသည်။



ထို့ကြောင့်လည်း သူမအခန်းထဲတွင် စည်းနှဲ့ဝါး၊ စောင်း၊ ပတ္တလားတို့ရှိသည့်အပြင် ဂစ်တာတလုံးလည်းရှိပေသည်။ များသောအားဖြင့် သူမအား ဂစ်ခေါက်ပြီးဟစ်ရန်သာ သူငယ်ချင်းများက တိုက်တွန်းခဲ့ကြသည်ပင်။

ဒါက သူမဝါသနာပင်။ သီချင်းဆိုဝါသနာပါ၍မိန်းကလေး ခြွမရှိဖြစ်သည်ဆိုခြင်းကို ချောစုသူသူလက်မခံ။ လူတကိုယ်တွင် ဝါသနာတမျိုးစီရှိကြသည်သာ။ လျှပ်ပေါ်လော်လီခြင်းမဟုတ်၊ ရှယ်ကျခြင်းမဟုတ်လျှင် မိန်းကလေးဂုဏ်မပျက်ဟု သူမက ယူဆထားပါသည်။

‘ယုခိုင်....ယုခိုင်’

ချောစုသူသူမှာ အနီးတွင်ရှိသည့် ယုယုခိုင်အားလက်နှင့်တို့၍ ခေါ်လိုက်သည်။ ချောစုသူသူအကြောင်းတွေးနေသော ယုယုမှာ မိမိအတွေးလွန်သွားသဖြင့် ပြုံးလိုက်မိတော့သည်။

‘မယုယုခိုင်က ဘာတွေတွေးပြီး ပြုံးနေတာလဲ’

လှမင်းစာ ယုယုခိုင်ဘက်သို့လှည့်ပြီး စကားရှာကာပြောလိုက်ခြင်းဖြစ်သည်။ တကယ်တော့ သူတို့နှင့်လှမင်းမှာ အတန်းသားချင်းဖြစ်သော်လည်း စကားမပြောမိကြ၊ ရင်းနှီးမှု မရှိကြ။ ဆုံစားပွဲအနေဖြင့် ထွက်လာမှသာ ပြောဆိုမိကြခြင်း ဖြစ်သည်။

‘ဘာမှ မဟုတ်ပါဘူးရှင်’

‘မချောစုသူသူနဲ့ မယုယုခိုင်တို့ ပဲခူးရောက်ဖူးလား’

‘ဟင့်အင်း....ဒီအခါသဲ’

'ကျနော်တို့ကတော့ ခဏခဏရောက်တယ်၊ အခုလဲ အား... ရင်းနှီးမှုရပြီး ပျော်ပျော်ပါးပါးဖြစ်အောင်ဆိုပြီး ထွက်လာ... မနဲခွင့်တောင်းရတာ'

'ဒါပေါ့လေ'

လှမင်းမှာအတန်းထဲတွင်အတန်းခေါင်းဆောင်တဦးဖြစ်သ... မြင် ထိုကဲ့သို့ခရီးဝေးထွက်ရန်အတွက် တာဝန်ယူလာရသူ... လည်း ဖြစ်ပါ၏။

'မချောစုသူသူတို့ အကူအညီလိုချင်တာရှိယင်ပြောနော်'

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်'

ချောစုသူသူသည် မပွင့်တပွင့်ပြောယင်း စလင်းဘက်... အိတ်ထဲမှ နေကာမျက်မှန်ကို ထုတ်တပ်လိုက်သည်။ မတတ်၍လ... မဖြစ်ပေ။ ကိုလှမင်းဘေးမှ ဇော်ကိုအောင်မှာ သူ့အ... ရှုံ့းစဝစွာကြည့်နေသဖြင့် မျက်လုံးချင်းမဆုံရဲ၍ဖြစ်သည်။

ကျောင်းသူကျောင်းသားများမှာ ကိုယ့်အုပ်စုနှင့်ကိုယ် ဘု... ရင်ပြင်တော်ပေါ်တွင် သွားလာပြောဆိုနေကြသည်။မိန်းက... များကလည်း အချင်းချင်း နောက်ပြောင် ပြောဆိုနေကြပါ...

'ဒီမှာ ဘယ်လောက်နားမလဲ'

သူတို့ (၄)ဦးမှာ တိတ်ဆိတ်စွာဖြစ်နေပါ၏။ တိတ်ဆိတ်... နေခြင်းမှာ ပို၍အနေခက်စေသဖြင့် ယုယုခိုင်က လှမင်းကို မေ... လိုက်ခြင်းဖြစ်သည်။

'ကျနော်တို့ဒီဘုရားမှာ နာရီဝက်နားမယ်၊ ပြီးတော့ ဟ... ကုန်းဘုရားပေါ်တက်မယ်၊ ရွှေသာလျောင်းဘုရားကို စုရပ်အ... ထားပြီး အဲ့ဒီမှာထမင်းစားပြီး နားကြမယ်လေ၊ ပြန်ခါနီး...



...ဟာစေတီကိုဝင်ဖူးပြီး ညနေ (၃)နာရီခွဲလောက် ရန်ကုန်... ...န်မယ်၊ အဆောင်မပိတ်ခင်ပြန်ရောက်မှာပါ'

'ပျော်စရာတော့ ကောင်းမယ်နော်'

'သိပ်ကောင်းဘာပေါ့၊ ထမင်းစားပြီးယင်ကစားဖို့အစီအစဉ်... ...ဘာလဲ ဆွဲထားတာရှိသေးတယ်၊ တယောက်နဲ့တယောက် ဒီကျမှ ...ဘ်ဆွေဖွဲ့ကြ၊ ရင်းနှီးမှုရအောင်စီစဉ်ထားတယ်၊ ကျနော်တို့ ...င်စတီကျူ (Institute) တခုထဲကမှ မဟုတ်ဘဲ၊ အခြား... ...င်စတီကျူ (Institute)က ကျောင်းသူကျောင်းသား... ...ပါတယ်မို့လား၊ ဒီတော့မိတ်ဆွေဖြစ်ကြရအောင်လို့....' အတိုင်း

လှမင်းကအစီအစဉ်များကို ရှည်လျားစွာ ရှင်းပြနေဆဲတို့ ရွှေ... ...အောင်မှာ ခုချိန်ထိ မိမိနှင့်မိတ်မဆက်ပေးသော ကောင်းနဲ့တဲ ...ဘ်၍ကျိန်ဆဲနေပါ၏။ လှမင်းတမင် မိမိကိုယိုထားမှန် ဖြတ်လမ်း ...အောင်နားလည်သည်။

ကိုယ့်ကိုယ်ကို (Intro) လုပ် မိတ်ဆက်ရန် ကျတော့လည်း ကိုယ့် ...ဘ်ကိုအောင်မှာ စိတ်မရဲဖြစ်နေမိသည်။ ထို့ကြောင့် ...ထွက် ...ကိုခပ်နာနာလေးချ၍ သတိပေးယင်း.... ...ခင်မင်

'အားလုံးသိပ်များတဲ့ကောင် ဟု မိန်းမချောလေးဘက် လှည့်ထွက် ...ပြောလိုက်သည်။ သည်ဘော့မှပင် လှမင်းမှာ တဟဲဟဲ ...ယင်း....

အော်....မချောစုသူသူတို့ မယုယုခိုင်တို့နဲ့ မိတ်ဆက်ပေးရ ...မယ်၊ ဒီကောင့်ကိုလမ်းတွေ့ယင် ရှောင်သွားဖို့ မှတ်ထား ...'

'ဟင့်အင်း'

'ဘာလို....ခေါင်းခါရတာလဲ မယုယုခိုင်'

'အော်....လမ်းတွေယင် ရှောင်ဖို့မှတ်ထားခိုင်းမှ သိစရာမ
တော့ဘူးပေါ့'

ယုယုခိုင်က နောက်ပြောင့်မှုလေးအဖြစ် ပြောလိုက်၍ အ
လုံးပြုံးလိုက်ကြလေသည်။

'ဟာ....မရဘူး၊ မရဘူး၊ ဒီကောင်က အတင်းလိုက်
မယ့်ကောင်မျိုး'

'ဒေါက်ဖြုတ်နေပြန်ပြီ'

သူငယ်ချင်းစကားကိုရယ်ယင်း ဇော်ကိုအောင်က ပြော
၏။

'လေလကားဖျော်အောင် စတာနော်၊ ကျနော့်သူငယ်
အိတ်ထဲရှက်တတ်တာ၊ သဘောလဲကောင်း၊ အဆိုလဲကော
မဖြစ်လေ့ကောင်းပါသည်ထဲကဘဲ၊ မဟုတ်ဘူးလား ဇော်
ငင်း'

ဇော်ကိုအောင်မှာ လှမင်းကို စိတ်မရှည်နိုင်သကဲ့သို့
ရှည်ကြီး မှတ်ထုတ်ကာ ချောစုသူသူအားကြည့်၍
ကားပြောလိုက်သည်။

'မိတ်ဆက်ပေးဖို့အရေး နိဒါန်းတွေချီလာပြီး အဖျား
သွားတာဘဲ၊ ကျနော့်နာမည် ဇော်ကိုအောင်ပါ၊ မချောစုသူ
ရဲ့ ဘော်ဒါအဖြစ် အသိအမှတ်ပြုစေချင်တယ်'

'ဟုတ်ကဲ့၊ သူသူတို့မှာ မိတ်ဆွေတိုးလို့ ဝမ်းသာပါ

ချောစုသူသူကလည်း ယဉ်ကျေးသိမ်မွေ့စွာ ပြန်လ
ဆိုပြီးနောက် စကားမရှိတော့သလို တိတ်ဆိတ်နေကြ
သည်။



'မိခိုင်တို့လဲ မတွေ့ဘူးနော်'

'အင်း....ယုခိုင်လဲရှာနေတာဘဲ'

ချောစုသူသူက ယုယုခိုင်ဘက်လှည့်ပြောလိုက်၏။

ထို့နောက်တော့ သတ်မှတ်ထားသော အချိန်ပြည့်သည်နှင့် အားလုံး ကားပေါ်ပြန်တက်ကြတော့သည်။ သူတို့အားလုံးကို ဦးစီးခေါ်ဆောင်လာသောဆရာမှာ ပဲခူးသားဖြစ်သဖြင့် သွားလာရ ပို၍အဆင်ပြေပေသည်။ ဘုရားပေါ်မှဆင်းခါနီးတွင် ဆရာဦးမြင့်သန်းက....

'ဆရာတို့ ရွှေမော်ဓောဘုရားကနေပြီး ဖြတ်လမ်းအတိုင်း သွားယင်ဟင်္သာကုန်းကိုရောက်တယ်၊ ဒါပေမယ့် ဆရာတို့ ရွှေသာလျောင်းဘုရားမှာ အချိန်ပိုယူဖို့ စီစဉ်ထားလို့ ကားနဲ့ဘဲ မြန်မြန်ရောက်အောင် သွားကြစို့၊ နောက်တခါမှ ဖြတ်လမ်းက သွားကြသေးတာပေါ့'

ဆရာဦးမြင့်သန်း စကားပြောဆုံးပြီးသည်နှင့် အသီးသီး ကိုယ်စီးခဲ့သော ကားများပေါ်သို့ ကိုယ်နေရာနှင့်ကိုယ်ထိုင်ကာ ထွက်လာခဲ့ကြသည်။ ချောစုသူသူတို့နှင့် ဇော်ကိုအောင်တို့မှာ ခင်မင်သွားပြီဖြစ်၍ တိတ်ဆိတ်ခြင်းအစား စကားသံလေးများ ထွက်လာကြလေပြီ။

နေ့လည် (၁၁) နာရီခွဲတွင် ရွှေသာလျောင်းဘုရားသို့ ရောက်လာကြပါ၏။ ရွှေသာလျောင်း ဘုရားပေါ်တွင်လည်း လူများ၊ စည်းကားလျက်ရှိသည်။ စနေ၊ တနင်္ဂနွေလို နေ့မျိုးတွင် ရန်ကုန်မှ ဘုရားဖူးလာသူများဖြင့် ပြည့်နှက်နေတတ်သည်ပင်။

အခုလည်း ချောစုသူသူမှာတို့ ကား(၃) စီးဖြင့် လူများစွာ ပါရှိ၍ ဘုရားရင်ပြင် လေးဘက်စလုံး ပြည့်သွားပါတော့သည်။

သူတို့ထက် အရင်ရောက်နှင့်နေသောသူများကဲ သူတို့လူစု တက်လာသည်ကို ဝိုင်းကြည့်ကြပါ၏။

ငယ်ရွယ်နုပျိုသည့်ပြင် တက္ကသိုလ် ကျောင်းသူကျောင်းသားများဖြစ်ကြ၍လည်း ပတ်ဝန်းကျင်က အထင်ကြီးစွာ ကြည့်နေကြခြင်းဖြစ်ပေမည်။

ဘုရားပေါ်ရောက်သည်နှင့် ရင်ထဲ အေးချမ်းသွားသည်ဟု ချောစုသူသူ ထင်မိလေသည်။ ယောကျ်ားလေးများသည် ဒန်ပေါက်ထုပ်များနှင့် လိမ္မော်ရည်ပုလင်းများ ထည့်လာသည့် တောင်းများကို ကားပေါ်မှ ပျော်ပျော်ပါးပါး ချနေကြသည်။

ထိုနောက်တော့ တဦးလျှင် ဒန်ပေါက်တထုပ်၊ လိမ်မော်ရည် တပုလင်းစီပေးကာ ဆာဆာနှင့် လွေးကြပါတော့သည်။ တသီတတန်းကြီး မျက်နှာချင်းဆိုင်ထိုင်ကာ စားကြရသဖြင့် မိန်းကလေးများမှာ ရှက်နေသေးသည်။

သို့သော် ယောကျ်ားလေးများမှာ မောင်နှမစိတ်ထားသည်ဟု ဆိုရမည်၊ ကျောင်းတွင်ဆိုလျှင် နောက်ပြောင်ခြင်း ရှိတတ်သော်လည်း ထိုကဲ့သို့စုဝေး၍ ထွက်လာသောအခါ မိန်းကလေးများကို စောင့်ရှောက်ပေ ပါ၏။ မိန်းကလေးများ စားသောက်ခြင်းမငံ့မရဲမဖြစ်အောင်ပင်စကားရောဖောရောဖြင့်လု နေကြလေသည်။

စိတ်လက်ပေါ့ပါးစွာ ထွက်လာကြခြင်းဖြစ်၍ အားလုံးပျော် ကြပေသည်။ အားလုံး စားသောက်ပြီးချိန်မှာ (၁၂) နာရီ ထိုးပြီးသွားလေသည်။ တာဝန်ယူခေါ်ဆောင်လာသော ခေါင်းဆောင်များက မနားတဲ့ အစီအစဉ်များကိုဆွဲနေပြီး လိုက်ပါလာသူများကိုနားနားနေနေရှိစေပါ၏။



ဒီ့ကြောင့်လည်း ကျောင်းသူကျောင်းသားများမှာ ဘုရား ... စကားလက်ဆုံကျခြင်း၊ ဘုရားပတ်ဝန်းကျင် တပတ် ... ကြည့်ခြင်းများ ပြုလုပ်နေကြသည်။

...ချောစုသူသူနှင့် ယုယခိုင်တို့သည် ဘေးဘီသို့ မျက်လုံးဝင့် ...ကာ ချောစုသူသူသည် ယုယခိုင့်ဘက်လှည့်ကာ....

...ခိုင်တို့၊ မိသန္တာတို့၊ ပျောက်ချက်သား ကောင်းနေပါ ... ကားတကဲ့စီစီးပြီးကထဲက မတွေ့သေးဘူး'

...ဘ်ဘယ်၊ ယုခိုင်လဲ လိုက်ကြည့်နေတာဘဲ'

သူတို့နဲ့ တကားထဲစီးဖို့ ခေါ်တာ မသွားလို့ သူသူတို့ကို နှာ ...နသွားမှမှသိတာ'

...ဘ်မှာပေါ့'

...န်းကလေးနှစ်ဦး ပြောဆိုနေခြင်းကို ဇော်ကိုအောင်မှာ ...နေပေသည်။ လှမင်းအေး လူတယောက် လာခေါ်သွား ... ဇော်ကိုအောင်တဦးတည်း ကြောင်နေပေသည်။

...ဘယ်တော့ ဇော်ကိုအောင် ပဲခူးပါလာခြင်းမှာ အသိဟူ၍ ...ဘဦးတည်းသာပါရှိသည်။ လှမင်းက တာဝန်ရှိ၍ ထွက် ...သောအခါ ဇော်ကိုအောင်မှာ ဘာလုပ်ရမှန်းမသိအောင် ...ရသည်။

...ချောစုသူသူနှင့် စကားပြောရန် ကြံသော်လည်း မိန်းမချော ...နှစ်ဦးမှာ မိမိစကားထက် တစုံတခုကို ရှာဖွေခြင်းကို စိတ် ...မှန်းရိပ်မိသဖြင့် နှုတ်ပိတ်နေခဲ့သည်။ နောက်ဆုံးတော့ ...အောင် ချောင်းတချက်ဟန့်လိုက်ပြီး....

'ချောစုသူသူတို့ ဘယ်သူ့ရှာနေတာလဲ၊ ကျနော် သွားရှာ ...လား'

ဇော်ကိုအောင် အသံကြားမှ ချောစုသူသူသည် ဇေ
အောင်ကို သတိရလာကာ အားနာသွားတော့သည်။ ဇ
အောင်သည် မိမိတို့ ဌာန၏ ညွှန်သည် ဟာဦးပင် မဟု
လား။

'အောရိုးနော်၊ သူသူတို့ သူငယ်ချင်း လေးယောက်
အဲဒါနှစ်ယောက်စီကွဲနေလို့ လိုက်ရှာကြည့်နေတာပါ'

'ဒါဆို ကျနော် သွားရှာပေးမယ်လေ'

ဇော်ကိုအောင်က ချောစုသူသူအား ကူညီချင်သည့်
ဖြေလိုက်မှန်း သိသာသည်။ ချောစုသူသူမှာ ဇော်ကို
အား မြှုံးပြုံးလိုက်ကာ...

'ကိုဇော်ကိုအောင်က မိခိုင်တို့ကိုသိလို့လား'

'ဟာ....ဟုတ်သားဘဲ၊ ကျနော်မှမသိတာ၊ ဒါပေမယ့်
တယ်၊ ပုံသဏ္ဌာန်သာပြောပြလိုက်'

'မလုပ်ပါနဲ့ရှင်....တော်ကြာ လူကြားထဲ ရှင်ပါ ပျောက်
ပါအုံးမယ်'

ယုယုခိုင်က ဇော်ကိုအောင်အား နောက်လိုက်သည်။အ
မြင့်ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသည့်
မှာသားဖြူသဖြင့် ဇော်ကိုအောင်သည် ကြည့်ရှုကောင်းသ
ဆိုနိုင်ပါ၏။ ဖြူသောအသားကြောင့် ဇော်ကိုအောင်မျ
ကြီးနီလာခြင်းကိုတွေ့လိုက်ရသဖြင့် ဇော်ကိုအောင်ရှက်သွ
သေချာသည်။

ဒါကြောင့်လည်း ချောစုသူသူသည် ယုယုခိုင်အား
မှိတ်ပြ၏....



ပါနဲ့ကွာ၊ ကိုဇော်ကိုအောင်က ရှက်တတ်တယ်လို့ ကိုလှ
ပြောသွားတယ် မဟုတ်လား၊ ယုခိုင်က အစသိပ်သန်တယ်
ဇော်ကိုအောင်'

ယုခိုင်အားပြောပြီးသည်နှင့် ဇော်ကိုအောင်ကိုပါတောင်း
ပန်တော့သည်။ ဇော်ကိုအောင်မှာ တဟဲဟဲရယ်ကာ....

ပါတယ်၊ ရှက်တရက်ဆိုတော့ ရှက်သွားတာပါ၊ ခု မရှက်
ပါဘူး၊ သူစ ကိုယ်စ ကြေးပေါ့နော် မယုယုခိုင်'

'ကိုဇော်ကိုအောင်ကလဲ နောက်တတ်သားဘဲ'

'နောက်မှတပ်ပါဘူး၊ ရှေ့ဘဲတပ်တယ်'

အတွင်းမှာပင် သူတို့သုံးဦး ရင်းရင်းနှီးနှီးပြောဆိုမိသွား
သည်။ ခေတ်ကိုယ်တိုင်က နှစ်ဆယ့်တစ်ရာစုခေတ်ထဲ ရောက်
ပြီဖြစ်၍ တဦးနှင့်တဦး ရင်းနှီးခင်မင်မှု မြန်လွန်းသည်ဟု
ဆိုရသည်သာပင်။

စဉ် ယုယုခိုင်နှင့် ချောစုသူသူတို့ နောက်ပါးမှနေ၍ မိန်း
နှစ်ဦး ရောက်လာပြီး မျက်လုံးများ လာမှိတ်လိုက်ကြ

ရက်မှ ချောစုသူသူတို့မှာ လန့်သွားသော်လည်း တခ
မှာပင် သိလိုက်ပါသည်။ ထို့ကြောင့်လည်း ပြုံး၍ မျက်
လာအုပ်သော လက်များကို မရည်ရွယ်ဘဲ ပွတ်တွဲဆိတ်
လိုက်တော့သည်။

ား နာလိုက်တာ၊ ဆိတ်မလေးတွေ'

က်များ ဖယ်လိုက်သည်နှင့် ချောစုသူသူနှင့် ယုယုခိုင်မှာ
ဘက်လှည့်၍....

'နှစ်ကောင်ဘယ်လိုမှ်သွားကြတာလဲ၊ မနက်ကထဲက ... ဘူး....'

'မတွေ့ဆိုရှာမှမရှာတာ၊ မိခိုင်တို့ကဲတချိန်လုံးကြည့် ... မိသူတို့ကိုတွေ့တာပေါ့၊ ကြည့်သောသူမြင်၏တဲ့၊ မကြ... ဘယ်မြင်မလဲနော် မိသန္တာ'

'ဒါပေါ့၊ အပြတ်ကြည့်တော့ သူငယ်ချင်းကို မေ့တ... 'ဟဲ့'

မိန်းကလေးများ စုမိသည်နှင့် ကုလားသိုက် ကျား... သလိုပါဘဲလား၊ ဆူဆူညံညံဖြင့် နားထောင်၍လည်း ... ပျော်စရာလည်း ကောင်းလှသည်ဟု ဇော်ကိုအောင် စိ... လိုက်မိတော့သည်။

သန္တာဆိုသော မိန်းကလေး စကားကြောင့် ချောစု... ဇော်ကိုအောင်ကို အားနာစွာ ကြည့်ယင်း 'ဟဲ့'ဟု ... မေ၏။

သူမ သူငယ်ချင်းများ အကြောင်းကို သူမအသိဆုံး... စိုးနှင့် သန္တာစိုး ပေါင်းမိလျှင် မသက်သာတော့။ အပြ... တော့သည်။ တဘက်သားမှာ မနေရဲအောင်ကို အစသန်... တခါတရံ ယုယုခိုင်ကပါ ပေါင်းမိသွားလျှင်တော့ ... တော့၊ အဆောင်ရှေ့မှ ဖြတ်သွားသော ယောကျ်ား... ကိုပင် ခြေလှမ်းမှားအောင် 'လောင်'တတ်ကြပါ၏။

ဒါကြောင့် ဇော်ကိုအောင် အနေမခက်ရအောင် ... သူသူက သတိပေးလိုက်ခြင်းဖြစ်သည်။ ဒါတောင် ခိုင်... အဖျားခင်သွားသေး၏။



'မိသူ မတွေ့ဘူးဆိုတာထားတော့၊ သူက သူ့ဟာသူ ကြည့်နေလို့မမြင်တာ၊ နင်ကကော ငါတို့ကို ဘာလို့ မမြင်တာလဲ မိသူ'

'မမြင်ချင်လို့မမြင်တာပေါ့'

ချောစုသူသူ၏ မျက်ခုံးနှင့် ယုယုခိုင်ထံမှ ဘု စကားတို့ကြောင့် မချောနှစ်ယောက်မှာ ဇက်လေးများပုလာ ငြိမ်သွားတော့သည်။ ဇော်ကိုအောင်ကိုလည်း မသိမသာ နှစ်ဦးသား အကဲခတ်နေကြပါ၏။

ခိုင်ခိုင်စိုးသည် သန္တာစိုးနားကပ်သွားကာ လေသံဖြင့်....

'ဒီဘဲက မိသူဘဲတော့ မဖြစ်နိုင်သေးဘူး၊ တို့(၄)ယောက်က ပထမနှစ်ကထဲက အတူတူနေလာကြတော့ မိသူနဲ့ပတ်သက်ပြီး တို့အားလုံး သိတယ်မှတ်လား မိသန္တာ၊ ကျေနွံ သူတို့ကားပေါ်မှာ တွေ့လာတာနဲ့တူတယ်'

'အေး....ဖြစ်နိုင်တယ်မိခိုင်၊ မိသူကလဲ (Favour) အရေးပေးသွားဘဲ၊ မိသူမကြည့်ယင် ငါတို့နဲ့ လှည့်ပေးတတ်တယ်မို့လား၊ ခု-ငါတို့ လောင်တာကိုတောင် မိသူက အားနာနေပုံရတယ်၊ တို့ဆက်ပြီး အကဲခတ်ကြ အောင်'

နှစ်ဦးသား ဘုတ်ထိုးနေခြင်းကိုကြည့်ပြီး ချောစုသူသူသည် ပြုံးရယ်စွာဖြင့် ဇော်ကိုအောင်အား....

'သူသူတို့ သူငယ်ချင်းတွေက ညီအစ်မတွေထက် ချစ်ကြသေးတယ်၊ သူသူတို့ရှာနေတာ သူတို့နှစ်ယောက်ကိုလေ၊ ခိုင်ခိုင်စိုးနဲ့ သန္တာစိုးတဲ့၊ မိခိုင်နဲ့မိသန္တာ ဒါက မိသူတို့နဲ့ ဒီနေ့မှမိတ်ဆွေဖြစ်တဲ့ ကိုဇော်ကိုအောင်တဲ့၊ အက်ကျူးကေးရှင် (Education ပညာရေး) က'

'ဟုတ်ကဲ့....သိရတာ ဝမ်းသာပါတယ်ခင်ဗျာ'

'အတူတူဘဲ'

မိခိုင်အပြောကို ချောစုသူသူ ရယ်ချင်သွားမိသည်။ စကားကို ကပ်စေးနဲ့စရာမရှိ ကပ်စေးနဲ့တာ ပြောလိုက်မှန်း သူတို့သူငယ်ချင်းအားလုံးသိကြသည်။ ဇော်ကိုအောင်မှာ မိန်းမချောများကြားတွင် အနေရခက်နေသည်။ လှမင်းကလည်း ပေါ်မလာသေးပေ။

သည်အတိုင်း ငြိမ်၍ထိုင်နေခြင်းထက် မိမိစိတ်ဝင်စားရာ ပြောရခြင်းက အနေသက်သာမည်ဟု ထင်မိသည်။ ထို့ကြောင့်လည်း ချောစုသူသူတို့ဘက်လှည့်ကာ....

'မချောစုသူသူတို့ ဘုရားဖူးပြီးပလား'

'အယ်....ဟုတ်ပါရဲ့၊ မိခိုင်တို့ကိုရှာဖို့ စိတ်စောနေတာနဲ့ ဘုရားတောင် မဖူးရသေးဘူး'

'နို့....ကိုဇော်ကိုအောင်ကော'

ခိုင်ခိုင်က ကြားဖြတ်ဝင်မေးလိုက်သည်။ ချောစုသူသူနားတွင် တချိန်လုံးထိုင်ကာ သူငယ်ချင်းကို ခိုးကြည့်နေမှန်းခတ္တရသဖြင့်လည်း အပိုင်မေးခြင်းဖြစ်သည်။ ထိုအခါ ဇော်ကိုအောင်မှာ ရှက်ပြုံးလေးပြုံးကာ....

'ဟင့်အင်း....ကျနော်လဲ မဖူးရသေးဘူး၊ ခင်ဗျားတို့ကော'

'ဟဲ့...,ဟဲ....အတူတူဘဲ'

ထိုးစံအတိုင်း ခိုင်ခိုင်စိုးက စကားဖြတ်လမ်းလိုက်ပြောကာ ဘုရားဖူးရန် ထွက်ခဲ့ကြပါသည်။ သူတို့အားလုံးသည် ရွှေသာလျောင်း ရုပ်ပွားတော်ကြီးအား အရှေ့မျက်နှာတော်မှ ဖူးမျှော်ကြလေသည်။



သပ္ပါယ်ကြည်ညိုဘွယ်ကောင်းလှသဖြင့် ဖူးမြော်ရသူမှန်သမျှ ...သဲတွင် ပေါ်သွားကာ ကြည်နူးခြင်း ဖြစ်သွားရလေသည် ...။

'စိတ်ထဲကို ကြည်သွားတာဘဲ'

ဘုရားဖူးသူများ ရှုပ်ထွေးနေသည့်ကြားမှ ချောစုသူသူသည် ...လက်လန်းဆန်းသွားသဖြင့် နှုတ်မှထွက်သွားသည်။ ခရီးဝေး ...းစီးလာရသဖြင့် နောက်ကျိနေခြင်းမှာ ရွှေသာလျောင်း ...ားတော်ကို ဖူးမြော်ရသည်နှင့် ပျောက်သွားတော့သည်။

'ဟုတ်တယ်....ဒီဘုရားကိုတည်ခဲ့တဲ့ မင်းကော၊ ခုချိန်ထိ ပြု ...သိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့ ဂေါပကဘုဏ္ဍာတော်ထိန်း ...ဝင် လူကြီးတွေ၊ နာယကကြီးတွေကိုပါ သိပ်ကျေးဇူးတင် ...ကောင်းတယ်နော်'

'ဒါပေါ့....ကိုဇော်ကိုအောင်က ဆရာဖြစ်မယ့်သူ ဆိုတော့ ...ဘုရားနဲ့ ပတ်သက်ပြီး လေ့လာထားတာ လေးတွေ ရှိယင် ...ပြပါလား၊ ဆရာဆိုယင် အသင်ပြကောင်းတယ်၊ အပြော ...ကောင်းတယ် မဟုတ်လား'

'သိပ်မမြောက်နဲ့နော်၊ ကျနော်က အမြောက်ကြိုက်ဘယ်'

'အပွေးမြင် အပင်သိထဲကဗါ'

သန္တာက ဝင်၍တွယ်လိုက်ဖြန့်သည်။

'ဒီဘုရားကြီးကို တည်ခဲ့တဲ့မင်းက တန်ခိုးဩဇာကြီးမားတဲ့ ...ဘုရင် မိဂဒိပ္ပသဲ့၊ သက္ကရာဇ် ၃၅၆ မှာ စတင်တည်ခဲ့တယ်။ ...ဒီမင်းဟာ နန်းစံရတဲ့အချိန်ကစပြီး စေတီ၊ ပုထိုး၊ ကျောင်း ...န်၊ ဘုရားစတဲ့ သာသနာ့အဆောက်အအုံတွေကိုသာ ပြုစုတယ် ...သ'

'မွန်ဘုရင်ဆိုပြီး ဘုရားတရား ကိုင်းရှိုင်းသိုက်တာ ဒါနဲ့ ဉာဏ်တော်အမြင့် ဘယ်လောက်ရှိလဲဟင်'

ချောစုသူသူက ဘုရားရုပ်ပွားတော်အား လက်အုပ်ချီ ညိုယင်း ဇော်ကိုအောင်အား မေးလိုက်သည်။

'မိဂါဒိပ္ပမင်း စတည်တဲ့ဉာဏ်တော်ဟာ သံတောင် (၁ အမြင့်ပဲရှိတယ်လို့ ဆိုတယ်၊ အခုပြန်လည်ပြုပြင်ထားတဲ့ တော်ဟာလဲ သံတောင် (၁၂၀) ပေဘဲ'

'ရွှေမော်ဓောဘုရားပွဲတော်လုပ်ရင် လို ရွှေသာလျောင်း ပွဲတော်လဲ ရှိမှာပေါ့နော်'

လူတယောက်၏အမေးကို စောင့်ဖမ်းပြီး အမြဲတစေ ကွက်လုပ်ချင်သော ခိုင်ခိုင်စိုးမှာ စိတ်ဝင်စားစွာမေးလိုက် ကျန်သူငယ်ချင်း သုံးဦးသား အလိုလိုကြည့်မိကြတော့

ဇော်ကိုအောင်မှာလည်း ခိုင်ခိုင်စိုးအား လေးလေးစ ပင် ပြန်ပြောပြလိုက်ပေ၏။

'ပဲခူးမြို့ပေါ်က ဝတ္တသီသ(သဒ္ဓါပသန္န) ရှိတဲ့လူကြီး စောင့်ရှောက်ပြီး နတ်တော်လပြည့်နေ့ရောက်တိုင်း နှစ် တော်ရက်အဖြစ် သတ်မှတ်ပြီး ကျင်းပပေးတယ်လေ'

'ကိုဇော်ကိုအောင်က ဘယ်ဆိုးလို့လဲ၊ အာလူးပေ သားဘဲ'

ပြောပြရသူကို အမောပြေ မိသန္တာတို့က သည်သို့ ငြ ဆောင့်ကန်တတ်သည်။ ဇော်ကိုအောင်ကလည်း ပြုံးရယ် ပင်။

'အမေမေးကထဲက လိမ္မာလာတာပါ၊ အမေက ပြော ငါ့သား ဆိုးပင်ထောင်ကျလိမ့်မယ်တဲ့ လေ'



ဇော်ကိုအောင်ပြက်လုံးကို ဝိုင်းရယ်မိကြသည်။ ရယ်၍ဝမှ ခိုင်ခိုင်စိုးက....

'အားနာလို့ ရယ်ပေးတာ' ဟု ပြောဖြစ်အောင် ပြောလိုက်ပါသည်။

သည်ကနေ့ ယုယုခိုင်တယောက် သူတို့နှစ်ယောက်နှင့် ဝင်မှ 'လောင်' ၍ တော်ပေသေးသည်ဟု ချောစုသူသူ တွေးလိုက်မိသေး၏။

ထိုစဉ် အသံချဲ့စက်ထဲမှနေ၍ အော်သံကြားလိုက်ရပါ၏၊

'ရန်ကုန် စီးပွားရေးတက္ကသိုလ်အသင်းနှင့်
ပါလာကြသော ကျောင်းသူ ကျောင်းသား
များ....ဘုရားပေါ်ရှိစုရပ်သို့ အမြန်လာကြပါ
ရန်၊ အစီစဉ်စတော့မည်မို့ အမြန်လာကြပါ'

'ဟော....ခေါ်နေပြီ၊ သွားကြစို့'

ယုယုခိုင်နှင့် ခိုင်ခိုင်စိုးတို့က ချောစုသူသူအား အလည်မှထား၍သွားရန် ပြင်လေသည်။ ချောစုသူသူမှာ ခေါင်းခါကာ....

'သူသူမလိုက်ချင်ပါဘူးကွာ၊ ဝါသနာလဲမပါဘူး၊ ပွဲခူးကို လိုက်လာတာလဲ မိခိုင်တို့ အတင်းခေါ်လာလို့ ပါလာရတာဘဲ၊ အစကထဲက မကစားဘူးဆိုပြီးပြောလာတာ'

'မိသူကလဲ၊ အားလုံးပျော်ပျော်ပါးပါးပေါ့၊ ကျောင်းသူ ကျောင်းသားဘဝမှာ တက္ကသိုလ် ကျောင်းသူကျောင်းသား ဘဝက ပျော်စရာအကောင်းဆုံးမို့လား'

'ဟုတ်ပါတယ် မချောစုသူသူ ကျနော်လဲ ဝါသနာမပါပါဘူး၊ ဒါပေမယ့် အများနဲ့ထဲဗျာ၊ မကစားချင်လဲ ဝင်ထိုင်နေလိုက်ပါ'

'ကိုဇော်ကိုအောင်ပြောတာ ဟုတ်ဘယ်၊ လာပါ၊ အချိန်မရှိဘူး'

နောက်ဆုံးတော့ ချောစုသူသူမှာ စိတ်မပါဘဲ သူငယ်ချင်းများခေါ်ရာသို့ ပါလာခဲ့ကြသည်။ မိမိတို့ စုရပ်ရင်ပြင်တော်တွင် လူစုံနေကြောင်း တွေ့လိုက်ရသည်။ ချောစုသူသူတို့လည်း လွှတ်သည့်နေရာတွင် ဝင်ထိုင်လိုက်ကြတော့၏။

ထို့နောက်တွင်တော့ အသံဩဇာအောင်သော လုလင်တဦးက မှတ်တပ်ရပ်၍...

'အားလုံးမင်္ဂလာပါ၊ မင်္ဂလာရှိတဲ့နေ့မှာ မင်္ဂလာရှိတဲ့တော်ဓါတွေနဲ့ ပျော်ပွဲစားထွက်လာရလို့ မင်္ဂလာအပေါင်းနဲ့ ခပြောင်းကြပါစေလို့ ကျနော် ကိုမင်္ဂလာက ဆန္ဒပြုလိုက်ပါတယ်'

'ဝါး....ရှိ....ဖြောင်း....ဖြောင်း....'

အာဝဇ္ဇန်းကောင်းတောင်းနှင့် ပြောနေသော လုလင်ပျို စကားကို သဘောကျပြီး ကျောင်းသားများထံမှ လက်ခုပ်သံများထွက်လာသည်။ ထိုလုလင်ပျိုသည် လက်ခုပ်သံအဆုံးကို စောင့်ပြီး....

'ကျေးဇူးတင်ပါတယ်၊ ခုလို ကိုမင်္ဂလာကို အားပေးကြတဲ့ ကျောင်းသားတွေဟာ ရုပ်ချောသဘောကောင်းပြီး အလိမ္မာ ဆိမ်ပါ အမေနဲ့တဲ့မယ့် အမျိုးသမီးလေးတွေနဲ့ ဖူးစားဆုံပါရစေလို့၊ ကျနော်မင်္ဂလာက ဆုတောင်းပေးလိုက်ပါ့မယ်'

'ဖြောင်း....ဖြောင်း....ဖြောင်း'



လက်ခုပ်တီးသံ၊ လေချွန်သံများနှင့် အားရပါးရ ရယ်သံများ ဆူညံလာပြန်သည်။ ထိုလုလင်မှာလည်း ပြောယင်း ရယ်ယင်း....

'ခင်ဗျားတို့ကိုသာဆုပေးတာပါ၊ ကျနော် မင်္ဂလာကတော့ ခုချိန်ထိ တပေ့ထဲပါဘဲ၊ ဒီမှာထိုင်နေတဲ့ အမျိုးသမီးတွေကို ကြေငြာတာမဟုတ်ဘူးနော်၊ ကြေငြာတယ်လို့ထင်ပြီး သနားသွားယင်တော့ မင်္ဂလာကုသိုလ်ပေါ့လေ'

'ဗျို....ကိုမင်္ဂလာ ကိုယ့်ကိုယ်ကို ကြော်ငြာနေတာလား'

ပျော်တတ်ပုံရသော ကျောင်းသားများထဲမှ နောက်ပြောင်သံပေါ်ထွက်လာပါ၏။ ကိုမင်္ဂလာဆိုသူသည် လက်ကာယင်း....

'နိုး....နိုး....ကြုံတုန်းပြောလိုက်တာပါ၊ အလကား စတာပါဗျာ၊ ခုလို မိတ်ဆုံပျော်ပွဲစား ထွက်လာရတော့ မိတ်သစ်၊ မိတ်ဟောင်းတွေနဲ့တွေ့ရလို့ အရမ်းဖီလင်ဝင်သွားမိလို့ ဟာသလေးတွေ ပြောမိတာ၊ ခုချိန်ကျပြီး ကျနော်တို့ အစီအစဉ်ဆွဲထားတဲ့အတိုင်း ပါဆယ်ဂိမ်းကစားတာက စ,ပါမယ်ခင်ဗျာ၊ ကျေးဇူးပြုပြီး ပါဆယ်ထုပ်ကိုစ,ပေးမယ့်သူက စတင်ပါတော့ခင်ဗျာ၊ ကက်ဆက်လဲဖွင့်လိုက်ပါတော့ခင်ဗျာ'

ကိုမင်္ဂလာအမည်ခံ လုလင်ပျိုစကားဆုံးသည်နှင့် ကက်ဆက်ထဲမှအသံ ထွက်လာကာ ပါဆယ်ထုပ်ကို လက်ဆင့်ကမ်းကြပါတော့သည်။ မိမိလက်ထဲ ရောက်လာသူသည် ကက်ဆက်ပိတ်သံ မကြားမီ အခြားတယောက်သို့ လျင်မြန်စွာ ပေးလိုက်ကြပါ၏။ ကက်ဆက်ပိတ်ရန်တာဝန်ယူထားသူသည် ကစားမည့်သူများကို ကျောပေး၍ထိုင်ရသည်။ နို့မဟုတ်လျှင် မိမိရောက်စေချင်သူ

လက်ထဲအရောက်တွင် ကက်ဆက် ပိတ်လိုက်နိုင်သည် မဟုတ်ပါလား။

ပါဆယ်ထုပ်ကြီးမှာ ကြီးမားလွန်းလှပေသည်။ သည်သို့ဖြင့် ကက်ဆက်ဖွင့်လိုက်၊ ပါဆယ်ထုပ်လှမ်းလိုက်ဖြင့် ကစားလာကြရာ လူဆယ့်ငါးဦးမျှ ကျရောတာဝန်ကို လုပ်ကိုင်ပြကြ၊ တဝါးဝါးဖြင့် ရယ်ကြဖြင့် ပျော်ရွှင်ဘွယ်ကောင်းလှပေသည်။ ဘုရားဖူးလာသူများ၏အာရုံသည် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ ကစားရာသို့ ရောက်လာကြတော့သည်။

ကက်ဆက်အပိတ် မိမိလက်ထဲပါဆယ်အရောက်တွင်ဖြေကြည့်ပြီး ခိုင်းသည့်အတိုင်း လုပ်ကြရသည်။ 'မျောက်က ကပြပါ'ဟု ခိုင်းလျှင် မကတတ်-ကတတ် မျောက်က က ရသည်။ အချို့ကျတော့လည်း သန်သန်မာမာထွားကျိုင်းသည့် ယောကျ်ားရင့်မာကြီး ဖြစ်ထင့်ကစား 'မိန်းကလေးကဲ့သို့ လုံချည်ဝတ်ပြပြီး ကန္နကယ စကားပြောပြပါ'ဟုရေးထားလျှင် ရှက်ရှက်နှင့်ပင် လုပ်ပြရပါ၏။

တချို့ကျတော့လည်း 'ဦးရွှေရိုးအက' 'မင်းသာ သိန်းထိပေါက်လျှင် ဘာလုပ်မလဲ'ဟူသောအတွေး။ 'ချစ်သူနှင့် ချိန်းတွေ့ရန် ရှ ာ်နေသည့်မိန်းကလေး၏ အမူအရာ' 'သီချင်းဆိုပြခြင်း 'အားလုံးကို ဇေပါဘဲ'ဟုဆိုသော စကား စသဖြင့် အချိုးမျိုးပြောဆိုကြ၊ နောက်ပြောင်ကြဖြင့် တဝါးဝါး တဟားဟားဖြင့် ကြည့်ရသူများကိုပင် စိတ်ရွှင်လန်းသွားစေပါ၏။

ချောစုသူသူမှာလည်း မိမိအလှည့်ရောက်မည် စိုးရိမ်ခြင်းမှ တပါး စိတ်ထဲတွင်ပျော်သလိုခံစားမိသည်။ သူတို့အဖွဲ့ထဲမှ ယုယုခိုင်နှင့်ခိုင်ခိုင်စိုးပင်'မင်းသမီးတဦး၏ အက်ဘင်နှင့် လမ်းလျှောက်



ချစ်သူကိုစိတ်ကောက်နေသော မိန်းကလေး၏အမူအရာများ' ...ပ်ပြခဲ့ကြရသဖြင့် ရည်လည်းရယ်ချင်၊ လန့်လည်းလန့်မိပါ ...။

...က်ဆက်သံမှာလည်း ထွက်လာလိုက်၊ တပတ် မလည်ခင် ...ိသွားလိုက်ဖြင့် ရင်ထိတ်သဲဖိုခံစားရပါသည်။ သည်တခါ ...ဘာ့ ပါဆယ်ထုပ် ဇော်ကိုအောင်လက်ထဲ အရောက်တွင် ...သွားပါတော့သည်။

...ဇော်ကိုအောင်သည် ဘာခေတ္တများ လုပ်ခိုင်းမှာလဲဟု တွေးပြီး ...ပ်ကိုဖြေလိုက်သည်။ ရေးထားသောစာကိုဖတ်ပြီး အထုပ် ...ဖြေလိုက်သည်။ ရေးထားသောစာကိုဖတ်ပြီး အနည်းငယ် ...က်သာမှုရသွားပါသည်။ သူ့ကိုခိုင်းသည်က သူဝါသနာ ...စိတ်ဝင်စားရာမို့ ဇော်ကိုအောင်မှာ ထိုင်ရာမှ အလည်သို့ ...သာပြီး အားလုံးကိုပြုံးပြလိုက်ကာ....

ဘော်ဒါအားလုံးဇေပါ၊ ကျနော်တို့အလှည့်
ကျတာကကိုယ့်ကိုယ်ကိုမိတ်ဆက်ပါ၊ပြီးလျှင် သင်
နှစ်သက်သည့် အလှဆုံးအမျိုးသမီးကို ခေါ်ထုတ်
ကာပြည်လှဒေဖနှင့် မေရှင်တို့စုံတွဲသီဆို ခဲ့သော
'သက်ဝေ'သီချင်းကို ဆိုပြပါတဲ့'

...အေး ...သဒ်စ်ဘဲ၊ ခပ်လှလှလေးကို ရှာရွေးနော်၊ ဒီထဲမှာ ...ကြီးပါတယ်'

...ပ်ပျော်ပျော်နေတတ်သော ကျောင်းသားတစုက ဇော်ကို ...င်ကို မြှောက်ပေး လိုက်သည်။ ဇော်ကိုအောင်သည်

မိန်းကလေးများဘက် မျက်လုံးတချက်စေ ကြည့်မိသည်။ ေ
သူသူအား ခေါင်းလေးငုံ့ကာ ပုံနေသည်ကို တွေ့လိုက်ရပါ
'ကျနော့်နာမည် ဇော်ကိုအောင်ပါ၊ အက်ကျူ
(Education) ပညာရေးကမါ၊ ကိုယ့်ကိုယ်ကိုဖော်မ
မဟုတ်ပါဘူး၊ တာဝန်အရ ကိုယ့်ကိုယ်ကို မိတ်ဆက်ရ
ဆက်လက်ပြီးကျနော့်တာဝန်ကဘော်ဒါတို့အိပ်ပျော်သွား
ဖြစ်ရမယ့်တာဝန် ရှိပါသေးတယ်၊ ဆိုရမှာက စုံတွဲ
အားနာဖို့ကောင်းပါတယ်၊ ကျနော်တပွဲထဲဖြစ်လို့
လားဗျာ'

ဇော်ကိုအောင်က မိန်းကလေးများနှင့်တွဲဆိုရမည်ကို အ
သဖြင့် တောင်းပန်ခြင်းဖြစ်သည်။

'မရဘူးဗျို့. စာထဲပါတဲ့အတိုင်းသာ ခပ်လှလှရှာဗျို့'

ဇော်ကိုအောင်ခေါင်းကုတ်လိုက်သည်။ မိန်းကလေးများ
လှည့်ပြီး....

'ဒီက ကျနော့်ညီမလေးတွေအားလုံးကို လေးစားပ
ကျနော်တို့အားလုံး ခင်မင်မှုအနေနဲ့ အပျော်ကစားကြ
နားလည်ပြီး မောင်နှမလို စိတ်ထဲသဘောထားပြီး ကျ
သီဆိုမယ့်သူကို ခေါ်ပါရစေ'

ဇော်ကိုအောင်သည် စကားခံပြီးနောက် မိန်းကလေ
ထိုင်နေရာဘက်သို့ လျှောက်သွားပြီး....

'မချောစုသူသူ ကျေးဇူးပြုပြီး ကျနော်နဲ့တွဲဆိုပေး ေ
တယ်'

ချောစုသူသူသည် သူငယ်ချင်းများကိုကွယ်၍ ထိုင်ေ
ဇော်ကိုအောင်မှာ ရှေ့အနည်းငယ်တိုး၍ ပြောလိုက်ရ



'ဟေ့....ဘော်ဒါကြီး ရှေ့သိပ်မတိုးနဲ့လေ၊ နားထောင်ချင်လှ
ပြီ မြန်မြန်ခေါ်ဗျို့'

တကယ့်ကို 'လောင်'နေကြသည့် ကျောင်းသားများပင်။
ဇော်ကိုအောင်မှာ နောက်အနည်းငယ်ဆုတ်ပြီး....

'လာပါ....မချောစုသူသူ'

'ဟင့်အင်း....သူသူမဆိုတတ်ဘူး'

'ကျနော်လဲ မဆိုတတ်ပါဘူးဗျာ၊ အားလုံး ခင်မင်ရင်းနှီးတဲ့
အနေနဲ့ စည်းကမ်းအတိုင်း လုပ်ကြရတာပါ'

'ဟုတ်သားဘဲ မိသူသွားလေ'

'မိခိုင်ကလဲ သူသူကြောက်တယ်'

'မကြောက်ပါနဲ့....ကျနော်ရှိပါတယ်'

'အချိန်ကြာတယ်မိသူ၊ ဘာကြောက်စရာ ရှိလဲ၊ မိသူအမြဲ
သီချင်းဆိုနေကျဘဲ'

'ကဲ....လာ လာ'

ယုယမိုင်နှင့် ခိုင်ခိုင်စိုးတို့က အတင်းလက်ဆွဲပြီး ထခိုင်းကြ
သည်။ ချောစုသူသူမှာ ကြောက်ကြောက်လန့်လန့်နှင့်ပင် အလယ်
သို့ ရောက်သွားတော့သည်။ သည်ကြားထဲ၌လူပျော်များ စကား
ကြောင့် ချောစုသူသူမှာတက်ကြွချင်စိတ် ပေါက်လာရပြန်သည်။

'ငါတို့ဘော်ဒါကဲ ခေါ်မယ့်ခေါ်တော့လဲ (Eco Queen)
ကို ဆွဲလာပါလားကွ၊ အပြတ်ဘဲဟေ့'

ဇော်ကိုအောင်မှာ ချောစုသူသူအား သနားသွားမိ၏။ မိမိ
ခေါ်ထုတ်ခြင်းမှာ မှားသွားပြီဟု နောင်တရလာတော့သည်။
ထို့ကြောင့် တိုးတိုးလေးအားပေးလိုက်ပြီး....

'ကျနော်တို့သီချင်းဆိုကြစို့၊ ဘော်ကြာ ဒီသက်'လောင်
နေကြွံးမယ်'

ဇော်ကိုအောင်စကားကို ချောစုသူသူက ထောက်ခံသည့်
အနေဖြင့် လည်ချောင်းရှင်းလိုက်၏၊ ထို့နောက်တော့ ဈာန်
သွားသဖြင့် တည်တည်ငြိမ်ငြိမ်လေးပင် ဆိုနိုင်ပါလေသည်။

(သစ္စာငကြိုင်... မြခိုင်ခဲ့ပေ....မေတ္တာမိုးတွေ
သွန်းဖြိုးရွာစေ.... အသဲမှာစွဲတယ်....အသက်ကိုပုံ
မယ်လေ)၂၊ တကိုယ်လုံး အိမ်းကြုံး လိုရာသုံး
သက်ငေ၊ အပြုံးမပျက်ဒပေါင် စိတ်လက်ရှည်ရှည်
အချစ်အတွက်ဆို အသက်ပင်သေလေ၊ အသွေးယူ
အသားလှူမိတ်တူဘယ်... ရီရီပြုံ ပြုံး.... မဒ္ဒီဒေဝီ
ငွေသောန်ထုံးလို...နှလုံးပြုကာကြည်ဖြူမယ်လေ....
သက်ဝေဆိုသမျှ.... အလိုကျ.... ကိုယ်ရော....စိတ်
ပါ လိုက်လျောပါမယ်လေ....။

ချောစုသူသူအသံမှာ အောင်မြိုး ဆွဲဆောင်မှုရှိလွန်းလှပေ
သည်၊ အားလုံးမှာ ငြိမ်၍နားထောင်နေကြပါ၏။ ထိုသီချင်းက
စာသားအဓိပ္ပာယ်များ လေးနက်အလို အဆိုကောင်းမှုသည်း
နားထောင်၍ အသက်ဝင်သည့် သီချင်းမျိုးပင်။ အစပိုင်းတွင်
ချောစုသူသူမှာ မပွံ့ရဲစိတ်များ ပျောက်ကာ သီချင်းထဲတွင်
သာ အာရုံစူးစိုက်နေတော့၏။

ဇော်ကိုအောင်အသံကလည်း အောင်မြင် ခန့်ညားလှပေ၏
လောင်တတ်သော ကျောင်းသားများပင် ငြိမ်၍ နားထောင်



ကြသည်အထိ ဇော်ကိုအောင့်အသံကလည်း ကောင်းလှပေ
သည်။

ရူပုံကြယ်....မြေမှာခကြွေ....ကောင်းကင်မှာ
နေလတွေကွယ်စေ၊ မြမြင့်မိုရ်ပြိုအက်ကာကြွေ....
သွေပျက်မယ်စိတ်ဝယ်မပြေ၊ ချစ်တဲ့သူ အမူတုံး
လေးက.... တိမ်စင်လနှယ်.... အလှကြွယ်ရှာပေ၊
ကြာကြာလေ.... မချိုးတဲ့အပြင်.... ဆတံပိုးတိုးတဲ့
အချစ်တွေ၊ ကမ္ဘာမြေအသာချုံလဲဘောင်....မကွဲ
ပေါင် တောင်းဆုကိုချွေ.... သက်ဝေ ချစ်မှုက်
မပြေတယ်လေ....။

မိုက်ကရိုဖုံးကို တလှည့်စီကိုင်ကာ သီဆိုနေသော ဇော်ကို
အောင်နှင့် ချောစုသူသူတို့မှာ လိုက်ဖက်ညီလှသည်။ ပန်းရောင်
ဘတ်စုံနှင့် လိုက်ဖက်ညီစွာပင် ချောစုသူသူ၏မျက်နှာတွင် ပန်း
နုရောင် လွှမ်းနေသည်သာ။ ထို့ပြင် ဇော်ကိုအောင်က
ချောစုသူသူအား မြတ်နိုးယုယသည့်ပုံစံမျိုးဖြင့် သီဆိုနေလေရာ
ချောစုသူသူမှာ မျက်လွှာချရုံမှတပါး မတတ်နိုင်ပါပေ။

ဇော်ကိုအောင်သည် ချောစုသူသူဆံ ပြုံးချိုသောမျက်နှာဖြင့်
မိုက်ကရိုဖုံးကို လှမ်းပေးလိုက်သည်။

ခိုင်းတော့သက်ဝေ....အချစ်စမ်းချင်စမ်းမစမ်း
ချင်နေ....ထူးတဲ့ခင်မင်တာတွေ.... အသက်ကိုစွန့်ရ
တောင်မင် မငြိုငြင်ဘူးရှင့်....အသင့်လိုရာခဝ....။
မခိုင်းရက်ဘူးကွဲ့....ဒီကိုယ့်လည်ဆွဲ ပုလဲသွယ်

ရေ.... ရှေ့က မောင်သာအစဉ်နေ.... အသက်နဲ့ ထပ်တူကြင်မလေ.... ရင်ကိုခွဲလို့ အသဲကို ကင်ပေါ် စေ.... ချစ်သက်ဝေအလိုကျ ဆိုသမျှ စိတ်တိုင်းကျကျ ပျော်သလိုသာနေ၊ 'လှသထက် လှမယ်ဆိုယင်.... ဆေးဘက် ဝင်ပါသလား.... မောင့်အသားတွေ....မောင့်အသွေးတွေ.... မောင့်အသဲတွေ....မောင့်နှလုံးတွေ....အသုံးပြုပါလေ–ကြည်ဖြူပါတယ်....လိုရာကိုယူစေ....။

'ဖြောင်း....ဖြောင်း....ဖြောင်း'

ဇော်ကိုအောင် သီဆိုပုံမှာ အသက်ဝင်လှုပ်ရှား၍ထင့်။ လ– ခုပ်တီး၍ အားပေးသံများ ထွက်လာသည်။ အထူးသဖြင့် ဇေ– ကိုအောင်က ရတ်တတ်ကိုကိုင်၍ မောင့်အသားတွေ–မောင့် သွေးတွေဟု ဆိုလိုက်ရာတွင် အဆွဲအငင်မှာ ပြောင်မြောက်လှ– လှပေသည်။

ခုဝံကြယ် မြေမှာခကြွေ ဟူသောအပိုဒ်ကို ချောစုံသူသူ– ထပ်မံဆိုပြီးနောက် သူတို့နှစ်ဦးအား ချီးကျူးထောပနာသံမျ– ထွက်ပေါ်လာတော့သည်။ ထို့ပြင်....

'သိပ်ကောင်းတာဘဲဗျို့၊ လူတွေကော အသံပါကောင်းလှ– လို့(Once More)နောက်တကြိမ် ထပ်ဆို ပြစေချင်ပါတယ်– ကိုယ်ပြောတာ ကျေနပ်သဘောတူတယ်ဆိုယင် ဘော်ဒါ– လက်ခုပ်တီးပါ'

'ဖြောင်း....ဖြောင်း'



အားလုံးက လက်ခုပ်သံတညံ့ညံ့တီးသဖြင့် ချောစုသူသူမှာ –သ်ချင်းများရှိရာသို့ မျက်စောင်းလှည့်ထိုးပြီး နှစ်ဦးတွဲ၍ –ကျော့ ဆိုကြရဖြန်သည်။ သည်အချိန်မှစ၍ သူတို့နှစ်ဦးကို –ာ်ဝေစုံတွဲ''ဟု အမည်ပေးလိုက်ကြပါ၏။

–ို့နောက်တော့ မဟာရာဂျာကစားနည်းကို က–ားကြပြန်– မဟာရာဂျာကစားနည်းမှာ လူများလျှင် များသလိုအုပ်စု –ကြသည်။ ထိုအုပ်စုအသီးသီးတွင် ခေါင်းဆောင် တဦးစီ –ရှိသည်။ ထိုခေါင်းဆောင်များကိုမူ မဟာရာဂျာက အုပ် –သည်။

မဟာရာဂျာခိုင်းစေချက်ကို ခေါင်းဆောင်များက ရှာဖွေ –ကြရပါ၏၊ ခေါင်းဆောင်များက တဖန် ကိုယ့်လူများကို –ရာဂျာ လိုချင်သောပစ္စည်းကို အမြန်ဆုံးရှာပေးရန် ခိုင်းပြီး –အသီးသီး၏ ခေါင်းဆောင်များက မဟာရာဂျာထံ အမြန်– –က်သရမည်ဖြစ်သည့် ကစားနည်းပင်။

–ို့ကစားနည်းမှာ စိတ်ဝင်စားဘွယ်ကောင်းသလို ပျော်စရာ –ကောင်းသည်။ တဖွဲ့နှင့်တဖွဲ့ အပြိုင်ရှာ၍ ပေးရသဖြင့် –ည်းရယ်ကြရသလို အမြန်ဆုံး ရှာဖွေနိုင်အောင်လည်း –လက် ဖျတ်လတ် ရသည်သာ။ ထိုကစားနည်းတွင်လည်း –ုသူသူနှင့် ဇော်ကိုအောင်တို့မှာတဖွဲ့ထဲကျကြသည်။

–ပ်စုဘခုတွင် လူဆယ်ယောက်ခန့်ထိ ပါဝင်ဖွဲ့စည်းထားပါ –ရားပေါ်မှ ပြေးဆင်းပြီး ရှာဖွေ၍ ပြန်တက်လာလျှင် –မှန်းမသိ။ မဟာရာဂျာထံ ဦးစွာရောက်ဖို့ အဓိကပင်။ –ခေါင်းဆောင်ရှာခိုင်းသော ပစ္စည်းကိုပေးပြီးမှသာ အမောဖြေ –၏၊ ဒါပေမင့် အားလုံးပျော်ကြသည်သာ။

မယ္ဗာရာဂျာ ကစားပြီးနောက် ယောကျ်ားလေး များ မိန်းကလေးများက မျက်စိ အဝတ်စီးပြီး မုန့်ခွံ့ ကျေး ကစားနည်းကိုကစားကြပြန်သည်။ အထူးသဖြင့် မျက်စိမမြင် ငှက်ပျောအီး ခွံ့ကျွေးသောအခါ ဗါးစပ်ထဲ မရောက် နှာခေါင်းပေါက်ရောက်လိုရောက်၊ မျက်စိနားရောက်လိုရောက် တဝါးဝါး တဟားဟားဖြင့်ရယ်ကြရပြန်သည်။

သည်ကစားနည်းတွင်တော့ချောစုသူသူက လုံးဝမပါပါ ချောစုသူသူသည် အရိပ်ကောင်းသော သစ်ပင် အောက်တွ သွားထိုင်နေလိုက်သည်၊ နာရီဝက်ခန့်အကြာတွင် သူမ အနီး ဇော်ကိုအောင်ရောက်လာကာ စကားလာပြောနေတော့သည် ချောစုသူသူမှာ အားလည်းနာသည့်အပြင်မိမိတဦးတည်းပျင်း သဖြင့် အလိုက်အထိုက်ပြောဆိုနေလေသည်။

သူတို့နှစ်ဦးမှာ ကနေ့ခေတ်၏ စာပေအကြောင်း၊ ရုပ်ရှ အကြောင်းများ.အပြင် ဘယ်စာရေးဆရာ အကြိုက်ဆုံး၊ ဘ ရုပ်ရှင်မင်းသားမင်းသမီး အကြိုက်ဆုံးဟူ၍ ပြောဆိုနေကြပါ နောက်ဆုံးတော့ ချောစုသူသူအကြောင်းကိုသာ ဇော်ကိုအော က ဦးတည်မေးချင်မှန်း ရိပ်စားမိကာ သူမပြုံးလိုက်သည်။

ဇော်ကိုအောင်မှာ မိန်းကလေးများနှင့် ရောရောဝင်ဝ နေလေ့မရှိသဖြင့် မိန်းကလေး သဘာဝကို နားမလည်ပေ ထို့ကြောင့်လည်း ချောစုသူသူကို အားမနာတမ်းငေးကြည့်ပြီး

'မချောစုသူသူက ဘယ်အဆောင်မှာနေလဲ'

'ရှင်....'

ချောစုသူသူမှာ ဇော်ကိုအောင်အမေးကို နားမလည် ဖြ သွား၍ 'ရှင်'ဟူ၍သာ ပြန်ပြောလိုက်၏။



'ဟုတ်ဖူးလေ ဟို မချောစုသူသူက Eco ကမ္မိလား'

'ဟုတ်သားဘဲ'

'ဒါကြောင့် ဘယ်အဆောင်မှာလဲလို့မေးတာ'

'အော်....ကံ့ကော်ဆောင်မှာပါ'

'ကံ့ကော်ဆောင်'

ဇော်ကိုအောင်မှာ ကံ့ကော်ဆောင်ကို မသိသဖြင့် ခေါင်း သည်ယင်း စဉ်းစားမိသည်။ သူ့ဘဝတွင်ငယ်စဉ်ကတည်းက မိခင် နှင့်သာ ရင်းရင်းနှီးနှီး ရှိခဲ့သည်၊ အရွယ်ရောက်လာကတည်းက ကျောင်းစာတွင်သာ အာရုံစိုက်ခဲ့၍ မိန်းကလေးများကို ပိုးရ န်းရမှန်းပင် မစဉ်းစားခဲ့၊

ဒါကြောင့်လည်း ခက်ခဲသော အခြေခံပညာရေး အထက် တန်းစာမေးပွဲကို စာနှစ်ထဲနှင့် ဂုဏ်ထူး(၅)ဘာသာဖြင့် အောင်ခဲ့ သည်။ ဇော်ကိုအောင်၏ အမှတ်များမှာ ယနေ့ ခေတ်စားနေ သော ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တို့ကို ကောင်းစွာ မှီ သည်၊ မိဘများကလည်း ဇော်ကိုအောင်ကို ဆရာဝန်တို့၊ အင်ဂျင် နီယာတို့ ဖြစ်စေချင်ပါသည်။

သို့သော် ဇော်ကိုအောင်က မိမိရည်ရွယ်ချက်အတိုင်း ပညာ ရေးကိုသာ လျှောက်ခဲ့သည်။ ဆရာရှားပါးသည့် ဒေသများသို့ သွားရောက်ကာ ပညာကြွန့်ဖြူးလိုခြင်းသည် ဇော်ကိုအောင်၏ ဆန္ဒပင်။ ထို့ပြင် ငယ်စဉ်သက မိမိဝါသနာပါရာ ဂီတကိုလိုက် စားချင်၍လည်း ရန်ကုန်မြို့သို့ထွက်လာခဲ့ခြင်း ဖြစ်ပါ၏။

သို့မဟုတ်လျှင် မိဘများနှင့်အတူ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၌သာ တက်ပေမည်။ ရန်ကုန်သို့ လာစရာ အကြောင်းမရှိ ပေ၊

ခုတော့ ဇော်ကိုအောင်သည် ရန်ကုန်တွင်သာရှိသည့် ပညာ ရေးတက္ကသိုလ်သို့ တက်မိခြင်းကိုပင် ကျေးဇူးတင်မိတော့သ မိမိ ရန်ကုန်ရောက်၍သာ ခုလို ချောစုသူသူနှင့် သိကျွမ်းလ သည်မဟုတ်ပါလား။ သူမနှင့်တွေ့ဆုံရန်ဖန်တီးပေးသော အ ကျေးဇူးရှင်မှာ လှမင်းပင် ဖြစ်ကြောင်း ဇော်ကိုအောင် အ အမှတ်ပြုလိုက်ရပြန်သည်။

အကယ်၍သာ လှမင်းကသာ သူ့ဘိုဒ္ဒါနမှ ပျော်ပွဲစားတ မည့်အကြောင်း ဇော်ကိုအောင်မသိလျှင်၊ ဇော်ကိုအောင်အ လိုက်ရန်မခေါ်လျှင် မိန်းမချောလေး ချောစုသူသူနှင့် တွေ့ အကြောင်းမရှိနိုင်ပါပေ။

ဇော်ကိုအောင်မှာ ချောစုသူသူအား မျက်တောင်ခပ်ရန် မမှိတ်တမ်း ကြည့်နေသည့်အလား ကြည့်နေသဖြင့် ချောစုသူသူ ရင် သွားရပြန်သည်။ 'တော်တော်အကြည့်ရဲတဲ့ ဆဲ' ဟူ၍ စိတ် ပင် ယူဆလိုက်မိတော့သည်၊ ထို့ကြောင့်လည်း အာရုံပြော သည့်အနေဖြင့် ချောစုသူသူသည် မြူးလိုက်ရာ....

'ကိုဇော်ကိုအောင်....ကဲ့ကောင်ဆောင်ကိုသိတယ်မှုလား'

မြူးလိုက်ကာမှ သွားတက်လေးများပေါ်ကာ အလှကြီ သွားသော ချောစုသူသူရုပ်သွင်မှာ ဇော်ကိုအောင်မျက်လုံးထ မထွက်နိုင်အောင်ကို ဖြစ်ခနဲမိသည်။

'မေးနေတယ်လေ....မကြားဘူးလား'

သည်တော့မှ ဇော်ကိုအောင်မှာ ခေါင်းလေးခါကာ —

'ဟင့်အင်း... အဲဒီ အဆောင်တွေရှေ့က တခါဖြတ်ပြီးတော လှမင်းဆီကိုလာဖူးတယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ကဲ့ကေ ဆောင်ဆိုတာတော့ မသိဘူး'



'ဒီလောက်တောင်မှ မိန်းကလေး ဆောင်တွေကို ဂရုစိုက်ရ သလား'

ဇော်ကိုအောင်စကားကြောင့် ချောစုသူသူမှာ ပို၍သဘော ကျသွားကာ တမင်'ယိ'၍ ပြောလိုက်သည်။ ဒါကို နားလည် သော ဇော်ကိုအောင်မှာ ပျာပျာသလဲ ဖြေရှင်းချက်ပေးနေပါ သေး၏။

'ဂရုမစိုက်လို့ အသေအချာမသိတာပါ'

ချောစုသူသူသည် ဇော်ကိုအောင်အဖြေကို ကျေနပ်သလို ဖြစ်သွားသည်လား မပြောတတ်။ သူမပတ်ဝန်းကျင်တွင် တွေ့ နေရသော ယောကျ်ားများမှာ မိန်းမကျွမ်းကြပြီး မိန်းကလေး အကြိုက်ကို အထာပေး၍ ပြောသွားနိုင်သူချည်းပင်။ ဒါကြောင့် လည်း ချောစုသူသူမှာ အလိမ်မာသုံးပြီး ရှောင်ခဲ့ခြင်း ဖြစ် သည်။

ဇော်ကိုအောင်ကျတော့လည်း ရိုးအလွန်းပေသည်။ သူ့ဖမူ သူများက ဟန်ဆောင်မှု လုံးဝမရှိ။ ချောစုသူသူသည် အဝေး နှင့် ကစားနေကြသော အဖေါင်းအသင်းများကို ငေးကြည့် ရင်း သက်ပြင်းချလိုက်ကာ ဇော်ကိုအောင်အား....

'ဒါဆို သူသူ ပြောပြမယ်၊ ဝင်ဝင်ချင်း အဆောင်က အင်ကြင်းဆောင်၊ အင်ကြင်းဆောင်ပြီးတာနဲ့ ကံ့ကော်ဆောင် ရောက်တာဘဲ၊ ဒါဆို မှတ်မိရောပေါ့'

'မှတ်မိပါပြီ၊ ကျနော်ကတော့ မချောစုသူသူ ဖိတ်ဖိတ်.... ခေါ်ဖိတ် မချောစုသူသူကို လာတွေ့မှာဘဲ'

'ဆို....'

ဇော်ကိုအောင်စကားများက နှုန်းဝင်မချိုလှပါ။ သူများတေ ကဲ့သို့ ဖွဲ့နွဲ့သွယ်ဝိုက်ပြီး မပြောဘဲ စိတ်ထဲရှိသည့်အတိုင်း ပြော လိုက်ခြင်းဖြစ်မှန်း ချောစုသူသူ သိရှိလေသည်။

'ကြောက်နေရပါလား'

'ကျနော့်ကိုကြောက်တယ် ဟုတ်လား၊ လူလူချင်းဘဲဗျာ... ကြောက်စရာမဟုတ်ပါဘူး၊ ပြီးတော့ ကျနော်ကလဲ မချော သူသူကို မကြောက်အောင်မလုပ်ပါဘူး'

စကတည်းက ယဉ်သကိုအစားချိုးပင်၊ သည်လူနှင့် စကာ ဆက်ပြောလျှင် ချောစုသူသူမှာ အခက်အခဲ တွေ့နိုင်ပါသည် ထို့ကြောင့် စကားလမ်းကြောင်းပြောင်းကာ....

'ကိုဇော်ကိုအောင် ဟိုမှာသွားမကစားဘူးလား'

'ဝါသနာမပါဘူး၊ မျက်စိရှုပ်တယ်၊ မချောစုသူသူကော ဘာလို့မကစားလဲ၊ ဘော်ဒါတွေဆော့နေတယ်မဟုတ်လား'

'ဒါမျိုးတွေ သူသူမကစားချင်ဘူး။ ရှိုးစုစုရှုံးရှုံးနဲ့ ပျော်ကြတာ လူငယ်သဘာဝပါဘဲ၊ ဒါပေမင့် အဲလိုပျော်ရမယ့်အစား သူ တဖောက်ထဲ အေးအေးနေရတာ ပိုစိတ်ချမ်းသာတယ်....ပိုပျော် မိတယ်'

'ကျနော့်စိတ်နဲ့ တူပြန်ပြီ'

'တူဘဲတူနိုင်လွန်းတယ်'

ချောစုသူသူက ဇော်ကိုအောင် သဘောထားလေးတွေ စကားထဲမှာဆင့် အကဲခတ်မိသဖြင့် ခင်မင်ရင်းနှီးစွာ နေ ပြောင်ပြောလိုက်ခြင်းဖြစ်သည်၊ ဇော်ကိုအောင်ကိုလည်း ... ကြည်လာသလို စိတ်ထဲတွင် ဖြစ်မိပေသည်၊



'ဒါပေါ့....စိတ်ချင်းတူတာကောင်းတယ်၊ မတူလဲတူအောင် ကျနော် ကြိုးစားမှာဘဲ'

'ရှင်'

သည်တခါတော့ 'ရှင်' နှင့်အတူ ချောစုသူသူ ထရပ်မိတော့ သည်။ ဇော်ကိုအောင်မှာ သူမအား မော့ကြည့်ယင်း....

'သွာတော့မလို့လား၊ တော်ကြာ အတင်းဆွဲခေါ်နေလို့ စားနေရအုံးမယ်နော်၊ အေးအေးဆေးဆေး စကားပြောကြ အောင်ပါ'

'ကိုဇော်ကိုအောင်က ဘာတွေပြောနေမှန်းမှမသိတာ'

'ကျနော်လဲမသိဘူး၊ အဲ-စိတ်ထဲရှိတာပြောတာတော့ သေ ချာတယ်'

သည်လိုပြောဆိုတတ်သော မိန်းကလေးအကြောင်း နားမ လည်သော ဇော်ကိုအောင်သည် ချောစုသူသူ၏ ချစ်သူဖြစ်လာ မည်ဆိုခြင်းကို ချောစုသူသူ မတင်ခဲ့ပေ။ ထို့ပြင် လူ့ဂုဏ်စာ ဇော်ကိုအောင်မှာ ချစ်သူအပေါ် ကြင်နာတတ်လွန်းသော၊ ယု ... တတ်လွန်းသော အလိုက်သိသောသူဖြစ်လာမည်ဟု မည်သူ မျှ မျှော်လင့်ထားကြမည်မဟုတ်။

'နေပါအုံးဗျာ၊ ကျနော် မချောစုသူသူနဲ့ စကားပြောနေရ ... စိတ်ချမ်းသာလွန်းလို့ပါ'

ဇော်ကိုအောင်က ရင်ထဲရှိသည်ကို ပြောလိုက်ခြင်းဖြစ်သော် လည်း ချောစုသူသူ စိတ်ဆိုးသွားမိသည်။ မိမိက သူ့အဖျော် ... မိန်းကလေးမဟုတ်ပေ။ ထို့ကြောင့်သည်း ဇော်ကိုအောင် အား မိန်းကလေးသဘာဝအတိုင်း ခနဲ့တဲ့တဲ့ရွဲ့၍ ပြောလိုက်ပါ သည်။

'ဟုတ်ကဲ့....ရှင့်စိတ်ချမ်းသာဖို့အတွက် သူသူက စကားပြော ပေးရမယ်'

'ကျေးဇူးတင်ရမှာပေါ့'

ဇော်ကိုအောင်က ချောစုသူသူစကားကို အဘည်ထင် ကျေးဇူးတင်စကား ပြောလိုက်ခြင်းဖြစ်၏။ ချောစုသူသူသ ဘာကြောင့်မှန်းမသိ။ အလိုလိုပြန်ထိုင်မိသွားလေသည်။

'မချောစုသူသူက သီချင်းအဆိုကောင်းဘဲ၊ မရှင်ကြားယင် တောင် သူ့ထက်အသံကောင်းလှချည်းလားဆိုပြီး ချီးမွမ်းအုံ မယ်'

'မြောက်လှချည့်လား။မမြောက်လဲသူသူကစကားပြောမှာပ'

'ကျနော် မမြောက်ဘတ်ပါဘူး'

'သေချာရဲ့လား'

'သေချာပါတယ်'

'ကိုဇော်ကိုအောင်အသံကလဲ သိပ်ကောင်းပါတယ်၊ကျောင်း သားတွေကိုတောင် ငြိမ်အောင် ဆွဲဆောင်နိုင်တယ်မို့လား'

ဇော်ကိုအောင် နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြီး ချောစုသူသ အား....

'ကျေပြီနော်'

'ဘာလို့လဲ'

'မချောစုသူသူက ကျနော့ကိုပြန်မြှောက်တာ၊ကိုပြောတာပါ၊ ကျနော်လေ သက်ဝေသီချင်းကို သိပ် 'ခိုက်' သွားပြီ၊ ဒီသီချင်း ကို ကျနော်သေတဲ့အထိ မမေ့တော့ဘူး အမြဲဆိုနေမိမှာဘဲ၊ပြီး တော့ မချောစုသူသူကိုလဲ အမြဲသတိရနေမယ်၊ ဒီသီချင်းက ကျနော့ရဲ့ဘဝ ဖြစ်သွားပြီလေ'



ဇော်ကိုအောင်စကားကြောင့် ချောစုသူသူမှာ ပို၍မနေ သာတ်အောင် ဖြစ်လာခဲ့သည်။

'ကျနော်က အညာသားပါ၊ ဒီတော့ စကားအရာမှာ ပြော အဆိုတာတွေ ရိုင်းသွားယင် ခွင့်လွှတ်နော်'

'သူသူလဲ အညာသူစစ်စစ်ဘဲ၊ အညာမှာမွေး၊ အညာမှာ ကြီးတာဘဲ'

'ဟုတ်လား....ဘယ်နယ်ကလဲ'

ဇော်ကိုအောင်က ချောစုသူသူမှာ အညာသူဆို၍ ဝမ်းသာ အားရ မေးလိုက်သည်။

'မန္တလေးက'

'ဟာ....ကျနော်လဲ မန္တလေးကဘဲ၊ ဒါတောင် တယောက်နဲ့ တယောက် မတွေ့ဖူးကြဘူးနော်'

'သူသူအပြင်ထွက်ခဲ့တယ်၊ ကျောင်းနဲ့အိမ်ဘဲ၊ တခါတလေ ရုပ်ရှင်ကောင်းယင် မိသားစု ကြည့်ကြတဲ့အခါဘဲထွက်တာ'

သူတို့နှစ်ဦးမှာ ခုမှ အရပ်ဆွေမျိုးများ ဖြစ်နေကြသည်။ ဇော်ကိုအောင်မှာ အားရဝမ်းသာနှင့်ပင်....

'ကျနော်တို့က ရပ်ဆွေရပ်မျိုးဘဲ၊ လိုတဲ့အကူအညီရှိယင် အားမနာတမ်းတောင်းနော်'

'ဟုတ်ကဲ့'

အချိန်မှာ ညနေပိုင်းသို့ ကူးလာခဲ့သဖြင့် လူစုခွဲကာ ကိုယ့် အားပေါ်ကိုယ် အသီးသီး တက်ကြရသည်။ ဇော်ကိုအောင်နှင့် ချောစုသူသူတို့မှာ တကားထဲဖြစ်သဖြင့် ကိုယ်စီးလာသော ကား ပေါ်တက်ကြရသည်။ ခိုင်ခိုင်စိုးနှင့် သန္တာစိုးတို့မှာလည်း ချောစု

သူသူတို့နှင့်ခွဲကာ မိမိတို့ ကားရှိရာသို့ ထွက်ခွာသွားကြတော့သည်။

မကြာမီ ကားများ တန်းစီပြီး ပြန်လာခဲ့ကြပါတော့သည်။ ဇော်ကိုအောင် စိတ်ထဲမှနေ၍ တိုးတိုးလေး ပြောလိုက်မိသည်မှာ....

'အချိန်တွေကလဲ့ အကုန်မြန်လိုက်တာ' ဟူ၍ပင် ဖြစ်ပါတော့သတည်း။

× × ×

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုခြင်းမှာ မှန်ကန်လှပါသည်။ ဒုတိယနှစ် နှစ်လည်တွင် ဇော်ကိုအောင်နှင့် ချောစုသူသူတို့ ခင်မင်ခဲ့ကြပြီး နှစ်ဆုံးတွင် ချစ်သူဘဝ ရောက်ခဲ့ကြတော့သည်။ 'သက်ဝေ'သီချင်းနှင့်စခဲ့သော သူတို့နှစ်ဦးမှာ တကယ့်ကို အသက်ပင်ခသသေ အစားမျိုးထိအောင် ချစ်လာခဲ့ကြသော စံပြချစ်သူများ ဖြစ်လာခဲ့ကြတော့သည်။

ချောစုသူသူအား သူငယ်ချင်းများကလည်း ဇော်ကိုအောင်နှင့် သဘောတူကြသည်။ ထို့ပြင် ချောစုသူသူသည် သမီးလိမ္မာဖြစ်သည့်အလျောက် ဇော်ကိုအောင် မေတ္တာဖွင့်ဟချက်ကို မိဘများထံ စေ့စပ်ရေးအကြောင်းကြားသည်။

ဇော်ကိုအောင်မိဘများမှာ မန္တလေး မျက်ပါးရပ်တွင် ချမ်းသာသူများဖြစ်သည့်အပြင် ဆွေကောင်း မျိုးကောင်း မျိုးရိုးသန့်သဖြင့် ချောစုသူသူမိဘများကပါ သဘောတူကြသည်။



ချောစုသူသူမှာ ခံယူချက်ရှိပါ၏။ မိမိချစ်သူနှင့် လက်ထပ်သည့် တဦးတည်းဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် မိမိကည်း စုံမက်မြတ်နိုးချစ်ခင်မိသည်နှင့် မိဘများကို ဖွင့်ဟတိုင်ပင်ဘသည်။ မိဘတွေက မီးစိမ်းပြပြီဆိုမှသာလျှင် ကိုယ့်ချစ်သူ လက်တွဲရမည့်ခရီးသည် သာယာဖြောင့်ဖြူးနိုင်မည်ဟု သူမ ဆထားပါ၏။

ဆိုလျှင် ဇော်ကိုအောင်မိဘများနှင့် ချောစုသူသူမိဘတို့မှာ ခင်သိကျွမ်းထားသဖြင့် သူတို့ချစ်ခရီးမှာ ဒုက္ခဟူ၍ မတွေ့ခဲ့ပါ။ ချောမွေ့ဖြောင့်ဖြူးခဲ့သည်သာ။

ဒါပေမင့် ချောစုသူသူသည် ချစ်သူအပေါ် အသဲစွဲချစ် သောက် စည်းကမ်းလည်းထားခဲ့ပါသည်။ မိဘမျက်ကွယ်တွင် ဆက် နေကြရသူများဖြစ်၍ ပို၍ ဆင်ခြင်ထိန်းသိမ်းစွာ နေပါ၏။ ဇော်ကိုအောင်ကိုယ်တိုင်ကပင် ချစ်သူအပေါ်တန်ဖိုး းလေးစားပေသည်။ သူ့ကြောင့် ချောစုသူသူ သိက္ခာကျရ အလုပ်ကို ဘယ်တော့မှ မလုပ်ခဲ့။

ထို့ကြောင့်လည်း ချောစုသူသူမှာ မိဘစကားနားထောင်ပြီး အပေါ်ချစ်ရှာလွန်းသော ဇော်ကိုအောင်အား ချစ်ခင်တွယ် လွန်းသည့်ပြင် အသနားလည်း ပိုခဲ့မိသည်။ ဇော်ကိုအောင် ချောစုသူသူ၏ပြောသမျှကို 'ဟင့်အင်း'ဟု မရှိခဲ့၊ ခေါင်း ပြီး အစဉ်လိုက်လျောခဲ့သည်သာ။

ကိုအောင်ရယ်.... ကိုအောင်ကော သူသူပါ ကျောင်းသူ င်းသားဘဝမဟုတ်လား၊ နှစ်ယောက်စလုံး ရည်ရွယ်ချက် ဘဲ့ စာမေးပွဲအောင် အောင် ကြိုးစားကြရမယ်နော်၊ ဒါမှ အောင့်ဆန္ဒအတိုင်း သူသူတို့ မြန်မြန်နီးရမှာပေါ့၊ အဲဒီတော့

သူသူတို့ ခဏခဏတွေ့ဘာမှကောင်းဘူးနော်၊ ကိုအောင်ကိုမ ချဉလို့မဟုတ်ဘူးနော်၊ သူသူ ကိုအောင့်ကိုသိပ်ချစ်ဘာ ကိုအေ သိတယ်မို့လား၊ သူသူနဲ့ကိုအောင်တို့ တပတ်ကိုနှစ်ရက်ဘဲတွေ့ အောင်နော်'

'သူသူလေးသဘောဘဲ၊ အဆောင်ကိုကော'

'အတူတူဘဲပေါ့ ကိုအောင်ရယ်၊ အရေးတကြီးကိစ္စမျိုးရှိ တော့ သူသူဆီလာပြောပေါ့'

'လွယ်တော့မလွယ်ဘူး၊ သူသူလေးကိုတွေ့ချင်တာက နေ့ ဘဲ၊ အင်းလေ… ကိုအောင် ကြိုးစားပြီးနေ့ကြည့်မယ်၊ သိပ် လို့ မနေနိုင်ယင်တော့ သူသူလေး သတ်မှတ်တဲ့ ရက်အပြင် လေးတွေ့မယ်နော်'

သည်လိုကျတော့လည်း ချောစုသူသူမှာ ဇော်ကိုအော အသနားပိုခဲ့ပြန်သည်။ မည်သူမဆို ကိုယ့်ချစ်သူအပေါ် အသ ပိုတတ်ကြသည် မဟုတ်ပါလား။

'ကိုအောင်ရေ…. ရုပ်ရှင်လက်မှတ်ဝယ်ယင် နောက်ဆုံး မဝယ်နဲ့နော်၊ ငယ်ရွယ်တဲ့ ချစ်သူနှစ်ဦးအဖို့ လွတ်လပ်တဲ့ ဝန်းကျင်ဟာ ဒုက္ခပေးတတ်မို့လား'

'သူသူလေး သဘော'

ချောစုသူသူမှာ ချစ်သူကိုချစ်သော်လည်း အနေအထိုင် ခြင်ခဲ့သည်သာ။ တဦးနှင့်တဦး အသက်မကချစ်ကြ၍လည်း လပ်မှုကို အတတ်နိုင်ဆုံးရှောင်ခဲ့ကြခြင်းလည်း ဖြစ်ပါသည်

များသောအားဖြင့် သူတို့နှင့်အတူ ယုယုခိုင်၊ ခိုင် သန္တာစိုးတို့ပါတတ်သည်။ အဆောင်သို့ ဇော်ကိုအောင်လ



သည်း သူငယ်ချင်းများပ ဆင်းလာပြီး ဝိုင်းဖွဲ့ စကားပြောကြ သည်က များသည်။

ဇော်ကိုအောင် ချစ်တာက ချောစုသူသူ၊ ချောစုံသူသူနှင့် တွေ့နေ စကားပြောနေရလျှင်ပင် ဇော်ကိုအောင်မှာ ကျေနပ် နေသည်သာ။ သူတို့နှစ်ဦး တယောက်နှင့်တယောက် ကြင်နာ ယုယ သံယောဇဉ်တွယ်နေပြီး ယုံကြည်မှုလည်းရှိကြပါ၏။

ဇော်ကိုအောင်မှာ ချစ်သူနှင့် တွေ့ရချိန်လေးတွင် ချောစု သူသူအား မှန်ကြည့်သကဲ့သို့ တချိန်လုံးကြည့်ကာ စကားပြော ခဲ့သည်။ သူတို့စုံတွဲ ချစ်ခင်သည်ကိုတွေ့ပြီး သူငယ်ချင်းများက ဇမ်းသာသလို အဖြစ်သဲကာ အချစ်သဲကြသည့် ချစ်သူများဟု သည်း သတ်မှတ်ထားပြီးသားပင်။

ဒါကို သူတို့ချစ်သူ နှစ်ဦးလုံးကလည်း ဂုဏ်ယူကြသည်။ ချောစုသူသူတို့ချစ်သူနှစ်ဦးမှာ မိဘချင်းကလည်း သဘောတူ ထားကြသဖြင့် စိတ်ချမ်းသာစွာဖြင့် ပိုသစ္စာနှင့်ကြ သလို သံယောဇဉ်လည်း ကြီးမားခဲ့ကြ၏။

'သူသူလေး'

'ကိုအောင်'

'ကိုအောင့်ကို ချစ်တယ်နော်'

'အင်း'

ချောစုံသူသူသည် ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့် သာ အမှတ်မထင် နေးလိုက်သော ဇော်ကိုအောင်ကို ပြုံး၍ ခေါင်းညိတ်ပြကာ ဖြေလိုက်သည်။ ချောစုံသူသူအမူအရာလေး က ဇော်ကိုအောင်ကို မချင့်မရဲဖြစ်သွားစေပါ၏။

'ဟင့်အင်း....သူသူ့လေ ရင်ထဲက ဖီလင်သံလေးနဲ့ ပြောတ
လေးကို ကြားချင်လို့'

'မေးနေဖို့လိုသေးလား ကိုအောင်ရယ်၊ သူသူနဲ့ကိုအောင်
ချစ်ခဲ့ကြတာ (၅) လရှိပြီဘဲ'

'သိပ်လိုဘာပေါ့ကဲလေးရယ်၊ ကိုအောင်က တသက်လုံးမေ
သွားမှာဘဲ၊ တော်ကြာ ကိုအောင့်အပေါ် အချစ်လေး နဲနဲလေ
တောင် လျော့သွားမှာစိုးလို့'

'ကိုသဲပို'

ချစ်သူစကားကိုနားထောင်ယင်း ချောစုသူသူ ကြည်နူးပီ
ဖြစ်သွားရသည်။ ဇော်ကိုအောင်က သူ့အပေါ် အချစ်လျော့
မှာကိုပင် စိုးရိမ်သည်ဆိုကတည်းက ဇော်ကိုအောင်၏အချစ်သ
ပွပင်သောစကားများဖြင့် မိမိအပေါ် အချစ်ကြီးနေမှန်း ချော
သူသူ အကဲခတ်မိ၍လည်း ဖြစ်ပါသည်။

ထို့ကြောင့် ဇော်ကိုအောင် လက်ကလေးပေါ်သို့ ချော
သူသူ၏ လက်ဖဝါးလေးက ညင်သာစွာအုပ်ကိုင်လိုက်ပြီး ယ
မြတ်နိုးသံလေးဖြင့်....

'ကိုအောင်ရယ်....သူသူ့တသက်မှာလေ ကိုအောင်ကို
တော့မှ အချစ်လဲမလျော့သွားဘူး၊ မေ့လဲမေ့မသွားနိုင်ပ
ကွယ်'

ဇော်ကိုအောင်မျက်နှာလေးမှာ ပြုံးသွားသည်။ချောစုသ
စကားကိုလည်း သူအကြွင်းမဲ့ ယုံကြည်ပါသည်။ ထို့ကြေ
မိမိကိုကိုင်ထားသော ချောစုသူသူလက်ကလေးကို မနာအော
ညှစ်လိုက်ပြီး....



'ဝမ်းသာလိုက်တာ သူသူလေး၊ ကိုအောင့်ရင်ထဲက စိုးရိမ်မှု
ဟာ သူသူလေးစကားကြောင့် လွင့်စင်ကုန်ပြီ၊ ကိုအောင်က
ချစ်ပြီး သူသူလေးအပေါ် သိပ်ဂရုစိုက်၊ သိပ်သဝင်ကြောင်
ကိုအောင်ကိုသူသူလေး စိတ်မပျက်မိဘူးလား၊ကိုအောင်နဲ့
ရတာ မကျဉ်းကျပ်ဖူးလားဟင်'

ချောစုသူသူသည် ချစ်သူအမေးကို ခေါင်းခါ ပြလိုက်ပါ၏။

'ကိုအောင်သဝင်ကြောင်နေသမျှ သူသူ့စိတ်ထဲမှာ အကျဉ်း
ပ်လဲ မဖြစ်မိဘူး၊ စိတ်လဲမပျက်မိဘူး၊ ပိုတောင် ချစ်သေး
'

'ဘာကယ်လား'

ဇော်ကိုအောင်က မိမိကိုချောစုသူသူ ယိပြောနေသည်ယူဆ
မေးလိုက်ခြင်းဖြစ်သည်။

'ဘာကယ်ပြောတာရှိ၊ကိုအောင် သူသူ့အပေါ်သဝင်ကြောင်
သေးယင် သူသူ့ကို သိပ်ချစ်နေသေးတယ်လို့ဘဲ သူသူက ယူဆ
တာ၊ ကိုအောင်သဝင်ကြောင်တဲ့ စကား မပြောတော့တဲ့
ဘာ သူသူ့ကိုမချစ်တော့တဲ့နေ့လို့ဘဲ သူသူမှတ်ယူ ထားတယ်
'

'စကားတတ်လိုက်တဲ့ကလေးရယ်'

'သွား....သူများကို ကလေး ကလေးနဲ့ခေါ်နေတာ၊ သူသူ
လေးတော့ဘူးနော်၊ ရည်းစားတောင် ထားတတ်နေပြီဘဲ'

မျက်လုံးလေးထောင့်ကပ်ကာ ချစ်သူကို နှုတ်ခမ်းလေးစူ၍
နေသော ချောစုသူသူအားကြည့်ပြီး ဇော်ကိုအောင်မှာ
ဟားရယ်နေလေသည်။ ပြီးမှ ချောစုသူသူခေါင်းလေးကို
တာ....

'ကိုအောင်က သူသူလေးကို သိပ်ချစ်တယ်ဆိုတာ သိ[illegible] နေ့ဘ်'

'သိသားဘဲ'

'ကိုအောင့်အချစ်ကလေ သူသူလေးအပေါ် မိခင်ကို သ[illegible] နဲ့ဆိုး–ဆိုးတဲ့ အချစ်မျိုးနဲ့လဲချစ်တာဘဲ၊ ချစ်သူလိုလဲ ချစ်[illegible] အကိုလိုလဲချစ်တယ်၊ အဖေလိုလဲချစ်တယ်၊ ပြီးတော့ မိ[illegible] ချဲ့တဲ့သားလေးလိုဘဲ သူသူလေးပေါ်ချဲ့ပြီး ချစ်တာလဲ [illegible] တယ်၊ အထူးအဖြင့် သူသူလေး ကိုအောင့်အပေါ် ဆိုး[illegible] ခရာတာလေးတွေကိုကြည်နူးပြီး ကိုယ့်ချစ်သူကို ကလေးလို့[illegible] ယူဆမိလို့ ခေါ်တာပါကွယ်၊ ဘာလဲ ကလေးလို့ခေါ်တာမ[illegible] ယင် အမကြီးလို့ခေါ်ရမလား'

'ခေါ်နဲ့ကြိုက်ဘူး'

'ဟောဗျာ'

'ဘာဟောဗျာလဲ'

'ဘာမှမဟုတ်ပါဘူး၊ ကြောက်ပါတယ်ဗျာ'

ဇော်ကိုအောင်က ချစ်သူနှာခေါင်းလေးကို မှနာ[illegible] ဆွဲလိုက်ယင်း ပခုံးလေးကိုစွန့်ကာ ပြောလိုက်သည်။

'ဘာကြောက်ပါပြီလဲ၊ တော်ကြာ သူများတွေကြား[illegible] ယင် တမျိုးထင်သွားလိမ့်မယ်'

'ဟုတ်ကဲ့–နောက်မပြောတော့ပါဘူး'

'နောက်မနေနဲ့'

'နောက်မနေပါဘူး၊ အချစ်ဆုံးချစ်သူလေးနဲ့ ဘေးချင်[illegible] ထိုင်နေပါတယ်ခင်ဗျာ'



ဇော်ကိုအောင်မှာ ချစ်သူနှင့်တွေ့ရသဖြင့် ရွှင်မြူးပျော်ရွှင် [illegible]၏၊ ထို့ကြောင့်လည်း ချောစုသူသူကို တချိန်လုံး စ,နေ [illegible]ဖြစ်သည်၊ လာရမည့်ရက် သတ်မှတ်ပေးထားချက်အရ ဇော် [illegible]အောင်မှာ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

'ကိုအောင်ရယ်'

'ဗျာ....ဗျာ'

ဇော်ကိုအောင်မှာ ပျော်နေသဖြင့် ရွှတ်နောက်နောက်ဖြင့် [illegible]သူးလိုက်လေသည်။

'ကြည့်ပါလား၊ သူသူက စကားကောင်းပြောမလို့ဟာ၊ [illegible]ဆောင်တန်တဲ့စကား ရှိယင်ပေါ့တယ်တဲ့၊ ရှေးလူကြီးတွေပြော [illegible]စကား သိပ်မှန်တာဘဲ၊ ခုလဲ သူသူက လေးနက်တဲ့စကား [illegible] ပြောချင်တာ၊ ကိုအောင်က နောက်တောက်တောက်လုပ် [illegible]တော့ ပြောတော့ဘူး'

ဇော်ကိုအောင် မျက်နှာပိုးသတ်လိုက်သည်။ သို့သော် အရှိန် [illegible]ပြချင်သေး၊ လူ့သဘာဝကိုက ပျော်ယင်ရယ်တတ်သည်၊ [illegible]နှင့်ဟုဟန့်တားလျှင် ပိုရယ်ချင်တတ်သည် မဟုတ်ပါလား၊ [illegible] ဇော်ကိုအောင်မှာ ပျော်နေရာမှ ချစ်သူစကား မလေး [illegible]ဖြစ်သွားမှာစိုး၍ မျက်နှာပိုးသတ်သော်လည်း အပြုံးရိပ်က [illegible]ပျောက်ချင်သေးပေ။

'ဒါ...သူသူလေးရဲ့ ထောင်တန်တဲ့စကားလေးတွေပြောတော့

ပြောတော့ဘူးဆို'

'ဘာကောက်တယ်လား၊ ဒီလိုဆို ချော့ရအုံးမှာပေါ့လေ၊ [illegible]င်းအသင်းတို့ရေ စိတ်ကောက်နေတဲ့ချစ်သူကို ချော့ဖူး

ကြပါသလား၊ ချော့မှုးယင်လဲ ဘယ်လောက်ကြာအောင် ရပါသလဲ၊ ချစ်သူလဲ မြန်မြန်စိတ်ကောက်ပြေ ကိုယ်လဲ မြ စိတ်ချမ်းသာရတဲ့နည်းကို လိုချင်ကြပါသလား၊ လိုချင်ယ ကြပါ၊ ဖရီးလက်တွေ့ပြပါ့မယ်'

'ကိုအောင်နော်'

ချောစုသူသူက ဇော်ကိုအောင်ကို ချစ်မျက်စော လှည့်ထိုးယင်း ဟန့်တားလိုက်သည်။ ညှို့လာချိန်ဖြစ်၍ ကော်ဆောင်သည် ညှို့သည်များဖြင့် စည်ကားနေချိန် ဖြစ်၍ ချောစုသူသူမှာ တခြားသူများ ကြားသွားမှာကို ၍လည်း ပြောလိုက်ခြင်းဖြစ်သည်။

'ဟော....သူသူလေး စကားပြောလာပြီဟေ့'

'ပြောပါဘူး၊ လူကြား မှာစိုးလို့ဟန့်တာတဲ့'

'ဒါဖြင့် ကောက်ထုန်းပေါ့'

ချောစုသူသူ ဘာမှထပ်မပြောတော့။ ဇော်ကိုအေ ချောစုသူသူကြားလောက်ရုံဖြင့်....

'ကိုအောင်ချော့နေပြီဘဲကွယ်၊ စိတ်ကောက်ပါနဲ့ ရယ်၊ သူသူလေး စိတ်ကောက်တော့ ကိုအောင် စိတ် နေရတယ်'

ချောစုသူသူမှာ ဇော်ကိုအောင်အား တချက်ငဲ့ကြ ပြုံးချင်လာပါ၏။ ချောစုသူသူ ပြုံးချင်သော်လည်း အေ မှုန်း ရိပ်မိ၍....

'ဟော....သူသူလေး ပြုံးလာပြီ၊ အဲ-အဲ....ရယ်ချင် အိုက်စကလင်ခံပြီး မရယ်ဘူးတဲ့၊ အဲ....ကိုအောင်ကိုသ စိတ်ကောက်ပြေတော့မယ်လို့ မျက်လုံးလေးများကပြော



ပြေစတော့ပါဘူး၊ဗိတ်ို့အာဏာသုံးတော့မယ်နော်၊ ကိုအောင့်ကို ချေစ်ယင် စကားမပြောနဲ့'

'ဘာမှန်းလဲမသိဘူး၊ စိတ်ကောက်တာ ကြာကြာမကောက်ရ သေးဘဲနဲ့ ဗီတိုအာဏာ သုံးတာက ချက်ချင်းကြီး'

ဇော်ကိုအောင်စကားဆုံးသည်နှင့် ချောစုံသူသူက ကလေး ဆန်စွာ ပြောလိုက်သည်။ သူမစကားမပြောလျှင် ဇော်ကိုအောင် ကို မချစ်ဟု အဓိပ္ပါယ်ရောက်သွားမည် မဟုတ်ပါလား။ သည် တော့ ပြောရပြီပေါ့။

'မရဘူးလေ၊ ဗီတိုအာဏာမသုံးယင် သူသူလေးက ကောက် နေအုံးမှာမို့လား'

'ချော့ရမှာ စိတ်မရှည်ဘူးပေါ့'

ချောစုသူသူက စကားအကျအနကောက်ရန် ဇော်ကိုအောင် ကို အမှတ်မထင် မေးလိုက်သည်။

'စိတ်ရှည်ပါတယ်ဗျာ၊ ဒါပေမယ့် ကိုအောင်နဲ့သူသူလေး တွေ့ရချိန်က သိပ်မရှိတူးမို့လား၊ စိတ်ကောက်ပြီး ကုန်သွားမယ့် အချိန်တွေကို နှမြောလို့ ဗီတိုအာဏာသုံးတာပေါ့၊ ကိုအောင်နဲ့ သက်ထပ်ပြီးယင် တနေ့လုံး စိတ်ကောက်ဟုဘ်လား၊ ကိုအောင် ချော့မယ်၊ တနေ့ထဲနဲ့ အားမရသေးယင် တလ၊ တနှစ်စိတ် ကောက် ဒီတော့မှ ကိုအောင် စိတ်ရှည်တယ်၊မရှည်ဘူး သိ လာမှာ'

ချစ်သူနှင့်ပတ်သက်လျှင် အသေးအဖွဲလေးမှစ ဂရုတစိုက်ရှိ သော ချစ်သူစိတ်သဘောထားကိုနားလည်သော ဇော်ကိုအောင် က အမှတ်မထင်မေးလိုက်သော ချောစုံသူသူစကားကို ပြေရှင်း

ပြနေပါ၏။ ချောစုသူသူမှာ စကားနာထိုး၍ မရတော့သဖြင့် ချစ်မျက်ခုံးလေးထိုးယင်းဖြင့်....

'သွား....သူချား ဘာပြန်ပြောရမှန်းကို မသိအောင်ဖြစ်သွားတာဘဲ၊ သူသူက အဲလိုအကြံ့ကြီးစိတ်ကောက်တော့ ကိုအောင်စိတ်မပျက်သွားဘူးလားဟင်'

'ဟင့်အင်း....စိတ်တော့မပျက်ဘူး၊ စိတ်ဆင်းရဲတယ်၊ ကမ္ဘာလောကလုံးမှာ ကိုအောင်အချစ်ဆုံး ချစ်သူလေးက ကိုအောင့်ကို အချစ်ဆုံးဆိုတဲ့ သူသူလေးက မချစ်တော့လို့ ကိုအောင့်ကို စကားမပြောဘဲနေတာ ဘယ်လိုပျော်နိုင်ပါ့မလဲကွယ်၊ ဒါပေမဲ့ သူသူလေးစိတ်ထဲ စိတ်ကောက်ရတာ ပျော်နေတယ်ဆိုယင် ကိုအောင်ကျေနပ်ပါတယ်၊ ကိုအောင့်ဘဝမှာ အရေးအကြီးဆုံးက သူသူလေး စိတ်ချမ်းသာပြီး အမြဲပျော်နေဖို့ဘဲလေ'

ချစ်သူထံမှ ကြင်နာယုယသံလေးများကြားရသော ချောစုသူသူမှာ ဇော်ကိုအောင်ကိုသနားလာခဲ့ရသည်။ မိမိစိတ်ကောက်မိသည်ကိုပင် အလိုလို နောင်တရလာပါ၏။ သို့သော် မိန်းကလေးသဘာဝကိုက ကိုယ့်ချစ်သူအပေါ် စိတ်ကောက်ချင်သည်မှာ ဓမ္မတာပင်။

'ကိုအောင်က သိပ် အပြောကောင်းတာဘဲ၊ သူသူဆို ကိုအောင်ကို စိတ်တောင်မကောက်ရက်တော့ဘူး'

'လိမ်မာသွားပြီပေါ့'

'ချီးမွမ်းမနေနဲ့အုံးလေ ဒီနေ့အဖို့ ပြောတာ၊ စိတ်ကောက်စရာရှိယင်တော့ ကောက်မှာဘဲ၊ ကိုအောင်တို့ ယောကျ်ားလေးတွေသိအောင် သူသူတခုပြောချင်တယ်'

'ဘာများလဲကွယ်'



'ကိုယ့်ချစ်သူမိန်းကလေးတွေ စိတ်ကောက်ယင် စိတ်မညစ်နဲ့၊ ချော့သာချော့၊ ဘာလို့လဲဆိုတော့ စိတ်ကောက်တဲ့မိန်းကလေးဆိုတာ ကိုယ့်ချစ်သူရဲ့အချော့ ခံချင်ကြလို့ဘဲ၊ ဒါကို နားမလည်ဘဲ တချို့ယောကျ်ားလေးတွေက ချစ်သူကို ချော့ရမယ့်အစား ချစ်သူနဲ့ပြိုင်ကောက်တာတို့၊ စိတ်ပျက်ဘာတို့ ဖြစ်တော့ မိန်းကလေး စိတ်မကောက်ချင်ဘဲ ချစ်သူအချော့ခံချင်လို့ ကောက်တာ မချော့တော့ ကိုယ့်ချစ်သူအပေါ် အထင်တွေလွဲ၊ သံသယတွေဝင်ပြီး အမှတ်တွေလျော့လာတယ်၊ ဒီလိုနဲ့ ဘာမှမဟုတ်တဲ့အကြောင်းလေးနဲ့ပဲ ချစ်သူတွေကွဲသွားတတ်ကြတာ သင်ခန်းစာ ရလာနိုင်တာဘဲ၊ ပြီးတော့ တဦးနဲ့တဦး အသဲနှလုံးနဲ့ ရင်းမြစ်ရှိ နှစ်နှစ်ကာကာ ချစ်လာပြီးမှ ချစ်သူနှစ်ဦးကြားမှာ ကွဲကွာမှုမရှိဖို့က အရေးအကြီးဆုံးဘဲ'

'ဟုတ်ကဲ့ ဆရာမကြီး'

'ကြည့်ပါလားလို့ ပြောနေတဲ့ကြားထဲက ရအောင်စ,နေသေးတယ်'

'ပျော်လို့ပါ၊ ကိုယ့်ချစ်သူကိုစ,တာ မစ,ရဘူးလား'

'သူသူ စကားကောင်းပြောနေယင် မစ,ရဘူး'

'ကောင်းပါပြီဗျာ၊ စရတော့မယ့်အချိန်ကျယင် ပြောနော်'

သူတို့နှစ်ဦး ပြောဆိုနေခြင်းကို တစွန်းတစ ကြားသွားသူများက ပြုံး၍ထွက်သွားကြသည်။ ချောစုသူသူနှင့် ဇော်ကိုအောင်တို့ ချစ်သူများဖြစ်ကြောင်း တဆောင်လုံးသိသလို အနေအထိုင် သိကျွမ်းရှိကြ၍လည်း သူတို့နှစ်ဦးအား 'စုံပြချစ်သူ'အဖြစ် အသိအမှတ်ပြုထားခြင်းလည်း ခံရပေသည်။

'ကိုအောင်က သူသူလေးကိုချစ်လို့ စ နေတာနဲ့ ထောင်တဲ့ စကားလေးတောင် ခုထိ သူသူလေး မပြောရသေးဘူး ပြောလေ ကိုအောင် ငြိမ်ငြိမ်လေးနားထောင်နေမယ်'

ချောစုသူသူ မျက်မှောင်ကုတ်၍ စဉ်းစားလိုက်သည်။ ကိုအောင်မှာ ချောစုသူသူ လှုပ်ရှားမှုမှန်သမျှကို ဂရုစိုက်ကြည့်နေသူဖြစ်၏။ ထို့ကြောင့်လည်း 'မျက်မှောင်ကုတ်လဲ လှလေးအလှ မပျက်သွားပါဘူး၊ တမျိုးလေးတောင် ကောင်းသေးတယ်'ဟု စိတ်ထဲမှ မှတ်ချက်ချမိပေသည်။

'မမှတ်မိတော့ဘူး၊ ပြောချင်တဲ့စကားတွေကများသော သွားတယ်'

'စဉ်းစားပါအုံး၊ သူသူလေးက ဉာဏ်ကောင်းတာဘဲ၊ ကိစ္စမဆို မမေ့တတ်ပါဘူး'

'ချဉ်လိုက်တဲ့ကိုယ့်ငါးချဉ်'

ချောစုသူသူက ချစ်စနိုးဖြင့် ချစ်သူအား လှမ်းနောက်ပြီး သူမပြောချင်သည့် စကားကို စဉ်းစားလိုက်သည်၊ ငယ်ကြာသည်နှင့် သတိရလာကာ....

'ကိုအောင်ကိုမေးမလို့ပါ'

'ဘာများလဲ'

'ကိုအောင့်မှာ သူသူ့အပြင် ချစ်ခဲ့တဲ့သူရှိဖူးလား'

'နို....'

'တကယ်နော်'

'အခါတသောင်းတကယ်ပါဗျာ'

'နောက်ကော ရှိအုံးမှာလား'



'သူသူလေးမေးခွန်းက ကိုအောင့်အချစ်ကို သိပ်စော်ကားတာဘဲ၊ ကိုအောင်အသက်ရှင်နေသမျှ ကာလပတ်လုံး သူသူလေးကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်နိုင်ဘူးဆိုတာ အသဲထဲမှာစွဲနေအောင် ယုံထားစမ်းပါ ကလေးရယ်'

ဇော်ကိုအောင်က ချောစုသူသူအား မြတ်နိုးစွာကြည့်ပြီး ထိုက်လိုက်လှဲလှဲကြီး ပြောလိုက်သည်။

'ယုံပါတယ် ကိုအောင်ရယ်၊ သူသူတို့ မိန်းကလေးတွေဟာ ကိုယ်ချစ်သူက ယုံပေမယ့် အမြဲလဲ စိုးရိမ်သောက ဖြစ်နေမိကြတယ်၊ ခုလဲ သူသူက ကိုအောင့်ကိုချစ်လွန်းလို့ မေးတာပါ၊ ကိုအောင့်ရဲ့အချစ်ကို၊ ကိုအောင်ရဲ့သစ္စာတရားကို သူသူယုံကြည်လို့ဘဲ ကိုအောင့်ကို သူသူ့ရဲ့ဘဝခရီးအဖော်အဖြစ် လက်တွဲဖို့ ရွေးခြယ်ခဲ့တာပေါ့'

'ကိုအောင်ကလဲ ပြန်မေးအုံးမယ်၊ တကယ်လို့ အကြောင်းကြောင်းကြောင့် ကိုအောင်မရှိတော့ယင် သူသူလေး အချစ်သစ်ရှာမှာလား၊ သူသူလေးကလဲ ငယ်သေးတယ်မို့လား'

'ကိုအောင်လဲ သူသူ့အချစ်ကို စော်ကားတာဘဲနော်၊ သူသူ့နှလုံးသားက တသက်မှာ တဦးတည်းသောချစ်သူကိုဘဲ မေတ္တာပေးနိုင်တာပါ၊ အသဲတခုထဲရှိသလို တသက်မှာ အချစ်တခါဘဲ ရှိပါတယ်၊ သူသူ့အချစ်ဆုံးကတော့ ဒီဘဝမှာ ကိုအောင်ဘဲ၊ တခုတော့ရှိတာပေါ့လေ၊ ကိုအောင်က မိန်းကလေးတွေနဲ့ ရှုပ်တဲ့အသုံးကြွားယင်ဘဲ ဖြစ်ဖြစ်၊ သူသူ့ကို သစ္စာဖေါက်သွားယင်ဘဲ ဖြစ်ဖြစ်၊ အဲလိုအဖြစ်မျိုး ဆိုယင်တော့ သူသူ့ အသဲနှလုံးက မပြောင်းလဲချင်တောင် သူသူက ပြောင်းလဲသွားအောင် လုပ်

လိုက်မှာဘဲ၊ အချစ်ကြီးလွန်းယင် အမျက်လဲကြီးသွားတတ်တ မဟုတ်လား'

'အလား လား....ကိုအောင့် အချစ်လေးက သင်ခတော့သ အတွက်အချက်နဲ့ စာရင်းကိုင်ဘာသာတွေ၊ ပြောတတ်ဆိုတ တာက ဆရာမကြီး ကျနေတာဘဲ၊ လူကိုလဲ ခြိမ်းခြောက်ခြော လိုက်တာ လွန်ပါရော၊ ကြောက်ပါတယ်ဆိုမှ သူသူလေး ပြောတယ်မို့လား၊ ချစ်သူနှစ်ဦးကြားမှာ မာနတရား မရှိရဘူးဆို

'ဟုတ်တယ်လေ....တယောက်ကိုတယောက် ကြင်နာချစ် နေယင် မာနမရှိရဘူး၊ တယောက်ယောက်က ဖေါက်သာ ဆိုယင်တော့ မာနရှိလာမှာဘဲ၊ ရှိလဲရှိသင့်ပါတယ်၊ ကိုယ့်ကို မကြင်နာတော့တာ ကိုယ်ကလဲ ဘာမှဆွေးနေစရာ-ဖသက်ပြ နေစရာ မလိုပါဘူးနော်'

'ဒါပေါ့-ဒါပေါ့....တကယ်လို့ ကိုအောင်က သစ္စာဖေါက် ပြီး အချစ်သစ်ရှာတာမျိုးမဟုတ်ဘဲ သေသွားယင်ကော သူသ လေး နှလုံးသားက ပြောင်းလဲချင်လဲပြောင်းလဲသွားအုံးမှာလား ဟင်'

ဇော်ကိုအောင်က မိမိအပေါ်ထားသော ချစ်သူ၏အချစ်ကို သိချင်၍ မေးလိုက်သည်။

'ဒါမျိုးဆိုယင့် မပြောင်းလဲပါဘူး၊ တသက်လုံး ဆွေးသွား ချင် ဆွေးသွားရပါစေ၊ သူသူကတော့ ကိုအောင့်ကိုချစ်တဲ့အချစ် မလျော့သွားထဲကဘဲ၊ မေ့လဲမမေ့နိုင်ဘူးပေါ့'

'သူသူလေးအချစ်ကို လေးစားပါတယ်'



'တကယ်လို့ ကိုအောင်ကကော သူသူသေသွားယင် အချစ် သစ် ရှာအုံးမလား၊ သူသူမှမရှိတော့တာ သစ္စာဖေါက်ရာမကျ ဘူးဆိုယင်လေ'

ဇော်ကိုအောင် ပြုံးစေ့စေ့ဖြစ်သွားသည်။

'သစ္စာဖေါက်ရာမကျဘူးဆိုယင့် ရှာမှာပေါ့'

'ကြည့်....ချစ်တာချင်းက ကွာတာကိုး၊ သွား—အခုထဲက သွားရှာတော့၊ သူသူ့ဆီမလာနဲ့တော့'

ချောစုံသူသူသည် ဇော်ကိုအောင် နောက်ပြောနေမှန်းသိ သော်လည်း တကယ်တန်းကြားလိုက်ရသောအခါ ရင်ထဲတွင် နာကျင်မှုလေး ခံစားလိုက်ရသည်။ ထို့ပြင် သဝန်တိုစိတ်လေး ပါ ဝင်လာရှဲ၍ ဇော်ကိုအောင်ကို ဆိုတ်ဆွဲပြီး တွန်းထိုးယင်း ပြောလိုက်သည်။

သူတို့နှစ်ဦး ထိုင်နေသည်မှာ ကံ့ကော်ဆောင်ဂိတ် အဝင် အစောင့်ထိုင်နေသော နေရာတွင်ဖြစ်ပါ၏။ အပြင်ကကြည့်လျှင် မြင်ရမေ၊ အဆောင်ထဲဝင်မှ တွေ့ရပေသည်။ ဇော်ကိုအောင် မှာ မျက်ရည်လေးလည်ကာ ထုနက်ပြောဆိုနေသော ချောစုံ သူသူလက်ဖလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားကာ တဟားဟားရယ် နေပါသည်။ ရယ်၍ဝသွားမှပင် ချစ်သူကိုချော့ရပြန်သည်။

'အလကားစတာပါ၊ ကိုအောင်က သူသူလေးကိုချော့ချင် လို့၊ သူသူလေးကလဲ အချော့ခံချင်လို့မဟုတ်လား၊ သူသူလေး စဉ်းစားကြည့်ပေါ့၊ ကိုအောင်စိတ်ထဲမှာ ရှိးသားလို့သာ ချစ်သူ ရှေ့မှာ ရှာမှာ ပြောရဲတာပေါ့၊ မရိုးသားတဲ့သူဆို ချစ်သူ အလိုကျပြောပြီး ကွယ်ရာမှာ လုပ်ချင်တာ လုပ်မှာပေါ့၊ ဟုတ် ဘူးလား ကိုအောင့်ကိုချစ်ယင်'

ဗီတိုအာကာသုံးတော့မည်ကို သိ၍ ဇော်ကိုအောင် စကား မဆုံးခင် ချောစုသူသူက ပါးစပ်လှမ်းပိတ်လိုက်ပြီး ချစ်သူကျော မြင့်လေးကို မနာအောင် လက်သီးဆုပ်လေးများဖြင့် ထုလိုက် ပါသည်။ ဇော်ကိုအောင်မှာ ချစ်သူပြုသမျှကို ငြိမ်ခံနေယင်းမှ...

'ပန်းနဲ့ပေါက်တာလဲ နာချင်တယ်၊ အဲ-ဟုတ်ပါဘူး၊ ချစ်သူ ကျောမြင့်လေးကို ဗျောအတင်ထုပေမယ့် နာပါဘူး' ဟူ၍ ရွှင် မနောက်နောက် ပြောယင်း ချောစုသူသူအား စနေပြန်တော သည်။

သည်တော့လည်း ချောစုသူသူမှာ ဇော်ကိုအောင်နှင့်အတူ ရယ်မောလာရပါတော့သည်။

'ဟော့....မိသူ၊ အံ့မယ်-ဘာမှလဲ မသုပ်ရသေးပါလား၊ အဝင် အစားတောင် မလှဲ့ရသေးဘူး၊ ညနေလမ်းလျှောက်သွားမယ်လို့ မိယုဝင်ပြောလို့ အားလုံး အဆင်သင့် ဖီးလိမ်းပြီး စောင့်နေတာ မပေါ်လာလို့ လိုက်လာကြတာ၊ ဘာတွေများတွေးပြီး ပြုံးပြီး နေတာလဲ'

အခန်းထဲသို့ ယုယုနိုင်၊ ခိုင်ခိုင်စိုး၊ သန္တာစိုးတို့ဝင်လာပြီး ပြောလိုက်မှ ချောစုသူသူ၏အတိတ်ကအတွေး တပိုင်းတစလေး များ ပြတ်သွားရတော့သည်။ တနေရာထဲကို စူးစိုက်ကြည့်ပြီး တွေဝေနေရာမှ ပြုံးရယ်မှုများကို တွေ့လိုက်ရခြင်းဖြင့် ချော သူသူဘယောက် ဇော်ကိုအောင်အကြောင်းများတွေးပြီး ပြုံး လာခြင်းဖြစ်ကြောင်း မပြောပြဘဲ သူငယ်ချင်းများ နားလည် ကြသည်။

ထို့ကြောင့် တယောက်ကိုတယောက် အဓိပ္ပါယ်ပါပါကြည့် ပြီး ချောစုသူသူနားး ကပ်လာကြကာ....



'ကဲ-ထ မိသူ စိတ်ကိုလျှော့လိုက်ပါကွာ၊ သူငယ်ချင်းတွေ ပျော်ပါးပါး အရင်ကလို ပြန်နေကြရအောင်ပါ၊ မိသူစိတ် ခဲ့သလို မိနိုင်တို့လဲ ဘယ်စိတ်ကောင်းပါ့မလဲ၊ ထ ပါသူ ချင်းရာ မိခိုင်တို့ ဒေသကောလိပ်ဘက် လမ်းလျှောက်ရ အောင်၊ အပြန်ကျပာင် ညစားဖို့ ခေါက်ဆွဲကြော်တို့ လက်ဖက် တို့ ဝယ်လာခဲ့ရမယ်'

ပြောလဲပြော ဆွဲလဲထူယင်းဖြင့် ချောစုသူသူမှာ ဇော်ကို အောင်နှင့်ပ သက်ပြီး ကြည်နူးခဲ့ရ၊ ပျော်ခဲ့ရသည့် အတွေး များပြတ်ကာ စိတ်မပါဘဲ သူငယ်ချင်းများနောက်ရာနောက် ပါလာခဲ့ပါတော့သတည်း။

(အခန်း-သုံး)

'ခက်တာဘဲမိယုရယ်၊ မိခိုင်တို့လဲ အမျိုးမျိုး ဖြောင်း
တာဘဲမို့လား မိသူဏ ဘုန်းကြီး တစ္ဆေမကြောက်ဖြစ်နေ
'မိသူက အစွဲအလမ်းကြီးတဲ့ မိန်းကလေးဘဲကွာ၊ ကိုဇေ
အောင်အဖြစ်က မိသူမပြောနဲ့ မိယုတို့တောင် စိတ်ထိခိုက်
မို့လား'

ယုယုခိုင်နှင့်ခိုင်ခိုင်စိုးတို့ သူငယ်ချင်းနှစ်ယောက်မှာ စိ
ကောင်းစွာဖြင့် ပြောနေကြခြင်းဖြစ်သည်။ ချောစုသူသူ
စိတ်အပြောင်းအလဲဖြစ်စေရန် ဘုရားဖူး၊ ရုပ်ရှင်သွားပြ
ခဲ့သည်။ ထိုသို့သွားလာခြင်းကြောင့် ချောစုသူသူသည် ဇေ
အောင်ကို ပို၍သတိရလာတော့သည်။

သူငယ်ချင်းများ ဆန္ဒအရသာ သွားလာလိုက်ပါရ
လည်း အခြောင်ရောက်သည်နှင့် အခန်းအောင်းကာ 
နေတော့သည်။ ကနေ့လည်း ကျောင်းမှပြန်လာသည်နှင့်



ချင်ဘည်ဆိုကာ အခန်းထဲဝင်သွားပါ၏။ လူတယောက်က အိပ်
ချင်သည်ဆိုလာသောအခါ မနှောင့်ယှက်သင့်သည်မှာ လူ့
ဝတ္တရားပင် မဟုတ်ပါလား။

ထို့ကြောင့်လည်း ယုယုခိုင်တို့သုံးဦးမှာ ခိုင်ခိုင်စိုးအခန်းတွင်
စုကာ ချောစုသူသူကို သနားရသည်နည်းတူ ကံရှိကာဒေါသော
ထည်း ဖြစ်ရသည့်အကြောင်းများကို ပြောနေခြင်းဖြစ်သည်။
ချောစုသူသူမှာ မိန်းကလေးများပင် ငေးကြည့်ရအောင်ကို
လှပါ၏။

ထို့ပြင် ဂုဏ်ရည်သိက္ခာရှိမှုက တပ်ဆင့်လိုက်သောအခါ ဇဖိုး
တန်သော မိန်းမချောလေးအဖြစ် ယောကျ်ားလေးတိုင်းက အသိ
အမှတ်ပြုကြသလို စိတ်ထည်း ဝင်စားကြသေသည်။

သည်ကြားထဲမှ ဇော်ကိုအောင်ကို ရွေးချယ်ခဲ့ပြီး ချောစု
သူသူ လက်ခံခဲ့သည်။ ဇော်ကိုအောင်ကို ရွေးသည်ကတော့
မှန်ကန်သည်ဟု သူတို့ သူငယ်ချင်းများက ခုံးဖြတ်ခဲ့သည်။ ကံ
ကောင်းသဖြင့် ကမာရွတ်မီးလောင်ရာတွင် ဇော်ကိုအောင်
သွားခဲ့ရသဖြင့် ချောစုသူသူမှာ ရူးမတတ် ခံစားရသည်ကို
သူငယ်ချင်းများက မကြည့်ရက်ပေးဒါကြောင့်လည်း အမျိုးမျိုး
ပြောဆိုပြီး ချောစုံသူသူကို နားဝင်အောင်ပြောကြသည်။

ခုလည်းသူတို့သူငယ်ချင်းသုံးဦးစုပြီး ချောစုသူသူအကြောင်း
ထိုသာ တိုင်ပင်နေကြခြင်းဖြစ်သည်။ အသားညိုညို ပိန်ပိန်သွယ်
သွယ် သန္တာစိုးကံမှ ကုတင်ပေါ်လှဲအိပ်နေယင်းမှ ယုယုခိုင်နှင့်
ခိုင်ခိုင်စိုးတို့ပြောစကားများကို နားထောင်ယင်း စဉ်းစားနေ
သေသည်။

'နေပါအုံး-ခုမှ မေးရအုံးမယ်၊ မေးသင့်တာကတော့ ကိုဇော်ကိုအောင် ဆုံးသွားကထဲကပေါ့ (၆)လလောင် ကြာသွားမှ မေးရတော့ မှတ်မိကြအုံးမလား'

စကားကို နိဒါန်းချီကာ ပြောဆိုနေသော ဘန္တာစိုးကို ခိုင်ခိုင်စိုးက စိတ်မရှည်စွာဖြင့်ကြည့်ပြီး....

'ပြောမယ့်ဟာ လိုရင်းရောက်အောင် ပြောတာမဟုတ်ဘူး၊ မိသန္တာစကား နားထောင်ရတာ စိတ်မရှည်ဘူး'

'ဟဲ-ဟဲ....ဖြေးဖြေးပြောလဲ ဒီစကားဘဲဟုတ်လား၊ မိခိုင်က စိတ်စောနေလို့ပါ၊ ကဲ-မေးတော့မယ်၊ ကိုဇော်ကိုအောင် မီးထဲ ပါသွားတယ်ဆိုတာ သေချာရဲ့လားလို့ပါ'

'ဟာ.... သိပ်သေချာတာပေါ့၊ သူ့အကို ကျော်ထွန်းဦး ကိုယ်တိုင် လာပြောတာဘဲ၊ အဲဒီနေ့က မိသူမျှော် ဇော်ကိုအောင်ကိုစိတ်ပူပြီး တမျှော်မျှော်ဖြစ်နေတုန်း ကျော်ထွန်းဦး မျက်စိမျက်မျက်နှာပျက်နဲ့ ရောက်လာပြီး ပြောတော့တာဘဲ၊ မိသူ အပြတ်ဆွေးသွားတာပေါ့၊ မဆုံးခင်လေးတင် သူတို့နှစ်ဦး ရယ်ရယ်ပြုံးပြုံးနေခဲ့ကြတာ မျက်စိထဲက မထွက်တော့ဘူး၊ ဘယ်လိုမှ မယုံနိုင်ဘူးလို့၊ ဒါကြောင့် မိသူ ခဏခဏ ပြောနေတာ ပေါ့....'

ခိုင်ခိုင်စိုးက ဖြေမည်ဟု ပါးစပ်ပြင်နေစဉ် ယုယုခိုင်ကဝင်၍ သန္တာစိုးကို ပြောလိုက်ခြင်းဖြစ်သည်။

'ဟခြားသူတဦးဦးက လာပြောယင် မိသူ ယုံမှာမဟုတ်ဘူး၊ ခုဟာ ကျော်ထွန်းဦးက သူနဲ့အတူ ဝင်ကယ်ကြယင်းက သူက လွတ်အောင်ပြေးထွက်နိုင်ခဲ့တယ်၊ ဇော်ကိုအောင်ကတော့ မီးထဲ ပါသွားတယ်ဆိုလို့သာ မိသူမှာ ယုံသွားတာလေ'



ခိုင်ခိုင်စိုးက ယုယုခိုင်စကားမဆက်ခင် ဝင်၍ပြောလိုက်ယင်း ခိုင်ဘက်လှည့်ကာ 'လာမပြောနဲ့ မောသွားမယ်' ဟူသော သို့ဖြင့် ကြည့်ကာ စလိုက်သည်၊ သူပြောမည့် စကားကို ခိုင်ကပြောသဖြင့် ယုယုခိုင်ပြောမည့်စကားကိုလည်း သူက ပြောပြီး စလိုက်ခြင်းဖြစ်သည်။

'ကဲ-တော်တော့၊ ဒီအကြောင်းမပြောနဲ့တော့၊ တော်ကြာ ဆက်လာလို့ ကြားသွားယင် စိတ်မကောင်းဖြစ်အုံးမယ်'

'အေး-ဟုတ်တယ်'

'ဒါဆို ဒို ဘာစကားပြောမလဲ'

ယုယုခိုင်တို့သုံးယောက်မှာ တယောက်တပေါက်ဖြင့် ပြောပြီး ရယ်လိုက်ကြသည်။ ယုယုခိုင်မှာ မျက်နှာဝိုင်းဝိုင်းနှင့် လုံးပြုံးပြုံးလေး ဖြစ်သည်။ တင်းတင်းရင်းရင်း လေးဖြင့် ကြည့်ကောင်းပေသည်။ ချောစုသူသူလောက် အသားဖြူ ဝင်းမနေသော်လည်း အသားဖြူသူလေးဖြစ်ပါ၏။

ခိုင်ခိုင်စိုးဆိုလျှင်လည်း အသားလတ်ဖြစ်သည်။ ခိုင်ခိုင်စိုး နှာမှာ သွယ်လျလျလေးနှင့် ကြည့်၍ ကောင်းလှသည်။ သူငယ်ချင်း(၄)ဦးမှာ တယောက်တမျိုးစီလှလေးများရှိ သလို အရှယ်လေးများမှာလည်း မတိမ်းမယိမ်း ရှိသဖြင့် ခနဲရာသွားသွား လူများ၏အကြည့်ကို ခံကြရသည်သာ။ သူတို့အုပ်စုထဲတွင် ချောစုသူသူတဦးတည်းသာ အတွဲရှိခဲ့ ထို့ကြောင့်လည်း ယုယုခိုင်တို့သုံးဦးမှာ မိဘပို့ပေးသော အပူအပင်မရှိ သုံးစွဲပြီး လွတ်လပ်စွာ ပျော်ရွှင်ကြခြင်း သည်။

'အော်....မိသန္တာတို့ ပြောစရာရှိတယ်'

'ဘာလဲဟင်'

ခိုင်ခိုင်စိုးက ဟန်ပါပါနှင့် အရေးတကြီး အမူအရ ပြောလိုက်သဖြင့် ယုယုခိုင်နှင့် သန္တာမှာ သိချင်သွားမိ မစကဲ စကားကောင်းပြောရန် ကြံစည် ထားသော် သူငယ်ချင်းတွေ၏အမူအရာနှင့် သိပ်သိချင်သည့် ပုံစံဖြစ်နေ

'ဟိုလေ...ဒို့ Eco မှာ နဖမည်ကြီးနေတဲ့ ဦးယမ်း ဆိုင်ကို သိတယ်မို့လား'

'အေး....သိသားဘဲ'

'အဲဒီ ဦးယမ်းတိလူးကြီးက ယောကျ်ားကြီးတဲ့တော်'

ယုယုခိုင်နှင့် သန္တာစိုးတို့ဆီမှ မျက်စိ (၄)လုံးဖြင့် စောင်းဒက်ကို ခိုင်ခိုင်စိုးမှာ အပြုံးမပျက် ခံယူလိုက်ပ သူတို့မျက်စောင်းအင်အားက ကြီးမားလှပါသည်။ ဒါ သူတို့မှာ နဖ ါးမဟုတ်၍ ခိုင်ခိုင်စိုးမှာ ပြာဖြစ်မသွား။

'မိခိုင်ကိုမွေးတုန်းက သူ့အမေ ပွဲတော်တော်ကြည့်တ တူတယ်'

'ဘာလို့လဲ ယုခိုင်'

သန္တာစိုးက နားမလည်၍ ဝင်မေးလိုက်သည်။

'ကြည့်ပါလား၊ မိခိုင်ရုပ်က လူရွှင်တော်နဲ့ တူသလို စကားကောင်းကို ဆယ်ခွန်းတခွန်း ပြောဖူးလို့လား'

ခိုင်ခိုင်စိုး သူ့နဖူးကို သူရိုက်လိုက်ပြီး....

'သွားပါဗြီ သူတို့ကမျာ်း ပြောရတယ်ရှိသေးတယ်၊ အ နာတဖျားသာပြီး ပြောသွားလိုက်တာနော်'

ခိုင်ခိုင်စိုးမှာ အမူအရာလုပ်ကာ ပြောဆိုနေ့သဖြင့် အား ရယ်မိကြတော့သည်။ ခိုင်ခိုင်စိုးဆိုလိုသည်မှာ သူငယ်ချင်း



သုံး ချောစုသူသူမှလွဲ၍ အပူပင်ကင်းမဲ့စွာ ပျော်ပျော်နေကြ သော်သည်။ ယုယုခိုင်က စကားကြီးစကားကျယ်ဖြင့် မိမိ ဘ်လိုက်ခြင်းကို ဆိုလိုခြင်းပင်။

'ဘာတွေ သဘောကျနေကြတာလဲ'

အခန်းတံခါး ဖွင့်ထားသဖြင့် အခန်းထဲကို အေးအေးသည် ရယ်ရယ်ဖြင့် ဝင်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။ မိန်း လေးများသည် မိဘဆွေမျိုးများနှင့်ခွဲ၍ ပညာရေးအတွက် လာနေကြရသဖြင့် တယောက်နှင့်တယောက် ညီအစ်မကဲ့သို့ း၍ ပြောဆိုဆက်ဆံဘတ်ကြသည်မှာ အဆောင်နေသူတို့ ဘာဝပင် မဆုတ်ပါလား။

ဦးကိုစွရှိလျှင်တဦးကိုတိုင်ပင်သည်။ အကြံပေးသည်။ကူညီ သည်။ အချင်းချင်း ယိုင်းပင်းကြသည်မှာ ချစ်စရာ ကောင်း အပြုအမူလေးများပင် ဖြစ်ပေသည်။

တို့ အိမ်မှပို့ပေးသော စားစရာများကိုလည်း အားလုံးကို ကြသည်၊ သူ့အိမ်ကကိုယ့်အိမ်ပို့သော အစားအသောက် ခွဲခြားမနေဘဲ မရှိအတူ-ရှိအတူ စားကြ ပျော်ကြသည်မှာ င်းသူကျောင်းသားတို့၏ အကျင့်ပင်ဖြစ်သည်။

ည်းအေးအေးမှာ လက်ထဲတွင် တပိုက်ကြီးဖြင့် အခန်း လာခြင်းဖြစ်သည်။ အစားအသောက် ကိုင်လာသော အားကို သူ့ထက်ငါ လုယက် အနားတွင်ထိုင်ရန် ခေါ်ရ ပင် ပျော်ကြရသည်။

အေးက ငါ့သူငယ်ချင်းအစစ်၊ လာ.... ယုခိုင်နားလာထိုင်

မာ....ငါနဲ့ အခန်းချင်းပိုကပ်တော့ ငါ့သူငယ်ချင်း'

သန္တာကယုခိုင်ကို အားကျမခံပြောယင်း အေးအေးက
ခေါကာ ရယ်ကြပြန်သည်။ အေးအေးသည် အစားအစ
များကို ပိုက်ထားယင်းပင် ရယ်မြဲအတိုင်းရယ်ကာရယ်ပြီး
စိုးကို ကြည့်လိုက်သည်။

'ဟေ့....ဟေ့ နင်တို့ခေါတာ ဘယ်သူမှ မရဘူးလာ
ရမလဲ၊ ငါ့ယောင်းမက ငါ့ခေါမှရမှာပေါ့၊ လာ....ယော
မိခိုင်ဆီကို၊ ကိုကိုလဲ နောက်လဆို နိုင်ငံခြားက ပြန်လာ
မယ်၊ အဲဒီကျမှ ယောင်းမကို မုန့်တွေအများကြီး ကျွေးမယ်
ခုတော့ မိခိုင်ကို ကျွေးထားအုံး'

ခိုင်ခိုင်စိုးစကားကြောင့် အားလုံး ရယ်မိကြပြန်သည်
ခိုင်မှာ လက်ခုပ်လက်ဝါးတီးပြီး....

'အမလေး မိခိုင်တို့များ မုန့်ငတ်တဲ့နေရာမှာ ရှားရှား
ပါး အကိုတယောက်ဖလားတောင် ချမ်းသာမှပေးဘူး၊ အ
ထားပြီး ငတ်ကြောထူပါ'

'နင်ကော မတွေ့ဖူးလား'

'တွေ့တော့မှာပေါ့'

'ဒါဆို လျှာမရှည်နဲ့၊ မကျွေးဘဲနေလိုက်မယ်၊နော် ယော
ရာ'

သူငယ်ချင်းချင်း ပျော်စေပျက်စေဖြင့် မနောက်ပြောင်
ခြင်းဖြစ်သည်။ ခုချိန်ထိ စကားမပြောဘဲ ရယ်နေသော
အေးမှာ အခန်းထဲသို့ မျက်လုံးဝေ့ကြည့်ပြီးမှ....

'အားလုံးကို ကျွေးချင်လို့ ယူလာတာဘဲကွာ၊ ဖါးစရာ
မါဘူး၊ လောကကြီးမှာ သခ်ါရ စစ်လိုက်ထာနော်၊ ငွေ



ကျော်တွေရှိထဲ့လူမှ ခေါ်ချင်ပြောချင်တယ်ဆိုတာဟုတ်မှာ.... ခု
ဘောင် မုန့်လေးနဲ့ မျက်နှာပွင့်လိုက်တာ အမေရေ'

'မိကောင်တွေ ငါတို့တော့ မိအေး ခေါက်ဖြုတ်တာ ခံလိုက်
ကြရပြီ ဝမ်းနည်းလိုက်တာနော်၊ ပြိုင်တူပီလင်အပြည့်နဲ့ မျက်ပါ
နီးတွေ ထုတ်ကြစို့'

အေးအေးမှာ သန္တာစိုးအပြောကို သဘောကျ၍ တခစ်ခစ်
ဖြစ်နေသည်။ အစဉ်အမြဲ မိမိကသာခံနေရ၍သည်တခါဒီကောင်
တွေကို စကားနိုင်လုပြီး အပြတ်ချတ်လိုက်နိုင်သည် ဖြစ်၍လည်း
ပျော်သွားသည်၊ မျက်ရည်ကျကြစို့ဟု မပြောဘဲ ရှာရှာဖွေဖွေ
'မျက်ပါနီ'တွေထုတ်ကြစို့ဟု ပြောတတ်သောသန္တာစိုးဦးနှောက်
ကိုလဲ ချီးကျူးလိုက်မိသည်။ ပါနီဆိုသည်မှာ ရေမှဟုတ်ပါယား။
မျက်ပါနီမှာ မျက်ရည်ကို ပြောခြင်းပင်ဖြစ်သည်။

'ကဲ....ကဲ....မျက်ပါနီထုတ်နေလို့ အစားမစားနိုင်တော့ဘူး
ဆိုယင် မိအေးပြန်ယူသွားတော့မယ်နော်၊ ခမမေတို့က ဟာ
လဝါခြောက်နဲ့ ဟာလဝါပိုပေးလို့ ငတ်နေတဲ့ သူငယ်ချင်းတွေ
ဆီ လာပေးတာပါ၊ ခုတော့ မစားနိုင်ကြတော့ဘူးမို့လား'

အေးအေးမှာ ပုသိမ်သူဖြစ်သည်။ ရန်ကုန်နှင့်ပုသိမ်မှာ သိပ်
မဝေးလှသဖြင့် လူကြုံ ခဏခဏလာပြီး အမြဲ စားသောက်နေရ
သည်၊ သူငယ်ချင်းများမှာ တမြို့တရွာစီမှဖြစ်၍ ဒေသမျိုးစုံမှ
မုန့်မျိုးစုံစားကြရသည်။

ချောစုသူသူက မန္တလေးသူ၊ ယုယုခိုင်ကပြည်၊ အေးအေးက
ပုသိမ်။ ခိုင်ခိုင်စိုးက ရန်ကုန်။ သန္တာစိုးက တောင်ငူသူ။ အား
လုံး ကံကော်ဆောင်တွင် တွေ့ကာ ခင်မင်ရင်းနှီး သွားကြရပြီး
အချစ်ဆုံးသူငယ်ချင်းများ ဖြစ်လာကြခြင်းပင်။ တဦးနှင့်တဦး

ညီအစ်မကဲ့သို့ ချစ်ခင်ကြသဖြင့် အားမနာတမ်း ပြောဆိုကြသည်သာ။

အေးအေးသည် မုန့်များကို ချလိုက်ယင်း....

'မိသူဘယောက် မမြင်ပါလား'

'သူ့အခန်းထဲ အိပ်နေတယ်လေ'

'မိသူလဲ သနားဖို့ သိပ်ကောင်းတယ်နော်၊ သူ့ကိုစိတ်ပြောင်းအောင် ကြိုးစားကြပါ'

အေးအေးက စေတနာနဲ့ ပြောလိုက်ခြင်းဖြစ်မှန်း သူတို့ နားလည်လိုက်ကြပါ၏။ ယုယုခိုင်တို့မှာလည်း မျက်နှာထား တည်တည်လေးများ ဖြစ်သွားကြယင်း ညည်းညည်းညူညူလေး ပြန်ပြောလိုက်ရပါ၏။

'ဘယ်လောက် ကြိုးစားရဦးမယ်ဆိုတာ မိအေးတို့အမြင်ပဲလေ၊ ခက်တာက မိသူက သိပ်အစွဲအလမ်းကြီးလွန်းပါတယ်ကွာ'

'သူ့ကို ရုပ်ရှင်လေးဘာလေးကြည့်ဖို့ မခေါ်ဖူးလား'

'ခေါ်တယ် ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးက ပိုလေးဆိုသလို ဖြစ်ဖြစ်နေလို့ မိခိုင်တို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး'

ခိုင်ခိုင်စိုးပြောသော အစီအစဉ်ကို အေးအေးက နားမလည်သည့် အမူအရာပြုလိုက်သည်။ နှုတ်မှလည်း....

'မိခိုင်–ဘာကို ဆိုလိုတာလဲဟင်'

'အော်....ရုပ်ရှင် ခေါ်သွားလဲ မင်းသားနဲ့မင်းသမီး ယုယုနေတာတွေ၊ ချစ်စကားပြောနေတာတွေ တွေ့ရတော့ ပိုသတိရတယ်နဲ့တူတယ်၊ ရုပ်ရှင်မပြီးခင်က ပြန်လာရတဲ့ အခေါက်ပေါင်းလဲ မနဲတော့ဘူး'



အေးအေးဆိုသော မိန်းမလှလေးက ခေါင်းတညိတ်ညိတ်ဖြင့် ...သောင်နေယင်းမှ တစုံတရာကို သတိရဟန်ဖြင့်....

'ဒါဆို တီးဝိုင်းတွေ လိုက်နားထောင်ပါလား Aces တို့ Boys တို့ကိုပေါ့'

'...ခါမှတော့ နားမထောင်ဖြစ်ကြသေးဘူး၊ ဒါဆိုယင် မိသူ ...သောင်ချင် နားထောင်မှာ'

အေးအေးစကားကိုလိုက်၍ သန္တာစိုးက ပြောလိုက်သည်။

'...ဒ် ခေါင်းခါကာ....

'...သာတောင် နားမထောင်ဘူးလို့ ယုခိုင်ထင်တယ်၊ ကိုဇော် ...က အဆိုအတီး သိပ်ကောင်းတာမဟုတ်လား၊ သူများ ...သီချင်းဆိုတာတွေပြီး သတိရမှာပေါ့'

'...တော့သူ့သဘောလေ၊ အေးအေးလာတာက Tomorrow ...ရှုံ့ဆောင် Dinnerလုပ်မယ်မို့လား၊ အဲဒါ မနက်ဖြန် ...သင် "The Sound" တီးဝိုင်းအဖွဲ့ ငှားထားတယ်ပြော ...မကာ ကြည့်ချင်တဲ့သူတွေ သွားကြည့်နိုင်တယ် ဆိုလို့ ...ောင်က အားလုံးနိုးမပါး သွားကြမလို့'

(...ဆောင်တိုင်းတွင်း အဆောင်မှူး ယောလ်ကျူတာများ ...ဟုသာ ခေါ်ဝေါ်တတ်ကြ၏။)

'...အခါမှ ခိုင်ခိုင်စိုးသည် ယုယုခိုင်တို့ဘက် လှည့်ကာ.... ...သူတို့ကို ပြောမယ်ဆိုတာ အဲဒီအကြောင်းပဲ၊ မနက်ဖြန် ...သင် ဒိုလ်သွားကြရအောင်၊ ပြီးတော့ "The Sound" ...ခုဘလော နာမည်ကြီးလာတယ်'

'...ါ်လာတာလဲ့ မကြားသေးဖူး မဟုတ်လား'

သန္တာစိုးက စိတ်ဝင်စားစွာ ဝင်ပြောလိုက်သည်။ အေး
က အားရပါးရဖြင့်....

'မိအန္တာမေးတာ ဟုတ်တယ်....၊ မကြာသေးဘူး....၊ ' Sound' အဖွဲ့ တည်ထောင်တာ လေးလဘဲရှိသေးတယ်.... ပေမယ့် သိပ်နာမည်ကြီးတယ်ဆရာ၊ အဲဒီမှာ ဘလိုင်းထွန်း က အပြတ်'မိုက်'တယ်ပြောတယ်၊ ကောင်မလေးတွေဆိုဘ ခိုက်တာဘဲဟဲ့၊ ကောင်မလေးတွေရဲ့ ပါးစပ်ဖျားမှာ 'ဘ ထွန်းထွန်း' ခေတ်စားနေတယ်လေ'

'ဘလိုင်းထွန်းထွန်း ဟုတ်လားမိအေး'

'အေး.... အဲဒီ အဖွဲ့ထဲမှာ ဘလိုင်းထွန်းထွန်းက ' Sound' အရေးကြီးဆုံးဘဲ၊ ဘလိုင်းထွန်းထွန်း အဝတ် တွေကလဲ အပျံစားတွေဘဲတဲ့ကွ—ဖလားဘဲ'

အေးအေးက မစားရဝခမန်း ပြောဆိုနေခြင်းကို သူတို့ဦးမှာ အငေးသား နားထောင်နေပါ၏ ခိုင်ခိုင်စိုးကနှာ ရှုံ့မဲ့ကာ....

'ဘယ်လောက်ဘဲ ဖလှားဖြစ်ပါစေ သူများ အတု ခို တော့ မကောင်းပါဘူးကွာ'

'ဘာကို ပြောတာလဲ'

'အော်-စိုင်းထီးဆိုင်မရှိတော့တဲ့နောက် ဘလိုင်းထီးဆိုင် လာတယ် မဟုတ်လား၊ ခု—ဘလိုင်းထီးဆိုင် အတုခိုးပြီး ဘ ထွန်းထွန်းဆိုတော့ သူ့ကိုမမြင်ရခင် သူ့အသံမကြားရခင် က လူတွေစိတ်ထဲမှာ အတုခိုးတယ်ဆိုပြီး 'အောက်' သွ ပေါ့'



'မိခိုင် ထင်သလိုတဲ လူတွေက ထင်ကြတာဘဲ၊ တကယ်တမ်း နားကြည့်တော့ မတူပါဘူးကွာ၊ တမိပေါက်ထဲကမွေးတဲ့သူတွေ တောင် မတူကြတာဘဲ၊ ခုဟာက တယောက် တမျိုးစီဘဲ၊ ဒါ ကြောင့်သာ 'ဘလိုင်းထွန်းထွန်း'ဆိုတဲ့နာမည်က 'The Sound' ဆိုတဲ့ အဖွဲ့ဘခုလုံးထက် ပိုထွက်လာတာပေါ့၊ ပြီးတော့ ဘလိုင်း ထွန်းထွန်းကိုမြင်ယင် နင်တို့ သိပ် သနားသွားရမယ်၊ သူ့အသံ လေးကိုက သနားစရာ သိပ်ကောင်းတာဘဲ'

'အလဲ့လဲ့.... မိကောင်တွေရေ.... မိအေးကတော့ ဘလိုင်း ထွန်းထွန်းကို အပြတ်အမှန်းတင်နေတာဘဲ၊ ကောန္တ ဒီကောင် အပြတ်ခိုက်နေပြီထင်တယ်၊ ပြောစမ်း-ပြောစမ်း.... ဘယ်နှစ်ခါ ကြည့်ဖူးလို့လဲ'

သူငယ်ချင်းများက အေးအေးကိုဝိုင်းမေးကြသည်။ အေးအေးသည် တဟဲဟဲရယ်ယင်း....

'တခါမှမကြည့်ဖူးသေးဘူး၊ သူများပြောတာနားထောင်ပြီး သိတဲ့လူတွေကို မကြည့်ဘူးသေးတဲ့သူက အာလူးပေးတာ'

**'ရွှေးဒေါင်'**

သုံးဦးသား အေးအေးကို မနာအောင်ထုပြီး ရယ်မိကြသည်။ ပျော်လဲပျော်ကြပါ၏။

'ဒီ့ပျော်သလို မိသူပါ လိုက်ပျော်ယင် ဒီထက်ပိုပျော်စရာ ကောင်းမှာနော်'

ယုယုခိုင်က ချောစုသူသူကို သူတို့ကဲ့သို့ လွတ်လပ်စွာပျော်စေချင်သည့်ဆန္ဒဖြင့် ပြောလိုက်ပါ၏။ ပြတ်သွားသောစကားကို အေးအေးက အစပြန်ကောက်ကာ....

'ဘလိုင်းထွန်းထွန်း အမြဲပြောလေ့ရှိတဲ့စကားလေးက သူဟာ ငယ်ငယ်လေးထဲက အနုပညာကို ဝါသနာပါလာတာပါတဲ့၊ သူချစ်တဲ့ပရိသတ်ကြီးက သူ့ကိုအားပေးတဲ့ပရိသတ်ကြီးက ထင်ကောင်းထင်ပါလိမ့်မယ်တဲ့၊ ဘလိုင်းထီးဆိုင် နာမည်ကြီးလာလို့ အတုခိုးတယ်လို့ မဟုတ်ပါဘူးခင်ဗျာတဲ့၊ ကျနော့်နာမည်ဟာ ထွန်းထွန်းပါတဲ့၊ မျက်စိကန်းနေလို့ ဘလိုင်းထွန်းထွန်း ဖြစ်သွားရတာပါတဲ့ဲလေ၊ သူ့အသံလေးက ကရုဏာသံ ပါလွန်းလို့ မိန်းကလေးတွေဆို မျက်ရည်ဝဲလာတာဘဲတဲ့'

'ကဲ....တော်ပါတော့ မိရွှေအေး၊ ဒီလောက်ရှေ့နေမလိုက်လဲ သွားကြည့်မှာပါ၊ အကုန်လုံး မိသူကို အပါခေါ်ဖို့ တာဝန်ယူကြရမယ်၊ ကြားကြသလား၊ ဒို့လူလေးများဆိုယင် ဝေလေးလေး လိုက်ကြနော်၊ မလိုက်တဲ့သူ ယောင်းမ မတော်တော့ဘူး'

ခိုင်ခိုင်စိုးက နောက်ပြောင်ယင်း ပြောလိုက်ပါ၏။ သန္တာစိုးသည် မျက်မှောင်ကုတ်ယင်း....

'နေပါအုံး မိခိုင်၊ နင့်မှာ အကိုတယောက်ထဲရှိတာ ယောင်းမတွေကလဲ များလှချည့်လား'

'ငါ့အကိုကြိုက်ဖို့ထက် ငါနဲ့တည့်မယ့် ယောင်းမကို ငါကိုယ်တိုင် ရွေးရမှာလေ၊ အလားလား နာလိုက်တာ'

ရှုံ့ရှုံ့မဲ့မဲ့လေးဖြင့် တင်ပါးပွတ်နေသော ခိုင်ခိုင်စိုးကို ကြည့်ပြီး ပွဲကျသွားကြပြန်သည်။ ခိုင်ခိုင်စိုးတွင် နေလွင်အောင်ဆိုသော အကိုတယောက်ရှိမှန်း သိကြသည်။ နေလွင်အောင်သည် သူဆယ်တန်းအောင်သောနှစ်က နိုင်ငံခြားသို့ (၃)နှစ် စာချုပ်ဖြင့် သင်္ဘောလိုက်သွားရကြောင်း ခိုင်ခိုင်စိုးပြော၍လည်း သိကြပါ၏။



နေလွင်အောင်သည် ဘီအီးကို လျှပ်စစ်ဘွဲ့ဖြင့် အောင်မြင်ပြီးနောက် နိုင်ငံခြားသင်္ဘောတွင် နေရာကောင်းကောင်း ရရှိသွားသည်၊ နောက်လဆိုလျှင် စာချုပ်စေ့သွားပြီးဖြစ်၍ ပြန်လာတော့မည်ဟု ခိုင်ခိုင်စိုးက အမြဲပြောဖူး၍လည်း သိနေကြပါ၏။

ယခုကဲ့သို့ ခိုင်ခိုင်စိုးက နောက်နောက်ပြောင်ပြောင် ပြောနေခြင်းကို သူတို့စိတ်မဆိုးကြပေ။ မိန်းကလေးချည်းမို့ ဂွကျေတွေ သိက္ခာတွေ ဆောင်နေစရာမလိုဘဲ ပွင့်ပွင့်လင်းလင်း ပြောနေကြကြောင်း အသိစိတ်ဝယ် ခံယူထား၍လည်း ဖြစ်ပေသည်။

'ဒို့လူလေးများဆိုသလေး'

'ဝေလေးလေး'

ခိုင်ခိုင်စိုးက စတင်အော်လိုက်သည်နှင့် ယုယုခိုင်တို့မှာ နောက်မှလိုက်၍ အတိုင်အဖောက်ညီအောင် ပြောကြသည်။

'မိသူကို ဘယ်လိုစည်းရုံးမယ်'

'ဘယ်လိုမှမစည်းရုံးဘူး'

'သွား....နင်တို့သုံးယောက်လုံးကို ယောင်းမ မတော်တော့ဘူး'

ခိုင်ခိုင်စိုးက နှုတ်ခမ်းစူကာ စိတ်ကောက်လိုက်သည်။ အားအေးနှင့် သန္တာစိုးမှာ ခိုင်ခိုင်စိုးအမူအရာကို လက်ခုပ်တက်ဝါးတီး၍ ရယ်သလို ယုယုခိုင်ကလည်း မှတ်ချက်ချလိုက်လေ၏။

'မိခိုင်မှာ အကိုတယောက်ရှိလို့သာ၊ သုံးယောက်သာရှိယင် တကမ္ဘာလုံးက မိန်းကလေးတွေကို ယောင်းမတော်ဖို့ရွေးအုံးမှာ သေချာတယ်'

ခိုင်ခိုင်စိုးက သူတို့ကို မျက်စောင်းလှည့်ထိုးယင်း....

'အပေါင်းအသင်း မလုပ်တော့ဘူး၊ မိသူဆီဘဲ သွားတော့မယ်'

'သွား....သွား.... တခဝန်လဲမမေ့နဲ့အုံး၊ တခဝန်ကျောပေ ဖဲပည့်ကြီးရေ....'ဟု မခံချိမခံသာဖြစ်အောင် ယုယုခိုင်က ဝင် တွယ်လိုက်ပါသေးသည်။

(အခန်း-လေး)

နေ့ညတွင် သရဖိဆောင်ဝန်းကျင်တွင် မီးမှာ ထိန်ထိန် ထင်းနေပါ၏။ ကျောင်းသူ ကျောင်းသားများမှာလည်း ...န်းခတ်မျှ သွားလာလှုပ်ရှားနေကြသည်။ သူတို့အားလုံး ...များကို အကဲခတ်ကြည့်မိမည်ဆိုလျှင် ပြုံးပျော်နေမှန်း ...ပါ၏။

...ကျောင်းသူကျောင်းသားဘဝက အပူအပင်ကင်းစွာ ပျော် ...ကောင်းဆုံး မဟုတ်ပါလား၊ ကျောင်းပြီးသွား၍ ဘွဲ့များ ... ကျောင်းမှခွဲခွာရသည်ဆိုသည်နှင့် ဤကဲ့သို့ မပျော်ရွှင် ...တော့၊ ဘဝကို စတင်ရင်ဆိုင်လာရတော့သည်။

...ကြောင့်လည်း ငယ်ရွယ်သူများပီပီ နောင်ခါလာ ခနောင် ...သွားကာ လက်ရှိအခြေအနေတွင် ပျော်သလိုသာနေရန် ...သည် ကျောင်းသူကျောင်းသားတိုင်းတွင် ပေါ်ပေါက် ...ကြသည်သာ။

ပျော်မည်ဆိုလည်း ပျော်စရာပါပေ။အဆောင် Dinn
လုပ်ရုံသာမက နာမည်ကြီးတီးဝိုင်းအဖွဲ့ ပါရှိမည် ဆိုသ
အားလုံးက မျှော်လင့်စောင့်စားခဲ့ကြသည်။ မိမိတို့အိတ်ထဲ
ငွေထွက်သွားပါလားဟု လုံးဝနှမြောင်တမရသည့်အပြင် အလ
ကြည့်ရသကဲ့သို့ ပျော်ရွှင်နေကြပါ၏။

တက္ကသိုလ် နယ်မြေအတွင်း၌ ညနေ ငါးနာရီ လေး
ကတည်းက လူစည်ကားလျက်ရှိနေပါ၏။ မိမိတို့ ကျောင်
ကျောင်းသားများကော မိတ်ဆွေအပေါင်းအသင်းများကို
ထားသဖြင့် အပြင်လူများပါ ရောက်ရှိဖြင့် စည်ကားသိုက်
နေခြင်းဖြစ်သည်။ သက်ဆိုင်ရာမှလည်း လုံခြုံရေးအ
အဆောင်ပတ်ဝန်းကျင်တွင် ရဲများချပေးထားပေသည်။

အဆောင်တိုင်းရှိ ကျောင်းသူကျောင်းသားများ အား
နီးပါး တီးဝိုင်းသို့ရောက်နေကြသည်။ တီးဝိုင်းမစခင် ၇ နာ
လောက်ကတည်းက ခုံများမှာ ပြည့်လုနီးပါး ဖြစ်နေသ
မိန်းကလေးများမှာ မိမိခုံနံပတ်အတိုင်းရှာဖွေ၍ ဦးစွာဝင်
ကြသည်။ ယောကျ်ားလေးတွေမှာမူ တီးဝိုင်းမစခင် မထိုင်ကြ
ဟိုဟိုဒီဒီ လှမ်းသလားနေကြသေး၏။

'မိကောင့်စုတ်တွေ သူတို့အလိုချည့်ဘဲ လိုက်နေရလို့
တာတွေများပြီ၊ ပဲခူးသွားတုန်းကလဲ မလိုက်ချင်ဘဲ လိုက်
ရတာ'

'ကျေးဇူးမတင်ဘူးလား၊ အတင်းခေါ်လာလို့ ကိုဇေ
အောင်ကြီးနဲ့ ဖူးစာဆုံခဲ့ရတယ်မို့လား'



တီးဝိုင်းအဖွဲ့ဝင်ရှေ့မှ သုံးခုံအကျော်တွင် ထိုင်နေသော
ိန်းမသိုက်လေးထဲမှ နှုတ်ခမ်းစူကာ မျက်စောင်းထိုးကာဖြင့်
ကျူမနပ်ပြောနေသူမှာ ချောစုသူသူ ဖြစ်ပါ၏။

ချောစုသူသူသည် အတန်တန်ငြင်းသည့်ကြားက လေးမဲတမဲ
ဖြစ်နေ၍ ပါလာခဲ့သည်။ သည်ကြားထဲ တီးဝိုင်းကမစသေး။
ခုနစ်နာရီခွဲလောက်မှ စမည်ဟု ကြေငြာသဖြင့် ချောစုသူသူမှာ
စိတ်မဝင်စားရသည့်အထဲ စိတ်ပျက်လာကာ သူငယ်ချင်းများကို
ကာ'နေပါတော့၏။

ယုံယုခိုင်တို့မှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ခေါင်းလေးများငုံ့ကာ
က်လေးများပုပြီး ငြိမ်နေသည့်ကြားမှ ချောစုသူသူအား
နောက်သာ နောက်သာ ဝင်နောက်လိုက်သေးသည်။ ချောစု
သူသူသည် အားနာတတ်ပြီး သဘောကောင်းမှန်းသိ၍ နေရာ
ကောင်းရရန်အတွက် ကြိုတင်ပြီး သရဖီခောင်မှ ဘော်ဒါများကို
က်မှတ်ဝယ်ခိုင်းသည်။

လက်ဝယ် လက်မှတ်ရရှိပြီးနောက်မှ ချောစုသူသူအား မရ
က ခေါ်ကြတော့သည်။ အခင်ဆုံးသူငယ်ချင်းများ ဖြစ်သည့်
နားညည်းလွန်းလာသဖြင့် တကြောင်း၊ မိမိစိတ်များ
ပြောင်းလဲသွားတန်ကောင်းပါရဲ့ဟု တွေးမိ၍တကြောင်း လွယ်
ယ်ကူကူ ခေါင်းညိတ်ခဲ့သည်။

သည်ကောင်တွေက အပူအပင်မရှိသူများဖြစ်၍ လွတ်လွတ်
ပ်လပ် ပျော်နေမိကြသည်။ ကြည့်ချင်ကြသည်၊ ဘယ်သူက
ယ်လိုအဟစ်ကောင်းတာ၊ Drun တီးတဲ့ဘဲက ဘယ်လောက်
ာ်တယ်၊အော်ဂင်တီးတဲ့ဘဲ သနားစရာကောင်းတယ်၊သူ့မျာ

ခြေညောင်းမှာဘဲ....စသည်ဖြင့် ပေါက်ဘတ်ကရများ ပြောကာ ဝေဖန်မှုများပြုကြ–ဟာ'ကြသည့် :'အလောင်းအုပ်စု' ဖြစ်သည်၊

လောင်သည်ဆိုပေမယ့် ဣန္ဒြေမဲ့အောင် 'လောင်'ခြင်းမျိုး မဟုတ်၊သူတို့မျက်စိထဲ ဟားစရာ လောင်စရာတွေလျှင် မြိုသိပ်ပြီး အခန်းပြန်ရောက်မှ အချင်းချင်းစုကာ အပြတ်ဟားကြခြင်းမျိုး ဖြစ်ပါ၏။

အခုလည်း ချောစုသူသူအား (၇)နာရီ စမည်ဟုလိမ့်၍ စောစွာထွက်ခဲ့ကြခြင်းဖြစ်၍ ချောစုသူသူက 'ကော'လိုက်ခြင်း ဖြစ်ပေသည်။ ယုယုခိုင်၏ ပြန်လည်ချေပလိုက်သော စကားကြောင့် ချောစုံသူသူမှာ မျက်နှာပျက်သွားသည်။ ချောစုသူသူ မျက်နှာပျက်သွားသည်ကိုမြင်လိုက်သော ခိုင်ခိုင်စိုးက ယုယုခိုင်ကို မျက်ရိပ်ပြ၍ ဆက်မပြောရန် တားမြစ်လိုက်ပြီး စကားလမ်းပြောင်းကာ....

'မိသူကလဲ မိခိုင်တို့အရင်ရောက်တာ သာကောင်းသေးတာပေါ့၊ ဒါမှ အားလုံးကို အကဲခတ်လို့ရမှာ လေ့လာလို့ရမှာမဟုတ်လား၊ စင်ပေါ်မှာပြင်ထားလိုက်တဲ့ ပစ္စည်းတွေက 'အမိုက်စား' တွေချည်းဘဲ တွေ့လား၊ တီးဝိုင်းစခါနီးမှလာယင် လေ့လာလို့လဲ မရဘူး၊ ကိုယ့်နေရာ သူများထိုင်ထား၊မှ ကျွတ်စကီးဖြစ်သွားမှာ...'

'မိခိုင်ပြောတာ မှန်တယ်'

သန္တာစိုးက ဝင်၍ထောက်ခံလိုက်သည်၊သူတို့သူငယ်ချင်းများမှာ စကားပြောလျှင် ရှေ့မှ'မိ'ထည့်၍ ပြောကြပါသည်။ တဦးနှင့်တဦး ရင်းနှီးမှုအတိမ်အနက်ကို ပြသခြင်းလည်း ဖြစ်သည်၊



...ာက်တော့ သူတို့သည် ဝင်လာသော အမျိုးသမီး ...ာ်စားပုံကိုကြည့်လိုက် တိုးတိုး–တိုးတိုးဖြင့် တွတ်တိုး ...ကြာစေ၊ ကွာစေ့မှစ၍ ဇီးထုပ်ချိုချဉ်များစားလိုက် ...န်ဖြုန်းနေပါ၏။

...ျာစုံသူသူသည် မိမိတို့ထိုင်နေရာနှင့်စင်မြင့်မှာ သုံးခုံသာ ထင်ထင်ရှားရှား မြင်ရသောကြောင့် မျက်နှာပင် ပွနေ ...၊ မိမိသူငယ်ချင်းများကလည်း သိပ်ဝါသနာပါဟန်မတူ။ ...းမှ အနီးကပ်မြင်တွေ့ရအောင်ကို နေရာယူတတ်ကြသည်။ ...နှင့်ပတ်သက်၍ ချောစုသူသူက တခါပြောဖူးသည်၊'ရှေ့မှ ...ရသည်မှာ မျက်နှာပူ၍ ဂေါက်ျလှသည်၊ 'မိဂေါ'တွေဟု ...င်အောင် ပြောသော်လည်းသူတို့မှာအရယ်အပြုံးမပျက်ဘဲ....

အလကား ကြည့်ရတာမှမဟုတ်တာ ပိုက်ဆံပေးကြည့်ရတာ ...ားနာစရာ မျှ ...နှာပူစရာ မလိုပါဘူး၊ သူတို့ကို ကြည့်ချင် ...ရှုဆုံးနေ့ရာရအောင် ဝယ်ကထဲက သူတို့က ဝမ်းသာကြ ...ာ် အများနှင့်တယောက်မို့ ချောစုသူသူက အလျှော့ပေးခဲ့ ...ည်။

...ကားတောင်စား ဝင်စားခဲ့ကြသည့် သူငယ်ချင်း များကို ...း စကားနိုင်လုံပြီးနိုင်အောင် မပြောနိုင်ပါချေ။ဒါကြောင့် ...အားပင် နောက်လိုက် လုပ်ခဲ့ခြင်းဖြစ်သည်။

...ချာစုသူသူသည် ချစ်စရာ သူငယ်ချင်းများ၏ အကြောင်း ...းနေရာမှ စင်မြင့်ပေါ်သို့ လှမ်းကြည့်လိုက်ပြန်သည်၊ သူ့ ...နှင့်သူ အစီအစဉ်တကျထားကာနေရာယူထားသော ပစ္စည်း ...ာများမှာ တောက်ပြောင် ခမ်းနားလှပေသည်။

မိမိချစ်သူရှိစဉ်က မိမိမှာလည်း ဂီတကိုဝ ထို့နောက်ကာ စတီရီယိုတေးတွေကို ကြိုက်နှစ်သက်ခဲ့သူလည်း ဖြစ်ခဲ့သည်။ ကြောင့် ပြင်ဆင်ထားသော အခမ်းအနားကို ကြက်သေမျိုး ဖြစ်ပါ၏။ အခါပြီး

စင်မြင့်ထိပ်တွင် "The Sound" ဟု အနီရောင်ချိုး အဖြူစာလုံးများဖြင့် ထင်ရှားစွာ ရေးထားသော ရှေ့ တေးဂီတအဖွဲ့၏အမည်ကို တွေ့ရသည်။ ဘေးပတ်ပတ်လည် လည်း ရောင်စုံမီးလုံးများကို အခမ်းအနားအဝန်းအဝိုင်းအ ထွန်းထားသည်။ သင့်တော်သည့် နေရာများမှနေ၍လည်းဆ မီးများ ချိန်ထားလေသည်။

တူရိယာပစ္စည်းများမှာလိဒ်(Lead)၊ရစ်သမ်(Rythun ဘေ့(စ်)(Bass)၊ ဂစ်တာသုံး လက်နှင့် ဂျပ်စ်(Drun အော်ဂင်(Orgam)တို့ ပါရှိပြီး အကောင်းစားများချည်း သည်။

(Drum)မှာ အလယ်တွင် နေရာယူထားပြီး၊ အော်ဂ လက်ျာဖက်တွင် ထားရှိသည်။ လိဒ်၊ ရစ်သမ်၊ ဘေ့ တီးမည် များကလည်း သူ့နေရာနှင့်သူ ရှိနေသည်။

မိုက်ကရိုဖုံးခွက်များနှင့် တိုင်နှစ်တိုင်ကိုလည်း အလယ်တ တချက်တွင် ထားရှိပါ၏။ ပရိသတ်မြင်တွင် ကြည့်၍ ပနား သော်လည်း သီဆိုသူနှင့် Drum သမားကို ကွယ်သွားနိုင် ဟု ချောစုသူသူထင်မိသည်။

အချို့ တီးဝိုင်းများတွင်(Drum)သမားများက အလ တွင် မနေဘဲ လက်ဝဲဖက်ဘေးတွင် နေရာ ယူတာမျိုးကိုလ တွေ့နိုင်ပေသည်။ စပီကာများမှာလည်း အစီအစဉ်တကျ င်း



သာ၊ အတီးသမားများမှာ အဆင်သင့်ဖြစ်နေကြကာ မိမိ သက်ဆိုင်ရာအသံကို ရှာဖွေနေကြသည်။

သာသကော်ဘာ စာရွက်ကလေးများကိုလည်း မိမိတို့ ရှေ့ရှိ တိုင်ကလေးများတွင် ထည့်ထားကြသည်။ သီဆိုသူတဦး ဦးလာတိုင်း သူတို့နှင့်အတူ သာကော်ဘာစာရွက်လေးများ ဂျာနယ်… ဘ်ကြသည်။ ထိုစာရွက်များကိုကြည့်ပြီး သံစဉ်တေး ကြရပေသည်။

ာ-မိသူ လိုက်ဖို့ ခေါ်လိုက်ရတာ ပါသာ်တော့လည်း မိုက်ဘာ စိုက်နေတာဘဲ နားခထောင်ချင်လှပြီလား'

ဒါ….ဒီအဖွဲ့ ဘာလိုနာမည်ကြီးလဲလို့ လေ့လာနေတာပါ၊ ဘာ ကိုင်တာက အကွက်စေ့ သေချာလွန်းတာကိုး၊ တီးဝိုင်းနဲ့မှတူဘဲ ထူးခြားနေတာက အတီးသမား ငါး လုံး ဝတ်စုံဆင်တူ ဝတ်ထားကြတာဘဲ၊ မိခိုင်တို့လို ာမကြည့်ဘဲ ရစ်ဘမ်ခေါက်တဲ့ဘဲက မီတာတို့၊Drum ဘက အပျံစားတို့ထိုပြီး ရှိတ်ဘာ မဟုတ်ဘူး'

ခိုင်စိုးက စင်မြင့်ပေါ်သို့ စူးစိုက်ကြည့်ကာ စိတ်ဝင်စား ချောစုသူသူအား စ,လိုတ်ခြင်းဖြစ်သည်။ ဒါကို ချော ခိုင်ခိုင်စိုးအား ကျီစားသည့်သဘောဖြင့် ချွတ်လိုက်

းပြောတာ All Right မိခိုင်က ချောတဲ့ဘဲဆို အပြတ် ဘ်လို့ ကိုယ်ချင်းစာတာပါကွာ၊ ဟော့….ဟိုဆံပင်ကောက် နဲ့ အသားခပ်ဖြူဖြူ(Bass)လိုက်မနေတဲ့ ဘဲနဲ့ မိုးပြာ Dress နဲ့ သိပ်လိုက်တာဘဲနော်'

ချောစုသူသူစကားကို ထောက်ခံသလိုလို ခိုင်ခိုင်စိုးကို ခ… သလိုလိုပြောပြီး ယုယုခိုင် Bass တီးနေသော ဘဲကို ချိ… လိုက်သဖြင့် ခိုင်ခိုင်စိုးက ယုယုခိုင်ကို ဆိတ်ဆွဲယင်း....

'ဘူးမှ....'ဟု ခေါ်လိုက်သည်။

အဖြူယုယုခိုင်သည် ရယ်ယင်း သာသာနှင့်နာနာ ပြန် တွယ်… ‌ေတာ့မှာ....

'ခတ်တူနမ်တူ ဆေးဖက်ယူ ဆိုတဲ့ စကားပုံ ကြားဖူး… မှုလား၊ အသွင်တူမှ ပေါင်းလို့သင်းလို့ရတာ ငါက 'ဘူး… ဆိုယင် ဘူးမနဲ့ပေါင်းတဲ့ နင်တို့တွေအားလုံးလဲ 'ဘူး'တွေ… ကုန်မှာပေါ့ မိခိုင်ရ၊ ဟုတ်ဖူးလား'

သူငယ်ချင်းတသိုက်မှာ တိုးတိုးကြိတ်ကြိတ်လေးဖြင့် … လိုက်ကြပါသည်။ တချိန်လုံး ငြိမ်နေသောအေးအေးနှင့်သ… မှာလည်း သူငယ်ချင်းများ စကား နားထောင် ရယ်… အေးအေးက....

'ဒို ဒီနေ့ကြည့်ရတဲ့ တီးဝိုင်းက အပြတ်တန်သွားပြီ'

'ဘာလို့လဲ'

'စောစောက ကျောင်းသားတွေ ပြောနေတာ မ… လား၊ 'The Sound' တီးဝိုင်းအဖွဲ့က အဆိုကျော်တွေ… နာမည်ကြီး အဆိုကျော်တွေပါ လာကြမယ်တဲ့....၊ တ… ကျောင်းသူ ကျောင်းသားတွေကို ဂုဏ်ပြုတဲ့အနေနဲ့လေ'

'ဟှာ....ဒါဆို ပွတာဘဲ'

တချိန်လုံး ငြိမ်နေသော သန္တာစိုးက အားရဝမ်းသာ… လိုက်ပါသည်။ ယုယုခိုင်သည် အေးအေးဘက်လှည့်ကာ



လိုက်သည်။ ချောစုသူသူမှာ သူတို့ပြောသမျှကို နားစွင့်၍သာ နေပါ၏။

'ဘယ်သူတွေလာမှာတဲ့လဲ'

'အောင်ကိုလတ်၊ ကံ့ကော်တောမျိုးအောင်၊ စိန်ဝင်းထွန်း၊ စိုင်းခမ်းသိ၊ နွှယ်ဥဝင်း၊ တင်မိုးခိုင်၊ နော်လီဇာ၊ ကေဂျာနူးတို့ လာမယ်ပြောတယ်'

'စုံလှချည်လား'

'အပြတ်မဲ့တယ်နော်....ဘလိုင်းထွန်းထွန်းကို ကြိုဆို အားပေး… တဲ့ အနေနဲ့တဲ့'

ကျောင်းသူတို့ သဘာဝအတိုင်း တယောက်တမျိုး ပြောဆို နေကြခြင်းဖြစ်သည်။ စကားပြောဆိုနေသဖြင့် အချိန်ကုန်သွား မှန်းပင် မသိလိုက်ကြ။ ရှစ်နာရီထိုးပြီးသည်နှင့် တီးဝိုင်းအဖွဲ့က ပအာဝမအနေဖြင့် တီးလုံးချည်း လက်စွမ်းပြကြပါတော့သည်။

ပြီးမှ စတီရီယိုအဆိုကျော်များက တယောက်ပြီး တယောက် ဟစ်သွားကြတော့သည်။ ကံ့ကော်တောမျိုးအောင်က 'လူကို ယူပါ အသဲကို ချမ်းသာပေးပါ' သီချင်းနှင့် အခြား သီချင်းနှစ် ပုဒ်ကို သီဆိုသွားခဲ့သည်။

စိန်ဝင်းထွန်းကလည်း 'ချစ်လို့ပြောတာအပြစ်လား'၊ 'ပျော် သလိုသာနေ အချစ်ရေ'နှင့် 'ရာဇဝင်ကြွေးဆပ်'သီချင်းကိုအပြတ် ဟစ်သွားပါသည်၊ ကျောင်းသူ ကျောင်းသားများမှာ ငြိမ်၍ နားထောင်နေကြသည်။ သည်ကြားထဲ ပျော်တတ် နောက်တတ် သော ကျောင်းသားအချို့က နောက်ဆုံးမှနေ၍ 'ဘလိုင်းထွန်း ထွန်း ထွက်ပါတော့ဗျို....'ဟု အော်ကြသည်။

ထိုအခါ သီချင်းနားထောင်နေကြသော မိန်းမချောလေးတွေထဲမှ မိန်းကလေးတယောက်သည် အနားတွင် ထိုင်ကာ နေနေသော မိန်းမချောလေးကို လက်တို့ပြီး....

'ကြားလား မိသူ....ဘလိုင်းထွန်းထွန်းကို မိန်းကလေးတွေ မပြောနဲ့ ဘဲတွေတောင် 'ခိုက်'ကြတယ်၊ ဒါကြောင့် မိအေးက မိသူကို ကြည့်စေချင်တာ'ဟု တိုးတိုးလေး ပြောလိုက်သည်။

ချောရုံသူသူသည် သက်ပြင်းလေးချကာ ခေါင်းညိတ်လိုက်ပြီး အေးအေးအား စောင်းငဲ့ကြည့်ကာ....

'တကယ်ပဲ စည်းရုံးနေလိုက်တာ .... ဘလိုင်း ထွန်းထွန်းသာ မိအေး စည်းရုံးတာသိယင် စည်းရုံးခပေးမှာ သေချာတယ်'ဟု မပွင့်တပွင့်လေးပြုံး၍ နောက်လိုက်ပါတော့သည်။

ကောချာနူးကလည်း သူ့အသံဖြင့် ပရိသတ်ကို ထိန်းသွားပါသည်။ သည့်နောက်တော့- နွယ်ဥဝင်းက (Seven Nights in Japan) ရုပ်ရှင်ကားထဲမှ ဂျပန်သီချင်း၊ (So This is Love)ရုပ်ရှင်ကားထဲမှ ဂျပန်သီချင်းကို မြန်မာပြန်သီဆိုထားသော 'သီချင်းကလေးဆိုပြမယ်' ဆိုသော မြူးမြူးကြွကြွ သီချင်းလေးနှင့် 'သုံးနှစ်သုံးမိုး'သီချင်းများကို ဆိုသွားခဲ့သည်။

ဘဖန် တင်မိုးခိုင်ကလည်း 'မောင်မောင်နမ်းတဲ့ပါး ဖောင်း' သီချင်းနှင့် အခြားဘပုဒ်ကို ဆိုပြီးနောက်....

'အားလုံးကို လေးစားပါတယ်ရှင်....ခုအခါ ကျမ သီဆိုမယ့် သီချင်းကတော့ 'ချစ်ယင် သတ္တိရှိတယ်'တဲ့....ဒီသီချင်းကို အများမျှော်လင့် တောင့်တ နေကြတဲ့ ကိုထွန်းထွန်းနဲ့ တွဲဆို ပါမယ် ရှင်....'



ဘင်မိုးခိုင် ကြေငြာပြီးသည်နှင့် လက်ခုပ် လက်ဝါးသံများ ...က်မပြတ်ထွက်လာခဲ့သည်။ ယုယုခိုင့်သည် ဆရာလုပ်ချင်နေ ...ာ အေးအေးဘက်လှည့်ကာ....

'မိအေး'

'ဘာတုန်း'

...ှင်ပြောတုန်းက ဘလိုင်းထွန်းထွန်းဆို၊ အခု ကိုထွန်းထွန်း

...ချောရှည်လိုက်တဲ့ မိချောင်းသမီး-သူတို့အချင်းချင်း ဘလိုင်း ...ပြောပါမလား ဟ....အားနာလို့နေမှာပေါ့၊ ပရိသတ်တွေနဲ့ ...ဘက်ရှင် ထွန်းထွန်းကိုယ်ဘိုင်ကသာ ဘလိုင်းထွန်းထွန်းလို့ ...ဘာ....နှင့်ပြောရအာ လက်ပေါက်ကပ်တယ်၊ ဟော-ဟိုမှာ ...င်းထွန်းထွန်း ထွက်လာပြီ'

အေးအေး စကားကြောင့် ယုယုခိုင် ခေါင်း ရှေ့ပြန်လှည့် ...သည်။ အားလုံး၏ အာရုံမှာ ဘလိုင်းထွန်းထွန်းထံ ရောက် ...ကြပါ၏။ ချောစုသူသူသည် ဘလိုင်းထွန်းထွန်းအား စူးစိုက် ...ကြည့်နေပါလေသည်။

ဘလိုင်းထွန်းထွန်းသည် စင်မြင့်ပေါ်သို့ဘက်သာသည်၊ သူ့ ...တွင် ချစ်စရာကောင်းသည့် အသက်အစိတ် ပတ်ဝန်းကျင်ရှိ ...လေးတဦးက ပါလာသည်။ ထိုမိန်းကလေးသည် ဘလိုင်း ...ထွန်းအား တွဲခေါ်လာပြီး မိုက်ကရိုဖုန်းရှေ့တွင် ရပ်စေ ...၏။

...မီးရောင်အောက်တွင် ဘလိုင်းထွန်းထွန်းမှာ ကြည့်၍ကောင်း ...သည်၊ အသားမှာ ဖြူဆွတ်လှသည် မဟုတ်သော်လည်း ...သည်ဟု မပြောနိုင်။ အသားလတ်ပင်။ မီးမောင်း ဆလိုက်

များက ထိုးထားသဖြင့် ထွန်းထွန်းမှာ ပေါ်လွင်လွန်းသည်။ ထားသည့် အင်္ကျီကလည်း အောက်ခံအနီရောင် ဖြစ်သည်။ အညီအသားကိုဆောင်စေသည်။

သည်ကြားထဲ ဘောင်းဘီအဖြူကိုဝတ်ထားပြန်ရာ အင် ဘောင်းဘီမှာ ပနာရလှသည်၊ ထို့ပြင် ရှပ်အင်္ကျီအနီပေါ် ကုတ်အင်္ကျီအဖြူရောင်ကို ထပ်ဆင့် ဝတ်လိုက်သဖြင့် ပို၍ သွားစေပါ၏။

သည်လိုအပြင်အဆင်မျိုးနှင့် သည်ရုပ်ရည်မျိုးကို လမ်း တွေ့ပါက မည်သူကမျှ မျက်စိမမြင်ဟု ထင်ကြမည် မဟုတ် ပရိသတ်များစိတ်ထဲတွင် ဘလိုင်းထွန်းထွန်းကိုကြည့်ပြီး သ သွားကြမည်ဟု ခိုင်ခိုင်စိုးက ကောက်ချက်ချလိုက်၏။

'ဟေ့....မိသန္တာ'

'ဘာလဲကွ'

'ဘလိုင်းထွန်းထွန်းက အပြတ် ချောတယ်နော်.... ဒီတ မိအေးပြောစကားမှန်ဖူးသေးတယ်'

'အေး....ငါလဲ အဲ့ဒါပြောမလို့'

'ဟေ့....စကားမများနဲ့တော့၊ ဘလိုင်းထွန်းထွန်း၏ လေးကို နားထောင်ကြည့်စမ်း....ကရုဏာသံလေးနော်'

တကယ့်ကိုပင် ဘလိုင်းထွန်းထွန်းအသံမှာ ကရုဏာ မြောက်လွန်းပါ၏၊ ဘလိုင်းထွန်းထွန်း စင်မြင့်ပေါ်တွင် ကျသွားသည်နှင့် မိန်းကလေးသည် ဆင်းသွားပါ၏၊

'မင်္ဂလာရှိသော ညပါခင်ဗျာ.... ခုလို တက္ကသိုလ်ကျောင် ကျောင်းသားများရဲ့ အားပေးမှုကို ကျနော် စမ်းသာပိတ် ပြ ပါတယ်၊ ကျနော်က မျက်စိမမြင်ရတော့ ကျနော့်ဂီတကို အ



ပေးတဲ့ ညီငယ် ညီမငယ်၊ အကို၊ အမတို့ကိုကြည့်ပြီး ကြည်နူးချင် ပေမယ့် ဘဝကံက အကျိုးမပေးပါဘူး ခင်ဗျာ....၊ ဒီအတွက် ကျနော့်ကို ခွင့်လွှတ်ကြဖို့ တောင်းပန်ယင်း ကျနော်ရဲ့ သီဆိုမှု၊ ကြိုးစားမှုကို ကျေနပ်လက်ခံတယ်ဆိုယင် လက်ခုပ်တီး အားပေး ကြပါ၊ ကျနော်ချစ်တဲ့ ပရိသတ်ကြီးကို မမြင်ရပေမယ့် လက်ခုပ် သံနားထောင်ယင်း ပီတိဖြစ်ချင်လို့ပါခင်ဗျာ'

ဘလိုင်းထွန်းထွန်း စကားဆုံးသည်နှင့် နောက်ခံတေးဂီတက ပေါ်ထွက်လာပြီးနောက် ဘလိုင်းထွန်းထွန်းအသံက ဝင့်ကြွား စွာ နားထဲဝင်လာတော့သည်။ တင်မိုးခိုင်ကလည်း သူဆိုနေကျ အသံအတိုင်းပင် အဆွဲအငင်လေးတွေနှင့် ဘလိုင်းထွန်းထွန်းနှင့် အပြိုင်ဟာစ်နေပေသည်။

အားလုံးမှာ စူးစူးစိုက်စိုက်နှင့် စိတ်ဝင်စားမှု ရှိလှသည်။ 'ချစ်ယင်သတ္တိရှိဘယ်' သီချင်းမှာစတီရီယိုနာ မည်ကြီးအဆိုကျော် စိုးပိုင်နှင့် တင်မိုးခိုင်တို့ဆိုခဲ့သော သီချင်းဖြစ်သည်။ ထိုသီချင်းကို ဘလိုင်းထွန်းထွန်းက တင်မိုးခိုင်နှင့် ဆိုခြင်း မဟုတ်ပါလား။

ချောစုသူသူသည် ဘလိုင်း ထွန်းထွန်းအသံကိုစိတ်ဝင်စားစွာ နားထောင်နေသဖြင့် သူငယ်ချင်းများ တယောက်ကိုတယောက် လက်တို့ကာ ပြုလိုက်ကြသည်။ ဘလိုင်းထွန်းထွန်းအသံမှာ ယနေ့ ခေတ်တွင် နာမည်ကြီးနေသော အဆိုကျော်များ၏ အသံနှင့် လုံးဝမတူ။ ထူးခြားဆန်းပြီး ပေါ်လာသဖြင့်လည်း ကျော် ကြားလာခြင်း ဖြစ်သည်။

ချောစုသူသူ ထိုင်နေရာနှင့်ဆိုလျှင် စင်မြင့်မှာ မဝေးပေ။ သူမတို့ရှေ့တွင် သုံးခုံသာရှိသည်။ ထို့ပြင် မိုက်ကရိုဖုန်း ထား

သည့် နေရာနှင့်ဆိုလည်း အလယ်တွင်ဖြစ်၍ နီးနီးကပ်ကပ်မြင်ရသည်၊ ကြားရသည် မဟုတ်ပါလား။

သည်ကြားထဲ ချောစုသူသူက ဘလိုင်းထွန်းထွန်း လာပြီး စင်မြင့်ပေါ်ရပ်သည်နှင့် နောက်မှိုထားသော ခန္ဓာကိုယ်လေးသည် မတ်လာခဲ့သည်၊ ဘလိုင်းထွန်းထွန်း စကား စတင် ပြောသည်နှင့် မတ်လာသော ကိုယ်လေးသည် ရှေ့သို့ကိုင်းလာခဲ့တော့သည်၊

ဒါကိုကြည့်ပြီး သူငယ်ချင်းများက လက်တို့ကြခြင်းဖြစ်သည်။ သည်အသံကို ချောစုသူသူနားထဲတွင် ကြားဖူးသလို ခံစားလိုက်ရသည်။ သို့သော် ကက်ဆက်ထဲမှ အဆိုကျော် တယောက် ယောက်၏ ဆိုခြင်းများလားဟု ကိုယ့်အုံးဖြတ်ချက်ကို ကိုယ်ထင်ကြေးပေးလိုက်ရပြန်သည်။

ချောစုသူသူ မျက်လုံးများသည် ဘလိုင်း ထွန်းထွန်း သီဆိုလှုပ်ရှားမှုများကို မျက်ခတောင်ပင်မခပ်ဘဲ ငေးကြည့်နေခြင်းပင်။ တင်မိုးခိုင်နှင့်ဆိုနေသောသီချင်းမှာ တဦးနှင့်တဦး ချစ်ကြလွန်းသော ချစ်သူနှစ်ဦးက အခက်အခဲဟူသမျှကို သတ္တိရှိရှိ ရင်ဆိုင်သွားမည်ဆိုသော အချစ်ကို တန်ဖိုးထားသော သီချင်း။

ဟိုတချိန်က အချစ်ဆုံး ကိုအောင်ရှိစဉ်ကသည်း အခက်အခဲဟူသမျှကို ရင်ဆိုင် ဖြေရှင်းကြမည်ဟု သံန္နိဋ္ဌာန်ချခဲ့ဖူးကြသည်ပင်။ ချောစုသူသူသည် ဘလိုင်းထွန်းထွန်းကိုကြည့်ယင်း ဇော်ကိုအောင်ကို သတိပိုရလာသည်။ ဘလိုင်းထွန်းထွန်း ကိုယ်ခန္ဓာအချိုးအစားမှာ ဇော်ကိုအောင်နှင့် အတော်တူပေသည်။

သူမမျက်စိထဲတွင် ဘလိုင်းထွန်းထွန်းအစား ဇော်ကိုအောင်၏ မြင်လာသည်။ ဇော်ကိုအောင်များ စင်မြင့်ပေါ်တက်ဆိုနေ



သလား ထင်မိ၏။ တခုကွာခြားသည်မှာ ဇော်ကိုအောင်မှာ သူမထက်ပင်အသားဖြူပြီး တခါမှတောင်းဘီမဝတ်ဘဲ လုံချည်ဝတ်ခြင်းသာကွာပါ၏၊ ဘလိုင်းထွန်းထွန်းကဲ့သို့ပင် ယောကျ်ားပီသသူဖြစ်သည်။

ချောစုသူသူသည် ဘလိုင်းထွန်းထွန်းမှာ ဇော်ကိုအောင်များ ဖြစ်နေမလားဟု စိတ်ထဲတွင် သံသယဝင်လာသည်။ သို့သော် တခဏ အတွင်းမှာပင် ထို သံသယများ ပျောက်ကွယ်သွားပြန်သည်။

ဇော်ကိုအောင် သေသွားသည်ဟု သူ့အကို ကျော်ထွန်းဦး ကိုယ်တိုင် လာပြောသည် မဟုတ်ပါလား။ ထို့ပြင် ဇော်ကိုအောင်သည် မိမိကို သိပ်ချစ်သူ ဖြစ်သည်။ ဇော်ကိုအောင်သာ သက်ရှိထင်ရှားရှိလျှင် သူမကို မဆက်သွယ်ဘဲ မနေ ဆိုသော အချက်တချက်ယဲနှင့်ပင် ချောစုသူသူ၏ သံသယမှာ ပျောက်ကွယ်သွားရခြင်း ဖြစ်၏။

ချောစုသူသူသည် ပြောစရာရှိလျှင် မမြိုသိပ်တတ်သဖြင့် ယုယုခိုင်အား သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

‘မီယု ဘလိုင်းထွန်းထွန်းက ကိုအောင်နဲ့မတူဘူးလားဟင်’

‘ဟင့်အင်း....မတူပါဘူး’

ယုယုခိုင်အဖြေကို မကျေနပ်၍ ချောစုသူ က ပိုသေချာအောင် ခမေးလိုက်ပြန်သည်။

‘သေချာကြည့်ပါအုံးဟ....ဒီကိုယ်ခန္ဓာမျိုးက ကိုအောင့်ကိုယ်ခန္ဓာအချိုးအစားကျပုံနဲ့ တူနေသလားလို့၊ ပြီးတော့ အသံ....ဒီအသံကိုသူသူ ကြားဖူးနေသလိုဘဲ၊ သေသေချာချာ နားထောင်ကြည့်စမ်းပါဟယ်’

ယုယုခိုင်သည် ချောစုံသူသူအား ကြင်နာစွာ လှည့်ကြည့်သည်။ ပြီး ချောစုံသူသူလက်လေးကို ဆုပ်ကိုင်အားပေးယင်း....

'မီသူရယ်....ကိုဇော်ကိုအောင်ကို မေ့ထားစမ်းပါ၊ ပျော်ချင်လို့ လာကြည့်ပါတယ် ကိုယ့်စိတ်ကို ဒီလောက်ဒုက္ခမပေးပါနဲ့တော့၊ အစွဲအလမ်းမကြီးပါနဲ့တော့ကွာ၊ ဗမာပြည်မှာ ထောင်ထောင်မောင်းမောင်းနဲ့ ကိုဇော်ကိုအောင်လို ခန္ဓာကိုယ်အချိုးအစားကျန်တဲ့လူတွေ တပုံကြီးပါ၊ အဲဒီလူတွေမြင်တိုင်း မီသူ့ရဲ့ကိုအောင် မထင်စမ်းပါနဲ့ကွာ၊ မီသူစိတ်ကစွဲလမ်းနေတော့ မီသူမျက်စိထဲ ကိုဇော်ကိုအောင်ကိုဘဲ မြင်နေမှာပေါ့၊ ပြီးတော့ မီသူ့ရဲ့ ကိုအောင်ကိုလဲ ယုခိုင်တို့မြင်ဖူးသားဘဲ'

ယုယုခိုင်စကားကို ချောစုသူသူ လက်မခံချင်။ အနည်းငယ်ဆော့ စောဒကဘက်လိုက်ပြန်သည်။

'လူမတူဘူးဆိုတာ ထားပါတော့၊ အသံတူနေသလားလို့၊ ကိုအောင့်အသံကို သူသူမမေ့ဘူး' ဒီအသံနဲ့ သီချင်းဆိုတာကိုလဲ ကြားဖူးတယ်'

'ဟား....ဟား....လောကကြီးမှာ လူတူမရှားသလို အသံတူလဲ မရှားပါဘူး၊ အသံတုတွေတောင် ပြောနေကြစယ်မဟုတ်လား၊ ဘလိုင်းထွန်းထွန်းက စီးရီးထွက်ထားတာဘဲ၊ အခုဆောင်မှာ မီသူကြားဖူးတာ ဘလိုင်းထွန်းထွန်းအသံ ဖြစ်မှာပါ'

ချောစုသူသူသည် ဆက်မငြင်းတော့ဘဲ ဘလိုင်းထွန်းထွန်းကို ငေးကြည့်လိုက်ပါ၏၊ ဘလိုင်းထွန်းထွန်းမှာ သူ့သီချင်းကိုသာ စိတ်ပါလက်ပါ ဆိုနေသည်။

'ချစ်ယင် သတ္တိရှိတယ်' သီချင်းပြီးသွားပြီး လက်ခုပ်သံများ ဆူညံစွာပေါ်ထွက်လာသည်။တင်မိုးခိုင်လည်း စင်မြင့်ပေါ်မှဆင်း



သည်။ ဘလိုင်းထွန်းထွန်းက ဆက်လက်ပြီး တဦးတည်း ဆိုရန်အတွက် သူဆိုမည့်သီချင်းကို တေးသမားများကို ပြောလိုက်၏။

'ဆရာမိုးဆောင်ရဲ့ Dinner ပွဲမှာ ကျနော်တို့'The Sound' ကိုငှားတဲ့အတွက် အဖွဲ့ကိုယ်စား ကျနော်က ကျေးဇူးတင်ကြောင်း ပြောပါရစေ၊ ကျနော့်ကိုအားပေးတဲ့ ပရိသတ်ကိုလဲ ကျေးဇူးကမ္ဘာပါ၊ ခုတခါ ကျနော် ကိုစိုးပိုင်ရဲ့ သီချင်းတပုဒ်ဆိုပါမယ်၊ ကိုစိုးပိုင်ဟာ ကျနော့်ရဲ့ ဖေးဘရိတ်အဆိုတော်ဘဲ သလို ကျနော့်ခံစားချက်နဲ့လဲ ကိုက်ညီနေလို့ပါ'

ချောစုံသူသူသည် ဘလိုင်းထွန်းထွန်းပြောစကားကို နားထောင်ယင်း အတိတ်ကိုသတိရသွားပြန်လေသည်။

ထိုစဉ်က သူတို့နှစ်ဦးတွေ့ဆုံပြီး ပြောဆိုကြရာမှ ယနေ့ တစ်တီရီယို အဆိုတော်များအကြောင်း ရောက်သွားသည်။ ကိုအောင်က ဖြတ်၍....

'သူသူလေးကို မေးရအုံးမယ်'

'ကိုက်သလောက်မေးနိုင်ပါတယ်ရှင့်'

'တီရီယိုဘဲ့ထွေထဲမှာ ကြိုက်ဆုံး ကိုကြိုက်လဲ'

'ခိုင်းထီးဆိုင်'

ချောစုသူသူက မဆိုင်းမတွဖြေလိုက်ယင်း ဇော်ကိုအောင်လေးကိုကိုင်ကာ....

'ကိုအောင်ကကောဟင်'

'ကိုအောင်က စိုးပိုင်'

'မရဘူး....စိုင်းထီးဆိုင်ဘဲ ကြိုက်ရမယ်၊ သူ့အသံလေ ဘယ်လောက်ဖီလင်ပါလဲ၊ ပြီးတော့ တေးသီချင်းစာသား ကိုက တကယ့်ဖီလင်ဘဲ'

'စိုးပိုင်လဲ ဖီလင့်ပါဘဲ သူသူလေး၊ ကိုအောင် ဂစ်ေ တတ်တဲ့အချိန်ထဲက အတီးအမျှားဆုံး၊ နားအထောင်ေ စိုးပိုင်ဘဲ၊ စိုးပိုင်အသံကို ကိုအောင်သိပ်ကြိုက်တာ'

'ဟင့်အင်း.... မရဘူး.... ထီးဆိုင်ဘဲကြိုက်ရမယ်၊ သူ့ ချစ်ထိင်....'

'ကဲ.... သူသူလေးကိုချစ်လို့ စိတ်ချမ်းသာအောင် စိုး ကြိုက်လိုက်မယ်နော်၊ နောက်မှမငိုနဲ့'

ဇော်ကိုအောင်က ချစ်သူကို ချစ်စနိုးစလိုက်သည်။ ေ သူသူမှာ မိန်းကလေးသဘာဝအတိုင်း ကိုယ့်ချစ်သူက မွား မှန်မှန် စိတ်ချမ်းသာအောင် ကိုယ့်အလိုလိုက်လျှင် ကျေနပ် ဖြစ်သွားတတ်သည်သာ မဟုတ်ပါလား။ထိုရောအခါ မိန်းကလ တွေက ချစ်သူအပေါ် ပိုချစ်ပြီး အမှတ်တွေတိုးပေးကုန် သည်။ ဒါကို ချစ်တတ်သော မိန်းကလေးများ သိရှိကြပါ

'ငိုလိမ့်မယ် အားကြီးကြီး၊ သူသူ့ကိုခွဲနိုင်ယင် မချစ်တဲ့ ယင် စိုးပိုင်တင်မကဘူး၊ ကြိုက်ချင်တဲ့မိန်းကလေးတိုင်း နိုင်တယ်'

မျက်စောင်းလေးဝင့်ကာ ပြောနေသော ချစ်သူအမူအ ကြည့်ပြီး ဇော်ကိုအောင်ပြုံး၍ ချောစုသူသူပါးလေးကို မချ ဖြစ်ကာ မနာအောင်ဆွဲပြီး....



'ဒေါနချည်းဘဲ၊ ကိုအောင်က ချစ်လို့စတာ၊ လောကကြီးမှာ သူသူလေးကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်နိုင်ပါဘူးဗျာ၊ ကိုအောင်က သူသူလေးရဲ့ ရုပ်သေးလေးပါ'

'သွား....ကိုခွဲ'

သည်တော့မှ ချောစုသူသူမှာ ပြုံးလာကာ ချစ်သူကျော့ပြင် လေးကို ထုနဲ့ရသည်။ ဒါက ချစ်သူဇော်ကိုအောင်နှင့် ချစ်ခြင်း င် စကားနိုင်လုခဲ့ခြင်းပါ။ ဘလိုင်းထွန်းထွန်းကလဲ စိုးပိုင်ကို ကြိုက်သည်ဆို၍ ချောစုသူသူ ပိုသတိရသွားခြင်း ဖြစ်သည်။

ဇော်ကိုအောင်နှင့်ပတ်သက်၍ သူငယ်ချင်းများကို ထပ်ပြော လျှင်....

'ဟ....စိုးပိုင်နဲ့ စိုင်းထီးဆိုင်က နာမည်ကြီးတာဘဲ၊ ဒီတော့ သူတွေက စိုးပိုင်လဲကြိုက်နိုင်တာဘဲ၊ ထီးဆိုင်လဲ ကြိုက်နိုင်တာဘဲ မဟုတ်လား၊ စိုးပိုင်ကြိုက်တာတူရုံလေးနဲ့ မိသူရဲ့ကိုအောင်လို့ မပြောနိုင်ပါဘူးကွာ'ဟု ပြောမှာသေချာသဖြင့် ချောစုသူသူ မပြောတော့။

ဘလိုင်းထွန်းထွန်းက သီချင်းကို တကျော့ပြန်ဆိုနေသဖြင့် ချောစုသူသူမှာ နားစိုက်ထောင်လိုက်ပြန်သည်။ ဒီသီချင်းသည် သူ့ခံစားချက်များနှင့် တိုက်ဆိုင်၍ ကြိုက်သည်ဟု ဘလိုင်း ထွန်းထွန်းက ပြောခဲ့သည်မဟုတ်ပါလား။

ဘလိုင်းထွန်းထွန်းအသံနှင့် သီဆိုမှုက စိုင်းထီးဆိုင်၊ စိုးပိုင် တို့နှင့်မတူဘဲ တဘာသာခြားကာ ငိုရှိုက်သံလေးများ ရောစွက် နေသည်ဟု ချောစုသူသူ ထင်မိသည်။

ချောစုသူသူ သူငယ်ချင်းများဘက် အကဲခတ်သည့်ဟန်ဖြင့် လှည့်ကြည့်သည်၊ သူတို့အားလုံး စကားတတွတ်မဆိုနိုင်အောင်ပင် ဘလိုင်းထွန်းထွန်း၏ အသံထဲတွင် နစ်မြောနေကြောင်း တွေ့ သည်။

ချောစုသူသူလည်း သက်ပြင်းလေးတချချဖြင့် နားထောင် လိုက်တော့၏။

ချစ်ဘာလဲ သူအသိသားနဲ့........ မဖြစ်နိုင်လို့ ခွဲရပေမယ့်....ကိုယ့်ရင်ထဲ ဘယ်လိုနေမယ်........... နှလုံးကြေကွဲ အသဲကင်ငိုတယ်........ ဒို့ရဲ့ကမ္ဘာကြီး တော့ ပျက်ပြီ........ စိတ်ကူးထဲရှိသမျှ........ မဖြစ် နိုင်ပြီ........... မောင့်ချစ်သဲ........ မေတ္တာယာက် ပါဘဲ....ခုနေတုန်းအချစ်ကမပြေလည်........မင်းနဲ့ ကိုယ့် ဘ ဝ ခက် ပြီ........ မျှော် လင့်ချက် ထား သမျှ........ပျက်လေပြီ...........မချစ်လို့လဲ တကယ် မထင့်လေနဲ့.......

အို.... ဘယ်သူမှ........ မသိလိုက်ပါတယ်........ ကိုယ်တို့ဘဝ........... အကြောင်းကမြေမဆီ........ မောင့်အသွေးသား.... အသဲနဲ့ကြင်မှယ်.... ချစ်ဦး အတွက် အသဲခိုက်နေပြီ........ မုသားစကားများ မဆိုသာပြီ........ မောင့်နှလုံး သား က တမျိုး တမည်........



(ချစ်တာလဲ သူအသိသားနဲ့....မဖြစ်နိုင်လို့ခွဲရ ပေမယ့်.... မင်းနဲ့ကိုယ့်ဘဝ ခက်ပြီ.... စိတ်ကူးထဲ ရှိသမျှ.... မဖြစ်လေပြီ.... အသဲကြေကွဲ ငိုမလာ ပါနဲ့....)

'ဖြောင်း....ဖြောင်း....ဖြောင်း....'

'ဘလိုင်းထွန်းထွန်းကွ....'

ပရိသတ်ထံမှ လက်ခံအားပေးသည့် လက်ခုပ်သံများ ပေါ် ထွက်လာသလို အချို့ကလည်း နာမည်ခေါ်၍ အားပေးကြပါ သည်၊ ဘာရယ်မှသိ ချောစုသူသူရင်ထဲတွင် ဝေဒနာတမျိုးလေး တော့ ခံစားလိုက်မိသည်။

ထို့ပြင် သူမ၏ နူးညံ့ပျော့ပျောင်းသော လက်လေးဖြင့် အက်ခုပ်လေးများလည်း တီးလိုက်မိသည်။ သူငယ်ချင်းများက ချောစုသူသူ အပြုအမူကို နားမလည်သလို ဖြစ်နေရသည်။ ဘာယက်ရှင် ချောစုသူသူကိုယ်တိုင်ပင် ကိုယ့်စိတ်ကိုယ် နား လည်နိုင်ပါပေ။

ဘလိုင်းထွန်းထွန်းသည် အသံများငြိမ်သွားသည်နှင့်....

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ခုဆက်လက်ပြီး ကျနော်ဆိုမယ့် သီချင်းက တခါမှ အသံမသွင်းရသေးတဲ့ သီချင်းလေးပါဘဲ၊ သီချင်းခေါင်းစဉ်လေးကတော့ ''မပြုံသောမြင့်မိုရ်''ပါတဲ့....'

'ဟင်'

ဘလိုင်းထွန်းထွန်းသီဆိုမည့် သီချင်းကို ကြားလိုက်ရသော အခါ ချောစုသူသူမှာ အလိုလို မတ်တပ်ရပ်မိပြီး 'ဟင်'ဟူသော အာမေဋိတ်သံ ထွက်သွားရသည်၊ ဘေးပတ်ဝန်းကျင်မှ ကျောင်း

သူတချို့က ချောစုသူသူတက် ငံ စောင်းကြည့်နေသ
အေးအေးသည် ချောစုသူသူလက်ကိုဆွဲပြီး....

'မီသူထိုင်လေ....ခုသီချင်းက မို့အေးတို့ တခါမှမကြားဘူ
သီချင်းတဲ့၊ ထိုင်နားထောင်လဲ ဗီလင်ရပါတယ်ကွာ'

အေးအေးက နောက်ပြောင်လိုက်ခြင်းဖြစ်သည်။ချောစုသ
မှာမူ မျက်နှာပျက်နေလေပြီ။ သည်'မပြိုသောမြင့်မိုရ်'သီ
သည် ချောစုသူသူဘ၀အတွက် အရေးကြီးဆုံးသီချင်း
သည်။

ဇော်ကိုအောင်သည် သူမနှင့်ချစ်ကြိုက်ပြီးမှ သူတို့နှစ်ဦ
အတွက်သာ ရည်ရွယ်ပြီးစပ်ဆိုခဲ့သောသီချင်း ဖြစ်သည်။ သ
သီချင်းကို သိကြသူမှာ သူမနှင့် ဇော်ကိုအောင်သာ ဖြစ်သည်၊

ဇော်ကိုအောင်သည်လည်း လူ့လောကကြီးတွင် မရှိတေ
သည်'မပြိုသောမြင့်မိုရ်'သီချင်းကို ဘလိုင်းထွန်းထွန်း ဘယ်
ဆိကရသနည်း။ သူမနှင့် ဇော်ကိုအောင်အပြင် မည်သူ့ကို
သည်သီချင်းမဆိုပြရန် မပြောပြရန် ကတိသစ္စာတွေ ထားခဲ့
သည်။

ခု သည်သီချင်းကို ဘလိုင်းထွန်းထွန်းက ဘာကြောင့်
သနည်း။ ချောစုသူသူသည် ဘလိုင်းထွန်းထွန်းနှင့် တနေ့နေ့
သွားတွေ့ရန် ဆုံးဖြတ်လိုက်၏။ ဘလိုင်းထွန်းထွန်း နေထိုင်
လိပ်စာကိုစုံစမ်းပြီး သည်သီချင်း ဘယ်ကရသနည်းဆိုတာ မေ
ပါမည်။

ချောစုသူသူစိတ်တွေ နောက်ကျိလာသည်။ ဘလိုင်းထွန်းထ
ကို သည်တခါတော့ စူးစမ်းသောအကြည့်ဖြင့် ကြည့်လို
သည်။



ဘလိုင်းထွန်းထွန်းမှာတော့ သူမခံစားချက်ကိုမသိဘဲ သီချင်း
းကိုသာ သီဆိုနေပါသည်။ ဘလိုင်းထွန်းထွန်းစာင်မဟုတ်။
သူ၏သူငယ်ချင်းများပင် သည်သီချင်းနှင့်ပတ်သက်ပြီး မသိကြ။
သူတို့နှင့်တိုင်ပင်ပြီး သည်သီချင်းကို ဘယ်သူ့ဆီမှရခဲ့ကြောင်း
လိုင်းထွန်းထွန်းကို မေးရမည်မဟုတ်ပါလား။

မြေ....နဲ့ဖား မဟုတ်ပါ....။
သမင်....နဲ့ကျား မဟုတ်ပါ....
နေ....နဲ့လပမာ
မေတ္တာ ဆိုတာ....အသဲနှလုံးကပါ။
ချစ်သူကိုတွေ့ယင်....ကြည်နူးမိတာ၊
ချစ်သူနဲ့....ကွေကွင်းသည့်အခါ.... ဆင်းရဲခြင်းပါ
"သူမလေး"ကိုချစ်တာ....အသဲတနင့်ပါ
မြင့်မိုရ်ဆိုတာ....မပြိုပါ။
"ထွန်း"မေတ္တာ....ဘယ်သောအခါမှ မအိုပါ...။

ချောစုသူသူ မျက်ရည်များဝဲကျလာသည်။ဘလိုင်းထွန်းထွန်း
တော့ ဘယ်လိုခံစားချက်နှင့် ဆိုသွားလဲမသိ။ ချောစုသူသူမှာ
တော့ အသဲဘနင့်နင့်ခံစားရတော့၏။ ထိုသီချင်းမှာ ကိုအောင်
သည် မိမိကိုရည်ညွှန်းပြီး သူ့အချစ်ကိုပြခဲ့ခြင်းဖြစ်သည်။

ဘလိုင်းထွန်းထွန်းဆိုသွားသည့် 'သူမလေးကိုချစ်တာ အသဲ
နင့်ပါ'ဆိုသောအပိုဒ်ကို ကိုအောင်က 'သူသူလေးကိုချစ်တာ
အသဲဘနင့်ပါ'ဟူ၍လည်းကောင်း၊ 'ထွန်းမေတ္တာ ဘယ်သော
ခါမှမအိုပါ'ဟူသော အပိုဒ်တွင်လည်း 'ကိုအောင့်မေတ္တာ

ဘယ်သောအခါမှမအိုပါ'ဟူ၍လည်းကောင်းမိမိကိုဆိုပြခဲ့ဖူးသ
မဟုတ်ပါလား။

ဘလိုင်းထွန်းထွန်းက သည်သီချင်းကို နှစ်ခေကျော့ပြန်ဆိုနေ
၏၊ ကြည့်ရှုနိုင်စွမ်းမရှိတော့၍ ထိုင်ရာမှထကာ သူငယ်ချင်းမျ
ဘက်လှည့်ပြီး—

'မိယုတို့ နားထောင်ချင် ကျန်ခဲ့ကြတော့နော်၊ သူသူပြန်တေ
မှယ်'

ချောစုသူသူထံမှ ရုတ်တရက်ပြန့်မည်ဆိုသဖြင့် ယုယုခိုင်
တတွေမှာ နားမလည်သည့်ထဘောဖြင့် ချောစုသူသူအား ကြ
လိုက်ကြပါသည်။

'ဘာလို့ပြန်မှာလဲ၊ နားထောင်လို့ကောင်းမှကောင်း၊ ပြီး
ပြန်ကြရအောင်ပါ၊ မနက်ဖြန်လဲ မနက်ပိုင်း Class မှမရှိတာ'

ခိုင်ခိုင်စိုးက ချောစုသူသူကိုချော့၍ ပြောလိုက်ရှာသည်။သူ
ကြည့်ချင်လွန်းသော ဘလိုင်းထွန်းထွန်းကို ဝေးဝေးလံလံ သွ
မကြည့်ရဘဲ တက္ကသိုလ်နယ်မြေထဲ၌မင် ကြည့်ရသဖြင့် အစအ
ကြည့်ချင်ကြမည်ကို ချောစုသူသူ နားလည်ခဲ့သည်။

ဒါ့ကြောင့်လည်း မိမိစိတ်ချမ်းသာဖို့ထက် သူငယ်ချင်းမျ
အလိုကိုလိုက်ကာပါလာသော ချောစုသူသူမှာ ကိုယ့်ဝမ်းန
ကိုယ်ထာသိသဖြင့် ခေါင်းခါကာ....

'ဟင့်အင်း.... ဒီတခါတော့ သူသူ့ကို ခွင့်လွှတ်ကြပါကွ
Sorry ဘဲ၊ သူသူ ဒီမှာကြာကြာမနေချင်တော့ဘူး၊ သူသူသွား
ပါတယ်၊ မိခိုင်တို့နေခဲ့ကြပါ၊ တဆောင်နဲ့တဆောင် နီးနီးလေ
ဘဲ၊ ပြီးတော့ မီးတွေထွန်းတာမှ ထိန်လင်းနေတဲ့ဟာ၊ မကြော
ပါဘူး၊ ပြီးမှပြန်ခဲ့ကြပါ'



ပြောပြောဆိုဆိုဖြင့် ချောစုသူသူ ငွတ်ထွက်လာခဲ့ရသည်။
သို့မဟုတ်ပါလျှင် မိကောင်တွေက မဲမျှားသဖြင့် ဆက်လက်ထိုင်
ထိုက်ရမည် ဖြစ်သည်။

နောက်ဆုံးတော့ ယုယုခိုင်တို့ သူငယ်ချင်းအုပ်စုမှာ သက်ပြင်း
ကိုယ်စီချကာ ချောစုသူသူအား စိတ်မချ၍ ထပြန်လာခဲ့ကြရ
တော့၏၊ ဒါတောင် ခိုင်ခိုင်စိုးသည် သံယောဇဉ်မပြတ်နိုင်ဘဲ
စင်မြင့်ဘက် လှည့်တကြည့်ကြည့်ဖြင့် ထွက်လာခဲ့ပါ၏၊

ဘလိုင်းထွန်းထွန်းမှာတော့ တပုဒ်ပြီးတပုဒ် ဆက်လက်သီဆို
နေဆဲပင်။

သူတို့သူငယ်ချင်းများသည် ခြေလှမ်းသွက်သွက်ဖြင့် မပြေးရုံ
ဘမယ် ချောစုသူသူနောက်သို့ လိုက်ခဲ့ကြသည်။ ချောစုသူသူကို
မီသည်နှင့် လက်ကိုဖမ်းဆွဲထားယင်း....

'တော်တော်ဆိုးတဲ့ မိသူ၊ အပြီးထိကြည့်မယ်ဆိုပြီး ဖွေ့ဖောက်
လာတယ်၊ အားကြီးဂျစ်ကျနော်'ဟု မှချိတင်ကဲအမူအရာလေး
ဖြင့် ရေရွတ်ပြီး ကံ့ကော်ဆောင်ထဲ ဝင်ခဲ့ကြတော့သည်။

အဆောင်မှူး မမသည် မအိပ်သေးဘဲ လမ်းလျှောက်နေရာမှ
ချောစုသူသူတို့အုပ်စုကို တွေ့သည်နှင့် ပြုံးပြုံးရယ်ရယ်ဖြင့် ပြော
ဆိုလိုက်ပါသည်။

'စောလှချည်လား၊ အဆောင်ကို ဘယ်သူမှပြန်မရောက်ကြ
သေးဘူး၊ မင်းတို့အုပ်စုဘဲ ရောက်သေးတယ်'

'ဟုတ်ကဲ့မမ၊ အိပ်ချင်လို့ပြန်လာကြတာပါ'

သန္တာစိုးက သွက်သွက်လက်လက်ဖြင့် အဆောင်မှူးကိုပြော
ပြီး အခန်းရှိရာလာခဲ့ကြသည်၊ သူတို့အခန်းက တတိယထပ်တွင်
ဖြစ်၍ လှေကားမှတက်လာယင်း....

'တနည်းတော့ ကောင်းပါတယ်၊ အိပ်ရေးမပျက်တော့တူးပေါ့'ဟု ကြည့်ချင်စိတ်ကိုမြှိုသိပ်ကာ ဖြေသိမ့်စကား ပြောသွားကြသော သူငယ်ချင်းများကို ချောစုသူသူ သနားလည်းသနားမိ၏။

မည်သူကမျှ သူမကို အပြစ်တင်စကား မပြောရက်ကြပါပေ၊ ချောစုသူသူအနေဖြင့်လည်း ကိုယ့်ဝမ်းနာကိုယ်သာအသိဆုံးမဟုတ်ပါလား။

(အခန်း-၄)

ဘာလိုလိုနှင့် မိုးကုန်၍ ဆောင်းဦးသို့ပင် ရောက်လာခဲ့တော့သည်။ ချောစုသူသူတို့ သူငယ်ချင်းတသိုက်မှာလည်း ကျောင်းစာကို အာရုံစိုက်နေကြပြန်သည်။ စာမကြည့်၍လည်း မဖြစ်ပေ။ [illegible]ကာတွင် စာမေးပွဲရှိသဖြင့် အပြတ် ကြိုးစားနေကြခြင်း [illegible]သည်။

သူတို့မှာ ကျောင်းသွားလိုက်၊ စာသင်လိုက်၊ အဆောင်ပြန်ရောက်သည်နှင့် ခဏနားလိုက်ပြုလုပ်ကာ စာကိုသာ ဖိသွန်နေကြသည်၊ ဉာဏ်ကောင်းသူများဖြစ်၍ နေ့စဉ်မှန်မှန် တလနီးပါး [illegible]လိုက်သည်နှင့် သင်ခန်းစာများ ပြီးစီးသွားတော့သည်။

သည်တော့မှ သူတို့အားလုံး စိတ်ပေါ့လက်ပေါ့ ဖြစ်လာကြ[illegible] နောက်နောက်ပြောင်ပြောင်လေးများဖြင့် အချင်းချင်းပြော[illegible]ကြလေသည်၊ စာမေးပွဲကကိုလည်း အဆင်သင့်ကြိုဆို နိုင်[illegible]၍ မဟုတ်ပါလား။

'သူသူတို့ စနစ်တခု ပြောင်းကြစို့'

'ပြောလိုက်လေ အစအဆုံး'

ခိုင်ခိုင်စိုးနှင့် သန္တာစိုးက ပြင်းရိစွာဖြင့် အိပ်ရာပေါ်လှဲ သည်၊ ယုယုခိုင်မှာ ရေမိုးချိုးပြီး၍ အဝတ်အစား လဲနေသည် အေးအေးက ဂျင်းသုတ် အသုတ်ကောင်းသည်ဟု သူငယ်ချင်း များက မျက်စိမှိတ်ပြီး ချီးမွမ်းစကားကြောင့် အမြောက်ကြိုက ကာ ဂျင်းသုတ်စုံကို အားရပါးရ သုတ်နေပါတော့၏။ သုတ်က စ ဂျင်းသုတ်စလုံးကြီးမှာ အေးအေး မြည်းယင်းနှင့် တဝက်ခ ပါးမျှသာ ကျန်တော့သည်။

ချောစုသူသူကမူ စာကြည့်စားပွဲရှေ့ထိုင်ကာ စာများရသည် ထက်ရအောင် မှတ်သားနေရာမှ သူငယ်ချင်းများဘက်လှည့်က ပြောလိုက်ခြင်းဖြစ်သည်၊ ယုယုခိုင်က အဝတ်အစားလဲနေယင်း ချောစုသူသူစကားကို မေးခြင်းလည်းဖြစ်၏၊

'အော်....နောက်ဆို စာအကြေးမထားကြေး ညဘိုင်း မှ မွန်ဖတ်သွားယင် သူသူတို့ ခုလောက်တောင် ပင်ပန်းစရာ မလိုဘူး ပေါ့'

'အေး....မိသူပြောတာ ထောက်ခံတယ် ဝါး'

ခိုင်ခိုင်စိုးက တဝါးဝါးသမ်းယင်း ပြောသဖြင့် ယုယုခိုင်မျက် စောင်းထိုးလိုက်ယင်း....

'ထောက်ခံတဲ့မိန်းမကဲ ပိုအပျင်းကြီးဘယ်၊ သူ့ကို စာဖတ် ခေါ်ယင် အကြောင်းအမျိုးမျိုး ပြတတ်တဲ့သူကများ'

'ဟ....စာဆိုဘာ ကြိုကြည့်ထားယင် မေ့သွားမှာ စိုး မကြည့်ဘာ၊ မိခိုင်မကြည့်ပေမယ့် ကောင်းတဲ့အကျင့်ဆို အ ပေးရမှာပေါ့'



'နင်ဘဲ အပြောကောင်းတယ်'

ယုယုခိုင်က ခိုင်ခိုင်စိုးကို အသားလွတ် ဖမ်းတွယ်လိုက်သည်။ ကျောင်းစာတွင်သာ တချိန်လုံး အာရုံနစ်မြှောထားရသဖြင့်သူတို့ ငါးတွေငြိမ်းငွေ့နေကြသည်။ အစဉ်အမြဲ ပျော်ပျော်နေတတ် သူ များဖြစ်၍လည်းစိတ်ပင်ပန်းကြီးစွာခေါင်းခဲခြင်းကို ဖြေဖျောက် ခြင်းလည်း ဖြစ်ပါသည်။

ခိုင်ခိုင်စိုးသည် ပြုံးစေ့ပြုံးစေ့ဖြင့် ယုယုခိုင်ကိုကြည့်ယင်း....

'ဒါတောင် စကားမရောင်းရသေးဘူး'ဟု ပြောလိုက်ပါ၏၊

ယုယုခိုင်က သူ့ကို အပြောကောင်းတယ် ပြောထားသည် ဟုတ်ပါလား။

'ကဲ....ကဲ စကားရှည်မနေကြနဲ့ ဒီလောက်စကားများတဲ့ ပါး စပ်ကို ဂျင်းသုတ်နဲ့ပိတ်ထားလိုက်ကြတော့'

အေးအေးက ဂျင်းသုတ်ပန်းကန်ကိုစားပွဲပေါ်ချလိုက်သည်။ စားအသောက်ဆိုတော့ ခိုင်ခိုင်စိုးကော သန္တာစိုးပါ လှဲနေ ရာမှ ငေါက်ကနဲ စားပွဲနား ရောက်လာကြသည်။

'မစားချင်ကြဘူးထင်တယ်၊ တော်ဘော်တော်'

'အဟဲ့ဟဲ ဗို့တော်တာလူမသိစေနဲ့ အချင်းချင်းဘဲသိပစေနော်၊ သူတွေရှေ့မှာ ဟန်ကြီးတခွဲသားနဲ့ စားရသောက်ရတော့....၊ အဆောင်ရောက်တာနဲ့ တော်ကြတာ သဘာဝပါကွာ'

'လူတိုင်းမဟုတ်ပါဘူး နင်တို့ဘဲတော်တာ'

ချောစုသူသူမှာ ကျောင်းစာများ ပြီးသွားသဖြင့် စိတ်လက် ပေါ့ပါးသွား၍ ပြုံးကာရယ်ကာ ဝင်နောက်လိုက်သည်၊ ဇော်ကို အောင် ဆုံးသွားပြီးကာထဲက သည်တကြိမ်သာ ရွှင်ရွှင်ပျပျဖြင့် ပြောဆိုခြင်း ဖြစ်ပါ၏။

ချောစုသူသူမျက်နှာလေးကြည်လင်နေကာ နောက်ပြောင်ပြောဆိုခြင်းကို သူတို့အားလုံး ဝမ်းသာကြသည်။ ခိုင်ခိုင်စိုးမှာ သူငယ်ချင်းများထဲတွင် ချောစုသူသူကို ပိုခင်တွယ်မိသဖြင့် ချောစုသူသူစိတ်ချမ်းသာမှုကို အမြဲလိုလားသူလည်းဖြစ်သည်။

ထို့ကြောင့် ပြုံးရယ်စွာဖြင့်ပင်....

'ထားပါတော့ မိခိုင်တို့ ငတ်တယ်ဆိုတာ တခုတော့ စဉ်းစားနော်၊ မိသူကလဲ မိခိုင်တို့ သူငယ်ချင်းတွေဆိုတော့ အငတ်စာရင်းထဲ အလိုလိုပါလာမှာ'

ချောစုသူသူ လျှာလေးတစ်ကာ ဇက်လေးများ ပုသွားပတော့သည်။

'မိသူ စဉ်းစားမိလား'

အဆက်အစပ်မရှိဘဲ မေးလာသော ယုယုခိုင် စကားကြောင့် အားလုံး ကြောင်သွားသည်။ အငြိမ်မနေတတ်သော သန္တာစိုးပါးစပ်က ချက်ချင်းပင် ယုယုခိုင်ဘက်လှည့်ကာ....

'နင့်စကားက အရင်းမရှိ အဖျားမရှိ မိသူမပြောနဲ့ ငါတောင်နားမလည်ဘူးမိယု'

'ပြောလိုက်လေ....ကြားသလားလို့'

ခိုင်ခိုင်စိုးက ဝင်နောက်လိုက်ပြန်သည်။

'မိသူပြောတဲ့စကားကို ဆက်စပ်ပြီး တွေးမိတာပါ'

'အာလူးကျက်အောင်ဖုတ်နော်'

တယောက်တမျိုး ပြောဆိုကာ ကျီစယ်နေကြသဖြင့် စကားဝိုင်းလေးမှာ စိုပြေသွားပါ၏။ ငြိမ်သွားမှ ယုယုခိုင်က ဆက်လက်ပြီး....



'ပြောမှာပေါ့ဟာ ဖြေးဖြေးပေါ့၊ ငါတို့ တွေပေပြီး စာမကြည့်ခဲ့တဲ့ ကျေးဇူးကြောင့် တလလောက် အပြတ်ဖလက်မြားရတယ် မဟုတ်လား၊ ဒါက အများဆုံးလိမ်မာတဲ့ ကျောင်းသူကျောင်းသားတွေ အကျင့်ဘဲ၊ စာမေးပွဲနီးမှာ စာကြည့်ကြတာ၊ နေ့တိုင်း မှန်မှန်စာကြည့်ပြီး စာတော်နေတဲ့သူတွေ မာနကြီးတယ်၊ဘဝင်မြင့်တယ်ဆိုတာ မြင့်ချင်စရာဘဲနော်၊ ငါတော့ခင်ဗျားတွေပြီးသွားလို့ အောက်ခြေနည်းနည်း လွတ်ချင်လာတယ်၊ နင်တို့ကော ငါ့လိုဖြစ်သလား စဉ်းစားမိကြလားလို့ မေးတာဟာ....'

အားလုံး ငြိမ်သွားကြသည်။ ပြီးတော့မှ တယောက်တပေါက်ခင်....

'အေး....ဟုတ်တယ်၊ ဒီတခါ မိယုပြောတာ ဟုတ်သွားပြန်ပြီ ဘိန်းစားချင်းအတူတူ ဘိန်းတလုံးပိုရှုသွားတာ နှာသက်မှာ'

သည်လိုနှင့်ပင် သူတို့သူငယ်ချင်းများမှာ ကိုယ့်စိတ် ကိုယ်ကျော်အောင် ဖန်တီးကြရသည်။ သူတို့တင်မဟုတ်၊ အဆောင်နေကျောင်းသူများအားလုံး ကိုယ့်အုပ်စုနှင့်ကိုယ် ပျော်ပျော်ပါးပါးပြောဆိုစားသောက် နေထိုင်တတ်ကြသည်သာ။

ယောကျ်ားလေးများရှေ့တွင်သာ ဣန္ဒြေသိက္ခာလုပ်၍ တန်ခိုးရှိ ထိန်းသိမ်း နေတတ်ကြသလောက် သူတို့ အချင်းချင်းမြှောက်ဆိုလျှင် လက်ပံပင် ဇရက်ကျသည့်ထက်ဆိုးလှသည်။

ကနေ့လည်း ကျောင်းပိတ်ရက် စနေနေ့ဖြစ်သဖြင့် အဆောင်တွင် လူများနည်းပါးကြသည်။ အချို့မိန်းကလေးများက အားလပ်ရက်မို့ အိမ်သို့ပြန်သွားကြသည်၊ တနင်းလာ နံနက်ပိုင်းမှပြန်လာတတ်ကြပါ၏။

ထိုနည်းအတူ ချောစုံသူသူတို့အုပ်စုံမှာလည်း ကိုယ့်ဇာတ်နှ ကိုယ် စာကို အာရုံစိုက်နေချိန်၌ ပျင်းရမှန်း မသိသော်လည် စာများ ပြီးဆုံးသွားသည့်အခါ ပျင်းရိထိုင်းမှိုင်းလာကြသည် ချောစုံသူသူအဖို့မှ မထူးခြားပါပေ။ စာကြည့်လည်း ပုံစံမပျက် စာမကြည့်လည်း ပုံစံမပျက်နေထိုင်သဖြင့် ပျင်းရမှန်းပင် မသိ

ခိုင်ခိုင်စိုးတို့မှာ စိတ်ပျော်အောင် နေတတ်သူများ ဖြစ်၍ အားသည်နှင့် အချိန်ပိုခြင်းကို ငြီးငွေ့လာကြသည်။ အမှန်တော စနေနေ့တွင် အဘန်းတချိန်ရှိသည်။ တချိန်ထဲမို့ အပျင်းပြိုင်ပြ အားလုံးမသွားကြခြင်းဖြစ်သည်၊ ကျောင်းမသွားတော့ ပိုပျင် ကြသည်သာ။

သန္တာစိုးမှာလည်း အပျင်းဆန့်ယင်း....

'ဝါး....ပျင်းလိုက်တာ မိခိုင်ရာ၊ ခုနေ အပျင်းပြိုင်ယင် နိုင်မှာသေချာတယ်'

ခိုင်ခိုင်စိုးကဲ သန္တာစိုးစကားဆုံးသည်နှင့် ခေါင်းခါပြလိုက် ယင်း....

'လုံးဝမနိုင်ဘူး....နင်ဘဲနိုင်မှာမိသန္တာ'

'ဘာလို့....ငါက 'သိပ်ပျင်းနေတဲ့ဟာကို'

'ငါလဲ ပျင်းတာပါဘဲ၊ ဒါပေမယ့် နင်က ငါ့လောက်မပျင်း သေးပါဘူး'

သူတို့နှစ်ဦး အပျင်းပြိုင်နေပုံကို နားထောင်နေကြယင် သူငယ်ချင်းများမှာ ရယ်မိကြသည်။ အေးအေးက ခိုင်ခိုင်စိုးနှ သန္တာစိုးတို့နှစ်ဦးကိုကြည့်ပြီး....

'ဟုတ်ပြီ.... နင်တို့နှစ်ယောက် အပျင်းပြိုင်ကြ၊ ငါက ကြ ဗိုင်လုပ်ပေးမယ်၊ ဘယ်သူနိုင်မသဲ့ ဆုံးဖြတ်ပေးမယ်၊ မိဘူနဲ့မိ



ဘာတူတယ်မဟုတ်လား၊ နိုင်တဲ့သူကို ဂုဏ်ပြုတဲ့အနေနဲ့ လက် ပေးရမှာ'

'မိအေးပြောတာ ကောင်းတယ်၊ ငါ အစထဲက အပျင်းပြိုင် အောင်လို့ မိခိုင်ကို ခေါ်နေတာဘဲ'

သန္တာစိုးက ထောက်ခံပြီး အပျင်းပြိုင်ပွဲ စသည့်အနေဖြင့် ခပြောလိုက်သည်။ ခိုင်ခိုင်စိုးမှာ ခေါင်းတခါခါလည်တခါ ဖြင့်....

'မိသန္တာကမှ အပျင်းပြိုင်ချင်သေးယင် ငါ့လောက် မပျင်း သေးပါဘူး၊ ငါက ပြိုင်ရမှာကိုပျင်းတာ၊ ခုဒလောက် စကားပြော ကိုဘဲ ပျင်းလှပြီ'

ခိုင်ခိုင်စိုးမှာ တဖက်သားဘာပြန်ပြောရမှန်းမသိဘဲ 'ငေါင်' အောင်ကို ပြောနိုင်သူ ဖြစ်သည်၊ ဆုံးဖြတ်ချက်အတိုင်း လုံးက တညီတညာ ဂုဏ်ပြုနေသည့်အနေဖြင့် လက်ခုပ် လိုက်ကြပါသည်။

သူတို့ အခန်းလေးတွင် ဆူညံသွားကာ လက်ခုပ်သံများ ကြောင့် အခန်းရှေ့မှ ဖြတ်သွားကြသော မိန်းကလေးများမှာ းထဲသို့ ဝင်လာယင်း....

ဘာလုပ်နေကြတာလဲ' ဟုပင် မေးကြရပါသည်။

သူတို့ကလည်း ဂုဏ်ယူဝင့်ကြွားစွာဖြင့်....

အပျင်းပြိုင်နေကြတာ' ဟု ရဲရဲဝံ့ဝံ့ ဖြေလိုက်ကြပြီး ဇိုင်းရယ် ကြသည်။

ဒီလောက်ဘောင် ပျင်းနေကြယင် အပြင်ထွက်လည်ကြပါ ရုပ်ရှင်ကားတွေလဲ ကောင်းတယ်'

တဦးက အကြံပေးပြီး ထွက်သွားကြသည်။ သူတို့(၅)ဦးမှ အရေးပေါ်အစည်းအဝေးထိုင်လိုက်ကြပြီးနောက် ဆုံးဖြတ်ချက်ချလိုက်သည်မှာ....

'အေး....ကောင်းတယ်၊ မိခိုင်တို့အိမ်မှာ ညအိပ်မယ်၊ ထမင်းစားမယ်၊ ရုပ်ရှင်ကြည့်မယ်၊ တနင်္လာနေ့မနက်မှပြန်ပို့ခိုင်းမယ်။ အပွဲဆုံးဖြတ်ချက် ဘယ်သူမှ ကန့်ကွက်၍မရ'ဟု ချောစုသူသူ ကြည့်ကာ ပြောလေသည်။

'ဒါဆို မိခိုင်က အိမ်ကို ဖုန်းအယင်သွားဆက်'

'အေး—ဟုတ်တယ်'

'မိသူ လိုက်ခဲ့ရမယ်နော်'

'ဘယ်တုန်းက ငြင်းလို့ရခဲ့ဖူးလို့လဲကွာ'

ချောစုသူသူမှာ အေးအေးဆေးဆေးလေး ပြောလိုက်သည်။ ခိုင်ခိုင်စိုးမှာ ယုယုခိုင်ကိုခေါ်ပြီး ဖုန်းဆက်ရန် ထွက်သွား၏။

ချောစုသူသူသည် သက်ပြင်းလေးကို လေးပင်စွာ ချလိုက်သည်။ သူငယ်ချင်းများနှင့် နေချိန်တွင် စိတ်ပျော်သလို ခံစားရသော်လည်း တဒင်္ဂသာဖြစ်ပါသည်။ ချစ်သူကိုသာ ပြန်လည်သတိရလာမိသည်သာ။

ဆယ်ငါးမိနစ်ခန့်အကြာတွင် ခိုင်ခိုင်စိုးတယောက် မေး[ ]ပန်းကြီးဖြင့် ဝမ်းသာအားရ ပြန်လာပါသည်။

'မိသူရေ....ဒီနေ့ ကိုကို ပြန်ရောက်မယ်တဲ့၊ အဲဒါ မမေးကလဲ လာခေါ်မလို့တဲ့၊ သူငယ်ချင်းတွေပါခေါ်ခဲ့တဲ့၊ ကိုကို ကြိုပြီးယင် တပျော်တပါး နှမ်စင်းဟော်တယ်မှာ ဝင်စားမယ်တဲ့'



ခိုင်ခိုင်စိုးက အားတက်သရောပြောသော်လည်း ချောစုသူသူမှာ မတုန်မလှုပ်ပင်။ ချောစုသူသူကိုကြည့်ပြီး ခိုင်ခိုင်စိုးအားမရ မနေအားတို့ မိယုတို့မှာတော့....

'စားကြောဘဲ' ဟုဆိုကာ ခိုင်ခိုင်စိုးနည်းတူ ဝမ်းသာနေပါ၏။

ချောစုသူသူမှာ ဝမ်းသာသည်လည်း မဟုတ်၊ ဝမ်းနည်းသည်လည်း မဟုတ်ပေ။

'မိခိုင်'

'ဟင်'

'သူသူမလိုက်ချင်တော့ဘူး'

'ဘယ်လိုဖြစ်ရတာလဲ'

'မလိုက်သင့်ဘူးထင်လို့ပါ'

'ဘာမှမဆိုင်ပါဘူး၊ အားလုံးသွားမှာဘဲ၊ ခိုင်ခိုင်ကို ငဲ့ညှာပါသူ အဲလိုမငြင်းနဲ့ကွာ'

'မိခိုင်ဘဲစဉ်းစားကြည့်၊ ယောကျ်ားပျိုရှိတဲ့အိမ်ကို မိန်းမပျိုလေးတွေက ညအိပ်လို့ ကောင်းပါ့မလား'

'ကိုကိုက မသရမ်းတတ်ပါဘူးကွာ၊ ပြီးတော့ သူ့အခန်းနဲ့ ...ပါ'

ချောစုသူသူက သူမအကိုအား အထင်သေး၍ ပြောလိုက်သည်ထင်ပြီး ခိုင်ခိုင်စိုးမှာ ဝမ်းနည်းစွာ ပြောလိုက်ခြင်း ဖြစ်သည်။

'ဆောရီး.... မိခိုင်က တမျိုး အဓိပ္ပါယ်ကောက်လိုက်တာကိုး သူသူက သူများပြောမှာကြောက်လို့ပါ'

'ဘာမှ ကြောက်စရာမလိုပါဘူး၊ ပြီးတော့ ခိုင်ခိုင်တို့အိမ်ဆိုတာ ကိုကိုနဲ့ကလွဲယင် မိသူတို့ အားလုံးနဲ့ ရင်းနှီးပြီးသားဘဲ မဟုတ်လား၊ မေမေက ပါအောင် ခေါ်ခဲ့ရမယ်လို့ မှာလိုက်တယ်....'

'ဟုတ်ပါတယ်ကွာ....မိသူကလဲ'

'အေးလေ....ဒါဆိုလဲ လိုက်ပါ့မယ်'

'လုပ်လိုက်လေ....ကြွာသလားလို့'

ချောစုသူသူ လိုက်မည်ဆိုမှ အားလုံးစိတ်ချမ်းသာသွားကာ သက်ပြင်းချလိုက်ကြရတော့သည်။

'ကဲ....ပြင်ကြ ဆင်ကြတော့၊ ရုပ်ရှင်လဲ ကြည့်အုံးမှာ မဟုတ်လား'

ရုပ်ရှင်ကြိုက်သည့် သန္တာစိုးက ရုပ်ရှင်ကြည့်ရန် အချိန်မမီမှာစိုးသဖြင့် လောလိုက်လေသည်။ ချောစုသူသူသည် မူလထိုင်နေရာမှ မထသေးသဖြင့် သန္တာစိုးအနား ကပ်လာ၏။ ကျန်လူများမှာ အဝတ်အစားများလဲရန်နှင့် အလှပြင်ရန် အခန်းပြန်သွားကြလေပြီ။

'မိသူ....အဝတ်လဲလေ'

'ဒီအတိုင်းသွားလဲ ရတာဘဲ'

'ပေါက်ကရတွေပြောပြန်ပြီ၊ မိသူ ဒီအတိုင်းသွားလဲ လှမှန်းသိပါတယ်၊ ဒါပေမင့် အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး လှုပ်ရှားသွားကြရတယ်မို့လား၊ ထပါကွာ.... တော်ကြာ မိခိုင်စိတ်မကောင်းဖြစ်နေအုံးမယ်'

'ဟင်း'



ချောစုသူသူသက်ပြင်းရှည်ကြီးချပြီး ထလိုက်ရသည်။ နောက် ...ဘော့ လုပ်ချင်တာတွေ မဖြစ်မှတော့ ဖြစ်ချင်တာတွေ ဖြစ် ...ဘော့ဟု လောကကြီးကို စိတ်နာလျစ်လျူရှုချင်သည့်စိတ်များဝင် ...ခဲ့ဘော့သည်။

'မိသန္တာ'

'ဘာလဲ မိသူ'

'သွားဖို့သာ လောနေတာ၊ အဆောင်မှူးကို ခွင့်တိုင်ပြီး ...ား'

'အယ်....ဟုတ်သားဘဲ၊ မိသူသတိပေးလို့ တော်ပါသေးရဲ့၊ ...ကောင်တွေက ထွက်လည်မယ်ဆိုတာနဲ့ အားလုံးမေ့ကုန်တတ် ...ာ မိသူသိသားနဲ့၊ အဝတ်အစားလဲထားနော်၊ သန္တာသွား ...ိုင်သိုက်အုံးမယ်'

ပြောပြောဆိုဆိုဖြင့် ထွက်သွားသော သန္တာစိုးကို လှမ်းဆွဲ ...က်ပြီး....

'မိသန္တာတိုင်လို့ ဘယ်ရမလဲ၊ မိခိုင်အိမ်ကိုသွားမှာဆိုတော့ ...ကို တိုင်ခိုင်းပေါ့'

'အို့ကာ....အားလုံးအဆင်သင့်ဖြစ်အောင်သာဆုပ်ထား၊နာရီ ...ာ်အတွင်း မိခိုင်တို့အိမ်က ကားလာခေါ်လိမ့်မယ်'

ချောစုံသူသူ ခေါင်းညိတ်ပြလိုက်သည်။ သန္တာစိုး ထွက်သွား ...နောက် ချောစုသူသူသည် ကုတင်ခြေရင်းရှိ သေတ္တာရှိရာ ...က်လာသည်။ ပြီးသော် အိမ်ခနေဝတ် အဝတ်အစားတစုံနှင့် ...်းသွားဝတ် အဝတ်အစားအချို့ကို ထည့်လိုက်ပါ၏။

မိခိုင်နှင့်က အတွင်းသိများဖြစ်နေ၍ အကြောင်းမဟုတ်။ ...ံ အခဖမှာ အစိုးရ အရာရှိတဦးဖြစ်၍ မြို့စုံနယ်စုံ ပြောင်း

ရွှေ့နေရသည်၊ အစက မိခိုင်မှာ အဆောင်မှရပေ။ မိဘ
နယ်ပြောင်းရွှေ့နေရသဖြင့် အဆောင်လျှောက်ရာမှ အဆေ
တွင်နေရခြင်းဖြစ်သည်။

ချောစုသူသူအနေဖြင့်လည်း မိခိုင်မိဘနှစ်ပါးနှင့် ရင်း
ကျွမ်းဝင်နေ၍ အနေမခက်သော်လည်း တခါမျှမတွေ့ဘူးေ
မိခိုင်၏အကိုနှင့် တွေ့ဆုံပြောဆို ဆက်ဆံရမည်ကို ဝန်လေးေ
၍ မလိုက်လိုခြင်းလည်းဖြစ်သည်။

ဘယ်နည်းနှင့်မဆို မိခိုင်ကတော့ သူ့အကိုကို ချစ်သူ
ချင်းများနှင့် မိတ်ဆက်ပေးမှာသေချာသည်၊ လူ့ဝတ္တရားေ
ယဉ်ကျေးမှုအရတော့ တွေ့ဆုံကြရမည်သာ။ မိယုတို့ကေ
သွက်သွက်လက်လက်ပြောဆိုတတ်၍ ဘယ်နေရာရောက်ရေ
မသိသူမရှိ ဖြစ်သွားသည်ချည်း။

ချောစုသူသူသည် နဂိုရ်ကမှ အေးဆေးတည်ငြိမ်သော မ
ကလေးဖြစ်သည်။ ထို့ပြင် ဇော်ကိုအောင်နှင့်ပတ်သက်ပြီး ခံ
မှုဖြစ်သွားရသောအခါ ပို၍ စကားနည်းသွားတော့၏။ သူ
ချင်းများက ချောစုသူသူကို နားလည်စွာဖြင့် ခွင့်လွှတ်နိုင်၍
သူမတွင် ဘော်ဒါများရှိနေခြင်းဖြစ်သည်။

'အယ်....မိသူ ခုထိဘာမှမလုပ်ရသေးဘူး'

ချောစုသူသူအခန်းထဲသို့ အားလုံး ဖိးလိမ်းဝတ်စားပြီး၍
လာယင်း တအံ့သြမေးလိုက်ကြသည်။ ချောစုသူသူသည်
ငယ်ချင်းများကို မျက်နှာချိုသွေးယင်း....

'သူသူက အဝတ်အရင်ထည့်နေတာ၊ ပြီးတော့ လျှေ
တွေးသွားမိလို့-ခဏလေးနော်'



ဘာကယ့်ကိုပင် ချောစုသူသူမှာ ခဏလေးဖြစ်ပါ၏၊ မျက်နှာ
ကိုပတ်ဖြင့် ပေါင်မှုန့်အနည်းငယ်ရိုက်လိုက်သည်။ ကျောလယ်
ရှည်၍ ဖြန့်ချထားသော ဆံပင်ကို သုံးလေးချက်ဖြီးလိုက်ပြီး
ဘောင်းမွှေးလေး မထင်ဘထင်ဆွဲကာ နှုတ်ခမ်းနီပန်းရောင်
ဆိုးလိုက်ပါသည်။ အဝတ်အစားလဲပြီးပါမှ အားလုံး ရှစ်
မျှသာကြာပါမည်။

သူတို့အလှပြင်တာ နာရီဝက်နီးပါးကြာ၍ ထွက်လာသော်
ရှစ်မိနစ်မျှသာကြာသော ချောစုသူသူ၏ ပင်ကိုယ်အလှကို
ပေ။

'မိသူက တကယ်ချောတာဘဲ၊ ဘယ်အချိန်ကြည့်ကြည့်၊ ကြည့်
နိုင်ဘူး၊ ဒါကြောင့်လဲ ကိုဇော်ကို....'

အလိုက်ကန်းဆိုးမသိ အေးအေးက ဇော်ကိုအောင် နာမည်
ပြောနေသဖြင့် ယုယုခိုင်သည် ချောစုသူသူမမြင်အောင် ဆွဲ
လိုက်ပါ၏။ ချောစုသူသူမှာ ဇော်ကိုအောင်နာမည်ကို
တစကြားလိုက်၍ မျက်နှာလေး ညိုးနွမ်းသွားသည်။အရိပ်
နှင့် အကောင်ထင်တတ်သော သူတို့အုပ်စုမှာ လူပါးများဖြစ်
အေးအေးသည် ပြတ်သွားသောစကားကို ဆက်ပြောလိုက်
သို့သော် အေးအေးပြောလိုက်သည်မှာ လျှောချ၍ပြော
သာဖြစ်ကြောင်း အားလုံးနားလည်ကြသည်။

ဘာကယ်ပြောတာပါမိယု၊ ငါသာယောကျ်ားလေးဖြစ်ယင်
ကို တချိန်လုံး အလှထိုင်ကြည့်နေမှာဘဲ' ဟူ၍ဖြစ်သည်။

-က ပသာစတာအုံးအင်လုပ်မနေနဲ့၊ ကားထွက်တော့
ယ်၊ ဒီနေ့တကာ်က မိခိုင်ပါ'

အသီးသီး-ကိုယ့်အခန်းကိုယ် သော့ခတ်ကာ ထွက်လာ သည်။

'နေပါအုံး၊ ပလာစတာအုံအင်ဆိုတာ ဘာလဲ'

သူ့ကိုချတ်သဖြင့် အေးအေးကလည်း အကြောင်းရှိက် လိုက်သည်။ ယုယုခိုင်ကပင် လူတတ်ကြီးလုပ်ကာ....

'ပလာစတာကကပ်တယ်၊ အုံအင်ဆိုတာကဖါး၊ ပလာစ နဲ့ အုံအင်ပေါင်းလိုက်တော့ ကပ်ဖါးပေါ့နှင့်ကို ကပ်ဖါး ပြောတာ'

အေးအေးက ပြုံးစေ့စေ့ဖြင့်...

'ငါသိပါတယ်၊ ဒီကောင်မောအောင် တမင်ပြောခိုင်း

သူငယ်ချင်းများနောက်ပြောင်မှုကိုသဘောကျ၍ ချေ သူမှာ ပြုံးရယ်လာတော့သည်။ ချောစုသူသူ ပြုံးရယ်လာသ သူတို့မှာ သူတို့ပြက်လုံးတွေကို အပြတ်မနေခိုက်ကာ မြင့်သွားကြပါ၏။

အမှန်တော့ ချောစုသူသူ ပြုံးခြင်းမှာ သူတို့ဟာသထက် ညစ်လွန်း၍ ကိုယ့်စိတ်ကိုယ်ပျော်အောင် ကြိုးစားပြီး လှည့် ကာ ပြုံးလိုက်ရခြင်းပင်။ ချောစုသူသူသည် သူတို့ပြောဆိုနေ ကို ကြားတချက်မကြားတချက်ဖြင့် ရပ်ကာငေးကြည့်နေ မိခိုင်ဘက်လှည့်ကာ....

'မိခိုင်....ဟိုမှာလာနေပြီ' ဟု ပြောလိုက်ပါလေသည်။

(အခန်း—ခြောက်)

'ဟိုမှာလာနေတာ မိခိုင်တို့အကိုလေ'

မင်္ဂလာဒုံလေဆိပ်တွင် လူများ ပျားအုံကို တုတ်ဖြင့်ဆွလိုက် သည့်နှယ် ကြိတ်ကြိတ်တိုးဖြစ်နေကြသည်။ နိုင်ငံခြားမှလာမည့် လေယာဉ်ပျံသည် ည(၇)နာရီတွင် ရောက်မည် ဖြစ်သော်လည်း မင်္ဂလာဒုံလေဆိပ်တွင် ညနေ(၆)နာရီလောက်ကတည်းက ကြို သည့်လူများဖြင့် စည်းကားနေပါ၏။

ချောစုသူသူတို့အုပ်စုမှာလည်း ခိုင်ခိုင်စိုးတို့မိသားစုနှင့်အတူ လေဆိပ်သို့ ပါလာခြင်းဖြစ်သည်။ မိခိုင်ပြသဖြင့် ဓါတ်ပုံထဲတွင် သာ မြင်ဖူးလိုက်ကြပြီး ဘုမသိ ဘမသိဖြင့် လိုက်လာကြသော သူတို့အုပ်စုကိုငေးကြည့်ပြီး ချောစုသူသူပြုံးလိုက်မိသည်။

တယောက်နှင့် ပတ်သက်သော ကိစ္စသည် သူငယ်ချင်း အား လုံးနှင့် ဆိုင်သည်ဟု စည်းကမ်းချက်အရသာ သူတို့မှာ သိသိ မသိသိလိုက်ပါကြရပြီးမှ ခင်သွားကြရသည်၊ ဒါက ချောစုသူသူ

ရှိအဖွဲ့လေး၏ ချစ်စရာ စည်းကမ်းဥပဒေလေးဟုပင် ပြောနိုင်ပါသည်။

ခုသည်း လေယာဉ်ပျံဆိုက်ပြီး ကိုယ့်ပစ္စည်း ကိုယ် ရွေးကာ ထုတ်လာသော လူအုပ်ကြားထဲသို့ ကြည့်နေရာမှ ခိုင်ခိုင်စိုးက လက်တို့ပြောလိုက်သဖြင့် သူတို့အားလုံး ကြည့်လိုက်မိသည်။

အနောက်တိုင်းဝတ်စုံကို သေသပ် ကျနစွာ ဝတ်ထားသော လူရွယ် တဦးကို တွေ့လိုက်ရ၏။ အသားမှာ ညိုသော်လည်း ယောကျ်ားပီသသူ ဖြစ်သည်။ အရပ် ၅ ပေ ၈ လက်မခန့် ရှိ၍ အနောက်တိုင်းဝတ်စုံနှင့် ခန့်ညားလှသည်။

ထိုလူရွယ်သည် လူအုပ်ကြားထဲသို့ မျက်စိ ဝေ့ရှာ ကြည့်ယင်းမှ ခိုင်ခိုင်စိုးတို့ကို တွေ့သွား၍ ပြုံးကာ လက်လေးမြှောက်ပြလိုက်သည်။

'အဲဒါလား မိခိုင်အကို'

'အင်း'

'မဆိုးပါဘူး၊ သားနားသားပဲ'

'ဟုတ်ကဲ့... နင့်မျက်စိထဲလှဖို့အရေးကြီးတာ'

ချောစုသူသူကိုအသာမှာထားပြီး ခိုင်ခိုင်စိုးနှင့် ယုယုခိုင်က နောက်ပြောင်လိုက်သည်။ ခိုင်ခိုင်စိုး နောက်ဆုံးစကားက ယုယုခိုင်ကိုထိသွားသဖြင့် ပါးစပ်ပိတ်ပြီး၊ မိန်းကလေးများမှာ တိုးတိုးကြိတ်ကြိတ် ရယ်လိုက်မိကြသည်။

'ဟော....မိခိုင်'

'ကိုကို'



ထိုလူရွယ်သည် မိခိုင်အနားသို့ ရောက်လာကာ ညီမကို နှုတ်ဆက်ပြီး မိခိုင်နဘေးတွင် မျက်လွှာချ၍ အောက်ငုံ့နေသော ချောစုသူသူအား အကဲခတ်သည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ ခိုင်ခိုင်စိုးသည် အစီပွါယ်ပါပါပြုံး၍....

'ဖေဖေတို့ကော တွေ့လား'

လူအုပ်နှင့် တိုးဝှေ့နေသဖြင့် ခိုင်ခိုင်စိုးကိုယ်တိုင် မိဘတွေနှင့် ကွဲသွားခဲ့ဖြစ်နေသည်။ ထို့ကြောင့်လည်း သူမ၏အကိုအား မေးခြင်းဖြစ်သည်။

'ဟင့်အင်း....ကိုကိုထွက်လာတာနဲ့ မိခိုင်ကိုမြင်တာ၊ ဒါတောင် အပြာရောင်ဝတ်စုံလေးကို ထင်းကနဲ မြင်လိုက်တာနဲ့ လှမ်းကြည့်တော့ မိခိုင်ကိုမြင်သွားတာ၊ ဖေဖေတို့တောင် မတွေ့သေးဘူး'

'ဘော်ဘော် ဟွတ်ဘဲ့ ကိုကို'

ခိုင်ခိုင်စိုးက ချောစုသူသူအား မျက်လုံး ဝင့်ကြည့်ယင်းမှ ပြုံးဖြစ်သူကို ပြောလေသော်။ သူတို့အုပ်စုထဲတွင် အပြာရောင် ဝတ်ထားသူမှာ၍ ချောစုသူသူတဦးသာ ပါသည် မဟုတ်လား။

ခိုင်ခိုင်စိုး၏ အကိုက တဲ့တိုးပြောချလိုက်သောအခါ ယုယုခိုင်တို့မှာ တယောက်ကိုတယောက် မသိမသာတို့ယင်း ချောစုသူသူအား စနေပြန်သည်။ ချောစုသူသူ မနေတတ်ဖြစ်မည်စိုး၍ ခိုင်ခိုင်စိုးက မျက်ရိပ်မျက်ခြည်ပြပြီး တားလိုက်မှ 'မီးရှူးလောင်'တို့ ငြိမ်ကျသွားကြသည်။

'အော်....ကိုကို့ကို ခိုင်ခိုင့်သူငယ်ချင်းတွေနဲ့ လူတွေ့မိတ်ဆက်ပေးရမယ်'

မိခိုင်တို့က ပြောလိုက်လျှင် အဆန်းချည်းပင်။ ခုသည်း သူငယ်ချင်းများနှင့် မိတ်ဆက်ပေးရမယ်ဆိုလျှင် ပြီးရော။ 'လူတွေ့'

ဆိုသော စကားကြောင့် 'မိဖွေလောင်'တို့ပင် မျက်လုံးဝိုင်းင
ပါ၏။

ခိုင်ခိုင်စိုး စကားကိုတော့ သူမအကိုက နားလည်သည်ဖ
ပြုံး၍ ခေါင်းညိတ်ပြသည်။

'ဒီလိုမိခကာင်တွေရဲ၊ ဒို့တွေစုပြီး ရိုက်ထားတဲ့ပုံ နင်တို့အ
တွေမှာ ကိုယ်စီရှိပြီး ခိုင်ခိုင့်ဆီမှာမရှိတာ သိတယ်မို့လား'

'သိသားဘဲ၊ ငါတို့မေးတော့ မရှိတော့ဘူးဆို'

အေးအေးက ဖြေလိုက်သည်။

'ဟုတ်သားဘဲ၊ ခိုင်ခိုင်ဆီမှာမရှိတော့ဘူးပြောတာ၊ ခိုင်ခိုင်
ကိုကို့ဆီလှမ်းစာရေးပြီး ထည့်ပေးလိုက်တာ ဓာတ်ပုံနာမည်
ရော ဘယ်မြို့ကဆိုတာတွေရော စားမာန်ခုတ်ပြီး ငတ်ငြ
များတာကအစ မိတ်ဆက်ပေးပြီးသား၊ ဒါကြောင့် အခုတွေ
တော့ လူခတ္တမိတ်ဆက်ပေးမယ်လို့ပြောတာ'

'ဟော....မိခိုင် ဒို့ကို အပိုင် ဒေါက်ဖြုတ်ဘယ်ဟေ'

သန္တာစိုးက ရယ်ရယ်မောမောနှင့်ပင် နောက်ပြောင်ပြေ
လေသည်။ သူတို့စိတ်ယဲတွင်လည်း သူငယ်ချင်း၏ အကိုမို
အကိုလို သဘောပိုက်ပြီး ပြောခြင်းလည်း ဖြစ်သည်။

ခိုင်ခိုင်စိုးက အကို့လက်မောင်းကိုကိုင်ကာ....

နင်တို့က ခိုင်ခိုင်မှ ဒေါက်မဆထာက်ထားတာ၊ပြုတ်မှာ

'ဟ...ခိုင်ခိုင့်ကို ဒေါက်ထောက်လို့မှ မရတာ'

ယုယုခိုင်က မိမိတို့ကိုချွတ်သော ခိုင်ခိုင်စိုးကိုတွယ်လိုက်သ
ကိုယ့်စကားနှင့်ကိုယ် မိသွား၍ ခိုင်ခိုင်စိုးမှာ အသံသိပ်မ
လာအောင်ရယ်ပြီး....



'တော်ပြီ....တော်ပြီ၊ အချင်းချင်း မချွတ်ကြေး' ဟု စတင်
ဆက်နက်ချလာသည်။

ဒါတောင် ယုယုခိုင်ကဝင်၍....

'အချင်းချင်း မချွတ်တတ်ကြပါဘူးကွာ' ဟု မနောက်သာ
နောက်သာ နောက်လိုက်ပြန်သည်။

သူတို့ စကားဝိုင်းတွင် တလုံးမျှမပြောဘဲ ငြိမ်နေသော
မိန်းကလေးကို လူရွယ်သည် စူးစိုက် ကြည့်လိုက် မိသည်။
သည်တော့မှ ခိုင်ခိုင်စိုးသည် ချောစုသူသူဘက် လှည့်ကာ....

'ဟော့-မိသူ....အောက်မှာဘာရှိလို့ ဒီလောက် ခေါင်းငုံ့နေ
တာလဲ၊ ကော်နီ့ မြေကြီးကသိုင်းရှုနေတာထင်တယ်၊ ဒီမှာလေ
ခိုင်ခိုင်တို့အကို'

ပါးစပ်ကလည်းပြော လက်ကလည်း ခေါင်းမော့တင်ကာ
ခိုင်ခိုင်စိုးပြောလိုက်သည်။ ချောစုသူသူမျက်လုံးနှင့် လူရွယ်၏
မျက်လုံးတို့အကြည့်ချင်းဆုံသွားပါလေ၏။

သို့သော် ချောစုသူသူက ဘာမှမဖြစ်သလို မျက်နှာလွှဲသွား
သော်လည်း လူရွယ်၏ရင်ထဲတွင် တဒိန်းဒိန်း ခုန်သွားတော့
သည်။ နိုင်ငံခြားတွင် သင်္ဘောဖြင့် နိုင်ငံပေါင်းစုံရောက်၍ လူ
မျိုးစုံ အမျိုးသမီးများနှင့် ဆက်ဆံရသော်လည်း ယခုကဲ့သို့
တခါမှမခုန်ခဲ့ဘူးပါပေ။

ခိုင်ခိုင်စိုးသည် ချောစုသူသူလက်က ဆွဲထားယင်းမှ သူငယ်
ချင်းများဘက်လှည့်ကာ....

'မိကောင်တွေ....ဒါ ခိုင်ခိုင့်အကို နေလွင်အောင်တဲ့ (B.E)
ကို အီလက်ထရီကယ်လ်နဲ့အောင်ပြီး သင်္ဘောလိုက် နေရာက
ခုမှပြန်လာတာ'

'ဟုတ်ကဲ့....အားလုံးနဲ့တွေ့ရတာ ဝမ်းသာပါတယ်'

နေလွင်အောင်က ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက်သည်။

'ကိုကို....ဘူက သန္တာစိုးတဲ့၊ သူကအေးအေး၊ သူက ယုယုခိုင်၊ ဟောဒီအလှကေရီလေးကတော့ ချောစုသူသူပါတဲ့ရှင်'

နေလွင်အောင်သည် ခိုင်ခိုင်စိုးမိတ်ဆက်ပေးတိုင်း တဦးချင်း အပြုံးဖြင့်တုံ့ပြန်လိုက်ကာ ချောစုသူသူနှင့်ကျမှ ရှန်းရှန်းစားစား စိုက်ကြည့်ယင်း....

'ချောစုသူသူနဲ့ ခုမှခင်ရပေမယ့် ကိုယ့်စိတ်ထဲမှာခင်နေဘာ ကြာပါပြီ'

'ရှင်'

ချောစုသူသူမှာ မျက်လုံးလေးများ ဝိုင်းသွားကာ နေလွင်အောင်ကို မော့ကြည့်လိုက်ပါ၏။

'အံ့သြသွားလားဟင်....မိခိုင် ခေတ်ပုံမှိုလိုက်ကထဲက ကိုယ့်စိတ်ထဲမှာ မြင်ရုံနဲ့ ရင်းနှီးခင်မင်သွားမိတယ်၊ မိခိုင်ကိုတောင် ကိုယ်စာရေးပြီး ချောစုသူသူ.... အဲ.... နာမည်ခေါ်ရတာ ရှည်တာထက် ခင်မင်ရင်းနှီးမှု မရှိသလိုချည်းဘဲ၊ ကိုယ် ချောစုလို့ ခေါ်မယ်နော်၊ ချောစုနဲ့ မိတ်ဆက်ပေးဖို့ ပြောထားတာပါ၊ မဟုတ်ဘူးလား မိခိုင်'

'ဟုတ်ဘူး'

နေလွင်အောင်က ရှေ့နေငှားကဲ့မှ ခိုင်ခိုင်စိုး စကားကြောင့် ထောင်လုံးလုံးကျသည့်ပုံသဏ္ဌာန် ဖြစ်သွား၍ ညီမ ခေါင်းကို ထုကာ....

'ကြည့်စမ်း.... ဟိုကဝယ်လာတဲ့ပစ္စည်းတွေ မပေးတော့ဘူး'



'အဲလိုမကျီစားနဲ့လေ.... မောင်နှမ အရင်းကြီးတွေ မဟုတ်လား၊ ပြေးကြည့်မှ ဒီအကိုနဲ့ နှမဘဲရှိတာ၊ ကိုကိုက လိမ်မာပါတယ်'

'ဘာလို့ညာလဲ'

'ကျီစားတာပါဆို၊ဟုတ်တယ်မိသူကိုကိုကမိသူနဲ့မိတ်ဆက်ပေးဖို့ပြောတယ်၊ ခိုင်ခိုင်က မိသူစိတ်ဆိုးသွားမှာစိုးလို့ မပြောတာ'

မောင်နှမနှစ်ယောက် အတိုင်အဖောက်ညီစွာနှင့် ချောစုသူသူအား ပြောနေကြသည်။ ယုယုခိုင်တို့က ဝင်၍ထောင်နေကြသည်။

'မိသူ-စိတ်သာဆိုးလိုက်ပေါ့၊ အခုတော့ကော မိခိုင်က မိသူစိတ်ဆိုးမှာ မကြောက်တော့ဘူးလား၊ စိတ်သာဆိုး မိသူရေ၊ ကိုယ့်စိတ်ကိုယ်ဆိုးတာ ပိုက်ဆံပေးစရာမလိုဘူး'

'ဟား....ဟား'

ယုယုခိုင်စကားကို ဘာခရယ်မဟုတ် အားလုံးကရယ်လိုက်ကြသည်။ သူတို့နှင့် နေလွင်အောင်မှာလည်း ရင်းနှီးသွားသလို ခံစားလိုက်ကြဟန် တူသည်။

ခပ်သွက်သွက် သန္တာစိုးက....

'မိခိုင်အကိုဆိုတော့ ဒို့အကိုဘဲပေါ့၊ အတော်ဘဲ ဒို့မှာခိုင်းဖို့ အကိုတယောက်ရလာပြီ၊ ကိုနေလွင်အောင်ဆိုတဲ့ နာမည်ကလဲ ရှည်တာဘဲ၊ မိခိုင်ခေါ်သလို အားလုံး 'ကိုကို'လို့ဘဲ ခေါ်ကြမယ်၊ ကျေနပ်လား ကိုကို'

နေလွင်အောင် သွားဖြူတန်းလေးများဖြင့် ပြုံးကာ ခေါင်းညိတ်ညိတ်ဖြင့်....

'ကျေနပ်ပါတယ်၊ ကိုကိုကလဲ တွက်ပြီးသားပါ၊ ကိုကို့ညီမ မိခိုင်သူငယ်ချင်းတွေဟာ မိခိုင်လို ပေါတောတော ဖြစ်မှာဘဲလို့'

'အယ်ဓော့....ကိုကိုနဲ့အဖွဲ့ မကြည်ချင်တော့ဘူး'

နေလွင်အောင်က ပျော်စေပျက်စေ နောက်ပြောင်မှန်းသိသဖြင့် သူတို့ကလည်း ပြုံးရယ်စွာဖြင့် မြှန်နောက်ဆိုက်ကြသည်၊ နေလွင်အောင်သည် သန္တာတို့နှင့်သာ စကားပြောနေသော်လည်း သူ့မျက်လုံးများက ချောစုသူသူထံက အဝဲလည်လည်ပင် ရှိနေသည်၊ မနေနိုင်သည့်အဆုံး စကားမရှိစကားရှာ၍ ချောစုသူသူကို ပြောမိလေသည်၊

'မိခိုင်နဲ့ချောစု သူငယ်ချင်းဖြစ်တာ အံ့ဩမိတယ်'

မိမိနာမည်ကို တိုက်ရိုက်တပ်၍ စကားလာပြောသော နေလွင်အောင်ကို ချောစုသူသူက အလိုက်အထိုက် စကားပြောလိုက်ရသည်၊ နဂိုရ်ကတည်းက တဖက်သားအပေါ် သနားကြင်နာတတ်၍ အားနာတတ်သော မိန်းမချောလေး ချောစုသူသူမှာ အပူရှပ်ကို ဟန်လုပ်ကာ ပျော်ရွှင်သည့်ဟန် ဖန်တီးထားရသည် မဟုတ်ပါလား၊

'ဘာလို့လဲဟင်'

ချောစုသူသူအသံလေးက အားငယ်သံ၊ နွဲ့သံပါကာ သနားစဘွယ်ကောင်းသည်ဟု နေလွင်အောင်ထင်မိသည်၊ ထို့ကြောင့် ချောစုသူသူမျက်နှာလေးကို ငေးကြည့်ယင်း....

'အော်....မိခိုင်က သွက်ဘယ်၊ ဆိုးဘယ်၊ ဗိုလ်ကျချင်တယ် ခေတ်နဲ့တန်းတူ ရင်ဘောင်တန်းနေတဲ့မိန်းကလေးနဲ့ အေးအေး



ဆေးဆေး တည်ငြိမ်တဲ့ ချောစုဘယ်လို သူငယ်ချင်း ဖြစ်သွားသလဲလို့ စဉ်းစားပြီး အံ့ဩမိတာပါ'

'ဘာဝရေစက်ပေါ့ရှင်'

သူတို့နှစ်ဦး စကားအချီအချ ပြောနေခြင်းကို ခိုင်ခိုင်စိုးမှာ ...င်းချင်း စကားပြောနေယင်းမှ မသိမသာ နားထောင်နေမိသည်၊

'ဟုတ်ဘယ်နော်....ဘာဝရေစက်ရှိလို့ တွေ့ဆုံခင်မင်ကြတယ်ဆို ... ကိုယ်ယုံသွားပြီ၊ ရေစက်ရှိယင် ဘယ်လောက်ဘဲ ဒုက္ခတွေ ... အခက်အခဲရှိရှိ တွေ့ဆုံကြရတာဘဲ၊ ပေါင်းသင်းကြရတာ ...မဟုတ်လား၊ ဘာဝရေစက်မပါယင်တော့ ဘယ်လောက်ဘဲ ...ကိုဘဲဦး တုန်နေအောင် ချစ်ကြပါစေ၊ နည်းအမျိုးမျိုးနဲ့ ...သွားဘတ်ကြတာမဟုတ်လား'

ချောစုသူသူ မျက်နှာပျက်သွားသည်၊ နေလွင်အောင်က ...အကြောင်း မသိဘဲ သူ့အယူအဆကို သူပြောခြင်းဖြစ်သော်... ချောစုသူသူမှာတော့ ဘာပြောရမှန်းမသိအောင် ဖြစ်...သည်၊

သူတို့စကားဝိုင်းကို နားထောင်နေသော ခိုင်ခိုင်စိုးကဲ ဝင်၍ ...ားဖြတ်ကာ အခြေအနေကို ထိန်းပေးလိုက်ပါ၏၊

'ဟဲ....ကိုကို ပစ္စည်းတွေရပြီလား၊ သွားကြည့်အုံးမယ်လေ၊ ...ဆောက်မှ အားလုံး အေးအေးဆေးဆေးပြော်လဲ ရတာဘဲ၊ ...တို့က ဘနင်းလာနေ့မှအဆောင်ပြန်မှာပါ'

ခိုင်ခိုင်စိုးက နေလွင်အောင်ကို အလိမ္မာနည်းဖြင့် နှင်လွှတ်...သည်၊ နေလွင်အောင်လည်း အခုမှ မိမိပစ္စည်းများကို

သတ်ိရဟန်ဖြင့် လေဆိပ်ထဲသို့ ပြန့်ဝင်သွားသည်။ နာရီ
အတွင်းမှာပင် ပစ္စည်းများဖြင့် ပြန်ရောက်လာသည်။

ထို နောက်တော့ သူတို့အားလုံး လေဆိပ်မှ ထွက်လာ
ကာ နမ်စင်းဟော်တယ်သို့ မောင်းလာခဲ့တော့သည်။ နမ်
ဟော်တယ်သို့ ဘယ်အချိန်တွင်လာမည်ဟု ပြောထားကာ အ
အဆောက်များ ကြိုတင်မှာထားသဖြင့် သူတို့ရောက်ပြီး ဆယ်
မိနစ်အတွင်း အားလုံးစတင်၍ ထမင်းဝိုင်း စ စားကြပါတော့

သီးသန့်ခန်းများရှိသဖြင့် လာရောက် စားသောက်သူ
အတွက် စိတ်ချမ်းသာမှု ရရှိပေသည်။ နေလှင်အောင်တို့ မိသ
စုအားလုံးမှာ တခန်းလုံးပြည့်သွားပါ၏။

နေလှင့်အောင်သည် သူ့အတွေ့ကြုံများထဲမှ ဟာသပြ
ပုံလေးများကို ရွေးပြောနေသဖြင့် အားလုံးမှာ ဟားကွက်
ရယ်မိကြသည်။ ချောစုသူသူသည် ပြုံးသည်ဆိုရုံလေး
သာ နှုတ်ခမ်းလေး မပွင့်တပွင့်ပေါ်လာခဲ့သည်။

ဟင်းမျိုးစုံကလည်း စားပွဲဝိုင်းအလယ်တွင် စားချင်
ရှိလှပါသည်။ ယုယုခိုင်တို့ ခိုင်ခိုင်စိုးတို့ဆိုလျှင် ခေါင်း
အောင်ကို တွတ်နေကြ၏။

နေလှင်အောင်က အားရပါးရ စားနေယင်းမှ
တယောက်ခြားတွင်ထိုင်နေသော ချောစုသူသူကို လှမ်းကြ
လိုက်သည်။ ချောစုသူသူသည် တို့ကနန်းဆိတ်ကနန်း
သာ စားနေသဖြင့် အားမရဖြစ်ကာ....

'ချောစု....ထည့်စားလေ' ဟု ပြောလိုက်မိယင်း သူ့
တွင် ထိုင်နေသော ခိုင်ခိုင်စိုးအား တတောင်ဖြင့် တွက်ယ
'မိခိုင် ထည့်ပေးလိုက်ပါအုံး' ဟု ပြောပြန်သည်။



ခိုင်ခိုင်စိုးကလည်း ချောစုသူသူပန်းကန်ထဲသို့ ချိုချဉ်ကြော်
များ ထည့်ပေးသည်ကိုပင် နည်းသည်ထင်လားမသိ။ နေလှင်
အောင်သည် ကြက်သားလုံးကြော်များကို ခက်ရင်းဖြင့်ထိုးပြီး
ခိုင်ခိုင်စိုးကို ကျော်လှန်ကာ ချောစုသူသူအား ထည့်ပေးနေပ
သည်။

နေလှင်အောင်၏ အပြုအမူကြောင့် ချောစုသူသူမှာ ရှက်
သွားခဲ့သည်။ မိဘနှင့်ပါးကဲ သိချင်ဟန်ဆောင်၍ တဖက်လှည့်
လိုက်သော်လည်း မိရွှေလောင်တို့ကမူ မရပါပေ။ တဖက်လူ
နေလှင်အောင်ကို ပြောဆိုကြတော့၏။

'ကိုကိုက ခုမှ တွေ့ကြတဲ့ ညီမတွေချည်းကိုတောင် မျက်နှာ
လိုက်တယ်'

နေလှင်အောင် မျက်နှာရဲသွားသည်။ ချောစုသူသူခေါင်းက
သွားလေပြီ။

နေလှင်အောင်သည် ချောစုသူသူ မျက်နှာလေး မှိုန်သွား
ကြသွားကာ ငုံ့သွားသည်ကို တွေ့ရသဖြင့် သနားသွားရ
သည်။ မိမိကိုယ်တိုင်က ဘာကြောင့်များ ချောစုသူသူအပေါ်
တနာပိုနေမှန်းကို မတွေးတတ်အောင် ဖြစ်သွားရသည်။

ခုတော့ မိမိ၏အပြုအမူက အားလုံးအမြင်တွင် သဲလွန်းသည်
ထင်သွားပေမည်။ မိမိကို ထင်လို့ကတော့ ကိစ္စမရှိပေ။ မိမိ
ကြောင့် ချောစုသူသူ သိက္ခာကျသွားမည်ကိုသာ စိုးရိမ်လိုက်မိ
၏။

နေလှင်အောင်သည် တဟဲဟဲရယ်လိုက်၏။ လူကြီးရှက်တော့
သည် မဟုတ်လား။ ရယ်ယင်းမှ ပြန်လည်ပြေရှင်းချက်ထုတ်
လိုက်သည်။

'ဟဲ ဟဲ....ကိုကိုမျက်နှာမလိုက်ပါဘူး၊ ကိုကို့ညီမတွေက ထင် လို့ပါ၊ ကိုကို့မျက်နှာက ကိုကို့ကိုယ်ပေါ်မှာဘဲ ရှိနေတာပေ ဘာသိမှမလိုက်သွားပါဘူး'

နေလွင်အောင်က ပျော်ပျော်နေတတ်သူ ဖြစ်သဖြင့် မိမိ 'လောင်'သည်နှင့် ပြန်၍ 'လောင်'လိုက်သည်။ နေလွင်အော စကားကြောင့် ယုယုခိုင်တို့မှာလည်း ရယ်မောယင်း တယော တမျိုး ယိုကြပါတော့သည်။

'သိပ်ဟုတ် ...အားကြီးဟုတ်....အလား လား'

ယုယုခိုင်က ခိုင်ခိုင်စိုးကို မျက်စိမှိတ်ပြပြီး ထောက်ခံချက် လိုက်သည်။ အချင်းချင်း အသားကျပြီးသဖြင့် ခိုင်ခိုင်စိုးကလည်း ယုယုခိုင်စကားကိုလိုက်၍ ပြောလိုက်ပါသည်။ ခိုင်ခိုင်စိုးစကာ မဆုံးခင်ပင် ချောစုသူသူက စားပွဲအောက်မှ ဆိတ်ဆွဲသဖြ ခိုင်ခိုင်စိုးမှာ ရှုံ့မဲ့သွားပြီး 'အသား လား'ဟု ဖြစ်သွားရတေ သည်။

သူတို့နှစ်ဦးကို ကြည့်၍ နေလွင်အောင်မှာ နှစ်နှစ်ခြိုက်ခြို ရယ်ပြီး....

'ဒါကတော့ ညီမတို့က ကိုကိုနဲ့ မဝးနေတာကိုး၊ ချောစု နေရာတောင် မယှဉ်းသေးဘူး၊ ကိုကို့ညီမတွေက မိခိုင်လို မစားနိုင် မသောက်နိုင် ဖြစ်နေတာ တွေ့ရလို့ပါ'

'ကြည့်စမ်း ...ကိုကိုနော်....ခိုင်ကို ဆွဲမထည့်နဲ့၊ မိခိုင်ဖာသ စားနိုင်တာ မနာသိုဘူ သားမေမေ ကိုကို့ကို ပြောထားအုံ ဒီနေ့ဘဲဆက်ဘယ်...သမီးကို စ,နေပြီ'

ခိုင်ခိုင်စိုး။ စားသောက်နေရာမှ အကိုဖြစ်သူကို ရန်တွေ့ယင် မှ မိခင်ကိုပါတဆက်တည်းချဲကာ တိုင်လိုက်ပါတော့သည်။



ခိုင်စိုးမိခင် ဒေါ်သိန်းသိန်းသည် သဘောကောင်းသူပီပီ းလေးညိတ်ကာ....

တ်သားဘဲ၊ သားကြီးကလဲ မစပါနဲ့၊ မေမေသမီးလေး အားအေးနေတတ်တဲ့သူမို့လား'

င်း....ကြည့်-မေမေက အမြဲတန်း ကိုကို့ဖက်ကဘဲ'

ခိုင်စိုးကိုပင် အားလုံးက ပွဲကျသွားပြန်၏။ ဒေါ်သိန်း သည် ချောစုသူသူအား ကြည့်ကာ....

ပါ....သမီးတို့ကလဲ မစကြပါနဲ့တော့၊ မေမေ့သမီးလေး သနားပါတယ်၊ တဝိုင်းလုံးမှာ မိသူအသံဘဲ ထွက်နေတာ ကြည့်တော့'

အန်တီမေမေကလဲ၊ မိသူက နဂိုရ်ကထဲက စကားနဲ့သာဘဲ

ခင်းပါ၊သားကလဲ ဒီသမီးတွေရှေ့မှာ မျက်စိနောက်အောင် နေ့ပေါ့၊ နို့မို့ဆို မိသူလေး အနေခက်အုံးမယ်'

ဘာ....မေ့မေမကလဲ'

နေလွင်အောင်က မိခင်ကိုချွဲသံဖြင့် ပြောလိုက်ပါသည်၊ မိခင် သိန်းသိန်းမှာ သားနှင့်သမီးများကိုကြည့်ကာ ပျော်တပြုံး ဖြစ်နေသည်။ သမီးသူငယ်ချင်းများကိုလည်း မိဝေးဖဝေး နေကြရသူများဖြစ်၍ မိမိသမီးကဲ့သို့ပင် ကိုယ်ချင်းစာကဲ ားမွှားခဲ့သည်သာ။

အထူးသဖြင့် စကားနည်းကာ အေးအေးဆေးဆေးတည်ငြိမ် ချောစုသူသူလေးကို ဒေါ်သိန်းသိန်းပို၍ ချစ်ခင်မိသည်။ စုသူသူရုပ်ရည်လေးမှာ မြင်ရသူကို အေးချမ်းကြည်လင်စေ ဟု ဒေါ်သိန်းသိန်း ထင်ထားသည်။

တခုကောင်းသည်မှာ သူတို့သူငယ်ချင်းအုပ်စုသည် ပျော်ပါးပါး နောက်ပြောင်တတ်၍ ပြောဆိုကြသော် တယောက်၏အတွင်းရေးကို သူတို့ကလွဲပြီး မိဘဆွေမျိုးမှ ပင် ပြန်လည်ပြောဆိုကြခြင်း မရှိပေ။

ထို့ကြောင့်လည်း ခိုင်ခိုင်စိုး၏ မိဘများဖြစ်သော ဦးလှ နှင့် ဒေါ်သိန်းသိန်းတို့ပင် ချောစုသူသူခံစားရသော ဝေဒ မှသိရှိကြခြင်းဖြစ်သည်။

တချိန်လုံးငြိမ်နေသော ခိုင်ခိုင်စိုး၏ဖခင် ဦးလှ

'စားကြည့်အုံး၊ စကားက အိမ်ရောက်မှပြောလဲရတ ဟင်းဆိုတာ ပူပူနွေးနွေးမှ စားလို့ကောင်းတာ၊ စားပြီးယ ကြစို့'

'ဟုတ်ကဲ့ဖေဖေ၊ကိုကိုလာတာအတော်ဘဲ၊မနက်ဖြန်ည 'The Sound' အဖွဲ့ သွားနားထောင်ရအောင်၊ ကို တကားခံခိုင်းရမယ်၊ ဘော်ဒါတွေ ကျေနပ်လား'

ခိုင်ခိုင်စိုးက ဖခင်စကားကို အလေးအနက်ခံယူယင်း ချင်းများဘက် လှည့်မေးလိုက်သည်။ သည်အစီအစဉ်ကို သူမှမပြောခင် တချိန်လုံး ငြိမ်နေသော ချောစုသူသူက ဦး

'သိပ်ကျေနပ်တာပေါ့၊ သူသူလဲ ကြည့်ချင်နေတာ' ဟု လိုက်သဖြင့် ခိုင်ခိုင်စိုးတို့မှာ တယောက်ကိုတယောက် မလည်စွာ ကြည့်မိကြတော့သည်။

သူတို့ အံ့ဩမည်ဆိုလည်း အံ့ဩနိုင်ပါသည်၊ အစဉ် ပျော်ပွဲရွှင်ပွဲနှင့် ပတ်သက်၍ဖြစ်စေ၊ လူမှုရေးအရဖြစ်စေ မည်ဆိုလျှင် ချောစုသူသူအား မရမကခေါ်ကြရသည်။



သည်တခါသာ သူမက ဦးစွာပြောခြင်းမို့ ကျန်သူများမှာ ဆက်ပြောရမှန်းမသိအောင် အံ့ဩသွားရခြင်း ဖြစ်သည်။ ယ်တော့ ချောစုသူသူသည် ချစ်သူ၏သီချင်းကို ဘလိုင်း ထွန်း ဘယ်ကရသည်ဆိုသည်ကို စုံစမ်းလို၍ ပိုသောချော ောင် ထပ်မံသွားရောက်လိုခြင်းပင်။

နေလှင်အောင်ကိုပင် လိုအပ်လျှင် အကူအညီ တောင်းရန် ကြ ချက်ချင်းပေါ်လာသဖြင့်လည်း စိတ်အားထက်သန် ဦးဆုံးပြောလိုက်ခြင်းလည်း ဖြစ်ပ ပေသည်။

စားသောက်ပြီးစီးပြီးနောက် ပါရမီရှိ ခိုင်ခိုင်စိုးတို့ အိမ်သို့ လာခဲ့ကြသည်၊ ည(၁၀)နာရီလောက်မှ လူစုခွဲကာ ချောစု တို့ အိပ်ရာဝင်ခဲ့ကြပါ၏၊ နေလှင်အောင်နှင့် ချောစုသူသူ ်ငုံမှာလည်း ရင်းနှီးခင်မင်လာကြ၏။

ချောစုသူသူသည် နေလှင်မှအောင်အား အလိုက်အထိုက် ားပြောခဲ့ပါ၏၊ ဒါကိုပင် နေလှင်အောင်မှာ ကျေနပ်ပီတိ သွားမှန်း ချောစုသူသူ နားလည်လိုက်သည်။

ဘဲဖြစ်ဖြစ် ချောစုသူသူသည် ပိမိသိချင်သည့်အကြောင်း ဘလိုင်းထွန်းထွန်းထံမှ သဲလွန်စ ရမည်ဟု ယုံကြည်မိပါ

ထို့ကြောင့်လည်း မနက်ဖြန်ညတွင် ဘောက်ထော်ဘောလုံး င်းတွင်ရှိမည့် 'The Sound' အဖွဲ့၏ ဂေါ်တ်ရှိုးကို သွား ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ပါလေသည်။

ည်
ကျက်
ဆောင်

(အခန်း-ခွန်)

'ချောစု'

'ရှင်'

'ဟောဒီမှာ ချောစုံအတွက် ကိုယ်ဝယ်လာတဲ့ လက်ဆော

'အို....မိသူမယူချင်ဘူး၊ မှယူပါရစေနဲ့'

ချောစုသူသူသည် ညက တော်တော်နှင့် အိပ်မပျော်
မိုးလင်းခါနီးမှ မှေးကနဲ အိပ်ပျော်သွားခဲ့သည်။ သို့သော် အ
ဆတ်သူဖြစ်၍ ဆူဆူညံညံနှင့် မိခိုင်တို့စကားသံကြောင့် လ
ခဲ့သည်။

သူမ ညက အိပ်မပျော်ကြောင်း သူငယ်ချင်းများက
အိပ်ခိုင်းသော်လည်း ချောစုသူသူ မအိပ်ခဲ့။ ဒါကြောင့် မ
ခေတွအုံကာ ငြိုးစိစိ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေခဲ့သည်။

ဓါတ်ပိုင်းမိခိုင်တို့အိမ်လည်လျှင် အားလုံးအန်တီမေမေကို
မညီခင် တပျော်တပါး ဝိုင်းကူတတ်ကြသည်။ အစုလည်း ချေ



သူသူ ခေါင်းကိုက်နေ၍ ဧည့်ခန်းထဲ နေခိုင်းကာ ယုယုခိုင်တို့
အားလုံး မီးဖိုထဲတွင် ဆူဆူညံညံဖြင့် ချက်ပြုတ်နေခြင်းကို ချော
စုသူသူ ကြားနေပေသည်။ သဲသဲကွဲကွဲ ပြောစကား မကြား
သော်လည်း အသံများကြားရခြင်းဖြစ်၏။

ထိုစဉ် ဧည့်ခန်းထဲသို့ နေလွင်အောင်ဝင်လာပြီး အထုပ်အပိုး
များကို ချောစုသူသူရှေ့တွင်ချပြီး ပြောလိုက်ပါသည်။

ချောစုသူသူစကားကြောင့် နေလွင်အောင်မှာ မျက်နှာညိုး
သွားခဲ့သည်။ ဒါကိုသူရိပ်မိပါ၏။ သို့သော် မတတ်နိုင်ပေ။

'ကိုယ့်ရဲ့ခင်မင်မှုကို အလေးထားတဲ့အနေနဲ့ လက်ဆောင်ကို
သက်ခံပါလား ချောစုရယ်'

'ဟို....ဟို....သူသူကို နေလွင်အောင်က ခင်လာနိုင်မယ်ထင်ပါ
ဘယ်၊ ဒါပေမယ့် လက်မခံပါရစေနဲ့ရှင် လက်ဆောင်ပေးမှ ခင်
တာ မဟုတ်ပါဘူး၊ ဒီပစ္စည်းတွေကို မိခိုင်ကိုဘဲ ပေးလိုက်ပါနော်'

နေလွင်အောင် ခေါင်းတရမ်းရမ်းဖြင့်....

'စိတ်မကောင်းပါဘူးဗျာ၊ ကိုယ်တကယ် စိတ်မကောင်း ဖြစ်
သွားရပြီ၊ ကိုယ့်စေတနာကို ချောစု အစိပ္ပာယ်ကောက်မှားနေ
ဘယ်၊ ချောစုကို လက်ဆောင်ပစ္စာပေးပြီး ချောစုဆီက တုံ့ပြန်မှု
အခွင့်အရေးရယူမယ်ဆိုတဲ့စိတ် ကိုယ်မှာ လုံးဝမရှိပါဘူး၊ ကိုယ်
လေဆိပ်တုန်းက ပြောခဲ့သားဘဲ၊ ဓာတ်ပုံထဲမှာ ချောစုကို မြင်
ကတည်းက ကိုယ်ခင်နေမိတာပါလို့၊ ပြီးတော့ ချောစုအတွက်ရည်
ရွယ်ပြီး ဝယ်လာတာမို့ဘယ်သူ့ကိုမှ မပေးပါရစေနဲ့ မိခိုင်အတွက်
ဘင်မကဘူး၊ ချောစု ဘော်ဒါတွေအတွက်ပါ ကိုယ်လက်ဆောင်
ဝယ်လာခဲ့တာပေါ့'

ငြိမ်၍ နားထောင်သော ချောစုကိုကြည့်ပြီး နေလှင်အောင်က ပြောလိုက်ခြင်းဖြစ်သည်။

'ကိုယ့်ကို လွန်ဘယ်ဘဲပြောပြော အထင်ဘဲသေးသေး ချော… ခွံလေးကို မြင်ကထဲက ကိုယ်ချောစုကို ချစ်နေမိတာပ… ကိုယ့်ရဲ့အိပ်ပျော်နေတဲ့ နှလုံးသားကို တိတ်တိတ်လေး ချော… တံခါးလာဖွင့်သွားတာပါ ကိုယ့်မေတ္တာအိမ်ထဲကို ဝင်လာခဲ့… လား ချောစုရယ်' ဟု စိတ်ထဲမှ ရေရွတ်လိုက်မိပါသည်။

ချောစုသူသူသည် သက်ပြင်းရှည်ကြီးချကာ မခဝခွဲတင်… အောင် ဖြစ်သွားသည်၊ တဖက်သားက စေတနာဖြင့် လိုင်… သားလာခပေးခြင်းကို အစာန်တန်ငြင်းခဲ့သော်လည်း တောင်းပ… နေသဖြင့် ချောစုသူသူမှာ ရှေ့မတိုးသာ နောက်မဆုတ်သာဖြ… နေရသည်။

'ခက်တယ် ကိုနေလှင်အောင်'

'မခက်ပါဘူးဗျာ လွယ်လွယ်လေးပါ၊ ကိုယ့်ရဲ့ ခင်မင်မှုအမှတ် တရပစ္စည်းကို လက်ခံလိုက်ရုံပါဘဲ'

'ဒါကြောင့် ခက်တယ်ပြောတာပေါ့၊ သူတပါ့ကိုလက်ဆောင် တွေ ပေးထားတာဘဲ၊ ကျေးဇူးတင်တဲ့အနေနဲ့ ငါ ပြောရမယ်ဆိုပြီး ဟန်ဆောင်ခေါ်ပြောရမှာမျိုးကို သူသူ ဝန်အလေးဆုံးဘဲ၊ သူသူကရင်ထဲက ခင်မင်လာယင် တရင်းတနှီးပြောတတ်တယ်၊ အဲ… ယုန် ဆောင်ပြီးတော့ မခင်ချင်ဘူး၊ ဒီတော့ ဝတ္တရားအရ ရင်းနှီးပြောဆိုဘာထက် ခင်မင်လို့ ပြောရတာ ပိုမကောင်းဘူးလား'

နေလှင်အောင် စိတ်ထဲမှပြုံးလိုက်သည်။ ချောစုသူသူအပေါ် လည်း ပိုအထင်ကြီးကာ လေးစားလာမိသည်။ ပွင့်လင်းသော မိန်းကလေးဖြစ်မှန်းလည်း အကဲခတ်လာမိသည်။



…ားသော်အားဖြင့် မိန်းကလေး သဘာဝအရ နိုင်ငံခြား …ား ဆိုလျှင် ခုမှဒိကတ်ကြသည် မဟုတ်လား။ ချောစုသူသူကဲ့မှ …ကြောက်အကန် ငြင်းဆိုနေပါ၏။ ထို့ပြင် အလိမ်မာနည်းဖြင့် …မခံဘဲ ပြောဆိုတတ်ခြင်းကို ပိုသဘောကျမိသည်။

နေလှင်အောင့်အဖို့ ချောစုသူသူအပေါ် ပို၍ စိတ်ဝင်စားမှု …လာခဲ့ရသည်မှာ၊ ထို့ကြောင့်လည်း ရွှန်းရွှန်းစားစားကြည့် …

'ဒါဆို....ချောစုက ကိုယ့်အပေါ် မခင်သေးဘူးပေါ့'

'ကိုနေလှင်အောင်နဲ့သူသူတွေ့တာ တရက်တောင်မှမရှိသေးပါ …ူး ဒီတော့ ကိုနေလှင်အောင်အပေါ် ဘယ်လိုမှဆုံးဖြတ်ချက် …ရသေးပါဘူး၊ မိန်းမအကိုမို့ သူသူ့အကိုလိုဘဲ သဘောထားပါ …ယ်'

မိဘက် မြားဦးမလှည့်လာရန် ချောစုသူသူက ပိတ်၍ပြော …း နေလှင်အောင် နားလည်သည်။

'မိန်းမချောလေးတွေက စကားပြောတတ်တယ် ဆိုတာ... …ည်မှာဘဲနော် ချောစု'

'သိဘူး'

'ချောစုသိပ်ပါကယ်လေ၊ ကိုယ့်နားထဲမှာ ချောစု စကားသံ …းတွေက သိပ်နားဝင်ချိုတာဘဲ၊ ချောစုနဲ့ကိုယ် ဒီနေ့မှသိကြ …ာ တရက်တောင် မပြည့်သေးဘူးနော်၊ ဒါပေမယ့် ကိုယ့်စိတ် …မှာ သိပ်ရင်းနှီးသလို ခံစားမိတယ်'

'ကိုနေလှင်အောင်သလဲ စကားပြော ကောင်းသားဘဲ'

'ဟော....တခေါက်တလှည့်မြှောက်နေကြတာ ကျေသွားပြီ …ော်'

နေလွင်အောင်သည် ခပ်ဖသာဖသာလေးပြောယင်း ငေးလိုက်ပါ၏။ ချောစုသူသူအနေဖြင့် လေးနက်စွာပြောသောစကား ပေါ်သွားစေရန် ရည်ရွယ်ပြောခြင်းသာ ဖြစ်သည်။

'အော်....ချောစု'

'ပြောပါ ကိုနေလွင်အောင်'

'အဲဒါကိုဘဲပြောမလို့'

'ရှင်....'

နေလွင်အောင်စကားကို နားမလည်၍ မျက်လုံးလေးဝိုင်းသွားကာ ချောစုံသူသူမှာ 'ရှင်'တလုံးသာ ပြောလိုက်နိုင်လေသည်။

'စိတ်ရှုပ်သွားပြီနဲ့တူတယ်'

'ဟုတ်အင်း....နားမလည်ဖြစ်သွားတာပါ'

'ချောစုံက ကိုယ့်ကိုပြောတယ်မို့လား'

'သူသူ ဘာပြောမိလို့လဲ ကိုနေလွင်အောင်'

'မိခိုင်အကိုဆိုတော့ ချောစုအကိုဘဲပေါ့လို့လေ'

သည်တော့မှ ချောစုသူသူမျက်နှာတွင် ပြုံးယောင်လေးများ သန်းလာခဲ့သည်။

'အော်.... ဒါလား ဟုတ်ကဲ့၊ သူသူ့စိတ်ထဲမှာ အဲလို ကိုနေလွင်အောင်ကို ယူဆထားပါတယ်'

နေလွင်အောင်သည် မချိသွားဖြဲရယ်ယင်း....

'ချောစုရယ်....ချောစုံက အကိုလိုဆက်ဆံချင်ပေမယ့် ကိုယ်က အကိုထက်ပိုတဲ့ ချစ်သူအဖြစ် သတ်မှတ်ချင်နေမိတယ်၊ ကိုယ်လေ မြင်မြင်ချင်းဘဲ ချောစုအပေါ် ချစ်နေပြီကွယ်၊ ချစ်ခြင်းမေတ္တာ ဆိုတာ အလျှားအနံတွေနဲ့ တိုင်းတာဖမ်းယူလို့မရသလို အချိန်



နဲ့သတ်ချက်လုပ်လို့လဲ မရအောင်ကို ဆန်းကျယ်တတ်ပါတယ်၊ မြင်မြင်ချင်း မချစ်ရဘူးလို့ ဘယ်သူကမှ တားပိုင်ခွင့်ရှိတာမျိုး မဟုတ်ပါဘူး၊ ဒီတော့ ကိုယ့်ကိုပြန်ချစ်ပါလား ချောစုရယ်၊ ကိုယ်ချစ်တာ ချောစုကိုမပြောဘဲ သိနေယင် ဘယ်လောက် ကောင်းမလဲ အချစ်ရယ်'ဟု စိတ်ထဲမှပင် ဖြစ်ချင်သည့်ဆန္ဒ များကို ပြောဆိုနေလေသည်။

နေလွင်အောင် တကယ်တန်း ပြောလိုက်မိသော စကား မှာမူ....

'ကဲ–ကြည့်....ပြောတော့ အကိုလိုဘဲ ယူဆထားတယ်ဆိုပြီး ကိုယ့်ကို ချောစုတော်ဒါတွေ့လို့ဘဲ ကိုကိုလို့ခေါ်ပါလား၊ ကိုနေလွင်အောင်ဆိုတာကြီးက ခေါ်ရတာ ဖောလဲမောတယ်၊ ပြီးတော့ ရင်းနှီးမှုလဲမရှိဘူး၊ ကိုယ့်ကို တစိမ်းဆန်သလိုကြီး မခေါ်ဘဲ တခြားကြိုက်သလိုခေါ်ပါလားဟင်'

နေလွင်အောင်မှာ စိတ်သဘောထား မြင့်မြတ်သော ယောကျ်ားဖြစ်မည်ဟု ချောစုသူသူ ခန့်မှန်းမိ၏။ နေလွင်အောင် သည် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်သည့်ပြင် နိုင်ငံတကာ ဆောက်နေ၍လား မပြောတတ်။ လူတဖက်သားကို မိမိပြောချင် သည့်စကားကိုလိမ်မာပါးနပ်စွာ နားထောင်နေသူများ အားနာ သွားအောင်ကို ပြောတတ်ပါ၏။

ခုလည်း ချောစုသူသူမှာ နေလွင်အောင်ကို အားနာသွားရ သည်။ မိမိသည် မိကောင်တွေလို နေလွင်အောင်ကို ကိုကိုဟု ခေါ်ပြောခြင်းမရှိခဲ့။ နာမည်ခေါ်ချင်ခေါ်၊ မခေါ်ချင်လျှင် နာမ်စားကိုဖျောက်ကာ ပြောလိုသည့် အကြောင်းအရာကိုသာ ပြောခဲ့သည်။

ဒါကို နေလွင်အောင်ကလည်း သတိထားမိပါ၏။ ထို့ကြောင့် ကိုယ့်စကားနှင့်ကိုယ် ချောင်ပိတ်မိသွားသဖြင့် နေလွင်အောင် စကားအကျအနကောက်ခွင့်ရခဲ့သည်။ နေလွင်အောင်ပြောသည်မှာလည်း မှန်ကန်ပေသည်။ အကိုလိုသဘောထားသည်ဆိုလျှင် မိယုတို့လို အကိုတဦးကို ညီမကပြောဆိုဆက်ဆံသလို ရဲရဲကင်းကင်း ပြောဆိုဆက်ဆံရမည် မဟုတ်ပါလား။

'ဘာတွေစဉ်းစားနေလဲ ချောစု၊ ကိုယ်ပြောတာ မဟုတ်ဘူးလား'

သူ့ကိုစကားမပြန်ဘဲ တိတ်ဆိတ်စွာထိုင်နေသော ချောစုသူသူအား နေလွင်အောင်ကပင် စကားစ၍ မေးလိုက်ပြန်သည်၊ ချောစုသူသူသည် ခေါင်းငုံ့နေရာမှ မော့လာပြီး....

'ဟင့်အင်း....မိယုတို့လို သူသူမခေါ်ရဲဘူး'

'ကိုကိုလို့ခေါ်ရဲဘူးလား'

ချောစုသူသူ နှုတ်ကမဖြေ၊ ခေါင်းညိတ်ပြလိုက်သည်။ ချောစုသူသူကတော့ သူမလုပ်ရိုးလုပ်စဉ် အပြုအမူအတိုင်း လုပ်ကိုင်ခြင်းဖြစ်သော်လည်း နေလွင်အောင်အတွက် သူမ၏လှုပ်ရှားမှုလေးက မချင့်မရဲ ဖြစ်စေခဲ့သည်၊

နေလွင်အောင်သည် ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်း၍ အားရပါးရ ချောစုသူသူကို ကြည့်လိုက်သည်။ ထိုသို့ နေလွင်အောင်ကိုယ်ခန္ဓာ ရှေ့မကိုင်းခင် မီးဖိုချောင်သို့ လှမ်းကြည့်လိုက်ရသေးသည်။ မရွှေလောင်တို့အုပ်စုက သူတို့ကိုဂရုမစိုက်ဘဲ အချင်းချင်း ပြောဆိုနေကြသဖြင့် စိတ်အေးသွားသည်။

နို့မဟုတ်လျှင် အပြတ်လောင်ခံရမည်၊ မိခိုင်က သူ့ဘော်ဒါတွေ၏ တဖက်သားအနေခက်အောင်ကို 'လောင်'တတ်ကြောင်း



သောထဲ အမြဲထည့်ရေးခဲ့သဖြင့် နေလွင်အောင် 'ကြောက်စတွန့်၊ ဆန့်တွန့်' ဖြစ်နေရခြင်းလည်း ဖြစ်သည်။

နေလွင်အောင်က သူတို့ကို ဂရုမထားဟု ထင်နေခြင်းမှာ မှားလွန်းပေသည်။ ပါးသည့်နေရာတွင် ဟိုဘက်ဒီဘက်မြင်ရအောင်ကို ပါးသော မိခိုင်တို့မှာ ချောစုသူသူထိုင်နေရာသို့ နေလွင်အောင်ရောက်ချိန်မှစ၍ အကဲခတ်နေကြခြင်းကို သူတို့နှစ်ဦးလုံး မသိကြပေ။

နေလွင်အောင်နှင့် ချောစုသူသူတို့ ပြောဆိုနေခြင်းကို သဲကွဲစွာ မကြားရသော်လည်း မြင်နေကြသည်။ ထို့ကြောင့် နေလွင်အောင် ခန္ဓာကိုယ်ရှေ့ကိုင်းလာသည်ကို မျက်စိလျှင်ပြီး အထာကျွမ်းသော မိခိုင်က မြင်၍....

'ဟေ့-ဟေ့....မိကောင်တွေ ကိုကိုနဲ့ မိသူတော့ ဘာတွေအာလူးလုပ်နေလဲ မသိဘူး၊ ကိုကို ဒီဖက်လှည့်လာမှာ သေချာတယ်၊ သူတို့ကို ဒို့ဂရုမစိုက်ဘာလိုနေကြ၊ လှည့်မကြည့်ကြနဲ့၊ ကိုကိုကြည့်နေပြီ' ဟုပြောဆိုထားလိုက်ကြခြင်းကိုတော့ နေလွင်အောင်မျှော် မသိလိုက်ပါပေ။

ဒါကြောင့်လည်း ကိုယ့်အရှိန်နှင့်ကိုယ်လိမ့်ကာ နေလွင်အောင်သည် ရှေ့ကိုင်းလာကာ....

'ဘာလို့မခေါ်ရဲတာလဲဟင်....'

'ပြောတတ်ဘူး'

'ဒါဆို ကိုလွင်လို့ခေါ်ချင်ခေါ်၊ ကိုအောင်လို့ ခေါ်ချင်ခေါ်ပေါ့၊ ကိုနေခေါ်လို့တော့ မကောင်းဘူးမို့လား'

'ကိုအောင်....ကိုအောင်'

'ဗျာ....ဗျာ'

'ရှင်....'

ချောစုသူသူသည် နေလွင်အောင်က 'ကိုအောင်'ဟု ခေါ်ပေးလာသဖြင့် ချစ်သူဇော်ကိုအောင်ကို သတိရပြီး 'ကိုအောင် ကိုအောင်'ဟု တမ်းတမ်းတတလေး ငြီးလိုက်ခြင်း ဖြစ်သည်။

နေလွင်အောင်ကလည်း သူမကို ချောစုသူသူကအဖျားဆွတ်၍ ကိုအောင်ဟုခေါ်သည်ထင်ကာ ဝမ်းသာအားရ 'ဗျာ....ဗျာ'ဟု ထူးခြင်းပင်၊ သည်တော့မှ ချောစုသူသူမှာ ဇော်ကိုအောင် အကြောင်း တွေးလိုက်မိရာမှ ပြန်လည်အသက်ဝင်လာကာအလန့် တကြား 'ရှင်'ဖြစ်သွား၏၊

'ဝမ်းသာလိုက်တာ ချောစုရယ်၊ ကိုနေလွင်အောင်လို့ ခေါ်မယ့်အစား ကိုအောင်လို့ခေါ်တာ ရင်းနှီးမှုပိုရှိတာပေါ့'

ချောစုသူသူသည် ဝမ်းသာအားရ ပြောနေသော နေလွင်အောင်ကိုကြည့်ပြီး ဘယ်လိုပြန်ပြောရမှန်း မသိတော့။ ခုမှပင် နေလွင်အောင်နာမည်တွင် မိမိချစ်သူကဲ့သို့'အောင်'ပါနေခြင်းကို သတိထားလိုက်မိတော့၏၊

'ဟင်း'

နောက်ဆုံးတော့ သက်ပြင်းရှည်ကြီးချကာ ချောလဲ့ရောထိုင် လုပ်ရန်သာ ဆုံးဖြတ်မိပါသည်။နေလွင်အောင်အား 'ကိုအောင်' ဟုခေါ်ခြင်းမှာ မိမိချစ်သူ ကိုအောင်အား အမြဲတမ်းသတိရနေ ပါသည်ဆိုခြင်းကို သက်သေပြခြင်းပါပင်။

'ချောစုက ကိုအောင်ခေါ်တော့ ကိုယ်ကလဲ ကိုအောင်လို့ ပြောရမှာပေါ့နော်'

မိန်းကလေးတွေနှင့် ပတ်သက်ပြီး ကျွမ်းကျင်မှု မရှိကြောင်း နေလွင်အောင် စကားက သက်သေခံနေသည်၊ နေလွင်အောင်



သည် သူ့ကိုယ်သူ ကိုအောင်ဟု သုံးနှုန်းရန်ပင် ခွင့်တောင်းနေ ၏၊

ဒါကိုတော့ ချောစုသူသူ ကမန်းကတန်း ငြင်းလိုက်ရသည်၊ ချစ်သူ ကိုအောင်ရှိစဉ်က 'သူသူလေးကို ကိုအောင်က သိပ်ချစ် တာ ကိုအောင်လောက် သူသူလေးအပေါ်သစ္စာရှိရှိချစ်မယ့်သူ တွေ့နိုင်ပါဘူး'ဆိုပြီး ကိုအောင်ချင်း ထပ်ကာ ပြောဆိုသံလေး များကို ပြန်လည်ကြားယောင်လာမိပြီး မျက်ရည်များ ပြည့်လျှံ လာကာ....

'ဟင့်အင်း....ကိုအောင်လို့တော့မပြောပါနဲ့၊ သူသူ တောင်း ပန်ပါရစေ'

ကောင်းကောင်း မွန်မွန် ပြောဆို နေကြရာမှ မျက်ရည်များ ကျလာကာ ငိုသံပါလေးနှင့် ပြောနေသော မိန်းမချောလေး ချောစုသူသူအား နေလွင်အောင်နားမလည်တော့။ ချောစုသူသူ ကလည်း မိမိအပြုအမူကို နေလွင်အောင်နားမလည်ဖြစ်သွားမှန်း သိသည်၊ သို့သော် မရှင်းပြတော့။

မိမိကို ဘယ်ယောကျ်ားလေးကမှ သနားကြင်နာပြီး ချစ်ခင် လာမှာကို မလိုလား၊ နားလည် ခွင့်လွှတ်လာမှာကို မလိုချင် ပေ၊

'ကိုအောင်ကလေ'ဟု စကားစ၍ ပြောခြင်းမျိုးကို ချစ်သူ ဇော်ကိုအောင်မှလွဲ၍ မည်သူ့ကိုမျှ ချောစုသူသူ ခွင့်မပြုနိုင်၊ ကြားဝင်မချိုနိုင်ပါ၊

နေလွင်အောင်မှာ မိမိစကားထဲတွင် ချောစုသူသူဝမ်းနည်း သွားစေသောက်သည့်စကား ပါသွားသည်ထင်ကာ....

'Sorry ချောစုရယ်.... ကိုယ့်စကားထဲမှာ အမှားပ ယင် Sorry ဘဲနော်၊ ချောစုမကြိုက်ယင် ကိုအောင်လို့ မခေါ်တော့ဘူး၊ ကိုယ်လေ ချောစုစိတ်ချမ်းသာတာ ပြုံးနေတာ မြင်ချင်ပါတယ်'

နေလှိုင်အောင်ထံမှ ကြင်နာယုယသံလေးများ ကြား ချော စုသူသူမှာ ရင်နာရလေပင်။ ထို့ပြင် နေလှိုင်၏ အပေါ်လည်း အားကိုးတိုင်ပင်ချင်စိတ်လေးများလည်း ဝ ခဲ့သည်။

'ကိုအောင်'

'ကိုယ့်ကိုခေါ်တာနော်'

'အော်....ကိုအောင်ရယ်၊ ကိုအောင့်ကိုမခေါ်လို့ ဘယ် ခေါ်ရမှာလဲ ဟင်'

သည်တခါတော့ ချောစုသူသူသည် နေလှိုင်အောင် အ ကြောင့် နေလှိုင်အောင် အပေါ် သနားစိတ် ဝင်လာခဲ့ နေလှိုင်အောင်မှာလည်း ချောစုသူသူ၏ ပြောင်းလဲသော အရာကို သတိထားမိလာသည်။

ချောစုသူသူတွင် အချစ်နှင့်ပတ်သက်၍ ခံစားချက်ရှိခဲ့ ဟု ထင်လာခဲ့၏။ သည်လောက်ချောမောလှပသော မိန်းက တွင် ချစ်သူရှိခဲ့ဖူးမည် ဆိုခြင်းကို နေလှိုင်အောင် အပြ ချင်ပါ။

မိမိစိတ်ဝင်စားနေမိသောမိန်းကလေးတွင်လျှို့ဝှက်စ ချက်ရှိရမည်ဟု နေလှိုင်အောင် အတွေးတစ်ပြေးရဲ့လာခဲ့သည်။ ချစ်နေမိသူလေး စိတ်ချမ်းသာမည်ဆိုလျှင် အခက်အခဲဟူ ဖြေရှင်းပေးချင်သည့် ဆန္ဒလည်း ဝင်လာခဲ့ပါ၏။ မိခိုင်ထ



ချောစုသူသူ အကြောင်းကို မေးမြန်းရန်လည်း ဆုံးဖြတ်လိုက် သည်။

ဒါကြောင့်လည်း ချောစုသူသူက သူ့ကို ခေါ်တာလား ဟု အမင်သိချင်၍ ပြောခြင်းဖြစ်၏။ နေလှိုင်အောင် ချောစုသူသူကို ခ ငေးစိုက်ကြည့်လိုက်ပြန်သည်။ သည်တကြိမ်ကြည့်ခြင်းက မြတ်နိုးယင် အပြင် ချောစုသူသူထံတွင် စူးစမ်းခြင်း၊ အကဲခတ်ခြင်းများ ပါလေသည်။

ဘာလဲ

ချောစုသူသူသည် အပြစ်ရှိသော ကျောင်းသားက ဆရာ ကြည့်ရဲသည့်ပုံစံဖြင့် ခေါင်းငုံ့သွားသလို အမူအရာမျိုးဖြစ်နေမှန်း သည်ကို တွေ့ရသည်။

တွေ့

နေလှိုင်အောင် ပြုံးလိုက်သည်။ သူ့အပြုံးက မချိသ အပြုံးမျိုး။

နဲ့ မေး

'မသိတူးလေ.... ကိုအောင်လို့ ပြောရမလား မေးပြီးကြတယ်၊ ချောစု မျက်ရည်ဝဲလာလို့'

'ဟုတ်ပါတယ်၊ အခု သူသူခေါ်တဲ့ ကိုအောင်က မိခိုင်အ ကိုအောင့်ကိုခေါ်တာပါ'

ကြည့်

'ဒါဆို ချောစုဆီမှာ တခြား ကိုအောင် ရှိသေးတယ်ပေ နော်....'

'ရှိပါတယ်....မရှိတော့ပါဘူး'

'ဗျာ....'

'နားရှုပ်သွားလား၊ ဟိုတုန်းက သူသူ သိပ်ချစ်ရတဲ့ ချစ်သူ ကိုအောင်ရှိခဲ့တယ်၊ ခုတော့ မရှိတော့ဘူးလို့ပြောတာပါ၊ ဒါပေ မယ့် သူသူ့ချစ်သူ ကိုအောင်ကို တရေးမှမမေ့ဘူး'

နေလွင်အောင်မှာ ချောစုသူသူ နှုတ်မှ ချစ်သူရှိဖူးကြောင်း ပြောဆိုသဖြင့် ဝမ်းနည်းသလို နာမြားသလို ခံစားလိုက်ရသည်၊ မိမိက မိခိုင်ကိုမေးရန် ရည်ရွယ်သော်လည်း ကာယကံရှင်ကိုယ် တိုင်က ထုတ်ပြောသဖြင့် မယုံနိုင်စရာမရှိပါပေ။

တကယ်တော့ ချောစုသူသူကလည်း နေလွင်အောင်ကို အငြ ာ်နိုင်သဖြင့် ဖွင့်ပြောလိုက်ခြင်းဖြစ်သည်။ ကြိုတင်တားဆီးသည့် သဘောပင်။ နေလွင်အောင်၏ အကြည့်၊ အပြုအမူ၊ ပြောဆို ကချိန်ချိန်တွင် မိမိဘက် လှည့်လာနိုင်မှန်း မိန်းမသား ကူးဖြင့် သိနေ၍လည်း တမင်ပြောပြခြင်းဖြစ်၏။

'ချောစု ချစ်သူက သစ္စာဖောက်သွားလို့လား'

'ဟင့်အင်း….သူတပါးကိုဝင်ကယ်ယင်း မီးထဲပါသွားတာလေ ာဘဲ၊ လိုက်သွားကြည့်တော့ လူရုပ်ကိုမပီသတော့ဘူး ဝမ်းနည်းပါတယ် ချောစုရယ်၊ ချောစုရဲ့သစ္စာတရားနဲ့ ချစ် ကြောကို ချီကျူးပါတယ်၊ အင်းပေါ့လေ အချစ်ဆိုတာ ပိုင် နေ့ခြင်းရှိသလို ပေးဆပ်လိုခြင်း၊ ခွင့်လွှတ်ခြင်းမျိုးလဲ ရှိတာ အ

နေလွင်အောင်မှာ ချောစုသူသူအပေါ် ပို၍အသနားပိုလာ ၂န် ပြည်၊ ထိုစဉ် ဧည့်ခန်းထဲသို့ မိရွှေလောင်' တို့တွေ ဆူညံ ညံဖြင့်ဝင်လာယင်း….

'ဘာတွေအာလူးများနေကြတာလဲ၊ မိခိုင်တို့ကိုလဲ ပြောအုံး ပေါ့'

'ပြောဘဲ့စကားတွေကတော့ ကုဋေကုဋာပေါ့နော် ချောစု'

'မိသူ….ခေါင်းကိုက်ပျောက်သွားပြီလား'



'အောင်မာ….မင်းသားကဲ 'ကော' သလို မပြီးသေးပါလား၊ ...င်တွေ သိပ်ဝင်နေတယ်နဲ့တူတယ်၊ ဘာတဲ့ ချောစု သိစေချင် ချောတယ်တဲ့၊ ဟား….ဟား…. ဆိုနေလိုက်တဲ့သီချင်းကလဲ ဘာအ ကို ဘာအပေါက်မှဘဲ မမိဘူး၊ ပြည်လှဖေကြီးသာကြားယင် ကိုအသံ နားထောင်ပြီး ထိုင်ငိုမှာသေချာတယ်'

'ဟင် မိခိုင် ဘယ်တုန်းထဲက အခန်းထဲရောက်နေဘာလဲ …းမလေး'

နေလွင်အောင်မှာဖီလင်ဇွတ်တက်နေသဖြင့် မိခိုင်ဝင်လာမှန်း ...င် မသိဘဲ ပြောချင်ရာပြောနေခြင်းဖြစ်၏။ ခိုင်ခိုင်စိုးကို တွေ့ သွားမှ လူမိရှက်သွားသော အသွင်ဖြင့် ခေါင်းခေါက်ရန် မေး လိုက်သည်။

ခိုင်ခိုင်စိုးမှာ မြီးလိမ်းဝတ်စားပြီး နေလေပြီ။

'ကဲ….လာပါ ထမင်းစားဖို့၊ ကိုကို့ကို စောင့်နေကြတယ်၊ ကြာလွန်းလို့ မိခိုင်လာခေါ်ရတာ'

'အေး….အေး….သွားမယ်'

သွားခါနီး နေလွင်အောင်က မှန်ကိုကြည့်ဖြစ်အောင် ကြည့် ခဲ့သေးသည်။

'ဒါကြောင့် မိသူကပြောတာ'

'ဘာတဲ့လဲ'

မိခိုင်အကို….အလှပြင်တာ သူသူထက်ပိုကြာတယ်တဲ့'

'အံမာ….သူကများပြောသေးတယ်၊ ဒီလောကလှတဲ့ မိန်းကာ လေးက အလှပြင်တာ ပိုကြာမှာပေါ့'

'နိုး….နိုး….မိသူက ပင်ကိုယ်အလှဘဲ၊ မိခိုင်တို့လိုတောင် အလှ သိပ်ပြင်တာမဟုတ်ဘူး'

'ဒါပေါ့ နင်တို့ကြိုက်သလောက် လှအောင်လုပ်ပေမယ့် ချောစုကို မမီကြပါဘူး။ ချောစုက နင်တို့ကို အိပ်စောင့်မှာပေါ့'

'ထင်လိုက်တာ ချဉ်လိုက်တဲ့ကိုယ့်ငါးချဉ်၊ လူတိုင်းဟာ ကိုယ်နဲ့ပတ်သက်တဲ့သူ ကိုယ်ချစ်တဲ့သူဆို အထင်ကြီးတတ်ကြတာ ထုံးစံပါဘဲ မဟုတ်ဘူးလားကိုကို၊ ကိုယ်ထင် ကူဘင်ခြေလေးချောင်းဘဲ....'

ခိုင်ခိုင်စိုးက အကို့ကို နောက်ပြောင်ယင်းဖြင့် မောင်နှမနှစ်ယောက်မှာ ထမင်းစားခန်းသို့ ရောက်လာခဲ့ကြသည်၊ သူတို့မိဘများဖြစ်သော ဦးလှသော်နှင့် ဒေါ်သိန်းသိန်းတို့သည် လူငယ်များလွတ်လပ်စွာ နေထိုင်ပြောဆိုရန် အားပေးသည်။ အရွယ်ရောက်ပြီးသော သားသမီးဖြစ်သည့်ပြင် ကိုယ့်ပညာနှင့်ကိုယ်မှ ထိန်းသိမ်းမှုရှိသည်ဆိုခြင်းကို ယုံကြည်၍လည်း ဖြစ်သည်။

'ဟော.... မောင်နှမနှစ်ယောက် ပေါ်တော်မူလာသေးတယ်နော်'

သူတို့ဝင်လာသည်ကို ဦးစွာမြင်လိုက်သော ယုယုခိုင်က ဆီး၍ပြောလိုက်ပါ၏။ ချောစုသူသူကို မောင်နှမနှစ်ယောက်ကညပ်၍ ထိုင်လိုက်ပါသည်။ သည်လိုဖြစ်အောင်လည်း သူတို့သူငယ်ချင်းတွေ ချောစုသူသူ မသိအောင် တိုင်ပင်ထားကြပြီးသားပင်။

ချောစုသူသူမှာ စိတ်ထဲမှ သူငယ်ချင်းများကို ကျိန်ဆဲမိပါ၏။ ညကျလျှင်တော့ သူတို့ထက်ဦးအောင် မိမိက ဘေးဆုံးနေရာကို ဦးရန်တွေးပြီး ပြုံးလိုက်သည်။



ခိုင်ခိုင်စိုးက အိမ်ရှင်ဖြစ်၍ အားလုံးပန်းကန်ထဲသို့ ထမင်းများ ထည့်ပေးယင်း....

'ဟောဒီက ကိုကိုပေါ့ ကြာနေတာ၊ ဘာလို့ကြာတယ်ဆိုတာ ပြောပြလိုက်ရမလား ကိုကို'

ခိုင်ခိုင်စိုးက နေလှင်အောင်ဘက်လှည့်ကာ ဖော်ကောင်လုပ်ရန် ခြိမ်းခြောက်တော့၏။

'ကိုကိုမှာ ပြောစရာမရှိပါဘူးဗျာ'

'စိမ်ခေါ်တယ်ပေါ့၊ ပြီးမှ ဘာ့မခတ်နဲ့နော်'

နေလှင်အောင်က ပြုံးပြုံးလေး ခေါင်းညိတ်ပြပြီး ကြက်သားဟင်းပန်းကန်ကိုယူကာ ချောစုသူသူထဲ ထည့်ပေးလိုက်ယင်း ပြောခြင်းဖြစ်သည်။

'ကြည့်....ကြည့်မျက်နှာလိုက်ပြန်ပြီ၊ လူချင်းတူတူတောင် မိသူက ကြက်သားဟင်းစားရတယ်၊ ငါတို့ကတော့ ပဲဟင်းနှိုက်တာဘဲ ကောင်းပါတယ်လေ'

တကယ့်ကိုဘဲ ယုယုခိုင်မှာ ပဲဟင်းပန်းကန်ကိုကိုင်ကာ ထည့်လိုက်သဖြင့် တဝိုင်းလုံး ပွဲကျသွားတော့သည်။ နေလှင်အောင်သည် ချောစုသူသူ ပန်းကန်ထဲသို့ ကောင်းနိုးရာရာများ ရွေးထည့်ပေးနေသဖြင့် အချင်းချင်းလက်တို့ကာ မရယ်မိအောင် ထိန်းသိမ်းနေကြရသည်။

'ချောစုစားနော်....အားမနာနဲ့'

'သူသူစားပါတယ်၊ ကိုအောင်လဲစားပါအုံး၊ ထမင်းနေရာတောင် မယွင်းသေးဘူး'

နေလှင်အောင်က ချောစုသူသူအား တယုတယပြောနေသဖြင့် ချောစုသူသူကလည်း နေလှင်အောင်မန်းကန်ကိုကြည့်ကာ

ပြန်လည်ပြောဆိုခြင်း ဖြစ်သည်။ သူတို့နှစ်ဦးပြောဆို သံကို နားထောင်နေယင်းမှ ယုယုခိုင်နှင့်သန္တာစိုးကလည်း....

'ရော့ ...မိယု....ကြက်အရိုးတွေ၊ အားမနာနဲ့နော်'

'ယုယုစားပါတယ်၊ သန္တာလဲစားအုံးလေ၊ ထမင်းပန်းကန် ပြောင်နေပြီ၊ ထည့်ပါအုံးလား' ဟု ချောစုသူသူတို့ကို ယိနေပတော့သည်။

ထမင်းဝိုင်းလေးမှာစိုပြေလှပြီး ပျော်စရာ ကောင်းလှသည်၊ တယောက်တပေါက် ပြောဆို နောက်ပြောင်ကြယင်း ဖြင့်ပင် ထမင်းစားသောက်ခြင်းကို လက်စသပ်လိုက်ကြသည်၊

ည(၇)နာရီထိုးမှ နေလွင်အောင်မောင်းလာသည့် မာဇဒ ဖင်မလီယာကာ ပြာလေးသည် ပါရမီရိပ်သာ မဥ္ဇူလမ်းအတွင်းမှ မောင်းထွက်လာခဲ့သည်။ ကားရှေ့ခန်းထဲတွင် ခိုင်ခိုင်စိုးနှင့် အေးအေးကထိုင်ပြီး ချောစုသူသူ၊ ယုယုခိုင်နှင့် သန္တာစိုးက နောက်ခန်းတွင်ထိုင်လာကြလေသည်၊

ကားလေး ထွက်လာသည်နှင့်ပင် ကားထဲရှိ ကက်ဆက်ကို နေလွင်အောင်က ဖွင့်လိုက်သည်။ ခေတ်ဟောင်းသီချင်းများကို ရုပ်ရှင်မင်းသားကိုဝင်းဦးက ပြန်ဆိုထားသည်။

'ချောစု....ဒီသီချင်းတွေကြိုက်လား'

'မဆိုးပါဘူး'

'ကိုယ်တော့ ခေတ်ဟောင်းသီချင်းတွေကို သိပ်ကြိုက်တာဘဲ'

'သိပါတယ်....ကိုကိုခေတ်ဟောင်းသီချင်း ကြိုက်တာ၊ ထမင်းစားတုန်းက ကိုကိုပြောစရာမရှိဘူးလို့ ပြောခဲ့တယ်၊ ကိုကို့အကြောင်းပြောဖို့ဟာ အခွင့်အရေးမရခဲ့ဘူး၊ ခုမှ ခေတ်ဟောင်း



င်းဆိုလို့ သတိရတယ်၊ နားထောင်ကြမလား မိကောင်

ာ....သူများအကြောင်းဆို အီဖေကိုယ်တို့က သိပ်ဝါသနာ

အေးအေးကဝင်၍ နောက်လိုက်သဖြင့် ကားမောင်းနေသည့် င်အောင်ပါရယ်မိတော့သည်။ သူ့စိတ်ထဲတွင် ချောစုသူသူ က် ပြုံးရုံတင်ပြုံ့မည်ထင်၍ မှန်ထဲမှ ခိုးကြည့်လေသည်။ လွင်အောင်ထင်သည့် အတိုင်းပါပေ။ ချောစုသူသူမှာ းလေးပွင့်ရုံလောက်သာ ပြုံးဖော်ရလာခဲ့သည်။ ချောစု င် ချစ်သူရှိခဲ့ဖူးမှန်း သိသော်လည်း နေလွင်အောင်မှာ ပြုံးအမူလေးများကို စွဲလမ်းနေမိသည်သာ။

ဲ့သွားခေါ်တာ ကြာဘယ်မှိုလား'

ဘယ်တုန်းကလဲ'

အော်....ထမင်းမစားခင်ကလေ'

အေး....ကိုကိုအလှပြင်နေတာ ကြာတယ်မို့လား'

ကလဲ တစိတ်တဒေသပါဟယ်၊ ကိုကိုမှန်ထဲ ကိုယ့်ရုပါ ကြည့်ပြီး သီချင်းဆိုဖီလင်ဝင်နေတာစောင့်နေရလို့'

င်....ကိုအောင်ကလဲ သီချင်းဆိုတတ်တယ်'

ခိုင်စိုးစကားကြောင့် ချောစုသူသူမျက်လုံးဝေးဝိုင်းသွား အံ့ဩသွားမှန်း နေလွင်အောင်မြင်လိုက်၏။ သူ့ကိုယ် ည်း 'တယ်ဟုတ်တဲ့ငါပါလား' ဟု စိတ်ဝယ် အထင်ကြီးသလို လိုက်ရ၏။

ဲ့ဆော် ခိုင့်ခိုင်စိုးစကားက နေလွင်အောင်အဖို့ ကျွတ်သွား တော့သည်၊

'ဘယ်ကလာ ကိုကိုသီချင်းဆိုတတ်ရမှာလဲမိသူ၊ လူတိုင်း စာသားရယင် သီချင်းဆိုကြတာဘဲ၊ သီချင်းဆိုတိုင်း ဆိုတတ်တယ်ပြောလို့ ဘယ်ဖြစ်မလဲ၊ ဂီတအကြောင်း နားမလည်သလို စည်းဝါးတို့၊ သံစဉ်တို့လဲမသိ၊ ဘယ်အ လဲ မိအောင်မဆိုနိုင်ဘူး၊ ဒါပေမယ့် ကိုကိုဒီနေ့ဆိုတဲ့ သီချ ကတော့ အပြတ်ကောင်းတယ်'

အားလုံး၏မျက်လုံးလေးများက နေလွင်အောင်ကို သလိုကြည့်နေကြ၏။ မိုက်တယ်ဆိုတဲ့သီချင်းက ဘယ်သီချ ပါလိမ့်ဟု သိချင်မှုန်းသိသာလေသည်။ နောက်ဆုံး ရပ်စုမ ယုယုခိုင်က မနေနိုင်၍....

'ကိုကိုက ဘာသီချင်းဆိုတာလဲ'ဟုနေလွင်အောင်ကိုမေး မါသည်။ နေလွင်အောင်မှာ တဟဲဟဲရယ်ပြီး....

'အလကား....မိခိုင်ကိုကို ကို ဒေါက်ဖြုတ်နေတာ'

'မဟုတ်ပါဘူးနော် ကဲ....ကိုကို အဝတ်အစားလဲယင်း မိုးစွေ'သီချင်း မဆိုဘူးလား၊ ရေချိုးခန်းထဲမှာလဲ 'မေ့ သီချင်း မဆိုဘူးလား'

'ဆိုသားဘဲ....ကိုကိုက အနှစ်သာရရှိတဲ့ ခေတ်ဟောင်း တွေကို ကြိုက်တာကိုး'

'အလဲ့ လဲ့....ကိုကိုကြိုက်တဲ့ သီချင်းတွေကလဲ့ ချစ်မိုး ရတာနဲ့ မမေ့နိုင်ရတာနဲ့၊ ကေန္တတော့ ဒို့ကိုကိုကြီးမှာ ထားပြီထင်တယ်'

အလိုက်မသိ သန္တာစိုးက ဝင်၍ ဖော်ကောင်လုပ်နေ သန္တာစိုးစကားကိုမှီပြီး ခိုင်ခိုင်စိုးကလည်း အကိုဖြစ်သူကို နေပြန်သည်။



ာ သက်လုံး နေလာသည့် မောင်နှမပို နေလွင်အောင် အကြောင်းကို ခိုင်ခိုင်စိုး သိပ်သိသည်၊ နေလွင်အောင် မျက်လုံး ကို ကြည့်လိုက်သည်နှင့် အကို့စိတ်တွင် ဘယ်သို့ဖြစ်နေမှန်း ပြောနိုင်ပါသည်။

ခုလည်း နေလွင်အောင်မှာ ဓာတ်ပုံကိုကြည့်၍ စိတ်ဝင်စား နေရာမှ လူကိုယ်တိုင် မြင်တွေ့ရသောအခါ ချောစုသူသူအပေါ် အပြက်ခိုက်နေမှန်း ခိုင်ခိုင်စိုးသိလေသည်၊ အရှက်ကြောက်ကြီး သော မိန်းကလေးများနှင့် ချောင်စွာ မဆက်ဆံတတ်သော နေလွင်အောင်မှာ ညီမကိုပင် မရှက်နိုင်ဘဲ ချောစုသူသူအပေါ် စိတ်ဝင်စားလွန်းနေသည် မဟုတ်ပါလား။

ချောစုသူသူကသာ နေလွင်အောင်ကိုလက်ခံမည်ဆိုလျှင် ခိုင်ခိုင်စိုးက သဘောတူလိုက်တာမှအရမ်းပင်။ ထို့ပြင် ချောစုသူသူ အား ပျော်ပျော်ရွှင်ရွှင် နေစေချင်သည်။ ဇော်ကိုအောင်ကို သူတို့သူငယ်ချင်းအားလုံး ခင်ကြသည်၊ သို့သော် သေဆုံးသွား သော ချစ်သူကို တမ်းတပူဆွေးနေရမည့် အချိန်တို့သည် ကုန်ဆုံး သင့်ပြီဟု သူငယ်ချင်းအားလုံးက လက်ခံထားကြ၏။

ဒါကြောင့်လည်း ချောစုသူသူအား စိတ်ဓာတ်စစ်ဆင်ရေး များ ပွဲလုပ်ကာ မေ့ပျောက်နိုင်အောင် ကြိုးစားနေကြခြင်း များ ဖြစ်ပါသည်။ ချောစုသူသူသည် သူငယ်ချင်းများနှင့် ပြော ဆိုနေချိန်တွင် စိတ်ပျော်သလို ခံစားလိုက်ရခြင်းမှာ ခဏမှာပင်။

ချစ်ဦးသူ ဇော်ကိုအောင်ကိုသာ ရင်ထဲ၌ တသသဖြစ်နေမိ သည်သာ။ ခုလည်း သူမစိတ်ထဲတွင် ဘလိုင်းထွန်းထွန်း သီဆိုခဲ့ သော သီချင်း 'မပြိုသောမြင့်စိုးရိ'ကြောင့် အားတက်လာခဲ့

သည်။ စိတ်ထဲတွင်လည်း ဇော်ကိုအောင်မသေဟု ယူဆလာ
သည်။

ထို ကြောင့်ပင် ဘလိုင်းထွန်းထွန်းသီဆိုမည့်နေရာသို့ မရော ရောက်အောင် လာခဲ့ခြင်းဖြစ်သည်။ ချောစုသူသူသည် ကား တွင် ဖွင့်ထားသ ကက်ဆက်သီချင်းများကို နားဆောင်ယင်း သူတို့ပြောစကားများကိုလည်း ကြားနေရသည်။

နေလွင်အောင်သည် ကားကို ဖြည်းညှင်းစွာမောင်းနေရင်း သန္တာစိုကို မကြည့်ဘဲပြောလိုက်သည်။

'ကိုကို ညီမ သန္တာက လူကဲခတ်ဆော်သွားဘဲ၊ ကိုကိုက ချ မိုးစွေချင့်ပေမယ့်လဲ မစွေရဲပါဘူးဗျာ၊ သီချင်းထဲကလိုဘဲ မျ ကိုး စောင့်စားနေရတုန်းပါ၊ ဇာတ်အားမတော့ ငယ်တာပေ ကိုကို့ကို သနားလို့ဘဲဖြစ်ဖြစ် ချစ်ယင် ကျေနပ်ပါပြီဗျာ'

'သနားလိုက်တာနော်၊ မိသူကော မသနားဘူးလား'

သန္တာစိုက နေလွင်အောင်နှင့် ချောစုသူသူကို စလိုက်သည် ကြိုက်မှရှက်ဆိုသည့်အတိုင်း နေလွင်အောင်၏ အပြုအမူများ ပေါ်လွင်နေ၍ အလွန်ပါးသည့် ယုယုခိုင်တို့အုပ်စုမှာ မပြော သိသွားကြသည်။ သူတို့ကလည်း ခိုင်ခိုင်စိုးကဲ့သို့ပင် နေလွ အောင်နှင့်ဆိုလျှင် ချောစုသူသူကို သဘောတူကြသည်။

'ဘာလို့ သနားရမှာလဲ၊ မိသူနဲ့ မဆိုင်ပါဘူးနော်'

ချောစုံသူသူ မျက်လုံးလေးများနှင့် နေလွင်အောင် မျက်လုံး လေးများ မှန်ထဲတွင် ဆုံကြပြန်သည်။ နေလွင်အောင်မျက်လုံး လေးများက ချောစုသူသူအပေါ် အသနားခံနေသလို သူ ထဲတွင် ခံစားလိုက်ရသည်။

ဆိုင်ပါဘူးနော် ကိုကို'



ယုယုခိုင်က နေလွင်အောင်ဘက်မှ ဝင်ပြောလိုက်သည်။ ချောစုသူသူက ယုယုခိုင်ကို မျက်စောင်းလေးဝင့်ကာ....

'မိယုနော်....ကိုယ့်လူသူ့ဘက်သားဇတ်တော်လှုပ်၊ကိုအောင် ရွှေ့နေခဘယ်လောက်မေးထားလို့လဲ'

'ကြိုက်တဲ့ဟော်တယ်မှာ အဝကျွေးမယ်သို့ ပြောထားလို့'

'ဒါနဲ့ ရွှေ့နေလုပ်တယ်ပေါ့'

'အင်း'

'ခတော်တော်ငတ်'

ယုယုခိုင်က နောက်ပြောင်ပြောမှန်း သိ၍ ချောစုံသူသူက ည်း ပြုံး၍စလိုက်ခြင်းဖြစ်သည်။

'ချောစု'

'ရှင်'

'ချောစုံဘော်ဒါတွေအကြောင်း ကိုယ့်ထက် ချောစုက ပိုသိ ဘဲ၊ ကိုယ်တောင် သူတို့ကို ဘေးမဲ့ပေးထားတာ၊ ချောစု ရှက် နဲ့နော်'

'သောတော်....သနားလို့လဲ မရိုးရွှေ့နေလိုက်ပေးရသေးတယ်၊ မိသူဘက်ကနေ ဒို့ကို အပြတ်ချွတ်တယ်ဟော့၊ ဒီတော့ လဲ ကျွန်စစ်သားက စောလူးမင်းကိုပစ်ထားခဲ့သလို ထား ကြစို့ မိကောင်တွေ'

'အေး ဟုတ်တယ်'

'ဂလိုမလုပ်နဲ့လေ'

နေလွင်အောင်က စနိုက်ယင်းမှ သီချင်းသံကို နည်းနည်း သိုက်သည်။ သီချင်းတပုဒ်မှာ ပြီးဆုံးသွားလေပြီ၊ နေလွင်

အောင်သည် မှန်ထဲမှ ချောမောလှန်းသည့် ချောစုသူသူကို ငေး
ကြည့်သည်။

ချောစုသူသူ၏အသားနှင့် အဝါရောင်ဝတ်စုံလေးမှာ လိုက်ဖက်လှပသည်။ လှသာညာ၏မီးရောင်အောက်တွင် အဝါရေ လှနတ်ဓိမယ်လေးမှာ လှချင်တိုင်း လှနေမည်ကို တွေး၍ နေလွင်အောင် မနာလို ဖြစ်သွားမိသည်။ ချောစုသူ ယောကျ်ားလေးများ ဝိုင်းကြည့်မည်ကိုသဝန်တိုမိသည်က အမှန်ပင်။

တဆက်တည်းတွင် မိမိက သူမနှင့် တွေ့ဆုံပြောဆိုရသည် ရက်ပိုင်းလေးနှင့်ပင် သည်မျှသဝန်တိုနေလျှင် သူမချစ်သူ ကိုအောင်ရှိစဉ်ကဆိုလျှင် များစွာသဝန်တိုမည်မှာ မုချဟု လိုက်မိပါသည်။

မိန်းမချော မိန်းမလှလေးများ၏ ချစ်သူဖြစ်ရသည်မှာ ဆင်းရဲမှု၊ သဝန်တိုမှုကို အများဆုံး ဖြစ်တတ်ကြရသည် မဟု ပါလား။

'ချောစုံ ဒီသီချင်းတွေမကြိုက်ယင် ပြောနော်၊ နောက်တ ဖွင့်ပေးမယ်'

'နားထောင်လို့ကောင်းပါတယ်'

ကားမောင်းယင်းမှ မိမိကိုလောကွတ်လုပ်ကာ မေးနေ နေလွင်အောင်ကို မှန်ထဲမှပင် ချောစုသူသူက ဖြေလိုက်သည်

'ဒီသီချင်းပြီးယင် သက်ဝေသီချင်းလာလိမ့်မယ်၊ သက် သီချင်းကိုလဲ ကိုယ်သိပ်ကြိုက်တာဘဲ၊ ချောစုသူသူကော ကြ လား'



နေလွင်အောင်က သူ့စိတ်ရှိသည့်အတိုင်း ပြောလိုက်သည်။ ချောစုသူသူသည် တွေဒတွေလေး ဖြစ်သွားပြီး နှုတ်မှလည်း သက်ဝေ....သက်ဝေ'ဟု မြည်တမ်းယင်း သူမနှင့် ဖော်ကိုအောင် ခဲ့ဖူးသောလျှောင်းဘုရားပေါ်တွင် သည်သီချင်းကို အတူ ဆိုခဲ့ပုံများကို ပြန်လည်မြင်ယောင်လာခဲ့တော့သည်။ သည် ချင်းကဲ့သို့ သူတို့နှစ်ဦးမှာလည်း အချစ်ဆုံးချစ်သူများ ဖြစ်ခဲ့ သည်ပင်။

'ဟုတ်တယ်.... သက်ဝေသီချင်းကိုတော့ မကြိုက်တဲ့သူမရှိဘူး ပါတယ်၊ ချောစုနားထောင်ဖူးတယ်မို့လား။

စိတ်ထဲတွင်ရှိတာကို စွတ်တင်နေသော နေလွင်အောင်ကို ခင်စိုးက ချောစုသူသူမဖြစ်အောင် ဆိတ်ဆွဲလိုက်သည်။ ဆက် ပြောရန် သတိပေးခြင်း ဖြစ်ပါ၏။ ဒါကိုနားမလည်သော လွင်အောင်မှာ....

'ဟာ....မိခိုင် ကိုကို့ကို ဘာလို့လာဆိတ်ဆွဲတာလဲ၊ ဒီမှာ ားကောင်းပြောနေတာ'ဟု ပြောလေသည်။

သည်တခါတော့ ဘယ်သူတယောက်မှ မရယ်မိကြ။ ချောစု သူကိုသာ ငေးကြည့်နေမိကြသည်။

ထိုစဉ် သီချင်းသံက စတင်ပေါ်လာပြီး သစ္စာတိုင်သီချင်း သည့် သက်ဝေသီချင်းကို အမျိုးသမီးက စတင်ဆိုသည်

'ကိုအောင် ကျေး—ကျေးဇူးပြုပြီး ကက်ဆက်ပိတ်ပေးပါ ားရှင်'

ချောစုသူသူ၏ တုန်ယင်သော အသံလေးကြောင့် နေလွင် အောင် အတွေးလေးများပြတ်သွားကာ တအံ့တသြဖြစ်သွားရ

သည်။ ထို့ကြောင့် ကားမောင်းယင်းနှင့် နောက်ကြည့်တဆင့် ချောစုသူသူအား အကဲခတ်လိုက်တော့သည်။

ချောစုသူသူမျက်နှာလေးသည် ဖြူဖတ်ဖြူရော် ဖြစ်နေ မျက်ရည်များဖြင့် ပြည့်လျှံနေသည်။ ယုယုခိုင်နှင့် သန္တာစိုး ချောစုသူသူ၏ အေးစက်နေသော လက်လေးများကို ကိုင်ယ

'မိခိုင် ကက်ဆက်ပိတ်လိုက်လေ'

ကက်ဆက်သံ တိတ်သွားလေပြီ။ ချောစုသူသူသည် မျက် များကို လက်ကိုင်ပဝါဖြင့် သုတ်နေပါ၏။ သူမ၏ချစ်စရာကို လေး တချက်ချက် သိမ့်ကနဲ သိမ့်ကနဲ ဖြစ်သွားသဖြင့် ချော သူသူ အသံမထွက်ဘဲ ရှိုက်ငိုနေမှန်း နေလွှင်အောင် အဖြင့် သက်ပြင်းကိုချလိုက်ပါ၏။ စိတ်မကောင်းလည်းဖြစ် ရသည်။

နေလွှင်အောင်သည် မိမိစကားထဲတွင် ချောစုသူသူဝမ်း လောက်သည့် မေးခွန်းမျိုးပါသွားသည်ဆိုခြင်းလောက်သာ လည်လိုက်သည်။

'ကိုယ်စိတ်မကောင်းပါဘူး၊ ကိုယ့်ကြောင့် ချောစု ရပြီ'

နေလွှင်အောင်မှာ လှပချောမော့သော ချောစုသူ မိန်းကလေးတယောက်ကဲ သူ့ရှေ့တွင်ငိုနေသဖြင့် ဘာလုပ် မှုသိအောင်ကို ကြောင်သွားသည်။ စောစောပိုင်းက ရယ် မောမောနှင့် ပျော်ရွှင်နေမှုမှာ အခုတော့ ငိုရှိုက်မှုဖြစ် သဖြင့် နေလွှင်အောင် စိတ်မကောင်းဖြစ်နေခြင်းပင်။ ထို့ကြေ လည်း ချောစုသူသူကို တောင်းပန်လိုက်ခြင်း ဖြစ်သည်။

ချောစုသူသူသည် မျက်ရည်များကိုသုတ်ယင်း....



'ကိစ္စမရှိပါဘူး ကိုအောင်၊ သူသူ့ဒဏ်ခံကိုက သူသူ့ချစ်သူနဲ့ပတ်သက်တဲ့ အကြောင်းလေးတွေ လာတိုက်ဆိုင်တိုင်း ငိုနေရတာပါ၊ လူတွေမသိအောင် သူသူ့ 'ရင်ထဲမှာငိုနေခဲ့ရတာ' ကြာပါပြီ၊ ကိုအောင်ကြောင့် မဟုတ်ပါဘူး။ ကိုအောင်ကို ကိုအောင်လို့ခေါ်တာကလဲ သူသူ့ရင်ထဲမှာ ချစ်သူ ကိုအောင် ဆိုတာ အမြဲရှိနေလို့ပါ၊ သူသူ့ကို ခွင့်လွှတ်ပါနော်၊ တစိမ်းယောကျ်ားလေးရှေ့မှာ သူသူ့မျက်ရည်ကျမိသွားတယ်'

နေလွှင်အောင်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး ခေါင်းကို ဖြေးလေးစွာငုံ့လိုက်မိသည်။ သူ့ရင်ထဲတွင် စိတ်မကောင်းလည်း ဖြစ်သွားရသည်၊ ဘာဘဲဖြစ်ဖြစ် ချောစုသူသူနှင့်ပတ်သက်၍ အနစ်နာခံစရာရှိလျှင် သူသာ အနစ်နာခံရန် ဆုံးဖြတ်မိသည်။

ချောစုသူသူ၏ ချစ်သူအပေါ် သစ္စာတရား ကြီးမားပုံကို မြင်လေ နေလွှင်အောင်မှာ ချောစုသူသူကို လေးစားလေ ဖြစ်သွားရသည်။ ချောစုသူသူစိတ်ချမ်းသာမှုကို သူတတ်နိုင်သာ ဆိုလျှင် နေလွှင်အောင်ကူညီပေးရန် ဝန်မလေးပါပေ။

နေလွှင်အောင်အနေဖြင့် ခံယူထားချက်မှာ အချစ်ဆိုတာ ခွင့်လွှတ်အနစ်နာခံခြင်း ဟုပင် ဖြစ်ပေသည်၊ ကားထဲတွင် အသီးသီး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားသည်။ မကြာမီမှာပင် တီဝိုင်းအဖွဲ့ရှိသည့် တောက်ယော်သို့ ရောက်လာခဲ့သည်။ သည်တော့မှ အသီးသီး သက်ပြင်းချကြယင်း ခိုင်ခိုင်စိုး ကပင်....

'ပြီးခဲ့တာတွေ မေ့လိုက်ကြစို့၊ စိတ်မကောင်းဖြစ်နေယင် ကိုယ်ဘဲခံစားကြရမှာ၊ အားလုံးပျော်ချင်လို့လာကြတာ၊ ပျော်

ပျော်တဲ့ကြည့်ကြစို့၊ လာမိသူ မိခိုင်တို့အထဲဝင်ကြစို့၊ တီးဝိုင်းအဖွဲ့တောင် စချိန်နီးနေပြီ'

နေလွင်အောင်က ဂီတာတံခါးများကို သေချာစွာပိတ်ပြီး သော့ခတ်ခြင်း ကားအပ်ခြင်းပြီးသည်နှင့် သူတို့ အထဲဝင်ခဲ့ကြတော့သည်။

ညီ(၇)နာရီခွဲလျှင် တီးဝိုင်းစကာ တယောက်ပြီးတယောက် ခလှည့်ကျသီဆိုကြတော့သည်။ (၇)ယောက်မြောက် သီဆိုပြီးသည်နှင့် ဘလိုင်းထွန်းထွန်းအလှည့် ရောက်လာခဲ့သည်။

အညီညွှတ်မှု ဘလိုင်းထွန်းထွန်း တကိုယ်လုံးတွင် အဖြူရောင်များဝတ်ဆင်ထားသည်။ သူ့ကိုတွဲပို့ပေးသော အမျိုးသမီးလေးမှာ ဘလိုင်းထွန်းထွန်းကို နေသားတကျ ထားပေးပြီးသည်နှင့် စင်မြင့်ပေါ်မှဆင်းသွားသည်။

ထုံးစံအတိုင်း ဘလိုင်းထွန်းထွန်းက ပြောဆိုနေသည်။ သန္တာစိုးနှင့် ခိုင်ခိုင်စိုးတို့သည် တယောက်ကိုတယောက်လက်တို့၍....

'ဟေ့....ဘလိုင်းထွန်းထွန်းကို တွဲလာပို့တဲ့ အမျိုးသမီးက သရဖီဆောင်မှာကြည့်တုန်းက လာပို့တဲ့အမျိုးသမီးတဲ့ မဟုတ်လား....'

'အေး....ဟုတ်တယ်၊ သန္တာလဲကြည့်နေတာ'

သူတို့အားလုံးကိုနေလွင်အောင်က ၂၅ ကျပ်တန်းကပြသည်၊ (ဘီ)တန်းတွင်ထိုင်ရသဖြင့် စင်မြင့်နှင့် များစွာနီးကပ်သည်၊ သည်ဘက်အစွန်တွင် မအေးအေးကထိုင်ပြီး အေးအေးနားတွင် ယုယုခိုင်၊ ယုယုခိုင်နားတွင်သန္တာစိုး၊ ပြီး ခိုင်ခိုင်စိုး၊ ချောစုသူသူနှင့် နေလွင်အောင်တို့ ထိုင်ကြခြင်းဖြစ်သည်။နေလွင်အောင်ဘေးတွင် ယောကျ်ားလေးများရှိ၏။



ချောစုသူသူသည် သူတို့စကားကိုနားစွင့်ယင်းနှင့် စဉ်းစားပြန်သည်။ အိမ်တုန်းကသော သူငယ်ချင်းတွေအကြောင်းသိ၍ အကွက်ချသလိုမဖြစ်အောင် ကြိုတင်ဦးစွာဝင်ပြီး ထိုင်ရန်တ်ခဲ့သော်လည်း စိတ်မကောင်းစွာ ဖြစ်သွားသဖြင့် သတိားလိုက်မိတော့။ သည်တော့ နဘေးတွင် နေလွင်အောင်ထိုင်ရတော့သည်။

နေလွင်အောင်ရှေ့တွင် သူမကနေရာသဲရန်ပြောလျှင် မသင့်ာ်၊ နေလွင်အောင်အပေါ်ရှိုင်းရာ၊ မယုံကြည်ရာ ရောက်မှာ အားနာပြီးနေလိုက်ရသည်၊ စိတ်ထဲမှာတော့ မိခိုင်တို့ ါ် မကျေနပ်ချင်။

သို့သော် ခိုင်ခိုင်စိုးတို့ပြောစကားကိုတော့ နားစွင့်နေမိသည်။ ချောစုသူသူကဲ့သို့ ရှေ့တန်းမှထိုင်နေသော မိန်းမဝကြီးမှာ ာစိုးတို့ပြောသံကိုကြားပြီး နောက်လှည့်လာကာ....

'ဘသိုင်းထွန်းထွန်းကို ဒီကလေးမလေးက အမြဲ ကြည့်ရှုင့်ရှောက်နေတော့ ငါတို့မက အမြဲတွေ့နေတာ မဆန်းဘူး'

ခိုင်ခိုင်စိုးနှင့်သန္တာစိုး တယောက်ကိုတယောက် ကြည့်လိုက်သည်၊ အဝိုပ္ပါယ်မှာ ထိုမိန်းမကြီးက သိလားဟု မေးကြခြင်းသည်။ ခိုင်ခိုင်စိုးက ခေါင်းခါသလို သန္တာစိုးကလည်း ါင်းခါပါ၏။

ချောစုသူသူသည် ထိုမိန်းမကြီးဝတ်စားထားပုံကို ကြည့်၍ည်းရှိသောမိန်းမကြီးမှန်း အကဲခတ်မိ၏၊ ထို့ပြင် ထိုမိန်းမကြီးသိုင်းထွန်းထွန်းအကြောင်းကို ပြောချင်ပုံရသည်ဟု ထင်၍ ာစုသူသူက ထိုမိန်းမကြီးရှေ့ ပြန်မလှည့်ခင်မှာပင်....

'အန်တီက ဘလိုင်းထွန်းထွန်းနဲ့ ရင်းနှီးတယ်ထင်တယ်၊
ဟိုအမျိုးသမီးကဲ ဘလိုင်းထွန်းထွန်းနဲ့ ဘာတော်ပါသလဲ
ဟု ချိုသာစွာ မေးလိုက်သည်။

'အန်တီက ဒီပွဲရှုံကိုထိုင်ကြည့်ပါ ဘဘလိုင်းအဖွဲ့ကို အန်တီ
ငှားတာပေါ့၊ ဘလိုင်းထွန်းထွန်းနောက်လိုက်ပြီး ကြည့်ရှု
အမျိုးသမီးက ဘလိုင်းထွန်းထွန်းနှမလေးပါကွယ်'

'အော်'

ချောစုသူသူက 'အော်'ဟု အာမေဋိတ်သံပြုလိုက်သ
ခိုင်စိုးက သန္တာစိုးကို တိုးတိုးလေး....

'တော်ပ သေးရဲ့မိသူကမေးတတ်လို့ ငါက ဘလိုင်းထွန်း
မိန်းမလားလို့ မေးလိုက်တော့မလို့'ဟု ပြောသံလေးကို
သူသူကြားပြီး ပြုံးလိုက်မိသည်။

ဘလိုင်းထွန်းထွန်းမှာ စတိတ်ပေါ်တွင် သီချင်းများကို
ငင်ငင်ဖြင့် ဆိုနေပါလေ၏။ ခိုင်ခိုင်စိုးတို့က ဘလိုင်းထွန်းထွ
အာရုံရောက်သွားကြသော်လည်း ချောစုသူသူက မူ ရှေ့မှ
ကြီးကို သူသိချင်သည့် ဘလိုင်းထွန်းထွန်း လိပ်စာကိုသာ
နေသည်။

လူ့သဘာဝကို ဂနာမည်ကြီးလာပြီဆိုလျှင်ထိုလူ့အကြေ
ကို သိလျှင်ဖြစ်စေ၊ ငင်မင်ရင်းနှီးလျှင်ဖြစ်စေ ဂုဏ်ယူပြီ
ဆိုချင်တတ်ကြသည်။ အခုလည်း ထိုမိန်းမကြီးသည် ဘ
ထွန်းထွန်းအကြောင်း ပြောချင်နေသည့်အချိန်နှင့် ချောစု
က စုံစမ်းသည်နှင့် အခွင့်အရေးကြုံသောအခါ သီချင်းထက်
အကြောင်းကိုသာပြောနေတော့သည်။ စူဠလိပ်ကြီးကို ရေ
လိုက်သကဲ့သို့ပင်။



'ဘလိုင်းထွန်းထွန်းလိပ်စာ အန်တီသိပါသလား'

'သိပါပလားကွယ်၊ ဘလိုင်းထွန်းထွန်းနဲ့လဲ ရင်းနှီးတာပေါ့
အကြောင်းမလှလို့ မျက်စိမမြင်ပေမယ့် စိတ်သဘောထား ဖြူ
င်တဲ့သူငယ်လေးပါ၊ မာနကြီးခြင်း၊ ခဏ်ထန်ခြင်း လုံးဝမရှိဘူး၊
သူ့အိမ်သွားယင် လာလည်တဲ့ ဧည့်သည်ကို အားနာသွားရ
အောင်ကို ဖော်ရွေတယ်၊ သူ့နှမလေးဆိုတာကလဲ့ အကို့ကို
အိုပ် တကြည့်ကြည့်နဲ့ ဂရုစိုက်နေတာဘဲ၊ သူ့တူမလေးကလဲ
တွားတတ်လိုက်တာ လွန်ပါရော'

ချောစုသူသူစိတ်ထဲကြိတ်၍ ပြုံးလိုက်သည်။ သူမသိချင်သည်
ဘလိုင်းထွန်းထွန်းလိပ်စာ။ ထိုမိန်းမကြီးကတော့ ဘလိုင်း
ထွန်းထွန်း မိသားစုနှင့် မည်မျှ ရင်းနှီးကြောင်းကို သိစေချင်၍
ခါမှမတွေ့ဖူးသော ချောစုသူသူတို့အပေါ် ကြွားလုံးထုတ်နေ
ခြင်းကို သူမ ပြုံးလိုက်မိခြင်းဖြစ်သည်။

ဘာဘဲဖြစ်ဖြစ် ထို မိန်းမကြီး ပြောသောစကားကို ချောစု
သူသူ သည်းခံနားထောင်လိုက်သည်။ ခိုင်ခိုင်စိုးတို့မှာမူ ရှုံ့မဲ့
ပြီး စိတ်ညစ်နေကြသည်။ ထိုမိန်းမကြီးက စင်ဘက်ကို ကျော
ပေးပြီး လှည့်ပြောနေခြင်းဖြစ်၏။

'အဲ....သူတို့မောင်နှမကံကလဲ သနားစရာလေးပါ၊ အကိုက
မျက်စိမမြင်သလို ညီမကလဲ့ ကလေးတယောက် ရပြီးမှ သူ့
ယောကျ်ားမျာ တိုက်ပွဲမှာ ကျသွားရှာတာ'

'အော်....ကျွတ်....ကျွတ်'

ခိုင်ခိုင်စိုးက မိန်းမကြီး စကားများ၍ ကောင်းကောင်းနား
မထောင်ရသောကြောင့် အရွဲ့တိုက်ပြီး စုတ်သပ် ပြောလိုက်

သည်၊ မိန်းမကြီးမှာမူ သူပြော၍ ခိုင်ခိုင်စိုး သနားသွားသည် ထင်ကာ....

'ဟုတ်ဘယ် အန်တီတို့လဲ သနားလို့ သူတို့မောင်နှမကို အ ပေးတဲ့အနေနဲ့ ငှားနေကြတာပေါ့'

'ဘလိုင်းထွန်းထွန်းတို့ကလဲ ဘော်လို.... လူကြိုက်များလို့ပ လူလာမကြည့်ယင် ဘယ်ကံထရိုက်တာကမှ သနားလှချည်ဆို အရှုံးခံမငှားကြပါဘူး'

'အို....မိခိုင်'

ခိုင်ခိုင်စိုး စကားကြောင့် ထိုမိန်းမကြီးမှာ အိုးတိုး အန်း ဖြစ်ပြီး ရှေ့ပြန်လှည့်ရမလို၊ ဆက်ပြောရမလို ဖြစ်သွားသည် ကြားထဲမှ ချောစုသူသူခမျာ အားနာ၍ ထိုမိန်းမကြီးကိုတော ပန်ရသည်။

'ဘယ်လိုမှစိတ်မရှိပါနဲ့ အန်တီ၊ သူသူ့သူငယ်ချင်းက စကား ပြောမဘတ်လို့ပါ၊ ဒါနဲ့ အန်တီ ပေးမယ်ဆိုတဲ့ လိပ်စာလေး များ'

'အေး အေး....ဘဏ္ဍာဆိုလ်ရိပ်သာလမ်း၊ အိမ်နံပါတ်(........) မှာ ငှားနေတယ်'

'ကျေးဇူးတင်ပါတယ် အန်တီ'

မိန်းမကြီးရှေ့ပြန်လှည့်သွားသည်၊ တစက်ကလေးမှ စောင် ၍ နောက်မလှည့်ကြည့်တော့၊ ခိုင်ခိုင်စိုးကဲ ချောစုံသူသူ လက်တို့၍ မိန်းမကြီးကို မေးငေါ့ပြကာ လက်မထောင်ပြလိုက် ယင်း....

'နေပါဦး-မိသူက ဘလိုင်းထွန်းထွန်းလိပ်စာတွေ ဘာဖြ စုံစမ်းလို့ပါလား'



'အကြောင်းရှိလို့ပေါ့'

ချောစုသူသူမှာ စင်မြင့်ပေါ်မှ ဘလိုင်းထွန်းထွန်းကို လှမ်း ကြည့်လိုက်ပြီး ခိုင်ခိုင်စိုးအမေးကို ဖြေလိုက်သည်၊

'ဘာအကြောင်းလဲ၊ မိခိုင်တို့ကော မသိရဘူးလား'

'သိရပါတယ်၊ သူသူသွားယင်လဲ မိခိုင်တို့ကို ခေါ်သွားမှာ ဆိုတော့ မိခိုင်တို့ကိုပြောပြမှာပါ၊ ပြီးတော့ ကိုအောင်ဆီကလဲ အကူအညီတောင်းရမှာဘဲ'

သူတို့ပြောသမျှကိုသာ တချိန်လုံး နားထောင် အကဲခတ်နေ သော နေလွင်အောင်မှာ မိမိဘက်လှည့်၍ ချောစုသူသူပြော သော စကားကြောင့် ပြုံးကာ....

'ချောစုအတွက်ဆို ဘာမဆို ကူညီဖို့အဆင်သင့်ပါ'

'ကျေးဇူးပါဘဲ ကိုအောင်၊ ခုဟုတ်သေးပါဘူး၊ နောက် တတ်တနင်္ဂနွေနေ့မှပါ'

'တယောက်ထဲ ဘာတွေစာရင်းရှုပ်နေတာလဲ့ မိသူရယ်'

ခိုင်ခိုင်စိုးက ညည်းညည်းတွားတွားလေး မေးလိုက်ပါသည်၊ ထိုစဉ် သီချင်းတပုဒ်ဆုံး၍ ဘလိုင်းထွန်းထွန်းက....

'ခုတခါကျနော်သီဆိုမယ့်သီချင်းကတော့ 'မပြိုသောမြင့်မိုရ် အဲခင်ဗျာ'

'မိခိုင်'

'ဟင်'

'ဒီသီချင်းကို သေချာနားထောင်နော်'

'ဘာလို့လဲ'

'နောက်မှပြောမယ်'

ဘလိုင်းထွန်းထွန်းက ရှေ့တည့်တည့်သို့ အာရုံစူးစိုက်ပြီး ချင်းကို စတင်သီဆိုတော့သည်။

မြေ....နဲ့....ဖား....မဟုတ်ပါ
သမင်....နဲ့....ကျား....မဟုတ်ပါ
နေ....နဲ့....လပမာ
မေတ္တာ....ဆိုတာ....အသဲနှလုံးကပါ
ချစ်သူကိုတွေ့ယင်....ကြည်နူးမိတာ....
ချစ်သူနဲ့....ကွေကွင်းသည့်အခါ....ဆင်းရဲခြင်းပါ
'သူမလေး ကို ချစ်တာ....အသဲတနင့်ပါ
မြင့်မိုရ်ဆိုတာ မပြိုပါ၊
'ထွန်း'မေတ္တာ....ဘယ်သောအခါမှ မအိုပါ....။

သည်သီချင်းကိုနားထောင်ရသည်မှာ နှစ်ခါရှိသေပြီ။ချော သူသူမှာ နှစ်ခါစလုံး ရင်ထဲမှ ငိုနေရပါ၏။ အခုလည်း သီချ သံပြီးသည်နှင့် ရှိုက်သံလေးရောကာ ခိုင်ခိုင်စိုးအားကြည့်၍

'ဒီသီချင်း ကြားဖူးလား'

'ကြားဖူးသားဘဲ၊ သရဖီဆောင် Dinner တုန်းကမှ သ သီချင်းကို စဆိုတာတဲ့၊ ဒီသီချင်းပြီးတာနဲ့ မိသူတောင် ထ လာတာမဟုတ်လား'

'မှတ်မိသားဘဲ'

'ရှေ့ဦးနှောက်ပါဆို'

ချောစုသူသူ သက်ပြင်းလေးချလိုက်သည်။ဘလိုင်းထွန်းထွ ကတော့ သူ့အလှည့်တွင် တပုဒ်ပြီးတပုဒ် သီဆိုနေပါသည်



'ဒီသီချင်းကြောင့်ဘဲ သူသူ ဘလိုင်းထွန်းထွန်းနဲ့ တွေ့ချင်

'ဘာဆိုင်လို့လဲ'

'သိပ်ဆိုင်တာပေါ့၊ ဒီသီချင်းက ကိုအောင်ကိုယ်တိုင် သူသူ့ က် သီးသန့်စပ်ခဲ့တဲ့ သီချင်းမို့ပေါ့'

'ဟင်....'

ချောစုသူသူစကားကြောင့် ခိုင်ခိုင်စိုး အံ့အားသင့်သွား ၊ စိတ်ထဲတွင်လည်း မယုံဘဝက် ယုံဘဝက်ဖြင့်....

'ဟုတ်ရဲ့လား မိသူရယ်'

'ဘာလဲ—သူသူကို အရှူးထင်လို့လား၊ ဒီသီချင်းနဲ့ပတ်သက် ခိုင်တို့ကိုတောင် အသိမပေးဖို့ သူသူဘို့ တိုင်ပင်ခဲ့လို့ မသိ ာ'

'ဒါ—ဒါဖြင့်....ဘလိုင်းထွန်းထွန်း'

ခိုင်ခိုင်စိုးက စကားမဆက်ဘဲနှင့် ချောစုသူသူသည် ခိုင်ခိုင် အား ဆိုလိုမှန်းသိ၍...

'ဟုတ်တယ် ဘလိုင်းထွန်းထွန်း ဒီသီချင်း ရပုံကိုသိရယင် အောင့်အကြောင်းလဲ သူသူဘို့သိ ရမယ်၊ သူသူစိတ်ထဲ အောင်မသေဘဲ တနေရာရာမှာ ရှိမယ်ထင်တယ်၊ ဒါကြောင့် ိုင်းထွန်းထွန်းဆီမှာ စုံစမ်းဖို့ သူသူ့လိပ်စာမေးတာဘဲ'

'ဘလိုင်းထွန်းထွန်းက ပြောပြပါ့မလား'

'ကိုအောင်လက်ရေးနဲ့ရေးထားတဲ့ မူရင်း သီချင်းစာသားရှိ ဒါကို သူ့နှမကို ပြရမှာပေါ့'

'မိသူ ဆန္ဒသိပ်ပြင်းပြနေယင် သွားကြတာပေါ့၊ လိပ်
ရနေပြီဘဲ၊ ခုတော့ ပြီးတဲ့အထိ ကောင်းကောင်းကြည့်
နေ'

နေလွင်အောင်သည် စိတ်ထားထက်သန်စွာ ပြောနေ
ချောစုသူသူအား ခိုးကြည့်ပြီး သက်ပြင်းအခါခါချမိလေ
ချောစုသူသူထံမှ ကိုယ်သင်းရနံ့ကလဲ နေလွင်အောင်နှ
ရောက်ရောက်လာပါသည်။

နေလွင်အောင်အခြေအနေမှာ ခြင်းကြားစွပ်ပြီး ကော
ပါးတွင် ခုညထား၊ထား နွားကဲ့သို့ပင်ဖြစ်နေသည်ဟု
ပုံပြမိသည်၊

The Sound တီးဝိုင်းမှာ ည (၁၂) နာရီတွင် ပြီ
လသည်၊ ထိုနောက် သူတို့အားလုံး လူရှင်းစောင့်ပြီး က
ခန်လာခဲ့ကြသည်။ ချောစုသူသူနှင့် နေလွင်အောင်မှာ
လျှောက်လာရာမှ နေလွင်အောင်က တိုးတိုးလေးဖြင့်....

'ချောစု'

'ရှင်'

'ကိုယ့်ကို မဆန်းဘူးလားဟင်'

'ရှင်'

'ချောစု ကားပေါ်တုန်းကပြောသလိုပါဘဲ၊ ကိုယ်နဲ့
က မဆိုင်ပါဘူး၊ ချောစုက မဆိုင်ဘူးယူဆပေမယ့် က
ဆိုင်ချင်တယ်ဆိုယင် ချောစုဘယ်လိုဖြေမလဲဟင်'

'ကိုအောင်ရယ်'



နေလွင်အောင်ကဲ ချောစုသူသူကို တမင်အကဲခတ်ရန် မေး
လိုက်သည်၊ ချောစုသူသူမှာ ပထမ မှင်သက်မိသလိုဖြစ်သွားပြီး
နောက် 'ကိုအောင်ရယ်' ဟု တမ်းတလိုက်သည်။ ချောစုသူသူ
တမ်းတသည့် 'ကိုအောင်' မှာ မည်သူဆိုခြင်းကို နေလွင်အောင်
သိနိုင်ပါပေ....။

(အခန်း—ကိုး)

ညက အိပ်ရာဝင်စောသဖြင့် မနက် (၅) နာရီတွင် ဘ
ထွန်းထွန်း နိုးနေသည်။ သူ့ဘဝတွင် နေ့နှင့်ညဟူ၍ ခွဲခြ
နိုင်၊ အမှောင်ကမ္ဘာထဲတွင်သာ ကျင်လည်ကျက်စားနေရ
ကြာတော့ ကိုယ့်အိမ်ထဲတွင် မည်သူ့အကူအညီမှမယူဘဲ
လာလှုပ်ရှားနိုင်သည်။ အပြင်ထွက်လျှင်သာ သူ့ကို က
လိုလာခဲ့၏။

သို့သော် သင်းသင်းက သူ့ကို ကလေးငယ်တဦးပမာ
သေးမရှိအောင် ဂရုစိုက်ခဲ့သည်။ သင်းသင်းအပေါ် အ
လာခဲ့သည်။သင်းသင်းသည်သူ့အန္ဓတာမှန်သမျှကိုမည်သည့်
အပင်ပန်းခံကာ ပြုလုပ်ပေးခဲ့၏။ တနည်းအားဖြင့်
ဘလိုင်းထွန်းထွန်း၏ ကျေးဇူးရှင်မှာ သင်းသင်းဟုလည်း
ပါသည်။



ထို့ကြောင့်လည်း မိမိတတ်ကျွမ်းသော အနုပညာဖြင့် သင်း
သင်းတို့မိသားစုကို ကျေးဇူးဆပ်နေခြင်းဖြစ်၏။ သင်းသင်း
အပေါ်တွင်လည်း ကိုယ့်နှမကဲ့သို့ပင် သဘောထားကာ ဆက်ဆံ
ခဲ့၏။

ထို့အတူ သင်းသင်းအနေဖြင့်လည်း သူတို့မိသားစု၏ စား
ဝတ်နေရေးအတွက် အကူအညီပေးသည့် ဘလိုင်းထွန်းထွန်းကို
များစွာ ကျေးဇူးတင်ကာ ခင်မင်တွယ်တာ လာခဲ့သည်၊ သံယော
ဇဉ်ကြီးမားသာခဲ့ရသည်သာ။

သူတို့နှစ်ဦးစလုံး အနေခက်ရအောင်လည်း ပတ်ဝန်းကျင်
တွင် မောင်နှမအဖြစ် ကြော်ငြာခဲ့သည်၊ သိကျွာရှိရှိလည်း နေ
ကြသည်သာ။ သင်းသင်းမှာ မအေတခု သမီးတခုဘဝမှနေ၍
သောကျွာဖြစ်သူ ဆုံးသွားကာ ကလေးတယောက်မိခင်အဖြစ်
ကျန်ခဲ့သည်။

မမျှော်လင့်ဘဲ ဒုက္ခရောက်နေသူနှစ်ဦး တွေ့ဆုံကြပြီး ကျွန်း
နိုင်းမှီ ကိုင်းကျွန်းမှီ အဖြစ်မျိုးဖြင့် နေရာသစ် ပတ်ဝန်းကျင်
အဖြစ်ရှိသည့် တက္ကသိုလ်ရိပ်သာလမ်းတွင် အိမ်သစ ဈေးကြီး
ငှားကာ ငှားနေခဲ့ကြခြင်းလည်း ဖြစ်လေသည်။

'ဟင်း'

ဘလိုင်းထွန်းထွန်းသည် အိပ်ရာပေါ်တွင် လဲလျောင်းကာ
အတွေးနယ်ချဲ့နေရာမှ သက်ပြင်းရှည်ကြီးကို အသံထွက်၍ ချလိုက်
တော့သည်။

'ဘာတွေတွေးပြီး သက်ပြင်းတွေ ချနေတာလဲ အကိုထွန်း၊
ကော်နာလေး သစ်လိုက်ပါအုံး'

'လောကကြီးကို စိတ်နာလို့'

'လောကကြီးကို စိတ်နာတာယ်ဟုတ်လား'

'အင်း'

'အကိုထွန်းရယ်၊ အကိုထွန်းနဲ့သင်းသင်းတို့ ခုဆို မိသား ဖြစ်နေပါပြီ၊ အကိုထွန်းဟာ သင်းသင်းရဲ့ အကိုရင်းဖြစ်လို တော့လားဆိုပြီး မချီတင်ကဲဖြစ်မိအောင်ကို အကိုထွန်းအ မေမေကော သင်းသင်းတို့သားအမိပါ သံယောဇဉ်ဖြစ်နေ ဆိုတာ အကိုထွန်း နားလည်စေချင်တယ်'

သင်းသင်းသည် ဇလုံအနီထဲတွင် ရေများ ထည့်လာ သွားပွတ်တန်တွင်၊ သွားတိုက်ဆေးညှစ်ထည့်လာသည်။ အ ခြောက်နှင့် အဝတ်စိုတို့ကို ယူလာကာ ဘလိုင်းထွန်းတ နေပတ်တိုက်ပေးယင်း ပြောနေရှာသည်။

အကိုထွန်း သင်းသင်းတို့စေတနာနဲ့မေတ္တာကို နားလ တယ်။ သင်းသင်းတို့အန်တီတို့ကိုလဲ ကိုယ့်အမေ ကိုယ့် ယူဆလို့သာ သင်းသင်းတို့နဲ့နေတာပါ၊ သင်းသင်းတို့ကို ကိုးတယ်၊ သံယောဇဉ် ရှိတယ်ဆိုတာကိုလည်း ယုံထား ညီမလေးရယ်'

'ဒါဆို အကိုထွန်း ဘာလို့ လောကကြီးကို စိတ်နာရ ဆိုတဲ့ အကြောင်း သင်းသင်းကို ပြောပြပါလားဟင်'

ဘလိုင်းထွန်းထွန်း မျက်နှာပျက်သွားသည်။ သွားပွတ် ကောက်ကိုင်ကာ....

'မိုတာလေး မနိုးသေးဘူးလား'

'စကားမလွှဲပါနဲ့အကိုထွန်း၊ သင်းသင်းမေးတာဖြေပါ'

'အလကားပါ၊ အကိုထွန်းအစောကြီးနိုးပြီးဟိုတွေးဒီ ဘာတွေပြောလိုက်မှန်းတောင် မသိတော့ဘူး၊ အကိုထွန်း စ



ကြောင့် သင်းသင်း စိတ်မကောင်းဖြစ်သွားလားဟင်၊ မဖြစ်ပါ ညီမရယ်၊ အကိုထွန်းစ တာနေ့၊ ဘယ်....လောကကြီးဆိုတာ စိတ်နာစရာမရှိပါဘူး၊ ပျော်စရာကြီးဘဲမဟုတ်လား၊ အကိုထွန်း က မျက်စိမမြင်ရတော့ လောကကြီးကို မကျေမနပ်ဖြစ်သွား တာပါ'

ဘလိုင်းထွန်းထွန်း မျက်လုံးများက ရှေ့သို့ စိုက်ကြည့်နေ သည်၊ သို့သော် ဘာမှမမြင်ရပေ။ ထိုမျက်လုံးများမှ မျက်ရည် များဝဲလာခသာအခါ သင်းသင်းမှာ ရင်နင့်အောင် ခံစားလိုက် ရ....

'အကိုထွန်းရယ်.... အကိုထွန်း ခုလိုဖြစ်ရတာ သင်းသင်း ကြောင့်ပါ၊ သင်းသင်းလေ အကိုထွန်းကိုကြည့်ပြီး အမြဲသနား သလို ကိုယ့်ကိုယ်ကိုလဲ အပြစ်တင်မိတယ်၊ တကယ်လို့သာ သင်းသင်း အကိုထွန်းကို အကူအညီမတောင်းခဲ့ယင်....'

သင်းသင်းပါးစပ်ကို လက်ဖြင့်စမ်းပြီး ဘလိုင်းထွန်းထွန်း ပိတ်လိုက်ယင်း....

'ညီမရယ်....ဝမ်းနည်းမနေပါနဲ့ အကိုထွန်းကံပေါ့၊အကိုထွန်း ညီမတို့မိသားစုအပေါ် အားကိုးနေရတဲ့သူပါ၊ ညီမ စိတ် မကောင်းဖြစ်နေယင် အကိုထွန်း အယ်လိုနေရမှာလဲ'

'စိတ်နာချင်နာယင် သင်းသင်းကိုသာ စိတ်နာသင့်ပါတယ် အကိုထွန်း'

သင်းသင်းသည် ဘလိုင်းထွန်းထွန်းကိုကြည့်ပြီး ယူကြုံးမရ ဖြစ်နေရသည်။ ဒါကြောင့်လည်း ဘလိုင်းထွန်းထွန်းကို ဝတ်ကြီး တင်ယ် ပြုစုခဲ့သည်။ ဘလိုင်းထွန်းထွန်း၏ သိက္ခာသမာဓိ စိတ်

နေသဘောထားကို သိလာရသောအခါ ဘလိုင်းထွန်းထွ
အပေါ် လေးစားချစ်ခင်လာကြသည်။

ဘလိုင်းထွန်းထွန်းကတော့ သူမအပေါ် ညီမအရင်းလေ
ကဲ့သို့ပင် ဆက်ဆံခဲ့ခြင်းဖြစ်သည်။ မိန်းမသားမို့ အားငယ်
နည်းနေချိန်တွင် အကိုတ ယောက်က ညီမကို ဆက်ဆံပြော
သကဲ့သို့ ဘလိုင်းထွန်းထွန်းက ဆက်ဆံခဲ့၍ အကိုတဦးပ
ခင်တွယ်လာခဲ့၏။ အနေကြာသော် ဘလိုင်းထွန်းထွန်းအ
အကိုတယောက်ထက်ပိုကာ စေတနာမေတ္တာ ပိုခဲ့မိတော့သ

သင်းသင်းအဖြစ်မှာ မြင်းကမလှုပ် ခုံကလှုပ်သလို ယ
မတိုး ပိုက်ကတိုးသလိုဖြစ်ကာ ဘလိုင်းထွန်းထွန်းအား တ
သတ် စိတ်ဝင်စားလာသည်၊ သူတို့မိသားစုလေးနှင့် ဝေးရ
ဘလိုင်းထွန်းထွန်း ထွက်ခွာသွားမည်ကို စိုးရိမ်မိသည်၊

ဘလိုင်းထွန်းထွန်းက လောကကြီးကို စိတ်နာသည်ဆို
နှင့် အလိုလို အားငယ်လာ၍လည်း သင်းသင်းမှာ ဝမ်းန
သွားခြင်းဖြစ်ပါ၏၊

'အကိုထွန်း ဘယ်သူ့ကိုမှ စိတ်မနာပါဘူး သင်းသင်း
အကိုထွန်းဆာပြီ၊ အကိုထွန်းကို ဘာကျွေးမှာလဲဟင်'

ဘလိုင်းထွန်းထွန်း စကားပြောင်းလိုက်မှန်း သင်းသင်း
လည်ပါသည်။ သူမကိုယ်တိုင်ကလည်း ဘလိုင်းထွန်းထွန်း
ဆင်းရဲမှာစိုး၍ ဆက်မပြောလိုတော့ပေ၊ ထို့ကြောင့်လ
ဘလိုင်းထွန်းထွန်းအားကြည့်ကာ....

'အကိုထွန်းကြိုက်တဲ့ ပေါင်မုန့်ထောပတ်သုတ်နဲ့ ကြ
ဖောက်ဘွိုင်ကြော်ထားတယ်'

'အား....သိပ်ကောင်းတာပေါ့'



'အခန်းထဲယူခဲ့ရမလား အကိုထွန်း'

'နေပါစေ...အကိုထွန်းကြောင့် သင်းသင်း ပင်ပန်းလှပါပြီ၊
ပြင်မှာဘဲ ထွက်စားပါ့မယ်'

'အကိုထွန်းအတွက်ဆို သင်းသင်း ပင်ပန်းတယ်မထင်မိပါဘူး
ကိုထွန်းရယ်....'

ဘလိုင်းထွန်းထွန်းက ကုတင်ပေါ်မှ ထလိုက်သည်။ သင်းသင်း
ရေဇလုံများကိုဖယ်ပြီး ဘလိုင်းထွန်းထွန်းအား တွဲထူလိုက်
သည်။ ပြီးသည်နှင့် သင်းသင်းက ဘလိုင်းထွန်းထွန်း အိပ်ရာ
လျှင်မြန်ဖျတ်လပ်စွာ ရှင်းလိုက်၏။

'လာလေ အကိုထွန်း၊ အပြင်သွားမယ်ဆို'

သင်းသင်းသည် ဘလိုင်းထွန်းထွန်းအား တွဲခေါ်ယင်း ပြော
လာသည်။

'သင်းသင်းသွားနှင့်၊ ပြီးတော့ အကိုထွန်းလာခဲ့မယ်'

'ဟင် ဘာဖြစ်လို့လဲ'

'အကိုထွန်း ရေအိမ်ဝင်အုံးမလို့'

'သွားလေ'

ဘလိုင်းထွန်းထွန်းအား သင်းသင်းက ရေအိမ်နားထိ တွဲခေါ်
ပေးပြီး ပြန်လှည့်သွားသည်။ ဘလိုင်းထွန်းထွန်းမှာ ကျင့်
ရသွားပြီ ဖြစ်၍ ရေအိမ်ရှိရာကို လူကောင်းပကတိတဦး
သလို ရောက်သွားပါသည်၊

ပြီးနောက် မိမိအခန်းထဲသို့ ဝင်လာရာ နှာဝတွင် အနံ့တခု
လာသဖြင့်....

'သင်းသင်းရယ်.... ဘာလို့မသွားသေးတာလဲ' ဟု အားနာသံ
သံဖြင့် ပြောလိုက်လေသည်။

'အကိုထွန်းကို စိတ်မချလို့၊ အကိုထွန်း တိုက်မိခိုက်မိမှာစိုး၍ သင်းသင်း စောင့်နေတာပါ'

ဘလိုင်းထွန်းထွန်းက တစုံတခုပြောရန် ပါးစပ်ပြင်လိုက်သည်နှင့် သင်းသင်းသည်...

'အကိုထွန်း မပြောပါနဲ့....အကိုထွန်း ပြောမယ့်စကား သင်းသင်း သိတယ်၊ သင်းသင်းတခုဘဲ တောင်းပန်ပါရစေ အကိုထွန်း'

'ဘာများလဲ'

'အော်....သင်းသင်းအသက်ရှင်နေသမျှတော့ အကိုထွန်း ပွဲစုပါရစေ အကိုထွန်း တာဝန် ယူပါရစေ၊ အကိုထွန်းပေး သင်းသင်းတို့မိသားစု (၃) ဦးရဲ့ ကျေးဇူးရှင်ပါ၊ ဒီတော့ သင်းသင်းကို အားမနာပါနဲ့နော်'

'ညီမလေးရယ်'

ဘလိုင်းထွန်းထွန်းက တမင်သက်သက် သင်းသင်းအား ညီမလေးဟု သတ်ပြောလိုက်ခြင်းဖြစ်သည်။ သင်းသင်း၏ မေတ္တာစေတနာများသည် သူ့အပေါ် လိုအပ်သည်ထက် သံယောဇဉ်ကြီးမားလာခဲ့မှန်းဘလိုင်းထွန်းထွန်း ရိပ်စားမိသည်။ထို့ကြောင့်လည်း ဘလိုင်းထွန်းထွန်းက မောင်နှမရင်းကဲ့သို့ ပိုဆက်ဆံလာ၍ ညီမဟုသာ တွင်တွင်ခေါ်ခဲ့သည်။

ခုလည်း မိမိအား အရိပ်တကြည့်ကြည့်ဖြစ်ကာ သံယောဇဉ်ကြီးမားလွန်းသော သင်းသင်း၏စိတ်ကို ရှိးသားစွာ ပြောဆက်ဆံပြလိုက်သည်။

တကယ့်ကိုလည်းဘလိုင်းထွန်းထွန်းအဖို့မည်သည့်မိန်းကလေးတို့မှ စိတ်မဝင်စားနိုင်။ သူ့ဘဝက အမှောင်ထုထဲတွင်သာ ကျ



ည်ရတော့မည်မို့ သူ့ကြောင့် ဘယ်မိန်းကလေးကိုမှ ဒုက္ခရောက်စေချင်ပါ။

သူ့မျက်စိ ဘယ်သောအခါမှ ပြန်လည်ကောင်းလာတော့မည်မဟုတ်ဟု ကြားသိရစဉ်က ဘလိုင်းထွန်းထွန်းမှာ တုန်လှုပ်ချောက်ချားပြီး ရှိုက်ကြီးတငင် ငိုခဲ့ရဖူးသည်။ ရင်ထဲတွင်လည်း ခံမနည်းမြစ်း၊ ကြေကွဲခြင်း၊ တစုံတရာကို စွန့်လွှတ်ရခြင်းတို့ ခံစားရခဲ့ရပါ၏၊ ပါးပြင်ပေါ်သို့ကျလာသော မျက်ရည်တို့က ခြောက်ခမ်းသွားနိုင်ပါသည်။

ပါးပြင်ပေါ်မကျဘဲ ရင်ထဲတွင် ကြိတ်ငိုခဲ့ရသော မျက်ရည်ဘမှု ဘလိုင်းထွန်းထွန်းအတွက် တသက်တာပါပေး မည်သူတွေ့ဘယောက်ကမှ ဘလိုင်းထွန်းထွန်း၏ ခံစားရသည့် ဝေဒနာကို မသိနိုင်ကြ။

ဝတီတ်ရှိုးပေါ်တွင် အဝတ်စား သားသားနားနားဝတ်၊ ကောင်းကောင်းသီချင်းများကို မချိ၍ ပေါ်သောသွားဖြပြီး ဆိုလှုပ်ရှားနေသည်ကိုသာ လူတွေက မြင်ကြပါ၏၊သိကြပါ၏၊ ပေါ်ယံအားဖြင့် ပတ်ဝန်းကျင်အမြင်တွင် ဘလိုင်းထွန်းထွန်းသည် သူ့ရုပ် သူ့အသံ သူ့အဆိုတို့ကိုကြည့်ပြီး ကြိုက်နှစ်သက်သည့်ပြင် မျက်မမြင်ဖြစ်နေ၍ သနားသည့် အဆင့်တွင်သာရှိသည်။

ရိုသတ်များအမြင်တွင် ပြုံးရယ်သီဆိုနေသော်လည်းဘလိုင်းထွန်းထွန်းရင်ထဲတွင် ငိုနေရသည်ကိုတော့ ကဲယက်ရှင်မှလွဲ၍ မည်သူမျှ မသိနိုင်ပါပေ၊ ဘလိုင်းထွန်းထွန်းကလည်း မိမိအဖြစ်ကိုကို မည်သူမျှမသိအောင်ကို လျှို့ဝှက်ထားခဲ့သည် မဟုတ်ပါလား။

မိမိဘဝထဲသို့ မည်သည့်မိန်းကလေး မှ မခေါ်ရက်တေ မိမိကြောင့် စိတ်ဆင်းရဲသောကဖြစ်ရမည်ကို မလိုလား။ အ နာ ခံစရာရှိလျှင် မိမိတဦးတည်းသာ ရင်ဆိုင်ခံရန် ဆုံးဖြတ်ခဲ့ လည်း ဖြစ်သည်။

'အကိုထွန်း'

'ဟင်'

သင်းသင်းလှမ်းခေါ်လိုက်မှ ဘလိုင်းထွန်းထွန်းအတွေးကြ ယံမှ ထွက်လာခဲ့တော့သည်။

'ဘာတွေစဉ်းစားနေလဲဟင်၊ သင်းသင်းလဲသိချင်တယ်'

'ညီမလေးရဲ့စေတနာတွေကို ဝမ်းသာလို့ပါ၊ အကိုင အပေါ် အကိုရင်းတယောက်လို ပြုစုတဲ့ ညီမလေးရဲ့ကျေး အကိုထွန်း မမေ့ပါဘူး'

'ကျေးဇူးမမေ့ဘူးဆိုယင် သင်းသင်းတို့နဲ့ဘဲ တသက် နေသွားပေါ့'

'အကိုထွန်းဘဝက သင်းသင်းတို့ကိုဘဲ အားကိုးရမှာ ငါ့ညီမက အကိုထွန်းအပေါ် မငြိုငြင်သမျှ ကာလပတ် အကိုထွန်းနေမှာပါ ညီမရယ်၊ ပြီးတော့ မိဘလေးကိုလဲ အ ထွန်း သံယောဇဉ် ဖြစ်နေတယ်မို့လား'

'အကိုထွန်းနော်....အဲလို သင်းသင်း စိတ်မကောင်းအော မပြောပါနဲ့၊ တော်ကြာမှ အကိုထွန်းမိဘတွေလာခေါ်ယင် ပါမသွားပါနဲ့'

'အကိုထွန်း ဘဝမှာ အကိုထွန်းကြောင့် ဘယ်သူ့ကိုမှ မဒုက္ခပေးချင်လို့ ဖြစ်သလို ရုန်းကန်လာခဲ့တာ သင်းသင်းနားလ မှာပေါ့'



'အကိုထွန်းအကြောင်း သင်းသင်းကို မပြောပြနိုင်ဘူးလား ဟင်'

ပြောပြမယ်....ဒါပေမယ့် ခုတော့ မဟုတ်ဘူး၊ အကိုထွန်း ပြောသင့်တယ်ထင်တဲ့အချိန်ကျမှ ပြောပြမယ်ဟုတ်လား'

'ဈေးကိုင်လိုက်တာ'

သင်းသင်းမှာ မကျေနပ်ချင်ဘဲ ကျေနပ်ကာ ထွက်လာခဲ့ ရှာတော့သည်၊ ထမင်းစားပွဲတွင် သင်းသင်းက အဆင်သင့်ချ ထားပါ၏။

သူတို့ထမင်းစားပွဲတွင် ထိုင်လိုက်ပြီး စားသောက်နေစဉ်မှာ သင်းသင်းမိခင် ဒေါ်ခင်အုံးကြည်ရောက်လာသည်။

'အန်တီ ဈေးကဘာဝယ်ခဲ့လဲ'

မျက်စိမမြင်သူများ နားကောင်းသည်ဆိုသည်မှာဖြစ်နိုင်လေ သည်၊ ဘလိုင်းထွန်းထွန်းမှာ အဝေးကတည်းက ဒေါ်အုံးကြည် လာမှန်း သိနေ၏။ ထို့ကြောင့်လည်း စားသောက်နေရာမှ လိုက်သည်။

'အေးကွယ်....မောင်ထွန်းကြိုက်တဲ့ ပုဇွန်ထုပ်ကြီး ဝယ်လာ တယ်'

'ဟုတ်ကဲ့ အန်တီ'

ဈေးခြင်းတောင်းကိုချပြီး ဒေါ်ခင်အုံးကြည်က ကုလား ထိုင်တွင် ဝင်ထိုင်လိုက်သည်။

'မောင်ထွန်းလဲ တနေ့တနေ့ တီးဝိုင်းသွားရတာ ပင်ပန်းလှ ပယ်ကွယ်၊ နားရတယ်လို့ မရှိဘူး'

'ကျနော်ကဝါသနာနဲ့ပင်ပန်းတာ ကိစ္စမရှိပါဘူး၊သင်းသင်း ကျနော့ကိုစိတ်မချလို့ လိုက်နေတာ ပင်ပန်းမှာ၊ ပြီးတော့

ကျနော်တို့အဖွဲ့ဆိုရတယ်ဆိုတာလူကြိုက်များလို့သာ မဟုတ်
အန်တီရယ်၊ ကိုယ့်အဖွဲ့ကို ပရိသတ်က လက်ခံတယ်ဆိုတ
ဝမ်းသာလုံးဆို့ပြီး ပင်ပန်းတာ မေ့သွားတာတဲ့'

'ဂျွတ်ဘယ်မေမေရဲ့၊ အထူးသဖြင့် အကိုထွန်းကို ပရိ
က အားပေးနှစ်ခြိုက်ကြဘယ်၊ သခေါကျကြတယ်လေ့
ထွန်းများ သီချင်းဆိုနေယင် အားလုံးငြိမ်နေကြတာ'

'ကောင်းတာပေါ့ကွယ်....ကြိုးစားပေါ့၊ တီဝိုင်းမရှိတဲ့
ကောင်းကောင်းနားကြရတာပေါ့'

'နောက်အပတ် စနေနေ့ညဆို တီဝိုင်းမရှိဘူး၊ အနဂ်
ကောင်းကောင်းနားရမှာပါနော်....အကိုထွန်း'

'အင်း....

'မေမေဆုတောင်းပါတယ်၊ တနင်္ဂနွေနေ့မှာ မောင်ထွန်း
မိတ်ဆက်ချင်တဲ့သူတွေ၊ မိတ်ဆွေတွေ မလာပါစေနဲ့လို့'

'ပရိသတ်က ကိုယ့်ဆီမိတ်ဆက်တယ်ဆိုတာ ဂုဏ်ယူဖို့
ပါတယ် အန်တီ၊ ဒါဟာ ကျနော့ရဲ့အောင်မြင်မှုဘဲမို့လား'

'ဟုတ်သားဘဲ မေမေကလဲ၊ ညွှန့်သည်လာလဲ နေ့
တာမှမဟုတ်တာ၊ ကိုယ့်ကိုခင်လို့ ကိုယ့်ဆီ လာလည်တဲ့
တွက်တွေ့ရမှာပေါ့'

သင်းသင်းက မိခင်စကားပြောမှားသွား၍ ဝင်ဖာထေး
သည်။ ဒေါ်ခင်အုံးကြည်မှာ ရှိုးရှိုးပွင့်ပွင့်သမားဖြစ်၍
စေတနာကောင်း ပြ ပါ၏။

'အိပါဘူးအေ၊ ဒါက မောင်းထွန်းနားရပါစေဆိုတဲ့ စေတ
နဲ့ဘဲ ပြောတာပါ'

'အန်တီ့စေတနာကို နားလည်ပါတယ်'



'ကဲပါ ညွှန့်သည်ကလဲ လာချင်မှလဲလာမှာပါ၊မုန့်ဆီကြော်က
ဝေးကြီး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားလို့ စိတ်မပူနေပါနဲ့၊
ကိုထွန်း အဝသာစားနော်'

'စိတ်ချ....အကိုထွန်းက အစားဆို အကြွေးမထားတတ်ဘူး'

'ဟား....ဟား...အကိုထွန်းကလဲ အလာကြီးဘဲ'

## (အခန်း-တဆယ်)

(မြတ်နိုးသူရယ်… ချစ်မိုးစွေခဲ့တယ်…. ဘုံကြိုး
ပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်) အော်… မျက်
မာန်တော်မညှိုးပါနဲ့၊ မျှော်ကိုးသူ…. စောင့်စား
လို့သာ မောင့်မှာနေမိတယ်၊ ခင်မျိုနှမရယ်….
ပင်ကိုယ်လှတယ်၊ ရွှေအာဝါတော်ငယ်ငယ် သနား
စိတ်နဲ့ ချစ်စမ်းပါကွယ်….။

နေလွှင်အောင်က လေချွန်ပြီး သီချင်းဆိုဝါသနာပါသူ သည်။ ကနေ့ တနင်္ဂနွေနေ့မို့ မိခိုင်တို့သွားလိုရာ လိုက်ပို့ပေး ဟု ချိန်းထားခဲ့သည်။ စိတ်စောရှုလားမသိ၊ ညက အိပ်၍ မပျော်နိုင်လောက်အောင် ဝီရိယပိုခဲ့မိသည်။

မနက်(၆)နာရီကျော်ကျော်ပင် ရှိသေးသည်။ နေလွှင်အေ မှာ ပြီးစီးနေလေပြီ။ ကံ့ကော်ဆောင်သွားရန် ချိန်းထား မှာ မနက်(၈)နာရီ၊ ထို့ကြောင့်လည်း နေလွှင်အောင်



အချိန်စောနေသေး၍ ကိုယ်နှင့်တိုက်ဆိုင်သည့် အပိုဒ်လေးကို ရွေးဆိုနေခြင်း ဖြစ်၏။

ထိုစဉ် မိမိအခန်းထဲသို့ မိခင်ဖြစ်သူ ဒေါ်သိန်းသိန်းက ရှင်စွာဝင်လာယင်း သားဖြစ်သူကို စူးစူးလေးကြည့်လိုက် သည်၊ တခါမှ စောစီးစွာ အိပ်ရာမထဘူးသော သားမှာ ရှိုး ပြည့်နှင့် ဖြစ်နေသောအခါ ဒေါ်သိန်းသိန်း ရယ်ချင်လာ သည်။

ဒါ့ပေမင့် နေလွှင်အောင် ရှက်သွားမည်စိုး၍ မသိချင်ဟန် ဆောင်ကာ မေးလိုက်တော့သည်။

'အံ့ဩယ်…. မေမေ့သားက စောစောစီးစီး ဖလို့ပါလား၊ တတ်စားတောင် လဲပြီးခနပြီ၊ ဘယ်သွားမလို့လဲကွဲ့၊ မေမေက သားကိုလာနှိုးမလို့ ဝင်လာတာ'

နေလွှင်အောင် အရှက်ပြေရယ်ယင်း….

'မေမေ့သမီးက သားကို သိပ်အနိုင်ကျင့်တယ်၊ တလက်စထဲ မေမေ့ကို တိုင်ပြောရအုံးမယ်၊ တနေ့က မိခိုင်အိမ်ကို ဖုန်းဆက် ပြီး တနင်္ဂနွေနေ့အဆောင်လာခဲ့ပါတဲ့၊ သူတို့လည်ချင်လို့တဲ့လေ၊ အဲဒါ သားက….'

နေလွှင်အောင် စကားမဆက်သေးဘဲ မိခင်ဖြစ်သူကို လှမ်း ကြည့်လိုက်သည်။ ဒေါ်သိန်းသိန်းက ပြုံး၍….

'သားက မသွားချင်ဘူးလား'

'ဘယ်သွားချင်ပါ့မလဲ မေမေရာ၊ သူ့သူငယ်ချင်းတွေ ရှေ့မှာ သားမနေရဲပါဘူး၊ သိပ်လောင်တဲ့သူတွေဘဲ၊ ကျီးကန်းအလယ် ရောက်နေတဲ့ ဗျိုင်းလေးလိုဖြစ်နေတာဘဲ၊ သူငယ်ချင်းတွေရှေ့မှာ

ကိုယ့်ညီမလေး သိက္ခာကျမှာစိုးလို့ သားက အလိုလိုက်နေတာ'

'ဟုတ်တယ် ဒီကောင်မလေးကို မေမေလဲ ပြောထားရ ကိုယ့်အကိုက အေးအေးနေတတ်မှန်းလဲ သိသားနဲ့၊ ကဲပ ရယ် စိတ်မညစ်နေပါနဲ့၊ သား အေးဆေးဆေးအေးသာ နေတော့'

'ဘာလို့လဲမေမေ'

'မေမေ ဒရိုင်ဘာကြီးကိုဘဲ လွှတ်လိုက်မယ်၊ သူတို့သွားနေရာတွေကို အကုန်လိုက်ပို့ခိုင်းလိုက်မှာပေါ့'

ဒေါ်သိန်းသိန်းက သားဖမ္မအရာကိုသိချင်၍ အကဲခတ်လိုက်သည်။ နေလွင်အောင်မှာ ပျာပျာသလဲဖြစ်ကာ မျက်နှာပျက်သွားသည်ကို တွေ့ရ၏။ မိခင်ရှေ့တွင် မိမိအသွားပြီဆိုခြင်းကို နေလွင်အောင်တွေးမိပြီး ရယ်ချင်လာပြုံးစေ့စေ့ဖြစ်သွားပြီး....

'ဟာ မေမေကလဲ တော်ကြာ မိခိုင်က သားကို နှာကမှာပေါ့၊ ကိုယ့်ညီမလေးတယောက်ထဲရှိတာ ဒီလောက်မကူညီနိုင်ဘူးလားလို့ အပြတ်ကောနေမှာ၊ မဖြစ်ပါဘူး သားဘဲ စိတ်ရှည်ရှည်လိုက်ပို့လိုက်ပါ့မယ်၊ စိတ်မပါဘဲ အနေအရ ဟန်ဆောင်လုပ်လိုက်အုံးမယ် မေမေရဲ့'

'ဟန်ဆောင်တယ်ဆိုတာ ကောင်းတာမဟုတ်ဘူး၊ သာ ဟန်မဆောင်တတ်ပါဘူးလေ၊ သူတို့သိတာမှမဟုတ်တာ၊ မအားဘူးလို့ ပြောလိုက်ရုံဘဲ'

ဆက်ပြောနေသေး နေလွင်အောင်က ကျွတ်လေဖြစ်တော့မည် သိ၍ နေလွင်အောင်မှာ—



'သားမလိမ်ချင်ပါဘူး မေမေရာ၊ သားဘဲသွားလိုက်တော့မယ်နော်'

'အင်း-အင်း'

ဒေါ်သိန်းသိန်းက သားဖြစ်သူ အကြောင်းကို မိခင်တယောက်မို့ ပိုသိသည်။ နေလွင်အောင် ပါးစပ်ပလိုက်သည်နှင့် ဘာကိုဆိုချင်မှန်းပင် နားလည်သူဖြစ်သည်။ ခုလည်း နေလွင်အောင်မှာ ချောစုသူသူနှင့်တွေ့ရမည်မို့ ပျော်ရွှင်နေချိန်တွင် မိခင်ဖြစ်သူစကားကြောင့် ရှက်သွားကာ ပါးစပ်ထဲတွေ့ကရာပြောနေမှန်း ဒေါ်သိန်းသိန်းသိသည်။

ထို့ကြောင့်လည်း နေလွင်အောင် ပြောသမျှကို 'ဟုတ်တာပေါ့ သားရယ်' ဟု ထောက်ခံစကား မပြောဘဲ 'မသွားချင်သွားနဲ့' ဟူသော ပုံစံမျိုး ပြလိုက်သဖြင့် နေလွင်အောင်မျှောက်၍မပူနိုင်တော့ပေ။

ထို့ကြောင့် ဒေါ်သိန်းသိန်းက 'နေလွင်အောင် ရင်ထဲတွင်ခံစားချက်ကို မေမေသိပါတယ်' ဟု မျက်လုံးဖြင့် သားကို စကားပြောလိုက်၏။

'သားအတွက် ထမင်းစားခန်းထဲမှာ အဆင်သင့် လုပ်ထားတယ်၊ သွားစားလေ'

'သား မစားတော့ဘူး မေမေ'

'ဘာလို့လဲ'

'ရင်ပြည့်နေလို့ပါ'

'ဖြစ်ရမယ်လေ'

သားစကားကို တပြုံးပြုံးဖြင့်ပင် ခေါင်းညိတ်ပြီး ဒေါ်သိန်းသိန်း နားထောင်ပြီး ပြောလေသည်။ ဒေါ်သိန်းသိန်းသည်

စေတော်မို့၍ သားသမီးအပေါ် အုပ်ချုပ်နိုင်သူလည်း ဖြစ်သည်၊ သားသမီးအိမ်ထောင်ရေးနှင့် ပတ်သက်၍ ငါ မိဘဘဲ ငါကြိုက်တာလုပ်မယ်ဟု အာဏာမပြခဲ့၊ သဘောမထားခဲ့။

သားကော သမီးကောပါ အရွယ်ရောက်ပြီးသူများ ဖြစ်သည့်ပြင် ပညာလည်းတတ်၍ စဉ်းစားချင့်ချိန်နိုင်သူများဟု နားလည်သည်၊ ဒါကြောင့် အိမ်ထောင်ရေးနှင့်ပတ်သက်လျှင် မစွက်ဖက်၊ တသက်လုံး အိမ်ထောင်မပြုဘဲ မိဘနှင့် နေနိုင်မည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာခေါ်ထားမည်၊ အကယ်၍ အိမ်ထောင်ပြုလျှင်လည်း ကိုယ်နှစ်သက်ရာကို ရွေးပိုင်ခွင့်ပေးထားသည်။

သည်နေ့ရာတွင် ကိုယ့်သားသမီး အကြောင်းကို မိဘများကနာ လည်ထားရမည်ဖြစ်သည် စဉ်းစားချင့်ချိန်တတ်သော သားသမီးဆိုလျှင် မိဘ က လက်ခံနိုင်မည့်သူမျိုး ကိုသာရွေးချယ်မည်ဟု တွက်ဆထားနိုင်ပါ၏၊ သားသမီးအရွယ်ရောက်လာပြီဆိုသည်နှင့် မမှားသင့်တာ မမှားရအောင် မိခင်က ဆုံးမသွန်သင်ထားရမည်ပင်။

ထိုသို့မဟုတ်ဘဲ ရှေးလူကြီးများကဲ့သို့ ကိုယ်ကြိုက်တာမယူရ မိဘပေးစားတာယူရမည်ဟု တားမြစ်ချက်မှာ အရောင်းအဝယ်ဆန်လွန်းသည်ဟု ဒေါ်သိန်းသိန်းတို့က ယူဆမိသည်၊ ပေါင်းသင်းရမည်က လူငယ်နှစ်ဦးမို့ လူငယ်ချင်း ချစ်ခင်နားလည်ဖို့ အဓိကမဟုတ်ပါလား၊

သည် အယူဆဖြင့် ဦးလှသော်ကော ဒေါ်သိန်းသိန်းပါ နေလှိုင်အောင်နှင့် သမီး ခိုင်ခိုင်စိုးတို့အပေါ်တွင် အိမ်ထောင်ရေး၌ ဝင်မစွက်ဖက်၊ သားနှင့် သမီး ရွေးချယ်သူဆိုလျှင်လည်း



ဘော်လူကောင်းများဖြစ်ရမည်ဟု မိဘနှစ်ပါးစလုံးက လက်ခံထားပြီးသားပင်။

'မေမေ'

ဒေါ်သိန်းသိန်းက တွေးနေ၍ နေလှိုင်အောင် ခေါ်သံကို ားမိ၊ ဒုတိယအကြိမ် နေလှိုင်အောင်က....

'မေမေ'ဟု ထပ်ခေါ်မှ ဒေါ်သိန်းသိန်းမှာ အတွေးမြွှင်ပြတ်းကာ....'

'ဘာလဲသား'

'မေမေက ဘာတွေစဉ်းစားနေလဲ ဟင်.... သားခေါ်နေတာင် မကြားဘူး'

'အော်....သားတို့သမီးတို့အကြောင်း စဉ်းစားသွားမိလို့ကဲ.... ဘာပြောချင်လို့လဲ၊ ပိုက်ဆံလိုဝင်လို့လား'

'မဟုတ်ပါဘူး၊ သားဆီမှာ ပိုက်ဆံရှိပါသေးတယ်၊ မိခိုင်က် ဘာအစားအသောက်များ ပေးလိုက်မလဲလို့ပါ'

'ခိုင်အတွက်တင်ဘဲလား၊ ချောစုအတွက်ကော မပေးချင်ဘူးလား သားရဲ့'

'ဟာ....မေမေကလဲ သားကိုဘဲ စ နေတာကိုး'

နေလှိုင်အောင်မှာ မိခင်ကို ဖက်လိုက်ယင်း ချွဲပြီး ပြောလိုက်

'မေမေ့သားလေး နောက်ကျနေတော့မယ်၊ သွားပြီးမြန်မြန် မေမေငရုတ်သီးကြော်တို့၊ ဗာလချောင်ကြော်တို့ကို ကားဘင်ပေးထားလိုက်မယ်၊ ချောစုအတွက်ပါပေါ့'

'ဒါကြောင့် မေမေ့ကို သားက ချစ်တာ'

'ဘဲ....သွားစား....သွားစား'

'ဟုတ်ကဲ့'

နေလွင်အောင်က မိခင်အပါးမှထွက်သွားသည်၊ လမ်း...
ရောက်မှသော်....မိခင်ဘက်ကို ပြန်လှည့်ပြီး....

'အော်....မေမေ'

'ပြောလေသား'

'သားကိုထမင်းစားမစောင့်နဲ့နော်၊ မိခိုင်ထို့ကို သား...
ခံမှယ့်ပြောထားလို့ပါ'

'အေး....အေး'

ဒေါ်သိန်းသိန်းသည် နေလွင်အောင် နောက်ကျောကို
ကြည့်ပြီး ပြုံးလိုက်မိသည်။

'အော်....သား....သား' ဟု နှုတ်မှလည်း မြည်တမ်းလို...
သည်။

× × ×

'မိခိုင်တို့ မိယုတို့ မပြီးကြသေးဘူးလား၊တော်ကြာ ကို...
ရောက်လာတော့မယ်....'

သည်တခါတော့ ချောစုသူသူက သူငယ်ချင်းများကို...
နေရသည်။ သူငယ်ချင်းများမှာ ချောစုသူသူ စိတ်ကျေနပ်...
သာ လိုက်လျောရသည်။ စိတ်ကဲ တယ်ပြီး မှသွားချင်လှ...
ကိုယ်နှင့် သိကျွမ်းခင်မင်ခြင်းမရှိဘဲ သွားစုံစမ်းရမည်ဆို...
အားနာနေမိသည်။



ဘလိုင်းထွန်းထွန်းထံ သူမသိချင်သည့်အကြောင်းကို သွားစုံ
...းမည်လိုက်ချင်လိုက်ကြ။ သူတို့ မလိုက်လည်း သူမက သွား
...ဟု အကျပ်ကိုင်လာ၍ ချောစုသူသူ တဦးတည်း မလွှတ်ရက်
...သော လိုက်ပါလာကြရသည် မဟုတ်ပါလား....။

...ါတိုင်းဆိုလျှင် အပြင်ထွက်မည်ဆိုသည်နှင့် အားတက်သရော
...နေတတ်ကြသော သူငယ်ချင်းများကိုကြည့်ပြီး ချောစုသူသူ
...းမရဖြစ်နေသည်။

'ဟေ့....မိယု၊ ဘာငေးနေတာလဲ အဝတ်လဲတော့လေ၊ ဘာ
...မလိုက်ချင်ဘူးလား၊ ကျန်ခဲ့လေ သူသူ စိတ်မဆိုးပါဘူး....'

သူငယ်ချင်းများ အားတက်သရောမရှိ၊ ချောစုသူသူက မျက်
...ယ်လေးဖြင့်ပင် ပြောလိုက်၏၊ သည်တော့မှ ယုယုခိုင်တို့မှာ
...ပြောသလိုဖြစ်သွားကာ ချောစုသူသူအား ပြန်ချော့ကြတော့
...။

'မဟုတ်ပါဘူးကွာ၊ ဘာအင်္ကျီဝတ်ရမလဲလို့ စဉ်းစားနေလို့
... ဘာကယ်ဘဲ မိသူကဲ ဒေါနကြီးဘဲ၊ ခဏ္ဍာတို့ စပယ်တို့ပါ
...ပါအုံး....'

'ကြာနေကြတာကိုး....'

ချောစုသူသူသည် စိတ်သဘောထားကောင်းမွန်သော နူး
...မ်မွေ့သည့် မိန်းကလေးဖြစ်၍လည်း သူငယ်ချင်းများက
...လိုက်သည်နှင့် သွားတက်လေးများပေါ်အောင် ပြုံးလာ
... ပြောပါလေသည်။

ထို့အတူ ခိုင်ခိုင်စိုးတို့မှာလည်း တယောက်ကိုတယောက်
...ကာ သက်ပြင်းချယင်း....

'ဟေ့....မိခေါင်တွေ မြန်မြန်လုပ်ကြ၊ ဟုတ်သားဘဲ ခမျာ့အခေါကြီးထဲက ဖိုးလိမ်းပြီး ဆိုကို့ကို စောင့်နေရှာ

ခိုင်ခိုင်စိုးက မရဲဘဲ ကျဲစီးဆိုသကဲ့သို့ ချောစုသူသူ မှာလည်း စိုးရိမ်စွာဖြင့် ပြောလေတော့သည်။ ထင်သည့် ပင် ချောစုသူသူထံမှ မျက်စောင်းလေးက ခိုင်ခိုင်စိုး ကျီစယ်သွားပါ၏။

'မိချောကမ္ဘာလိပ်မလေး၊ ကိုယ့်ဘက်ကိုယ် အားကြ တယ်'

'ယက်ရကယ်မိသူရေ ယက်ရတယ်၊ ဒီတခါတော့ ကို ယက်ပြီး အပါခေါ်ရမယ်၊ တချိန်တုန်းက မိခိုင်တို့ကို သူများဘက် ယက်ပေးမဲ့ဖူးသားဘဲဟာ၊ ခုဆို ကိုကို မိယုတို့ကမပါ မိခိုင်ပါအောင် ဝိုင်းကူယက်ပေးမယ်တဲ့လေ သနားပါတယ်ကွာ၊ မိခိုင် ကိုကို့ကို မသနားဘူးလားပ

ချောစုသူသူအား အလျှဉ်းသင့်သည်နှင့် ခိုင်ခိုင်စိုးက သွင်းလိုက်သည်။ ပြုံးနေသော ချောစုသူသူ မျက်နှာလေး ငြိမ်သွားပြီး....

'မိသူ အားလုံးကိုသနားပါတယ်၊ ဒါပေမယ့် အား မိသူကို မသနားကြဘူး နားမလည်ကြဘူး၊ အချစ်ရေးနဲ့ ပတ် ပြီး မိသူနှလုံးသားက အိပ်ပျော်သွားပြီ မိခိုင်၊ အချစ်ဆ အောင် မရှိတော့ကထဲက မိသူအချစ်အိမ်တံခါး အသေပိတ် ခဲ့ပါပြီ၊ ဒီတံခါးက ဘယ်တော့မှ မပွင့်လာတော့ဘူး မိခိုင်တို့ ယုံစေချင်တယ်....'

မိသူရယ်....'



ခိုင်ခိုင်စိုးက အစွဲအလမ်းကြီးသည့်သူငယ်ချင်းကို ညည်းညည်း ညူညူလေး ခေါ်လိုက်သည်၊ ချောစုသူသူက လက်ကာထား ယင်း....

'နေအုံးမိခိုင်၊ မိသူပြောအုံးမယ်'

'ဘာတွေပြောအုံးမှာလဲ မိသူရယ်'

'မိခိုင်စကားထဲက မိသူသိပါတယ်၊ မိခိုင်အကို မိသူကို တွေ့ တာ မကြာသေးပေမယ့် စိတ်ဝင်စားနေမှန်း မိသူနားလည် တာပေါ့၊ လူဘာ ယောက်ရဲ့ အခွင့်အရေးနဲ့ ခံစားချက်ဆိုတာ ပိတ် ပင်လို့ ရတာမှမဟုတ်တာ၊ ချစ်နေတဲ့သူသံယောဇဉ်ရှိနေတဲ့သူ ကို မချစ်ရဘူးလို့ ပြောလို့မရမှန်း မိသူလက်ခံတယ်၊ ဒါကြောင့် လဲ မိခိုင်တို့ မိယုတို့က မိသူနဲ့ ကိုနေလွင်အောင်ကို စပေမယ့် မိသူရင်ထဲ မတုန်လှုပ်ဘူး၊ ခံစားချက်လဲမရှိဘူး၊ မိခိုင်ကပြော တယ်နော်၊ကို က မိသူကို မြင်တဲ့နေ့ကစပြီး တဖက်သတ်စွဲလမ်း ပြီး မေ့ပါနိုင်တို့ ချစ်မိုးစွေတို့ သီချင်းကြီးတွေဘဲ ဆိုနေတယ် ဆို....'

'မိခိုင်ပြောတာ ပိုတယ်ထင်လို့လား'

ချောစုသူသူ ခေါင်းခါပြလိုက်သည်။

'ဟင့်အင်း... မဆင်ပါဘူး၊ မိခိုင်စကားကို ယုံပါတယ်၊ ကိုနေ လွင်အောင် အပြုမူတွေ မိသူကိုကြည့်တဲ့ အကြည့်တွေက ကိုနေ လွင်အောင်ရဲ့ ခံစားချက်ကို ဖော်ပြနေတာဘဲ မဟုတ်လား၊ မီးဆို တာ မလောင်ခင်က တားတာ ကောင်းပါတယ်၊ ဒါကြောင့် မိခိုင်လေဆိပ်ခေါ်တုန်းက မိသူ မလိုက်ချင်တာ၊ မိခိုင်ကသာ ကျေကျေနပ်နပ်နဲ့ မိသူငြင်းပယ်ချက်ကို လက်မခံယင် ကိုနေလွင် အောင် စိတ်ကတမျိုးပြောင်းချင်ပြောင်းသွားမှာ ခုလို မိသူ

ကြောင့်လဲ ကိုနေလွင်အောင်မှာ စိတ်ဆင်းရဲခဲ့ရတာတွေ ခံစားရ မဟုတ်ဘူး၊ ဒါပေမင့် မိသူ ကိုနေလွင်အောင်ကို သနားပါတ

'မထင်နဲ့မိသူ ကိုကိုကလဲ အစွဲအလမ်းကြီးတဲ့ သူတယော မိစိုင်တို့ Group လိုက်ရိုက်တဲ့ ပုံကိုတွေ့ပြီးကထဲ က စိတ်ဝင် တာ မိသူမပါလာလဲ ကိုကိုက အဆောင်ကိုလာပြီး မိသူနဲ့မိ ခိုင်းမှာတဲ'

'ဟင်း....ခက်ပါတယ် မိခိုင်ရယ်'

ချောစုသူသူ ညည်းညည်းညူညူလေးဖြင့် ခိုင်ခိုင်စိုးအာ ကြည့်ပြီး ပြောလိုက်သည်၊ သူတို့နှစ်ဦး အချီအချ စကားပြေ နေခြင်းကို ငြိမ်၍ နားထောင်နေကြသော ယုယုခိုင်တို့မှာ ဝင် စကားပြောင်းပေးလေသည်။

'ဘော်တန်တိက် အကြောင်ပန်းကန်ငါကြိုက် စကားရည်လု မှာ နှစ်ဦးစလုံးသရေတဲ့ ဒီအကြောင်းကို ဒီမှာတင် ခေတ္တရ ထားကြတော့ အီဇဖကိုယ်ကြီးတို့ ဆာတော်မူပြီ'

'လာဆာယင် ငါ့နောက်လိုက်ခဲ့'

'မိခိုင်စုတ်ပလုတ် တော်တော်ညစ်ပတ်'

စောစောက ပြောသည့်အကြောင်းကို သူတို့ အာရုံထဲတွင် မေ့ထားလိုက်ကာ တယောက်ကိုတယောက် နောက်ပြောင်နေကြ တော့သည်။ အချိန်မှာ မနက်(၈)နာရီထိုးရန် ဆယ့်ငါးမိနစ်လို နေသေး၏၊

'ဆာယင် ထမင်းသွားစားပါလား'

ချောစုသူသူက ယုယုခိုင်ကိုကြည့်၍ ထမင်း သွားစားရန် တိုက်တွန်းသည်။ အဆောင်သမူးများမှာ မနက်ကျောင်းမသွား ခင်ပင် ထမင်းကို နေ့လည်စာ စားသွားကြရသည်၊ မဆာသေး



င် မနက်ပိုင်းထမင်းကျွေးချိန်တွင် ထမင်းဗူးနှင့် သွားယူပြီး ည့်သွားနိုင်လေသည်။ ဒါကို ရည်ရွယ်ပြီး ချောစုသူသူက းစားခိုင်းခြင်း ဖြစ်သည်။

သ ကာသဘာ့ စိတ်ခဗောနေ၍ မဆာပါပေ၊ ဘာသိုင်းထွန်းထွန်း သ တွေ့ချင်နေသည်၊ ယုယုခိုင်သည် ခေါင်းခါ၍....

နိုး....နိုး ဒီသိုနွေ့ျးမှာ အဆောင်ထခင်းဟင်းသွားစားယင် င်မဲ့သူကျမှာပေါ့'

'ဘာလိုလဲမိယု ခါတိုင်းလဲ သန္တာတို့ အဆောင်ထမင်းဟင်း ဲ နှိပေါက်လိုသဘောထားပြီး တွတ်နေကြရတာမှုလား'

'ဟုတ်တယ်လေ ယုခိုင်ကကော တွတ်တီး မလုပ်ဘူးလို့ပြော သား ဒီနေ့တနေ့ဘဲ ပြောတာပါ'

ယုယုခိုင်စကားကို သန္တာစိုးက နားမလည်၍မေးလိုက်သည်။ ည်ဘာဒါတော့ သန္တာစိုးမှာ ညံ့သွားလေပြီ။ အရိပ် ပြ၍ ကောင်မမြင်ပေ။ အေးအေးကပြောမှ သန္တာစိုးမှာ သဘော ဘ်သွားတော့၏၊

'မိသန္တာကလဲ "အူ"ပေါ့၊ ဒီနေ့ အေးအေးတို့တတွေ ဆင်ဖြူ ဘ်ကိုမှီပြီး ကြံ့စုံတ်ကြရမယ်မိုလား၊ ဒီတော့ အဆာခံပြီး ားတွတ်မှာပေါ့ ဟုတ်ဖူးလားမိခိုင်'

'ဟုတ်တယ် ကိုကိုက သိပ်ကပ်စေးနဲ့တာ ကိုယ့်ညီမလေးဆိုပြီး မှ စိတ်လိုသက်ရ ဝယ်ကျွေးဖူးတာမဟုတ်ဘူး၊ အခုမှသာ ဖြူဘော်ကိုမှီရမှာနော် ဟဲ....ဟဲ....'

ချောစုသူသူကို အဓိပ္ပါယ်ပါပါကြည့်ပြီး ခိုင်ခိုင်စိုး ကလိနေ ၏၊ ချောစုသူသူမှာ မချိပြုံးပြုံးကာ....

'ဆင်ဖြူတော်ကိုမှီပြီး ကြံစုတ်ရတာ သူများတွေအတ
ဖြစ်ချင်မှဖြစ်မှာ ဒီဆင်ဖြူတော်ကတော့ သက်ရှိ ဆင်ဖြ
မဟုတ်ဘူး၊ ကျောက်ဆစ်ဆင်ဖြူတော်ပါ သူငယ်ချင်း
'အို...အဝေးကကြည့်ယင် ကျောက်ဆစ်မှန်း မသိ
ဒီတော့ လုမ်းပစ်ကျွေးမှာဘဲမို့လား၊ စားကြောကစား
ဘဲ ဟား....ဟား'

ချောစုသူသူ သူငယ်ချင်းများကိုနိုင်အောင် စကာ
နိုင်။ သူတို့အဖို့ အပူအပင်ကင်းမဲ့စွာ ပျော်ရွှင်နေကြ
သာ ငေးကြည့်မိသည်။ အစကတည်းက သူတို့ကဲ့သို့ ပူ
မရှိခဲ့လျှင် အကောင်းသား။

ဘုရားသခင်က မိမိကိုမွေးကတည်းက ချစ်တတ်သော
သား ထည့်မပေးလိုက်လျှင် သိမ်ကောင်းမှာဘဲဟု ချော
မဆီမဆိုင်တွေးလိုက်မိပါသည်။

'မိခိုင်တို့မိယုတို့ကို သူသူသိပ်အားကျတာဘဲ၊ လော
မှာ တွယ်တာတဲ့စိတ်၊ သံယောဇဉ်ကြီးမားပြီး သိပ်ချစ်တ
နှလုံးသား၊ အချစ်ကိုမရှာဘဲ နေတာဟာ စိတ်ချမ်းသ
အကောင်းဆုံးဘဲနော်၊ ချစ်တတ်တဲ့စိတ်ဟာ ကိုယ့်ကိုယ်ကို
ပေးတာလို့ မိသူထင်တယ်၊ ချစ်တတ်တဲ့သူဟာ သိပ်စိတ်
ရတာ အမှန်ဘဲသူငယ်ချင်းတို့ရယ်၊ မင်းတို့က မိသူပါးပြင်
မျက်ရည်ကျတာ မမြင်တာနဲ့ မငိုဘော့ဘူး ထင်နေမှာဘ
တကယ်တော့ မိသူရင်ထဲမှာ ကိုအောင့်အတွက် အမြဲငိုနေ
ပါကွယ်'

ပြောယင်းနှင့် ချောစုသူသူပါးပြင်တွင် မျက်ရည်များက
သည်။ သူငယ်ချင်းများမှာ စိတ်မကောင်း ဖြစ်သွားကြ



ချောစုသူသူအား အရမ်းသနားသွားကြသည်။ ခိုင်ခိုင်စိုးက လက်ကိုင်ပဝါဖြင့် မျက်ရည်သုတ်ပေးယင်း....

'ကဲကွာ....မိခိုင်တို့ကြောင့် မိသူ စိတ်ညစ်သွားရ ပြန်ပြီ၊ တောင်းပန်ပါတယ်မိသူရယ်၊ ကဲ မျက်နှာလေးပေါင်ဒါလေးရိုက်လိုက်ပါအုံး၊ ဟိုမှာ ကိုကို့ကားလာနေပြီ'

သူတို့အခန်းမှာ လမ်းမကြီးနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ ထို့ကြောင့်အားလုံးမြင်ရ၏။ ခုလည်း ခိုင်ခိုင်စိုးမှာ အိမ်ကကား လာနေသည်ကို မြင်၍ ချောစုသူသူအား ပြောလိုက်ခြင်း ဖြစ်သည်။

ချောစုသူသူသည် ကလေးငယ်တဦးပမာ ခိုင်ခိုင်စိုးပြောသည့်အတိုင်း မျက်နှာကိုကြည့်ကောင်းအောင် ပြင်လိုက်ပြီးနောက် သူတို့အားလုံးနေလွင်အောင်ရှိရာသို့ ထွက်လာခဲ့ကြသည်။ နေလွင်အောင်သည် ချောစုသူသူအား ပြုံးပြလိုက်ပြီ....

'ချောစု နေကောင်းတယ်နော်'

'ဟုတ်ကဲ့'

'ချောစုဘင် မဟုတ်ဘူး....ဘော်ဒါအားလုံး နေကောင်းပါတယ်ကိုကို'

'ဟုတ်ပါ့ဗျာ'

နေလွင်အောင်က ချောစုသူသူတဦးတည်းကိုသာ ဂရုစိုက်ပြီး မေးလိုက်သဖြင့် ချောစုသူသူမှာ မျက်နှာလေးတွင် ပန်းသွေးရောင်ဆသွားပြီး 'ဟုတ်ကဲ့' တလုံးထဲသာပြောပြီး ကားထဲဝင်ထိုင်လိုက်သည်။

စောစောပိုင်းကလေးတင် မိမိကို နေလွင်အောင်နှင့် ဝိုင်းစနေသေးသည်။ နေလွင်အောင်က တွေ့တွေ့ချင်း သူ့ကိုနှုတ်ဆက်

လိုက်သဖြင့် သူငယ်ချင်းများက ပြုံးစစဖြင့် မိမိအားကြည့်နေမည်ကို အတတ်သိသည်။ ထို့ကြောင့် ဘယ်သူ့မှ မကြည့်ဘဲ ကားထဲသို့ဦးစွာ ဝင်ထိုင်လိုက်ခြင်းဖြစ်၏။

သို့သော် စကားအကျနကောက်ရာတွင် သရဖူဆောင်းရမည့် ယုယုခိုင်က နေလွင်အောင်ကို ယိုလိုက်သည်။ တကယ်တော့ ယိုခြင်းထက် နေလွင်အောင်က သူမတဦးတည်းကိုသာ ပိုဂရုစိုက်၍ အလေးထားကြောင်း နေလွင်အောင်မေတ္တာကို ချောစုသူသူ နားလည်စေချင်၍ပြောမှန်း ချောစုသူသူသိသည်။

နေလွင်အောင်ကလည်း မိမိကို ယုယုခိုင်ကပို့ပေးသည့်စကားမှန်းသိ၍ ဝမ်းသာအားရ အာလုပ်သံကြီးဖြင့်ပင် 'ဟုတ်ပါ့ဗျာ' ဟု ပြောလိုက်မိသည်။ အားလုံးကားထဲရောက်သည်နှင့်ကားလေးသည် အင်ကြင်းဆောင်ကို ဖြတ်ကာ ပြည်လမ်းမကြီးပေါ်သို့ ရောက်လာသည်။

'ဘယ်အရင်သွားမလဲချောစု'

'လာပြန်ပြီလား....ဘာချောထဲချောပြီး တစုံထဲစုနေလိုက်တာ ချောစုံကိုမမေးနဲ့၊ ဘော်ဒါတွေကိုမေး၊ ချောစုက ဘော်ဒါတွေ သဘော၊ ဒီတော့ ဂရုစိုက်စရာရှိယင်....'

'ဘော်ဒါတွေကို ဂရုစိုက်ရမှာပေါ့ဟုတ်လား'

ယုယုခိုင်စကားကိုဖြတ်ပြီး နေလွင်အောင်က ပြန်မေးလိုက်သည်။ ယုယုခိုင်သည် တဟဲဟဲဖြင့်....

'ဟုတ်ဘူး....ချောစုကိုဘဲ ဂရုစိုက်ပါလို့ ပြောမလို့ကိုကိုရ'

'ဟား....ဟား'

ယုယုခိုင်ပြက်လုံးကို ဝိုင်းရယ်ကြသဖြင့် ကားလေးထဲတွင် ရယ်သံများ လျှံသွားသည်။



'ဟုတ်လားချောစု'

'မသိဘူး'

ပြုံးပြုံးလေးပြောလိုက်သော ချောစုသူသူ အမူရာလေးမှာ နေလွင်အောင်ကိုမချင့်မရဲ ဖြစ်သွားစေပါ၏။

'ဟုတ်လှားတော့....မဟုတ်လှားတော့ နောက်မှမေးကိုကို၊အရင်ဆုံး သံချေးကိုမောင်းပေးပါ'

'ဘာလုပ်ဖို့'

'ဟဲ....ဟဲ....ကိုကိုမလာခင်က မိသူရယ် ဆာလိုက်တာ ဆာလိုက်တာနဲ့ ပြောနေလို့'

ခိုင်ခိုင်စိုးက သူတို့ဆာသည်ဆိုလျှင် အလေးအနက်မထားဘဲ ပြုံးမှာစိုး၍ ချောစုသူသူကို ဦးတည်ကာပြောလိုက်သည်။ နေလွင်အောင်သည် ချောစုသူသူဆာသည် ဆိုသည်နှင့် မှန်ထဲမှနေ၍ ချောစုသူသူအား သနားကြင်နာစွာကြည့်လိုက်ပြီး ကားကိုလီဗာ မြှင့်တင်ကာ မောင်းနေတော့သည်။

မိရှေ့ကောင်တို့မှာ နေလွင်အောင် အဖြစ်သဲပုံကို ကြည့်ပြီး ကြိတ်၍ရယ်မိကြတော့သည်။ ထို့နောက်တော့ သံချေးမှစားချင်သည်များကို မိသူကစားချင်တာဟု အကြောင်းပြပြီး နေလွင်အောင်ထံမှ ညှဉ်းကြတော့သည်။

ကြိုက်မရှက်ဆိုသည်မှာ နေလွင်အောင်ကိုကြည့်၍များ ပေါ်လာသည့်စကားလားမသိ၊ ချောစုံကဲဟု ဆိုသည်နှင့် နေလွင်အောင်မှာ ပြာပြာသလဲ ဖြစ်သွားရသည်သာ။ တကယ်တန်းစားသည့်အခါမူ ချောစုသူသူမပါပေ။ သုံးလေးဆိုင်လောက်ဝင်မှ နေလွင်အောင်သည် သူ့အလှည့်ခံရမှန်းသိပြီး ရယ်မိတော့၏။

စားလို့သောက်လို့ဝမှ သံချေးက ထွက်လာတော့သည်၊ ဒီတခါတော့ ခိုင်ခိုင်စိုးကပင်စ၍ ကားပေါ် ရောက်သည်နှင့်...

'ခုဘယ်သွားမလဲဆိုတာ မိသူကိုမေးတော့ကိုကို၊ ဘာလို့ဆိုတော့ ခုတခါတော့ မိသူသွားချင်တဲ့နေရာကို ခိုင်ခိုင်တို့လိုက်ကြရမှာမို့လို့'

'ဟုတ်လား....ကျေကျေနပ်နပ် မေးခွင့်ရပြီနော်၊ ကဲ ချော ဘယ်သွားမလဲကွာ၊ ကိုယ်ဘယ်ထိပို့ပေးရမလဲ'

'တက္ကသိုလ်ရိပ်သာလမ်းကိုမောင်းပါနော်'

ချောစုသူသူအသံလေးကိုက ကန့်ကွက်ယနှင့် နွားထောင်၍ ကောင်းလှန်းသည်ဟု နေလွင်အောင်ထင်မိသည်။ ထို့ကြောင့်လည်း မိခိုင်ကပြောဖူးသည် မဟုတ်ပါလား။ ကိုယ်ထင် ကုဘင်ခြေလေးချောင်းတဲ့။

(အခန်း-တဆယ့်တစ်)

မကြာမီ ကားလေးမှာ ရွှေဂုံတိုင်မီးပွိုင့် ရောက်လာခဲ့ပါ မီးနီသဖြင့် ရပ်ထားယင်းမှ...

'တက္ကသိုလ်ရိပ်သာလမ်းမှာ ချောစုအသိရှိလို့လား'

'ဟင့်အင်း....'

'ဗျာ'

'အသိမဟုတ်ပါဘူး အသိသွားဖွဲ့မလို့ပါ'

'ဘယ်သူ့ကိုများလဲ'

'ဘာလိုင်းထွန်းထွန်းကို'

'ဘာလိုင်းထွန်းထွန်း'

ချောစုသူသူစကားကို နေလွင်အောင်က သံယောင်လိုက်ဆိုသော်၊ စဉ်းစားနေမိသည်။

'အော်.... ကိုကိုကလဲ မမှတ်မိဘူးလား၊ ကိုကိုပြန်လာ နောက်တရက်သွားကြည့်တဲ့ The Sound အဖွဲ့က ဘ လိုင်း ထွန်းထွန်းလေ'

ခိုင်ခိုင်စိုးပြောလေမှ နေလွင်အောင်သတိရလေသည်၊ အတူ မိမိရင်ထဲတွင်လည်း သဝန်တိုစိတ်လေးများ ဝင်လာ၏။ မိမိတောင် ချစ်သူမဟုတ်ဘဲ တဖက်သတ်ချစ်နေသူ ဖြစ်တောင် သဝန်တိုမိနေလျှင် ချောစုသူသူ၏ချစ်သူ ဇော်ကိုလေး ဆိုသည်မှာလည်း မိမိထက် အဆပေါင်းများစွာ သဝန်တို မည်ဟု မဆီမဆိုင် သွားတွေးလိုက်မိပြန်သည်။

'ပွမ်....ပွမ်....ပွမ်'

'ကိုကို မီးစိမ်းပြီလေ.... မောင်းတော့၊ နောက်က ကားများ ဟွန်းတီးနေပြီ၊ ဘာတွေ စဉ်းစားနေလဲ'

'မနာလိုလို့....ဟာ....ဟုတ်ပါဘူး'

နေလွင်အောင်မှာ စိတ်ထဲရှိသည့်အတိုင်း ထွက်သွားမိသည်။ နေလွင်အောင် အဖြစ်အပျက်ကိုကြည့်ပြီး သူငယ်ချင်းများ ရယ်ချင်သည်ထက် သနားသွားကြသည်။ မီးပွိုင့်မှလည်း ကား လေးထွက်လာသည်။

'ကိုကိုက ဘယ်သူ့ကိုမနာလိုတာလဲ'

ဆည်စကားမေးမည်စိုး၍ နေလွင်အောင်က အခြားရယ်စရာ မောစရာများကို ပြောနေသည်။ သို့သော် အေးအေးက မ ဖြစ်အောင် မေးလိုက်ပါသည်။

'ဘယ်သူ့ကိုမှ မဟုတ်ပါဘူး'

'မသိဘူးလား မိအေးရဲ့၊ မိသူက ဘလိုင်းထွန်းထွန်းဆိုသူ မယ်ဆိုလို့ ဘလိုင်းထွန်းထွန်းကို မနာလိုတာပေါ့'



သန္တာစကားမှာ မှန်နေ၍ နေလွင်အောင်မှာ တဟဲဟဲသာ ရယ်လိုက်ရပြန်သည်။ လူကြီးရှက်တော့ ရယ်သည်ပင်။

'အော်....ချောစုဖို့ ဗာလချောင်ကြော်တို့၊ ငရုတ်သီးကြော် တို့ ပါတယ်၊ အဆောင်ရောက်မှ ယူနော်'

ကြာယင် မိမိအဖြစ်က ဗူးပေါ်သလို ပေါ်တော့မှာမို့ နေလွင်အောင်က စကားပြောင်းလိုက်သည်။ သို့သော် မရပါ ပေ။ နေလွင်အောင်စကားကို ဘယ်ဘက်ကမှ မလွှတ်အောင်ယူ နေခြင်းကို ခံရပါသည်။

'စကားထဲက ဇာတ်ပြနေပြန်ပြီ၊ ကြားကြတယ်နော်၊ ချောစု ဘဦးတည်းအတွက်တဲ့၊ ဘယ်သူ့မှ သွားမနှိုက်စားကြနဲ့၊ ဇွန်းနဲ့ဘဲ ခပ်စားကြ'

'ဘယ်လိုလဲ အမကြီးတို့ရာ၊ ဘယ်ဘက်ကမှ မလွှတ်အောင်ကို ဘယ်လှချည်လား၊ စကားတောင် မပြောရဲအောင်ဖြစ်နေပြီ'

နေလွင်အောင်က ပြုံးရယ်စွာဖြင့်ပင် ပြောလိုက်သည်။

'မသိဘူးလား....မိသူကလဲ့ယင် ဒီအဖွဲ့က စကားတောင်စား နဲ့ ဆွေမျိုးတော်တယ်ဆိုတာ'

'ယုံပါတယ်'

ကားကလေးသည် တက္ကသိုလ်ရိပ်သာလမ်းသို့ ရောက်လာ သည်။

'ဟာ... တိုက်ကြီးတွေက ဖလားဘဲ'

'ဒီဘက်တိုက်က ပိုသားနားတယ်တဲ့'

ဘလိုင်းထွန်းထွန်းနေသည့် အိမ်ကိုရှာနေရာမှ မိန်းကလေး သဘာဝအရ တယောက်တမျိုးထင်မြင်ချက် ပေးနေကြခြင်းဖြစ် သည်။

နေလွင်အောင်မှာ စိတ်ရှည် သဘောကောင်း၍ သည်းခံနိုင်သူ ဖြစ်သည်၊ ထို့ကြောင့်လည်း ညီမသူငယ်ချင်းများကို စိတ်ရှည်လက်ရှည် ကူညီနေခြင်း ဖြစ်သည်။ သူ့အတွက် ချောစုသူသူနှင့် အတူသွားလာနေရ၍လည်း ပျော်ခန်မိပါသည်။

'ဟော....ဒီမှာတွေ့ပြီ၊ ဒီအိမ်ဘဲ'

ကားကို ဘလိုင်းထွန်းထွန်းနေသည့် ခြံထဲသို့ ကွေ့ဝင်လိုက်သည်။

'ဟာ.... ဘလိုင်းထွန်းထွန်း အိမ်လေးက လဲ ဖလားလေးပလား၊ ခြံထဲဝင်ကာနဲ့ကို စိတ်ကြည်သွားတာဘဲ'

'အေး.... ဟုတ်တယ်နော်၊ တခြံလုံးလဲ သန့်ရှင်းနေတာဘဲ၊ အိမ်ပိုင်လား မသိဘူး'

မိန်းကလေးများ၏ပစ်စုသည်ဆိုခြင်းကို နေလွင်အောင်ယုံကြည်သွားသည်။ ကိုယ်နှင့်မဆိုင်သော အကြောင်းပင်ဖြစ်စေ၊ မြိန်ရေရှက်ရေ စပ်စုတတ်ကြသည်မှာ မိန်းကလေးတို့၏ သဘာဝပေလား ဟု တွေးမိလည်း၊ သည်ထဲတွင် ချောစုသူသူတော့ မပါနိုင်ပေ။

ထိုသို့သူ့ဆုံးဖြတ်ချက်ကို မိခိုင်သာသိလျှင် သူ့ကို 'ကိုယ်ထင်ကုဘင်ခြေလေးချောင်းကြီး' ဟု ခနဲ့မှာ သေချာပါ၏။

'အိမ်ငှား ဖြစ်ချင်လဲ ဖြစ်မှာပေါ့.... အိမ်လခ များများပေးပြီး အိမ်ကောင်းတွေကို ငှားစားနေကြတာ ခေတ်မီနေတယ်...မို့လား'....

'ဘာဘဲဖြစ်ဖြစ်လေ.... အိမ်ငှားဖြစ်လဲ ပိုက်ဆံများများပေးနိုင်လို့နေရတာဘဲ၊ ဆက်မပြောနဲ့တော့ ငါနိုင်ပြီ၊ လာ ဆင်းပြီး ထဲလ်တီးစို့ မိသူ'



ခိုင်ခိုင်စိုးက အနိုင်နှင့်ပိုင်းပြီး ကားပေါ်မှ ဆင်းသွားသည်။

ခောာ်ပါသေးရဲ့.... ကားပေါ်က ဆင်းမေးရမယ်မှန်း အတိ...းလို့'ဟု နေလွင်အောင်က ညီမငယ်ကို ချစ်စနိုး ငေါ့လိုက်ပါ...

အဆောင်သင့်ပင် လူခေါ်ခေါင်းလောင်း ဘဲလ်လေးကို တွေ့၍...ိုက်သည်။ သုံးခါနှိပ်အပြီးတွင် စကားသံ ခြေသံကြားရ၍...ိုင်စိုးက ကားပေါ်မှ နေလွင်အောင်တို့ကို လက်ရပ်၍ ခေါ်...သည်။

...ိမ်ထဲမှ အမျိုးသမီးတဦး ထွက်လာသည်။ သူတို့နှင့် အရပ်...းမယိမ်းလောက်ရှိပြီး သူတို့ထက်ပိုပြီးလျှင် ၂ နှစ် ၃ နှစ်...ကြီးမည်ဟု ခန့်မှန်းရသည်၊ ထိုအမျိုးသမီးမှာ ဘလိုင်း...ွန်းအား စင်မြင့်ပေါ်သို့ အမြဲတွဲပို့ပေးသော ဘလိုင်း...ွန်းနှမမှန်း သူတို့သိထားသည် မဟုတ်ပါလား။

'ဘာကိစ္စရှိလို့ပါလဲ ရှင်'

...ိုမိန်းကလေးက ဖော်ရွေစွာဖြင့် ချောစုသူသူတို့အား မေး...သည်။

'...အော်.... ဘလိုင်းထွန်းထွန်းနဲ့ တွေ့ချင်လို့ပါ၊ ဘလိုင်းထွန်း...း ရှိပါသလား'

...ချောစုသူသူက ထိုမိန်းမငယ်ကို ချိုသာစွာဖြင့်ပြုံးပြီး မေး...ပါသည်။

'အော်....အကိုထွန်းနဲ့တွေ့ချင်လို့ကိုး၊ အကိုထွန်း ရှိပါတယ်၊ ...ါ...လာပါ'

...ာ်ရည်သန့်သန့်ပြန့်ပြန့်ရှိ၍ ခေတ်မီလှသော မိန်းကလေး...က်ကို ထိုမိန်းမငယ်က အားကျစွာဖြင့်ကြည့်လိုက်ပြီး တခါး

ဖွင့်ပေးလိုက်လေသည်။ ချောစုသူသူတို့ကို ညွှန်ခန်းရှိရာ ေ လာပြီး....

'ထိုင်ကြပါ....ခဏစောင့်ပါအုံးနော်၊ အကိုထွန်းကိုသွား လိုက်ပါအုံးမယ်'

မိန်းမငယ် ထွက်သွားသည်နှင့် မစပ်စုံတို့က တခန်း အကဲခတ်ပြီး....

'ဟော့....ဘလိုင်းထွန်းထွန်းမှာ မိန်းမရှိလားမသိဘူး'

'ဘာလို့လဲ'

'တအိမ်လုံး သန့်ရှင်းနေလို့လေ'

'မိန်းမရှိတယ်လို့မကြားရဘူး၊ သူ့နှမက ရှင်းလင်းထ လွှားမှမသိတာ'

အေးဆေးက သူ့ထင်ကြေးကို ပြောလိုက်သည်။ ထိုစဉ် ရှေ့မှ သုံးလေးနှစ်အရွယ် မိန်းကလေးတယောက် ပြေးဝင် သည်။ ချောစုသူသူတို့ကို တွေ့သည်နှင့် ကိုယ်ရှိန်တန့်သွ အကဲခတ်ဟန်ဖြင့် ကြည့်နေသည်။

ချောစုသူသူသည် ကလေးချစ်တတ်သူဖြစ်၍ ထိုကလေ လက်ရပ်ခေါ်လိုက်သည်။ ကလေးမှာ ချစ်စရာကောင်းသည် လူမကြောက်တတ်။ ချောစုသူသူခေါ်ရာသို့ရောက်လာပြီး ေ သူသူအား စေ့စေ့ကြည့်ကာ....

'အန်တီက သိပ်ချောတာဘဲ'ဟု သွက်သွက်လေးပြောဆ အားလုံးမှာ ကလေးကို ချစ်ခင်သွားကြရသည်။ ထို့အတူ ပြ သွားကြသည်။ ကလေးလေးမှာ လူကြီးများ မျက်နှာကို ဧ ခတ်ကြည့်ပြီး....

'အန်တီတို့က တာတာ်ပြောတာမယုံလို့ ရီတာလားဟင်'



'သမီးနာမည်က တာတာတဲ့လား'

သွက်လက်၍ လူကြီးအရိပ်ခြေကိုသိတတ်လွန်းသော ကလေး သူတို့မှာ မခင်ဘဲမနေနိုင်ကြ။ ချောစုသူသူသည် သူမ ပေါင် ါသို့ ကလေးကိုတင်ယင်း မေးလိုက်၏။

'ဘာတာကိုမေမေက တာတာသင်းလို့ပြောတယ်၊ ဦးဦးထွန်း ားဖွားတို့က တာတာလို့ ခေါ်ကြတာဘဲ၊ အန်တီတို့က ဦးဦး းနဲ့ တွေ့ချင်လို့လား'

'အေးကွဲ့'

'ဦးဦးထွန်းက သိပ်သဘော ကောင်းတာအန်တီရဲ့ တာတာ ည့် မုန့်တွေအများကြီးဝယ်ကျွေးတာ အန်တီကိုလိုလဲ ဝယ် းလိမ့်မယ်သိလား'

'ဟို....ဦးဦးကလဲ ချောတာဘဲနော်၊ တာတာ ခုမှကြည့်မိ ယ်'

'ဟုတ်ကဲ့ ခင်ဗျာ'

ထိုစဉ်အခန်းထဲမှ မိန်းမငယ်လေး ပြန်ထွက်လာပြီး....

'သမီးက အန်တီတို့ကို သွားရှုပ်နေတာကိုး လာမေမေဆီ၊ ်တီလုလှတွေ ပျက်သွားလိမ့်မယ်'

'ရပါတယ် တာတာလေးက သိပ်သွက်တာဘဲနော် သူသူတော့ ြင်ချင်း ချစ်မိတယ်'

'မေမေကလဲ တာတာက အန်တီတို့ပျင်းမှာစိုးလို့ ညွှန်ခံနေ ပါနော် အန်တီ'

ဘာတာလေးက သူ့ကိုဆူမည်စိုး၍ ထောက်ခံမဲတောင်းနေ သိ၍ ချောစုသူသူ ခေါင်းညိတ်ပြလိုက်၏။

'သည်းခံပြီး ခဏစောင့်ပါနော် အကိုထွန်းရေချိုးနေလို့ပါ'

'ဟင်....သူ့ဖာသာသူ ချီးနိုင်လား'

ချောစုသူသူက အံ့ဩစွာမေးလိုက်သည်။

'ဟုတ်ကဲ့....ဒီတအိမ်လုံး မှာ ဘယ်သူ့အကူညီမှ မယူဘဲ ထွန်းသွားတတ်တယ်၊ ဟော....ပြောယင်း ဆိုယင်း အကို လာနေပြီ'

'သင်းသင်း'

'ရှင် အကိုထွန်း'

'ဧည့်သည်တွေ အတွက် စားစရာ တခုခု ချကျွေး (Excuse Me)ကျနော်ကို ခွင့်လွှတ်ပါနော်'

နေလွင်အောင်သည် ဘလိုင်းထွန်းထွန်းတယောက်လူကေ ပကတိပမာ သွားလာလှုပ်ရှားနေသည်ကိုကြည့်ပြီး အံ့အား နေသည်။ ဘလိုင်းထွန်းထွန်း မျက်လုံးမမြင်မှုန်း သိထား၍ ယုံတော့သည်။ သို့မဟုတ်လျှင် ဘလိုင်းထွန်းထွန်း၏အပြုအ မသိသူများဆိုလျှင် ယုံနိုင်မည်မဟုတ်ဟု နေလွင်အောင်ကိုယ် ဝန်ခံမိ၏။

ဘလိုင်းထွန်းထွန်းသည် ကုလားထိုင်ကိုစမ်း၍ ထိုင်လိုက် ချောစုသူသူမှာ တချိန်လုံး ဘလိုင်းထွန်းထွန်း လှုပ်ရှားမှုမျ ငေးကြည့်နေကြောင်း နေလွင်အောင်တွေ့ရသဖြင့် ရင်ထဲ ဝေဒနာတမျိုး ခံစားလိုက်ရတော့သည်။

'ဟုတ်ကဲ့- ကျနော်နဲ့ တွေ့ချင်တဲ့အကြောင်း ရှိပါသလ ကျနော် ဘာအကူညီပေးရမလဲ ခင်ဗျာ'

ချောစုသူသူတို့ တယောက်ကိုတယောက်ကြည့်လိုက်ကြ ခိုင်ခိုင်စိုးက လည်ချောင်းရှင်းပြီး ဘလိုင်းထွန်းထွန်းအား...



'ဒီလိုပါ ကျမတို့က စီးပွားရေးတက္ကသိုလ် ကျောင်းသူတွေ ပါ'

'စီးပွားရေး တက္ကသိုလ်က'

ဘလိုင်းထွန်းထွန်းသည် စီးပွားရေး တက္ကသိုလ်ကဆိုသည်နှင့် စိတ်ထဲတမျိုးဖြစ်သွားသည်၊ သူ့အားလာရောက် မိတ်ဆက်ကြ သည့် အမျိုးသမီးများစွာ လာဖူးကြသည်။ စီးပွားရေးတက္ကသိုလ် ကဆိုလာတိုင်း ဘလိုင်းထွန်းထွန်းမှာ မျက်နှာ ပျက်သွားရသည် သာ။

'ဟုတ်ပါတယ် ကျမတို့အဆောင်နားကို ကိုထွန်းထွန်း သီချင်း လာဆိုကတဲက ကိုထွန်းထွန်းနဲ့ မိတ်ဖွဲ့ချင်နေတာပါ'

'ကျနော်ကို အားပေးကြလို့ ဝမ်းသာပါတယ်ခင်ဗျာ၊ ဒါနဲ့ ခင်ဗျားတို့ နာမည်တွေက....

'အော်....ဟုတ်ပါရဲ့၊ ကျမနာမည်က ခိုင်ခိုင်စိုးပါ ကျမတို့ အားလုံးက ကိုထွန်းထွန်းနဲ့ ခင်မင်ချင်လို့ပါ၊ မိယုတို့ မိသန္တာ ဟို့ ပြောကြလေ'

'မိခိုင်ပြောသလိုပါဘဲ၊ ယုခိုင်တို့က ကိုထွန်းထွန်း အသံကို သိပ်ကြိုက်တာ ကျလို့ပါ'

ဘလိုင်းထွန်းထွန်း မျက်နှာပျက်လာသည်။ တိုက်တိုက် ဆိုင် ဆိုင် ကြုံကြုံတတ်ပလေဟု ယူဆမိသည်။ ဘလိုင်းထွန်းထွန်းအား တချိန်လုံးအကဲခတ်နေသော ချောစုသူသူမှာ ဘလိုင်းထွန်းထွန်း မျက်နှာပျက်သွားသည်ကို သတိထားလိုက်မိပါ၏။

ဘလိုင်းထွန်းထွန်း သည်နာမည်တွေနှင့်ပတ်သက်ပြီး သိထား သည့်အကြောင်း ရှိရမည်ဟု ချောစုသူသူ ထင်မြင်လာသည်။ သူမချစ်သူဇော်ကိုအောင်နှင့် ဘလိုင်းထွန်းထွန်း အဆက်အသွယ်

ရှိရမည်။ သို့မဟုတ် ဇော်ကိုအောင်နှင့် အနှင်းနှိုးဆိုးသွားသည်ချင်း ဖြစ်နိုင်ပါ၏။

ဇော်ကိုအောင်နှင့် သူငယ်ချင်းဆိုလျှင်လည်း ဘလိုင်းထွန်းထွန်းအကြောင်း မိမိကိုပြောပြမည်သာ။ အကြောင်းကိစ္စမတိုက်ဆိုင်၍သာ မပြောဖြစ်တာလည်း ဖြစ်ချင်ဖြစ်မည်ဟု ချောစုသူသည် တယောက်တည်း အတွေးနယ်ချဲ့နေမိသည်၊

'မိခိုင်တို့ ကိုထွန်းထွန်းဆီလာတာ သီချင်းတဲ့ကိစ္စလေးတခုသဲ စုံစမ်းချင်လို့ပါ'

ဘလိုင်းထွန်းထွန်း၏ မျက်လုံးများသည် ရှေ့တည့်တည့်သာ စူးစိုက်နေသည် ထင်ရ၏။ ဘလိုင်းထွန်းထွန်းအား အဝေးမဟုတ်တဲ့ အနီးကပ်ကြည့်လျှင် မျက်လုံးများက မရွေ့လျားတဲ့ မျက်တောင်ခပ်ခြင်း မရှိသည်ကို မြင်ရသည်နှင့်ပင် မျက်စိမမြင်ဟု ပြောနိုင်ပါ၏။

'ပြော....ပြောပါခင်ဗျာ'

တုန်ရီသောအသံဖြင့် ဘလိုင်းထွန်းထွန်းက မေးလိုက်သည်၊ ထိုစဉ် ညနေခင်းဘဲသို့ ကော်ဖီလင်ဗန်းမှ ကာ ဝင်လာသော သင်းသင်းမှာ အသံတွေတုန်ကာ အမူအရာ ပျက်နေသော ဘလိုင်းထွန်းထွန်းအား အံ့အားသင့်နေမိသည်။

'အကိုထွန်း ဘယ်လိုဖြစ်နေပါလိမ့်၊ ခါတိုင်းလဲ အဲသလိုလာ မိတ်ဆက်တဲ့ မိန်းကလေးတွေ တပုံကြီးပါ၊ ဒီမိန်းကလေးတွေကျမှ အကိုထွန်းကိုကြည့်ရတာ တမျိုးကြီးပါဘဲ၊ ဒီမိန်းကလေးတွေဟာ ငါနဲ့မတွေ့ခင်ကများ ပတ်သက်ခဲ့ဖူးလို့လား' ဟု စိတ်ထဲမှ တွေးတော်ပြီး လင်ပန်းကိုချလိုက်ယင်း....

'သုံးဆောင်ကြပါ'



'အော်....ဟုတ်ကဲ့ခင်ဗျ'

ယောကျ်ားသံကြားသဖြင့် ဘလိုင်းထွန်းထွန်း နားစွင့်လိုက်သည်။ ယောကျ်ားသံကို မကြားဘူးခဲ့။ ခိုင်ခိုင်စိုးတို့နှင့် ဘယ်ပါလာသနည်းဟုလည်း စဉ်းစားနေမိ၏၊

'ကဲ....မိသူ....မိသူ သိပ်သိချင်နေတာ ကိုထွန်းထွန်းကို မေးပါ....'

မိသူဆိုသော အသံကြားသည်နှင့် နောက်မှ၍ထိုင်နေသော ဘလိုင်းထွန်းထွန်း၏ ခန္ဓာကိုယ်လေးမှာ ရှေ့သို့ငိုက်လာတော့သည်၊

'မိသူဆိုပါလား၊ ဘုရား ဘုရား....ငါထင်ထားတဲ့ မိသူဖြစ်နေသလား၊ နာမည်တွေအားလုံးတော့ လာတူနေပြီ၊ မဖြစ်ပါစေနဲ့၊ ငါသိတဲ့ မိသူ မဖြစ်ပါစေနဲ့'ဟု တိုးတိုးလေး ဆုတောင်းနေမိသည်၊

'သူသူကို ကိုထွန်းထွန်း သိမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ကိုထွန်းထွန်းက နာမည်ကြီးတဲ့သူဆိုတော့ သူသူတို့က သိနေပါသည်၊ သူသူ့နာမည်အပြည့်က ချောစုသူသူပါ၊ Eco တတိယသာ ကပါ'

'ချောစုသူသူ Eco တတိယနှစ်'

ဘလိုင်းထွန်းထွန်းက အမှတ်တမဲ့ အသံထွက်ကာ ရေရွတ်သည်။ ခိုင်ခိုင်စိုးတို့မှာ ကြောင်နေကြပြီး ချောစုသူသူတွင်မူ သင့်ချက်ရောင့်မြည်လေးဖြင့် မျက်နှာဝင်းသွားသည်။

ကြတော့ ချစ်သူကိုအောင်သည် ဘလိုင်းထွန်းထွန်းအား သူ့အကြောင်း ပြောထားမှန်း သေချာသွားလေပြီ။ ဘယ်

နည်းနှင့်မဆို မိမိသိချင်သည့်သိချင် နှင့် ပတ်သက်ပြီး သိ
မည်ဟု တထင်ချယုံကြည်သွားသည်။

'ကိုထွန်းထွန်းက သူ့ဘူကိုသိလို့လားဟင်'

ချောစုသူသူသည် ဘလိုင်းထွန်းထွန်းကိုကြည့်ကာ အ
[illegible] မေးလိုက်၏။ ပထမတွင် ဘလိုင်းထွန်းထွန်းမှာ
ညိတ်မလိုဖြစ်ပြီးမှ ခေါင်းခါယိုက်ယင်း....

'ဟင့်အင်း.... ကျနော်မသိပါဘူး၊ ဒီနာမည်လေးက
လေးမို့ သဘောကျလို့ခေါ်မိတာပါ'

သည့်အဖြေကို ချောစုသူသူမကျေနပ်။ ဘလိုင်းထွန်
သည် တစုံတရာကို လျှို့ဝှက်နေရမှန်း သူမစိတ်ဝယ် ထင
သည်။

'ကိုထွန်းထွန်း'

'ဗျာ'

'ကိုထွန်းထွန်းကို သူသူ တောင်းပန်ပါရစေ၊ သူသူ့
လောက် ကူညီစေချင်ပါတယ်၊ ဒီအကူအညီကိုလဲ ကိုထွန်
တယောက်ဘဲ ပေးနိုင်မယ်ဆိုတာ သူသူယူဆလို့ပါ'

'ဘာ-ဘာအကြောင်းပါလဲ'

'ကိုထွန်းထွန်းအတွက် အရေးမကြီးတဲ့အကြောင်း
ဖြစ်မှာ၊ ကိုထွန်းထွန်းကို အနှောင့်အယှက် လာပေးတယ
မထင်စေချင်ပါဘူး၊ သူသူ့အတွက်တော့ သေရေးရှင်
အင်မတန်အရေးကြီးနေလို့ပါ'

'ဟုတ်ကဲ့....ကျနော်သိတာ ကူညီပါ့မယ်'

'ကျေးဇူးတင်ပါတယ်ရှင်'



ချောစုသူသူ၏အသံကိုကြားရသော ဘလိုင်းထွန် ထွန်း စိတ်
တို့သည် အဝေးတနေရာမှ သည့်အသံကို ကြားဖူးသလိုသိုခံစား
လာရသည်။

'ကော်ဖီသောက်လိုက်ပါအုံး၊ အေးကုန်လိမ့်မယ်ရော့၊ အကို
ထွန်းလဲ့သောက်နော်'

'အကိုထွန်း မသောက်ချင်သေးဖူး သင်းသင်း'

'ဟင်....ဘာဖြစ်လို့လဲ ဘာမှလဲမစားရသေးဘဲနဲ့'

'မဆာသေးလို့ပါ'

သင်းသင်းသည် ဘလိုင်းထွန်းထွန်းအား ကွက်ကြည့် ကွက်
ကြည့်လုပ်ကာ မီးဖိုခန်းထဲ ပြန်ဝင်သွား၏။

'ချောစု သောက်လေ'

နေလွင်အောင်က ချောစုသူသူလက်ထဲသို့ ကော်ဖီပန်းကန်
ထည့်ပေးယင်း ပြောလိုက်သည်။

'Sorry နော် ကိုအောင် သူသူက စိတ်စောနေယင် ဘာမှ
ဘားလို့သောက်လို့ မရတတ်ဘူး'

ဘလိုင်းထွန်းထွန်းရင်ထဲဝယ် စစ်ကနဲ နာကျင်သွားမိပြန်
သည်။ 'ကိုအောင်တဲ့ ချောစုသူသူက ထိုအမျိုးသားကိုလဲ ကို
အောင်လို့ခေါ်နေပြီ ကိုဇော်ကိုအောင်ရေ'ဟုစိတ်ထဲမှ ဇော်ကို
အောင်ကို ပြောနေမိသည်၊

ကိုအောင်ဟု အခေါ်ခံရသော အမျိုးသားသည် ချောစုသူသူ
အား တော်တော်ဂရုစိုက်မည့်ပုံရသည်ဟု လူကိုမမြင်ရဘဲ အသံကို
နားထောင်ကြည့်ရုံဖြင့် ဘလိုင်းထွန်းထွန်း အကဲခတ်မိသည်။

'သူတို့နှစ်ယောက်အခြေအနေ ဘယ်လိုပါလိမ့်'ဟု သိချင်လာ
သလိုလည်း ခံစားရသည်။

'အင်းလေ....ဇော်ကိုအောင်ဆိုတာ လောကကြီးမှာမှ မ တွေ့တာ ချောစုသူသူဟာ ငယ်ရွယ်တဲ့မိန်းကလေးဘဲ၊ သူ့ဘ အတွက် အားကိုးရလောက်မယ့် အဖော်ရှာမယ်ဆို ရှာသင့် တယ်လေ'

ထိုင်နေယင်းနှင့်ပင် ဘလိုင်းထွန်းထွန်းတယောက်ထဲ သ စိတ်ကိုသူ အလုပ် ပေးနေလိုက်ပါ၏၊ ဘလိုင်းထွန်းထွန်းက ချောင်းတချက်ဟန့်လိုက်ပြီး....

'ကျနော်ကို ပြောမယ်ဆိုတာ'

'ဟုတ်သားဘဲ မိသူမေးလေ'

'ကိုထွန်းထွန်း ကိုဇော်အောင်ကိုသိလား'

'ခင်ဗျာ'

ဘလိုင်းထွန်းထွန်းမှာ လုံးဝမထင်ထားသောမေးခွန်းကြော တုန်လှုပ်သွား၏၊ သူ့ဆီလာသည့်ကိစ္စမှာ မိန်းကလေး သဘာ အတိုင်း လာမိတ်ဆက်ခြင်း၊ ခင်မင်ရင်းနှီးလိုခြင်း၊ အော်တိုရေ ခိုင်းခြင်း၊ စကားမရှိစကားရှာကာ ပြောဆိုလိုခြင်းဟုသာ ယူ ထားသည်၊

အခုကဲ့သို့ ချောစုသူသူဆိုသည့် သနားစရာ အသံရှင်လေး စကားက ဘလိုင်းထွန်းထွန်းအား တအံ့ဘသြဖြစ်သွားရသည်၊ ဇော်ကိုအောင်ကို သတိရသေးသားဘဲဟူ၍ ဇော်ကိုအော နေရာသွင် ဝင်ပြီး ဝမ်းသာပေးလိုက်မိသေးတော့သည်၊

'ကိုဇော်ကိုအောင်ကို သိလားလို့'

ချောစုသူသူက ထပ်မေးလိုက်သည်၊ ချောစုသူသူ အမေး ကြောင့် ဘလိုင်းထွန်းထွန်းနည်းတူ မျက်နှာ ပျက်သွားသူတဦး ရှိသည်။ သူကား နေလွင်အောင်....



ချောစုသူသူကတော့ စိတ်ဝင်စားရာကို မေးနေသဖြင့် နေ လွင်အောင်ကို သတိမထားမိပေ။ ခိုင်ခိုင်စိုးကမူ အကိုဖြစ်သူကို ကြည့်ပြီး အရမ်းသနားသွားမိသည်၊ လောကကြီးတွင် တဖက် သတ်အချစ်ဖြင့် ချစ်ရသူမှာ ဆုံးရှုံးလှပါလားဟု အသိဝင်လာခဲ့ ရသည် မဟုတ်ပါလား....

'ချောစုရယ် ကိုယ့်ကို ပညာရှိနည်းနဲ့နှိမ်စက်နေတာများလား ကွယ်' ဟုပင် နေလွင်အောင်က မေးလိုက်ချင်ပါသည်။

နေလွင်အောင်က ချောစုသူသူကိုတလှည့် ဘလိုင်းထွန်းထွန်း အားတလှည့် ကြည့်နေ၍ ဘလိုင်းထွန်းထွန်း ခေါင်းခါပြလိုက် သည်ကို တွေ့ရ၏။

'ဟင့်အင်း မသိပါဘူး'

'သေချာရဲ့လား ကိုထွန်းထွန်း'

'ကျနော် မလိမ်တတ်ပါဘူး'

'သူသူကတော့ ကိုထွန်းထွန်း လိမ်နေတယ်လို့ တတ်အပ်စွပ်စွဲ ရမှာဘဲ၊ ကိုဇော်ကိုအောင်ကို ကိုထွန်းထွန်း သိကိုသိရမယ်'

ချောစုသူသူ၏ သေချာစွာ စွပ်စွဲလာခြင်းကြောင့် ဘလိုင်း ထွန်းထွန်း ခေတ္တငိုင်သွားသည်။ ထို့နောက် ဘလိုင်းထွန်းထွန်း က မရယ်ချင်ဘဲရယ်လိုက်ကာ....

'ဟောဗျာ....ကျနော့်အိမ်မှာ ကျနော်နေပြီး လာစွပ်စွဲတာ ခံနေရပြီ၊ ခင်ဗျားတို့သူငယ်ချင်းကို ကြည့်ပြောပါအုံးဗျာ'

'ဟုတ်သားဘဲ မိသူ....ကိုထွန်းထွန်းကမသိဘူးဆိုတာ ဘာလို့ အတင်းသိရမယ်လို့ပြောနေရတာလဲကွယ်၊ ကိုထွန်းထွန်းကို အား နာဖို့ကောင်းပါတယ်'

ခိုင်ခိုင်စိုးက ဘလိုင်းထွန်းထွန်းကို အားနာသဖြင့် ဝင်ပြေ လိုက်ခြင်းဖြစ်သည်၊ နေလွင်အောင်ကလည်း ချောစုသူသူအ ဆက်မမေးခဲ့ချင်။ ဒါက သူ့ရင်ထဲကဆန္ဒသာ ဖြစ်သည်၊ လ တွေ့တွင်မှ ချောစုသူသူ စိတ်ချမ်းသာလျှင် ကျေနပ် နေ ဖြစ်၍....

'မိခိုင်....ချောစုဆန္ဒရှိသလို ပွင့်ပွင့်လင်းလင်းပြောပါစေ'

'မဟုတ်ဘူး ကိုကို၊ မိခိုင်က ကိုထွန်းထွန်းကို....'

'ကိုကိုလဲ အားနာတာပါဘဲ၊ ချောစုမှာ ခိုင်လုံတဲ့အကြောင် ရှိချင်ရှိမှာပေါ့၊ ဒါကို ကိုကိုတို့မသိနိုင်ဘူးမဟုတ်လား'

ခိုင်ခိုင်စိုး စကားမဆုံးခင် နေလွင်အောင်က ဖြတ်ပြောလိုက် သည်၊ ဘလိုင်းထွန်းထွန်း ရင်ထဲတွင် ဇော်ကိုအောင်အစား ဝ နည်းသလို ခံစားလိုက်ရပြန်၏၊

ဇော်ကိုအောင်အချစ်ဆုံး မိန်းကလေးဖြစ်သည့် ချောစုသူ ဆိုသည့် မိန်းမလှလေးတွင် ကြင်နာသူရှိနေပါရောလား ဟူ၍ပ ဖြစ်သည်။

ဘလိုင်းထွန်းထွန်းမှာ လက်ကို ရှေ့ဆန့်တန်း၍....

'ချစ်သူအပေါ်မှာ ကြင်နာယုယပြီး ချစ်တတ်တဲ့ လူမျိုး လေးစားပါတယ် ကို....'

ဘလိုင်းထွန်းထွန်းက နေလွင်အောင် နာမည်မသိ၍ စကာ တပိုင်းတစနှင့် ပြတ်သွား၏။

'နေလွင်အောင်ပါ ကိုထွန်းထွန်း၊ ကိုကိုက နိုင်ငံခြားသင်္ဘော အင်ဂျင်နီယာပါ၊ သင်္ဘောလိုက်နေရာက ရန်ကုန်မှာ တနှစ်နား ခွင့်ရပါတယ်'



ခိုင်ခိုင်စိုးက စကားဆက်ပေးလိုက်သည်၊ ထိုအခါ ဘလိုင်း ထွန်းက ဆက်၍ ပြောပြန်သည်။

'ကိုနေလွင်အောင်ကို ကျနော် မမြင်ရပေမယ့် ကိုနေလွင် ောင်မှာ ချစ်တတ်တဲ့ ယုယတတ်တဲ့ နှလုံးသား ရှိမယ်ဆိုတာ နော်ပြောရဲပါတယ်၊ ကိုနေလွင်အောင်ရဲ့ ချစ်သူ ကံကောင်း တယ်၊ မချောစုသူသူ ကံကောင်းပါတယ်'

'အို....'

ချောစုသူသူထံမှ 'အို' ဟု ရှက်သွေးဖြန်းသော အသံလေး သွားသည်။ နေလွင်အောင်စိတ်ထဲတွင် ဘလိုင်းထွန်းထွန်း သကဲ့သို့ ချောစုသူသူသည် မိမိ ချစ်သူ တကယ်ဖြစ်လျှင် င်မည်ဟု ဆုတောင်းလိုက်မိ၏။ ဘလိုင်းထွန်းထွန်းကိုလည်း ၍ ကျေးဇူးတင်မိသည်။

ချောစုသူသူသည် ဘလိုင်းထွန်းထွန်းအား စိတ်ပျက်သ ၊ မိမိသိချင်သည်ကိုမမေးရအောင် စကားလွှဲပြီး ပြောမှန်း ၏၊ သူထင်ရာလျှောက်ပြောသောစကားက တဖက်သား စ်နာမှန်း သူ မသိပေ။

ဘလိုင်းထွန်းထွန်း စကားကြောင့် မျက်နှာပျက်နေသော းသူသူအား ကြည့်ပြီး နေလွင်အောင် သနားလာမိသည်။ ကြောင့်လည်း သူမ စိတ်သက်သာရာရစေရန်....

'ကိုထွန်းထွန်းအထင်မှားနေပြီ၊ ကျနော့်မှာ ချစ်သူလဲ မရှိ ပါဘူး၊ ချောစုက ကျနော့်ချစ်သူမဟုတ်ဘူး၊ ကျနော်ဆို ာက စိတ်ဘူ သဘောတူသက်ခံပြီး ပြန်ချစ်တဲ့ ချစ်သူ မရှိ ဘူး ပြောဘာနော်'

ဘာကြောင့်မသိ၊ နေလွင်အောင်စိတ်ထဲတွင် ဘလိုင်းထွန်းကို မြင်မြင်ချင်း ခင်မိသည်။ ထို့ကြောင့်လည်း သူ့ချက်ကို ရင်းရင်းနှီးနှီးပြောလိုက်မိသည်။ ဘလိုင်းထွန်းလ သာ ဂရုစိုက်ကြည့်နေသော ချောစုသူသူမှာ နေလွင်အောင် ရှင်းချက်ကြောင့် ဘလိုင်းထွန်းထွန်း မျက်နှာတွင် ပြုံးရိပ် သွားသည်ဟု ထင်လာမိသည်။

ဒါကိုအကဲခတ်ပြီး ချောစုသူသူမှာ ဘလိုင်းထွန်းထွန်းအ သံသယပိုဝင်လာခဲ့သည်။ နေလွင်အောင်က မိမိကို ကြင်နာ သည့် စကားများ ပြောနေစဉ် မျက်နှာဘာကြောင့် ညှိုး သနည်း။

နေလွင်အောင်ထံမှ သူမနှင့် နေလွင်အောင် ချစ်သူ မှန်းသိရသောအခါ မျက်နှာတွင်ပြုံးရိပ်သန်းလာကာ ဝမ်း ဟန် ပြလာသည်မှာ ဘာကြောင့်နည်း ဟု ချောစုသူ တွေးတောလာစရာဖြစ်သည်။

ဘလိုင်းထွန်းထွန်းအိမ်လာပြီး နီးနီးကပ်ကပ်လေ့လာ ချောစုသူသူသည် ဇော်ကိုအောင်အကြောင်း ဘလိုင်းထွန်း သိရမည် ဆိုသော စွဲလမ်းချက်ကြီးမှာ ပိုမိုခိုင်မာလာ သည်။

ထို့ကြောင့်လည်း ဘလိုင်းထွန်းထွန်းထံမှ ဇော်ကို အကြောင်းကို စိတ်ရှည်ရှည်ထား၍ မကြာမီ လာစုံ ချောစုသူသူ သံသယဦးဆောင်ချလိုက်ပါလေပြီ။ ခုလည်း ဘလိုင်း ထွန်းမှာ သူတို့ကို စိတ်ရှည်စွာဖြင့် ညှော်ခံနေ၍ ကျေးဇူး တင်မိသည်။



စကားဝိုင်းမှာ ခေတ္တတိတ်ဆိတ်သွားသည်။ တိတ်ဆိတ်မှုကို သာယာပျော့ပျောင်းသည့် သနားစရာ ချောစုသူသူ၏ အသံလေးက စတင်ဖြိုဖျက်လိုက်သည်။

'ကိုထွန်းထွန်း....သူသူမေးတာ မဖြေသေးဘူးနော်'

'တကယ်မသိလို့ပါဗျာ....မယုံယင် ကျနော့်နှမ သင်းသင်းကို မေးကြည့်နိုင်ပါတယ်'

'ဒါဆို 'မပြိုသောမြင့်မိုရ်' ဆိုတဲ့ သီချင်းကို ဘယ်ကရသလဲ'

'ဗျာ....'

ချောစုသူသူစကားကြောင့် ဘလိုင်းထွန်းထွန်းမှာ တုန်လှုပ် ချောက်ချားသွားရသည်။ သို့သော် ချောစုသူသူ မည်သို့သိသွားမှန်းသိချင်၍ ဘူးကွယ်ကြည့်ရန် ဆုံးဖြတ်ပြီး....

'ဒီသီချင်းကို ကျနော်မဆိုမိပါလား'

'အဲလိုမငြင်းနဲ့လေ....သူသူ့မှာ သက်သေတွေရှိပါတယ်၊ ငယ်ယုတို့ မိခိုင်တို့ ပြောလိုက်လေ'

'ဟုတ်တယ်....ဒီသီချင်းကို သရဖီဆောင် Dinner မှာကော ဘောက်ထော်မှာတုန်းကကော ကိုထွန်းထွန်းဆိုခဲ့တယ်၊ ဒီသီချင်းကြောင့်ဘဲ ခု မိသူ ကိုထွန်းထွန်းဆီရောက်လာခဲ့တာ'

ယုယုခိုင်က ဝင်ပြောကာ ချောစုသူသူစကားကို ထောက်ခံခဲ့သည်။

ဘလိုင်းထွန်းထွန်း သက်ပြင်းရှည်ကြီးချလိုက်သည်။

'ဒီသီချင်းက မချောစုသူသူတို့နဲ့ ပတ်သက်နေလို့လား'

မျက်လုံးထဲတွင် မျက်ရည်များ ဝေဝဲနေပြီး တုန်ယင်သော အသံဖြင့် ဘလိုင်းထွန်းထွန်းက မေးပြန်၏။

'သိပ်ပတ်သက်ဘာပေါ့....သူသူ ကိုထွန်းထွန်းနဲ့ ခုမှတွေ့ပေမယ့် စိတ်ထဲမှာ ရင်းနှီးနေသလို ခံစားရတယ်၊ ဒီတော့ သူသူ ကိုထွန်းထွန်းကို ပွင့်ပွင့်လင်းလင်းပြောပြပါမယ်၊အရှက်ကြောက်မရှိဘဲ ခုမှသိတဲ့ယောကျ်ားပျိုကို ဖွင့်သင်အန်တယ်လို့တော့ မထင်စေချင်ဘူး၊ ကိုထွန်းထွန်းရဲ့အကူညီကို တကယ်လိုနေလို့ပ'

'ဟုတ်ကဲ့....အဘတ်နိုင်ဆုံး ကူညီပါမယ်'

'ဒီသီချင်းဟာ သူသူရဲ့အချစ်ဆုံးချစ်သူ ဇော်ကိုအောင်က သူသူဘဦးတည်းအတွက် ရည်ရွယ်ဆိုပြခဲ့တာမို့ ဒီသီချင်းကို ကိုဘွန်းထွန်း ဘယ်သူ့ဆီကရတယ်ဆိုတာ သိပ်သိချင်ပါတယ်'

ထို့နောက်တော့ ချောစုသူသူသည် ဇော်ကိုအောင်နှင့် သူမတို့ချစ်ခဲ့ကြပြီးမှ နောက်ဆုံး ဇော်ကိုအောင် မီးထဲပါသွားသည်ဟု သိရသည်ထိ မျက်ရည်များကျကာ ရှိုက်သံငိုသံလေးများနှင့် ပြောပြနေပါသည်။

သူတို့စကားဝိုင်းသို့ ချောစုသူသူ၏အကြောင်း မပြောခင်ကဘည်းက သင်းသင်းလည်း ရောက်နေသည်။ အားလုံးမှာ ချောစုသူသူအား သနားမဆုံး ဖြစ်ရပြန်ပါ၏။ ထို့အတူ ဘလိုင်းထွန်းထွန်းထံမှ မျက်ရည်များစီးကျလာသည်ကို သင်းသင်းတွေ့ရသဖြင့် အံ့သြသွားသည်။ ဘလိုင်းထွန်းထွန်းတယောက်ငိုသည်ကို သင်းသင်းဘခါမှမတွေ့ခဲ့ဘူး၍သည်းဖြစ်၏။

'ဟင်....အကိုထွန်းငိုနေတယ်'

'မချောစုသူသူအကြောင်းနားထောင်ပြီး အကိုထွန်းရင်ထဲဝမ်းနည်းသွားလို့ပါ၊ အကိုထွန်းကိုယ်တိုင်က ဒုက္ခိတဆိုတော့ ဝမ်းနည်းစရာကြားယင် မျက်ရည်ကျမိတာပါ' ဟု သင်းသင်းကို ရှင်းပြသလိုနှင့် အားလုံးကြားအောင်ပြောလိုက်သည်။



'ချောစုသူသူရယ်....ကံဆိုးကြတဲ့ ချစ်သူနှစ်ဦးရဲ့ အဖြစ်ဆိုးကြကွဲစရာပါလား၊ ချောစုသူသူအသစ္စာရှိသလို ဇော်ကိုအောင်ကဲ့ ချစ်သူအပေါ် မြဲမတတ်ချစ်တဲ့ကောင်ကလေး သစ္စာရှိတယ်ဘာ ယုံပါ' ဟု စိတ်ထဲမှ ဘလိုင်းထွန်းထွန်းက ပြောပြနေမိသည်။

'ဒီသီချင်းကို ကျနော်ဆိုမိတာ မှားသွားပြီ'

ဘလိုင်းထွန်းထွန်းက သူ့ကိုယ်သူ ရေရွတ်လိုက်၏။

'ဟင့်အင်း....သူသူ့အတွက်ကတော့ မှန်တယ်၊ မဟာဇနက္ကမကိုမေခလာ ကယ်လိုက်သလိုဘဲ သူသူ့ရဲ့ အခက်အခဲကို ထွန်းထွန်း ကူညီပေးနိုင်မယ်လို့ ယုံကြည်ပြီးလာခဲ့တာပါ၊ ကြောင့် ဒီသီချင်းကို ကိုအောင်က ကိုထွန်းထွန်းကိုပေးခဲ့တာဟင်၊ ဟုတ်ပါတယ်–ကိုအောင်နဲ့ ကိုထွန်းထွန်းရင်းနှီးရင် သူသူ့ကိုပြောပြပါလားရှင်၊ ကိုထွန်းထွန်းအတွက်မထူးပေမယ့် သူသူ့အတွက်ကတော့ သိပ်အရေးကြီးပါတယ်'

'ကျနော် မချောစုသူသူကို သိပ်ကူညီချင်ပါတယ်ဗျာ'

'ဟုတ်ကဲ့....သူသူလဲမျှော်လင့်ချက် ရောင်ခြည်လေး တွေ့ရလို့သာပါတယ်'

'ကျနော်....စကားမဆုံးသေးပါဘူးဗျာ၊ ဒါပေမယ့် ကျနော် သီချင်းကို ရခဲ့တာတော့မှန်ပါတယ်'

'ဒါဖြင့်လဲရှင်ရယ်'

ချောစုသူသူမှာ မိမိစိတ်အားထက်သန်လွန်းသော ချစ်သူနှင့်ပတ်သက်ပြီး ဘလိုင်းထွန်းထွန်းထံမှ သဲလွန်စ ရနိုင်သည်ဟုတစ်ချစိတ်ဖြင့် ပျော်နေမိသည်။ သို့သော် ဘလိုင်းထွန်းထွန်း၏ပေမယ့်ကြောင့် ချောစုသူသူအဖို့ 'ဖလက်' ပြသွားရတော့

သည်။ ထို့ကြောင့်လည်း ဝမ်းနည်းသံလေးဖြင့် ညည်းည
မိသည်။

'ဒီသီချင်းကို ကျနော့နှမကောက်ရတာပါ။ ဇော်ကို
ကို ကျနော်မသိပါဘူး၊ ခု မချောစုသူသူလာပြောမှ ဒီ
ရေးတဲ့သူဟာ မချောစုသူသူရဲ့ ချစ်သူမှန်းသိရတာပါ'

ရင်နာနာနှင့်ပင် ဘလိုင်းထွန်းထွန်းကချောစုသူသူ စိ
သွားစေရန်၊ လမ်းစပျောက်သွားစေရန် ပြောလိုက်ရ
မဖြစ်နိုင်သောအခြေအနေတွင် ချောစုသူသူဘဝသည် မျှ
ချက်ဖြင့် စိတ်ဆင်းရဲ နေရမည်ကိုလည်း မကြည့်ရက်
အကြောင်းလည်းပါပေသည်။

ဇော်ကိုအောင်နှင့်ချောစုသူသူတို့၏ သစ္စာကြီးမားစွာ
ကြသော အချစ်ကိုလေးစားမိသည်။ အထူးသဖြင့် သေဆုံ
သော ချစ်သူကိုမမေ့ဘဲ သစ္စာရှိရှိနေလာခဲ့နိုင်သော ချော
၏ မေတ္တာတရားကို ဘလိုင်းထွန်းထွန်းသိရ၍ ဇော်ကို
အစား ဝမ်းသာဝမ်းနည်းဖြစ်လိုက်ရသည်။

ကနေ့ ဘလိုင်းထွန်းထွန်း ပြောဆိုနေသမျှကို သင်းသ
နားမလည်နိုင်အောင်ဖြစ်ရသည်။ မိမိအနေဖြင့် ဘယ်သ
စာရွက်မှ မကောက်ရခဲ့ဖူးပေ။ ဘလိုင်းထွန်းထွန်းသည် ဇ
အောင်ဆိုသူကို သိရမည်ဟု ချောစုသူသူကဲ့သို့ပင် သင်း
လက်စံမိသည်။

ဘလိုင်းထွန်းထွန်းက ဘူးကွယ်ကာ ချောစုသူသူကို ငြ
ခြင်းမှာ ဘလိုင်းထွန်းထွန်းတွင် အကြောင်းရှိရမည်ဟု သင်း
သိ၏။ ချောစုသူသူတို့ပြန်သွားမှ ဘလိုင်းထွန်းထွန်းအား
ကြည့်ရဦးမည်ဟု ဆုံးဖြတ်လိုက်၏။



ချောစုသူသူအဖို့လည်း ဘလိုင်းထွန်းထွန်းစကားကို ယုံသွား
ည်၊ အဘယ့်ကြောင့်ဆိုရသော် ချစ်သောကိုအောင် မိမိထံ
ာပြီးဆိုပြစဉ်က စာရွက်ကိုင်လာသည် မဟုတ်ပါလား။
ောစုသူသူသည် မိမိသီချင်းဆည်ကို ဘလိုင်းထွန်းထွန်းအား
ကာ....

'ကိုထွန်းထွန်းတို့ကောက်တွေ့တဲ့ စာရွက်လေးက ပန်းရောင်
ိုလား'

'ကျနော်က မမြင်ရတော့မသိဘူး၊ သင်းသင်း စာရွက်က
းရောင် ဟုတ်တယ်မို့လား'

ဘလိုင်းထွန်းထွန်းက သင်းသင်းဘက် လှည့်မေးနေပြန်သဖြင့်
င်းသင်းမှာ....

'ဟုတ်ပါတယ်မချောစုသူသူ'

'ဘယ်နားကကောက်ရတာလဲဟင်'

'ရှင်'

သင်းသင်းဘာဖြေရမှန်းမသိဘဲ ကြောင်သွားသည်၊ ခဏ
...

'ောက်ရတာကြာတော့ ဘယ်နားကလဲဆိုတာ မေ့သွား
'

သည်တော့မှ ဘလိုင်းထွန်းထွန်းမှာ စိတ်အေးသွားပြီး
်ပြင်းချမိတော့သည်။

'ကိုအောင်ရေးထားတဲ့ သီချင်းစာသားကို ကိုထွန်းထွန်း
်လိုထင်လဲဟင်'

'ယောကျ်ားလေးရဲ့အချစ်ကို သက်သေပြတာ ဖြစ်မှာပေါ့'

'ဟုတ်တယ်....ကိုအောင်က သူ့အချစ်ကို သီချင်းနဲ့ သ
ဖြချင်လို့ စပ်ခဲ့တာတဲ့လေ၊ ဒီသီချင်း သူသူတို့ချစ်သူနှစ်ဦး
ကိုထွန်းထွန်းဆိုတော့ သိပ်အံ့ဩသွားမိတယ်'

'ကျနော်ကြိုက်လို့ပါ၊ ပြီးတော့ ကောက်ရတာ
ဘယ်သူ့ပေးရမှန်းလဲ မသိလို့ပါ'

'မိခိုင်....'

'ဟင်....'

'ကိုထွန်းထွန်းအသံက တခါတလေ ကိုအောင့်အသံနဲ့
သွားဟ‌င့်....'

ချောစုသူသူစကားကို ဘလိုင်းထွန်းထွန်းက ရယ်
ခိုင်ခိုင်စိုးမပြောခင်ပြောလိုက်သည်။ သို့သော် ဘလိုင်းထွ
ရယ်သံမှာ ဟက်ဟက်ပက်ပက်မဟုတ်ဘဲ မရယ်ချင်ဘဲရယ်
ကိုတော့ ဘလိုင်းထွန်းထွန်းမသိပါလေ။

'မချောစုသူသူစိတ်ထဲ ထင်နေလို့ဖြစ်မှာပါ'

ချောစုသူသူပြော၍ ခိုင်ခိုင်စိုးတို့ သတိထား နား
သည်။ သေချာတော့မပြောနိုင်ပါပေ။

'ကိုထွန်းထွန်း....'

'ဗျာ....'

'ကိုထွန်းထွန်းက အောက်ဆုံးအပိုဒ်လေးတွေမှာ
တွေ ပြောင်းဆိုခဲ့တယ်နော်'

'ခင်ဗျာ....'

'အော်....စာရွက်ထဲမှာ ကိုအောင်က "သူသူလေး"
ခဲ့တာ ကိုထွန်းထွန်းက "သူမလေး"လို့ ပြောင်းဆို



"ကိုအောင်"နေရာမှာလဲ "ထွန်း"လို့ အစားထိုးခဲ့တာကို မေးတာပါ'

ချောစုသူသူ အမေးများက ဘလိုင်းထွန်းထွန်းကို စိတ်မခကာင်း ဖြစ်စေခဲ့သည်။ လူတွေရှိ၍ ဟန်ဆောင်ထားရသော်လည်း ကြေကွဲဖွယ်ရာအသံလေးနှင့် ချစ်သူအပေါ် စွဲလမ်းလွန်းသည့် ချောစုသူသူအမေးလေးများက ဘလိုင်းထွန်းထွန်းရင်ထဲတွင် ငိုနေမိစေပါ၏။

'ဒါ....ဒါကတော့ ကျနော်....ဆို...ဆိုတာဆိုတော့ 'ထွန်း'လို့ သုံးရတာပါ ခွင့်လွှတ်ပါ'

ဘလိုင်းထွန်းထွန်းမျက်နှာတွင် ပူဆွေးမှုများကို သင်းသင်းတွေ့ရသဖြင့် ဘလိုင်းထွန်းထွန်းကို သနားသလို နားမလည်ဖြစ်ခဲ့၏။ ဘလိုင်းထွန်းထွန်းသည် မိမိတို့အပေါ်မိသားစုကဲ့သို့ဆက်ဆံသည်မှလွဲ၍ လျှို့ဝှက်လွန်းသည်၊ နားလည်ရန် ခက်ခဲခဲ့သည် မဟုတ်ပါလား။

သို့သော် သင်းသင်းက ဘလိုင်းထွန်းထွန်းစိတ်ထဲ ရှိသည်ကို သာ နားမလည်သော်လည်း ဘလိုင်းထွန်းထွန်းအား တခြားပြုမူလှုပ်ရှားမှုများကို နားလည်အောင် ကြိုးစားခဲ့၏။ ထို့ကြောင့် ဘလိုင်းထွန်းထွန်းသည် ကုလားထိုင်ကို ကျောမှီပြီး ခေါင်းတင်လိုက်သည်နှင့် ဘလိုင်းထွန်းထွန်း အနားယူလိုမှန်း သိသွား၏။

ထို့ကြောင့် ချောစုသူသူတို့ဘက်လှည့်ကာ ပြုံးချိုစွာဖြင့် ....

'အကိုထွန်းကို ကျေးဇူးပြုပြီး အနားပေးကြပါနော်၊ အကိုထွန်းနားရမယ့်အချိန် ရောက်နေလို့ပါ၊ နောက်တခါမှ ပြောကြသေးတာပေါ့'

'အော်....ဟုတ်ပါရဲ့....Sorry နော်၊ သူသူတို့ အလိုက်မ သလို ဖြစ်သွားတယ်၊ သူသူ့ကို ခုလိုစကားပြောတဲ့အတွ ကျေးဇူးတင်ပါတယ် ကိုထွန်းထွန်း၊ ကိုထွန်းထွန်းဆီကိုလဲ မကြ မကြာ လာခဲ့ပါအုံးမယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ အော်....ကျနော့ဖုန်းနံပါတ်လေးယူသွား မလာခင် ကျနော်ရှိလား မရှိလား သိရအောင်လို့ပါ၊ တော်ကြ လာပြီးမှ ကျနော်နဲ့မတွေ့ဖြစ်မှာစိုးလို့'

'ဟုတ်ကဲ့....'

'သင်းသင်းရေးပေးလိုက်ပါ'

သင်းသင်းက စာရွက်လွတ်တစ်ရွက်ဖြင့် ဖုန်းနံပါတ်ရေးပေး ချောစုသူသူကို ပေးလိုက်သည်။ ချောစုသူသူက သေသေချာချ အိတ်ထဲထည့်ပြီးနောက် နေလွင်အောင်အား ပြုံးပြကာ....

'ကိုအောင်....သူသူတို့သွားစို့'ဟု ပြောလိုက်သည်။

ဘလိုင်းထွန်းထွန်းရင်ထဲတွင် ချောစုသူသူက နေလွင်အော အား 'ကိုအောင်'ဟု ခေါ်သံကို ပဲ့တင်ထပ်မျှ ရေရွတ်နေ မိ၏။

'ကိုထွန်းထွန်း ကျနော်တို့ပြန်အုံးမယ်'

'ဟုတ်ကဲ့ ကိုနေလွင်အောင်'

ဘလိုင်းထွန်းထွန်းက မတ်တပ်ရပ်ယင်း နေလွင်အောင်က လက်ဆန့်ပေးလိုက်သည်။ နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ကြပြီး....

'ကျနော် ကိုထွန်းထွန်းဆီလာခဲ့ပါအုံးမယ်'

'လာပါ....လာပါ....ကျနော်ကလဲ ကိုနေလွင်အောင်နဲ့ အေး အေးဆေးဆေး စကားပြောချင်ပါသေးတယ်၊ အားတဲ့တနေ့ အေးအေးဆေးဆေး တွေ့ကြရအောင်'



ဘလိုင်းထွန်းထွန်းက နေလွင်အောင်ကို လိုလိုလားလား ဆံ၍ ချောစုသူသူကိုပင် အံ့အားသင့်သွားသည်။ မိမိကိုတော့ သာ၍ စကားပြောရသည်ထင့်။ နေလွင်အောင်ကိုမူ တရင်း ပြောနေပါ၏၊

ာ ပေမင့် ချောစုသူသူ ဘလိုင်းထွန်းထွန်းအား ခွင့်လွှတ်ပါ ည်၊ မိမိက သူ့အိမ်သွားပြီး စွပ်စွပ်စွဲစွဲခမ်းခဲ့သူ မဟုတ် လား။

'သွားတော့မယ်နော် သင်းသင်း'

သူတို့မောင်နှမနှစ်ဦးကို နှုတ်ဆက်ပြီး ကားပေါ်တက်လာခဲ့ သည်။ နေလွင်အောင်ကတော့ အလာတုန်းကကဲ့သို့ မျက်နှာ ကောင်းလှ၏။

'ကိုအောင် ပင်ပန်းသွားပြီလား'

'မပင်ပန်းပါဘူး ချောစု'

'သူသူ့ကိုခွင့်လွှတ်ပါ ကိုအောင်၊ လူတွေဟာ ကိုယ့်ချစ်သူနဲ့ တ်သက်လာယင် ပတ်ဝန်းကျင်ကို မေ့သွားတတ်ကြပါတယ်၊ လိုပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'အချင်းချင်းတွေပဲ ချောစုရယ်'

နေလွင်အောင်က ကားစက်နှိုးယင်း ဘလိုင်းထွန်းထွန်းခြံထဲမှ ွက်လာခဲ့သည်။

'ကိုယ်လဲ ချောစုလိုပါပဲ၊ ကိုယ်ချစ်တဲ့ချောစုနဲ့ပတ်သက်ယင် ားလုံးကို မေ့သွားတတ်သူပါ'ဟု စိတ်ထဲမှပြောယင်း ကား သေးသည် လမ်းမကြီးပေါ် ရောက်လာခဲ့၏။

မိမိတို့ခြံထဲမှ ကားလုံးဝပျောက်ကွယ်သွားမှ သင်းသင် တံခါးပိတ်လိုက်၏။ ညှိခန်းထဲတွင် ဘလိုင်းထွန်းထွန်းမှာ ထိုင်နေအုန်းပင်။

'အကိုထွန်း'

သင်းသင်းက ဘလိုင်းထွန်းထွန်းနားသွားပြီး ခေါ ဘလိုင်းထွန်းထွန်းသည် ထရပ်ယင်း လက်ကဲ့ကာ....

'သင်းသင်း ဘာမေးချင်တယ်ဆိုတာ အကိုထွန်း သ ဒါပေမယ့် အကိုထွန်းကို မမေးနဲ့အုံး၊ ခုချိန်မှာ အကိုထွ နိုင်စွမ်းမရှိဘူး၊ အချိန်ကျယင် သင်းသင်းမမေးလဲ အ ပြောရတော့မယ်ဆိုတာ သင်းသင်းသိထားပါ၊ ကဲ-အ နားချင်ပြီ'

ပြောပြောဆိုဆိုဖြင့် ဘလိုင်းထွန်းထွန်းသည် သူ့အိပ် လျှောက်သွားတော့၏။ သင်းသင်းမှာ မိမိကိုကျောခို တရွေ့ရွေ့ထွက်ခွာသွားသော ဘလိုင်းထွန်းထွန်း၏ ကျော ငေးကြည့်ယင်း မျက်ရည်များကျလာတော့သည်။

'အကိုထွန်းအခုပါ သင်းသင်း သံယောဇဉ်မတွယ် အကောင်းသား အကိုထွန်းရယ်'ဟု ရေရွတ်ယင်း မိမိအခန် မျက်နှာကိုလက်ဖြင့်အုပ်ကာ ဝင်သွားပါတော့သည်။

(အခန်း-တဆယ့်နှစ်)

'Happy birthday to you Chaw Su'
'So Thanks'

နေ့ကိုရက်စား.... ရက်ကိုလစားယင်းဖြင့် အချိန်တို့သည် တရွေ့ရွေ့ကုန်လွန်ခဲ့သည်။ ချောစုသူသူတို့မှာလည်း စာမေးပွဲများပြီးဆုံး၍ ကျောင်းပင် ပြန်ဖွင့်နေလေပြီ။ ကနေ့လည်း ချောစုသူသူတို့အားလုံးမှာ အဝတ်အစား အဆင်သင့်ဝတ်ကာ နေလွင်အောင်ကို စောင့်နေကြသည်။ အကြောင်းကား ယနေ့ မတ်လ(၁၁)ရက်သည် ချောစုသူသူ၏မွေးနေ့ပါတည်း။

ချောစုသူသူမွေးနေ့တွင် ပျော်ပျော်ပါးပါး စားသောက်ကြ ရန် သူငယ်ချင်းများက သူမကိုကျွေးခိုင်းကြသလို မွေးနေ့ လက်ဆောင်လည်းပေးကြသည်။ ထို့ပြင် နေလွင်အောင်ကို လည်း ကားလိုချင်၍မှာလိုက်သေးသည်။

နေလွင်အောင်မှာ စူဠလိပ်ရေထဲချသလို ပျော်သွားရ ချောစုသူသူကိုတွေ့ချင်၍ အကြောင်းအမျိုးမျိုးပြပြီး ညနေတ် အဆောင်သို့လာလည်ခဲ့သည်။ ကြာတော့ ချောစုသူသူမှာနေ အောင်နှင့် ခင်မင်ရင်းနှီးလာသည်။

နေမြင့်လေဘရှုးရင့်လေ ဖြစ်နေသူက နေလွင်အောင် ချောစုသူသူနှင့် နီးနီးကပ်ကပ် အမြဲတွေ့ရပြီး ပြောဆိုရ အခါ သံယောဇဉ်မှာ ပိုမိုကြီးမားခိုင်မြဲလာခဲ့သည်။မတွေ့ရ မ နိုင်အောင်ဖြစ်လာခဲ့ရသည်။

ချောစုသူသူအဖို့တော့ နေလွင်အောင်သည်မိမိအနှ'အတာ ခံကာ ဂရုတစိုက်အပြုမူလေးများကြောင့် ရင်းနှီးခင်မင်လာသေ လည်း မိတ်ဆွေအဆင့်ထက်မပိုခဲ့။ ပိုလည်းမပိုနိုင်ပါပေ။ဇော် အောင်မရှိကတည်းက ချောစုသူသူတွင် အချစ်မရှိတော့။ သူ အချစ်များသည်ဇော်ကိုအောင်နှင့်အတူမြှုပ်နှ'လိုက်လေပြီ။

သူငယ်ချင်းအားလုံးကလည်း ချောစုသူသူအား နေလွ အောင်ကိုစိတ်ဝင်စားစေရန်အတွက် တိုက်ရိုက်ကော သွယ်ဝိုက်ပ ဝိုင်းချော်ကြသည်သာ။ ထို့သော် ချောစုသူသူ အတွက်တော ရင်ခုန်မှုများ၊ ကြည်နူးမှုများ ပျောက်ကွယ်နေလေပြီ။

မှာထားသောအချိန်ထက် နာရီဝက်စောကာ ချောစုသူသူ ရှိရာသို့ နေလွင်အောင်ရောက်လာခဲ့သည်။ ချောစုသူသူအား မြစိမ်းရောင်မင်းသမီးလေးသဖွယ် မြင်လိုက်ရ၍ နေလွင်အောင် မှာ အသက်ရှူရန်ပင် သတိမေ့နေမိအောင် သူမအလှတွင် မိန်းမောသွားရသည်။

'ကိုကို'ဟု အနားမှလက်တို့၍ သတိပေးလာသော မိခိုင် ကြောင့်သာ နေလွင်အောင်သတိတရားဝင်လာခဲ့တော့သည်။



ထို့နောက်တော့ ခပ်ရှက်ရှက်ဖြင့် 'ဟဲ'ကနဲတချက် ရယ်လိုက် ပြီး ချောစုသူသူအား 'မွေးနေ့တွင်ပျော်ပါစေ'ဟု ဆုတောင်း ပေးလိုက်သည်။

ချောစုသူသူကလည်း နေလွင်အောင်စကားကို ‚ အသိမှတ် ပြုသည့်အနေဖြင့် ကျေးဇူးတင်ကြောင်း ပြန်ပြောပါ၏။ သည့် နောက်တော့ သူတို့အားလုံး ကားပေါ်တက်ခဲ့ကြသည်။ ကား ပေါ်ရောက်သည်နှင့် နေလွင်အောင်သည် ချောစုသူသူရှိရာ နောက်သို့ ကိုယ်တပတ်လှည့်ပြီးမေးရန် ပါးစပ်ဟလိုက်စဉ်....

'ဘယ်အရင်သွားမလဲချောစု'

ယုယုခိုင်က ဦးစွာပြောလိုက်ပါ၏။

'တော်တော်ရှုတ်တဲ့ ယုခိုင်ဘဲ'

နေလွင်အောင်ကရယ်ရယ်မောမောဖြင့်ယုယုခိုင်ကိုထောပနာ ပြုလေ၏ အမှန်တော့ ယုယုခိုင်သည် နေလွင်အောင်က ချောစု သူသူကိုသာ ဦးစားပေးဂရုစိုက်ခြင်းကို သူငယ်ချင်းများပင် သိနေလျှင် ချောစုသူသူကပိုသိပြီး နေလွင်အောင်အပေါ် တူညီ သော သံယောဇဉ်ထားသင့်သည်ဟု သွယ်ဝိုက်၍ ပြောလိုက်ခြင်း သာ၊ ယုယုခိုင်ဆိုလိုရင်းကို အားလုံးနားလည်၍ ပြုံးမိကြ သည်။

ချောစုသူသူက ယုယုခိုင်ကို နေလွင်အောင် မသိအောင် ဆိတ်ဆွဲလိုက်သည်။

'အလားလာ....ဟောဒီမှာကိုကိုရေ မိသူက ထပ်မပြောလို့တဲ့၊ ဆိတ်ဆွဲပြီးသတိပေးနေတယ်'

'အယ်....ကြည့်စမ်း'

ချောစုသူသူမှာ ထိုစကားလေးသာ ပြောပြီး ယုယုခိုင် ထပ်မနှိပ်စက်ရဲတော့။ ယုယုခိုင်တို့ တွေ့ကရာတွေလျှောက်ပြေ နေမှာစိုး၍ဖြစ်ပါ၏။

'ချောစုမွေးနေ့မှာ ဘုရားအရင်သွားပြီး ဖူးကြရအော မွေးနေ့ရှင်ကုထိုလ်ရအောင် သောကြာထောင့်မှာ ရှိခိုးမ ရေလျှုမယ်နော်ချောစု'

'ဟုတ်....ဟုတ်ကဲ့ ကိုအောင်'

နေလွင်အောင်ကစတနာဖြင့် ပြောခြင်းဖြစ်သည်။ သ စကားကြားတော့ ချောစုသူသူမှာ ဇော်ကိုအောင်ပြောစကား သွားသတိရမိပြန်သည်။

'သူသူလေးရဲ့မွေးနေ့ရောက်ယင် ကိုအောင်နဲ့ သူသူလေး ဘုရားသွားမယ်၊ သူသူလေးရဲ့သောကြာထောင့်မှာ ဘုရားတူ ရှိခိုးပြီး ဘဝဆက်တိုင်း ပေါင်းရပါစေလို့ပြီးတော့ ဆီမီးပူဇ ရေကုသိုလ်လုပ်၊ ခိုလေးတွေအစာကြွေး၊ အား စိတ်ကူးလေးနဲ့ ကိုအောင်သိပ်ပျော်မိတယ်၊ ကိုအောင့်ရင်ကို စမ်းကြည့်စမ် ပျော်လွန်းလို့ တဒုတ်ဒုတ်နဲ့ခုန်နေတာဘဲ၊ သူသူလေးမွေးန ရောက်ချင်လှပြီ၊ သူသူလေးပျော်တာမြင်ချင်လှပြီ၊ အဲ ပြီးတေ သူသူလေးကို မွေးနေ့လက်ဆောင်အဖြစ် အနမ်းလေးတွေ ကိုအောင်က အပိုဆုချချင်လှပြီဗျ'

'စဉ်းစားပြီးမှပြောပါနော်၊ တော်ကြာ ကိုအောင်နစ်န နေပါအုံးမယ်'

ချောစုသူသူက ချစ်သူစကားလေးများကြောင့် ပီတိဖြာက ပြုံးပြုံးလေးပြောခဲ့သည်။ ဇော်ကိုအောင်သည် ချောစုသူ လက်ဖဝါးလေးကို ငုံ့နမ်းပြီး....



ဘကဲ့ယ်ပြောတာပါ....သူသူလေးမွေးနေ့ရောက်စေချင်လှပြီ' ားတက်သရောပြောဆိုသံလေးများကိုပြန်လည်ကြားယောင် ျက်နှာလေးများကို ပြန်လည်မြင်ယောင်ပြီး မျက်နှာလေး သွားပါ၏။

ချောစု....ဘာလို့မျက်နှာညှိုးသွားတာလဲဟင်၊ ကိုယ်ပြောတဲ့ ား မှားသွားလို့လား'

တချိန်လုံးသာသည့်အချိန်မှ ပြန်သည့်အချိန်ထိ ချောစုသူသူ ဂရုစိုက်ကြည့်ကာ မျက်နှာညှိုးသည်နှင့် ပြာပြာသလဲ သွားတတ်သော နေလွင်အောင်ကို ချောစုသူသူမှာ သနားးမိသည်။

'ကိုအောင်ရယ်....သူသူဘာမှမဖြစ်ပါဘူး'

နေလွင်အောင်ကို ညာတာခဲ့သောအားဖြင့် ချောစုသူသူမှာန ာင်ကာ ပြုံးပြီးပြောလိုက်ရ၏၊ သူ့ရင်ထဲတွင်တော့ ချစ်သူ နေ့ကိုပင် ဆန္ဒရှိသည့်အတွင်း မသွားလိုက်ရသည့် ဇော်ကို ာင်ကို သတိရပြီး သည်းထန်စွာငိုနေမိသည်။

'ဘာမှမဖြစ်ဘူးသာဆိုတယ်၊ ချောစုံချက်လုံးထဲမှာ မျက်ရည် ါလား'

နေလွင်အောင်က ကားရှင်သည့်နေရာတွင် ဖြေးညှင်းစွာ ာင်းပြီး မှန်ထဲမှာဆင့် ချောစုသူသူအား စိုက်ကြည့်ယင်း ာလေ၏၊

'အော်....ကိုအောင်ရယ်'

ကြင်နာတတ်လွန်းသော သည်အယောကျ်ားကို ချောစုသူသူ ည့်ကာ ညည်းညည်းညူညူလေး ဖြစ်သွားတော့၏၊

'ရှေ့ကြည့်မောင်းပါဗျို့'

'အသက်ငယ်ငယ်လေးရှိသေးတယ်၊ မသေချင်သေး

ချောစုသူသူ၏အကဲမဟန်သဖြင့် တယောက်တပေါ
ပြောင်ယင်း စကားဖြတ်တော့သည်၊ ထို့နောက်တော့
စရာလေးများကိုပြောယင်း ကားလေးမှာ ရွှေတိဂုံဘု
ရောက်ရှိလာခဲ့တော့၏။

'ဓါတ်လှေကားနဲ့သွားရအောင်....အပြတ်ဇိမ်ဘဲ'

ခိုင်ခိုင်စိုးက စ၍ပြောသဖြင့်....

'အေး....မိတယ်ကွ၊ ခြေညောင်း သက်သာ တာ
အေးအေးကပေါ ဝင်ထောက်ခံလိုက်ပြီး ဓါတ်လှေကား
ဝယ်ရန် သွားမည့် ခိုင်ခိုင်စိုးကို ချောစုသူသူသည်
ထားပြီး....

'သူသူ ဓါတ်လှေကားနဲ့ မသွားဘူးနော်၊ စီးလဲမ
ပြီးတော့ ဘုရားသောတာ ကုသိုလ်လိုချင်လို့လာတာဘဲ
ခြေနဲ့ ကိုယ်တက်မယ်၊ မောတာ ဘာဖြစ်လဲ'

'ဟာကွာ....တခါတလေမှလာတာ၊ စီးဖူးတယ်ရှိအော
အောင်ပါ၊ မိသူက ဆိုက်ကားမလုပ်နဲ့ကွာ....'

သန္တာစိုးကပါ ခိုင်ခိုင်စိုးတို့ဘက်ပါ၍ ဓာတ်လှေကာ
ချောစုသူသူအား မဲဆွယ်နေပါ၏။

'သူသူ့မေးနေ့မှာ သူသူ ကုသိုလ်ယူပါရစေ၊ ဓာတ်
နဲ့ မိခိုင်တို့အားလုံး သွားကြပါ၊ သူသူ ဒီစောင်းတန်းတ
တက်လာခဲ့မယ်လေ၊ မိခိုင်တို့ လာစောင့်နေပေါ့'

'အေး....ကောင်းတယ်၊ ငါယူ လက်မှတ် ၅ စောင်
ဝယ်တော့'



'နေအုံးယုခိုင် ချောစုတယောက်ထဲ ဖြစ်နေမှာပေါ့၊ ကိုကို
စိတ်မချပါဘူး၊ ကိုကို ချောစုနဲ့ လမ်းလျှောက်လာခဲ့မယ်၊ လက်
မှတ် (၄) စောင်ဘဲဝယ်တော့....'

'မိသူရဲ့ ဘော်ဒီဂတ်ကြီးပေါ့လေ'

'ဟဲ....ဟဲ'

မိရွှေလောင်တို့က အပြတ်လောင်နေခြင်းကို နေလွင်အောင်
မှာ တဟဲဟဲသာ ရယ်နေမိတော့၏။ ချောစုသူသူသည် နေလွင်
အောင်ကို ဖြတ်ကနဲကြည့်လိုက်သည်။ ထိုအခါ မိမိအားကြည့်
နေသော နေလွင်အောင်မျက်လုံးတို့နှင့် သွားတိုးလေသည်။

ချောစုသူသူက ဦးစွာမျက်လွှာချလိုက်သည်။ နေလွင်အောင်
မျက်လုံးတို့က သူမအား ကြင်နာမှုများ၊ သနားခံမှုများဖြင့်
ပြည့်နေသည်ဟု ချောစုသူသူထင်မိသည်၊ ထို့ကြောင့် သက်ပြင်း
ချယင်း နေလွင်အောင်ဘက်လှည့်ကာ ပြောလေ၏၊

'သွားစို့ ကိုအောင်၊ နေသိပ်ပူလာယင် သူရာဖူးရတာ
မကောင်းတော့ဘူး၊ မိခိုင်တို့နဲ့ ဘယ်သူအရင်ရောက်တယ်ဆိုတာ
ပြိုင်မယ်နော်....'

'လုပ်လိုက်လေ၊ ကြာသလားလို့'

ထို့နောက်တော့ ချောစုသူသူသည် ရှေ့မှ ဦးစွာထွက်လာခဲ့
သည်။ နေလွင်အောင်က သူမနောက်သို့ လိုက်သွားသည်။ သူ
တို့ ထွက်သွားသည်နှင့် သူတို့ကျောပြင်များကိုကြည့်ကာ ခိုင်ခိုင်
စိုးက သက်ပြင်းရှည်ကြီးမှုတ်ထုတ်ကာ 'ယုယုခိုင်တို့လား ကြည့်
ပြီး....

'မိခိုင်တော့ ကိုကို့ကို သိပ်သနားတာဘဲကွာ....'

'ဒီအားလုံးလဲ ကိုကို့ကို ခင်ပါတယ် သနားလဲသနားသ ဒါပေမယ့် မေတ္တာဆိုတာ ကိုယ်ကပေးတိုင်း တုံ့ပြန်မှု ပြန်ရ လို့ မျှော်လင့်လို့ မရနိုင်ဘူးမဟုတ်လား၊ ကံဆိုးသလို လူတွေလ ခံကြရတာပါ မိခိုင်ရောစိတ်မကောင်းမဖြစ်ပါနဲ့၊ တော်ကြာ မွေးနေ့မှာ မိသူဝမ်းနည်းနေအုံးမယ်၊ ယုခိုင်တို့လဲ သွာ စို့'

'အင်း....'

သန္တာစိုးက ခေတ်ဆော့ကားရုံထဲသို့ ဦးစွာဝင်သွား နောက် အားလုံးဝင်လာခဲ့သည်၊ မကြာမီပင် ဘုရားပေါ် ရောက်လာခဲ့ကြပါ၏၊ တကယ်တမ်းပင် သူတို့ကို အဝမှ ချောစု သူတို့ လာစောင့်နေကြသဖြင့် ကြည်သွားရသည်၊ ချောစု သူ နဖူးတွင် ချွေးများတွေ့ရ၍ သုတ်ခြေတင်ပက်လာမှန်း တွေ ယူနိုင်လေသည်။

ချောစုသူသူတို့ သောကြာဒေါင့်သို့ရောက်သောအခါ သူ ထက်စော၍ ရောက်နေသူနှစ်ဦးကို ကျောပိုင်းမှ စမြင်လိုင်ရ၏၊

'ဟေး....မိသူ....တို့ထက်စောတဲ့သူတောင် ရောက်နေပါလား ဒီစုံတွဲက တယ်စိရိယကောင်း....ကောင်း....အဲ....'

ခိုင်ခိုင်စိုးစကားမှာ တပိုင်းတစနှင့် ပြတ်သွားတော့သည် အကြောင်းကား သောကြာဒေါင့်တွင် ရှိခိုးနေသူနှစ်ဦးမှာ ဘလိုင်းထွန်းထွန်းနှင့် သင်းသင်းဖြစ်နေသောကြောင့်ပင်....။

'ကိုထွန်းထွန်းတို့မောင်နှမကိုး....'

ချောစုံသူသူစိတ်ဝယ် သင်းသင်းသည် မိမိတို့ကိုမြင်သည်နှင့် မျက်နှာပျက်သွားသည်ဟု ထင်မိ၏၊ ဘလိုင်းထွန်းထွန်းမှာတော့ ဘုရားရှိခိုးမပြီးသေး။ နူတ်မှ ဖွင့်ချည်ပိတ်ချည်ဖြင့် ဘာတွေဆု



ပင်းနေမှန်းမသိ။ နံ့းထဲဘွင်ကြားဖူးသလို အသံကြားလိုက် ဘုရားကိုဝတ်ပြုပြီး အသံလာရာကို နားစွင့်ကာ....

ဘယ်သူနဲ့ မကားပြောနေတာလဲ သင်းသင်း....'

'အော်....အကိုထွန်း....မချောစုံသူသူတို့နဲ့ပ''

ချောစုသူသူနဲ့ ဟုတ်လား၊ သူ ဘုရားပေါ် လာလို့လား လေ ဒီနေ့ သူ ဘုရားကို လာဖြစ်အောင်လာမှာပေါ့ ချော သူ့ရဲ့ မွေးနေ့မို့လား'

ဟုတ်ပါတယ်၊ ကိုထွန်းထွန်းပြောသလို ဒီနေ့ သူသူ့မွေးနေ့ ဘုရားပေါ်ကို လာခဲ့တာပါ၊ သောကြာဒေါင့်မှာ ရှိခိုးဖို့ လာ တာပါ'

'ဟုတ်လား၊ မွေးနေ့တရာတိုင်ပါစေ ချောစုသူသူ'

'ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့ သူသူ ဆုမခေ ဘင်းဘူး ကိုထွန်း း'

ဘလိုင်းထွန်းထွန်း မျက်နှာပျက်သွားသည်။ ချက်ချင်းပင် ဖြေဆယ်ကာ ရယ်မော၍....

'အံ့ဩစရာတဲ၊ လူတိုင်းက အသက်ရှည်ရှည်နေရဖို့ ဆုတောင်း ကြတယ်၊ မချောစုသူသူတယောက်တဲ အဲဒီဆုကို မလိုချင်ဘူး ဟင်း....ဟင်း....'

ချောစုသူသူနားထဲတွင် ဘလိုင်းထွန်းထွန်းအသံသည် ဇော် းအောင့်အသံနှင့် ဆင်သည်ဟု ထင်နေမိ၏၊ ခိုင်ခိုင်စိုးတို့က ဘူပါဘူးပြော်သော်လည်း အများနှင့်တယောက် မငြင်းချင် သာ ငြိမ်ခနေခဲ့ရသည်၊ တတ်အပ်မပြောနိုင်၍ အက်သေပြစရာ ၍သာ ငြိမ်နေရပါ၏၊

အစုလည်း ဘလိုင်းထွန်းထွန်းရယ်သံ၊ စကားပြောဆို ယူလေသိမ်းတို့ကအစ တူလွန်းသည်ဟု သူမစိတ်တွင် ယူဆ ထို့ပြင် ကနေ့ သူမ ဘုရားလာဖြစ်အောင် လာမှာပေ ဘာကြောင့် ဘလိုင်းထွန်းထွန်းက ပြောနိုင်သနည်း။

'ဟုတ်ဘယ်.... သူများတွေအတွက်တော့ မပြောတတ် သူ့သူ့အတွက်တော့ အသက်ပိုရှည်လေ စိတ်ဆင်းရဲစရာသေ တွေကို ခံစားရလေဘဲ၊ လောကကြီးမှာ အမှန်တရား လိမ်ညာဖုံးကွယ်မှု၊ ဟန်ဆောင်မှုတွေက ပိုများတတ်ကြလို့ ချင်စိတ်ကိုမရှိဘူး'

ဘလိုင်းထွန်းထွန်းအားကြည့်၍ ချောစုသူသူပြောသဖြင့် စကားကြောင့် တွေဝေငေးငိုင်သွားသော ဘလိုင်းထွန်း အား ချောစုသူသူစိတ်ထဲမှ ပြုံးလိုက်ပါ၏။

'မချောစုသူသူတို့လာတာ ဟို....ကိုနေလွင်အောင်ကော သလားဟင်'

ဘလိုင်းထွန်းထွန်းက စကားလွှဲလိုက်ပြီး သူ့စိတ်ထဲ သိ သည်ကို မေးလိုက်ပါ၏။ ခိုင်ခိုင်စိုးက နေလွင်အောင်ကို ကြ ပြီး ယိုသည့်စကား ပြောလေသည်။

'ပါတာပေါ့ ကိုထွန်းထွန်း၊ ကိုကိုက ခိုင်ခိုင်တို့သွားချင် လိုက်ပို့ပေးတဲ့သူဘဲ၊ စိတ်မချလို့တဲ့လေ၊ ခိုင်ခိုင်တို့ကိုတော့ မယ ပါဘူး....ဟိ....ဟိ....'

'ဒီကောင်မလေးတော့ ခက်ပြီ၊ ကျနော့ညီမ စကားမ တော့ စိတ်မရှိပါနဲ့ ကိုထွန်းထွန်း'

'ရပါတယ်ဗျာ....ကျနော် နားလည်ပါတယ်၊ သူတို့အုပ်စု ပေါ်လောင်လောင်တွေဘဲ'



'ရှင်'

သည်တခါတော့ ချောစုသူသူတင်မက်ခိုင်ခိုင်စိုးတို့ပါ ဘလိုင်း ထွန်းစကားကြောင့် သံသယဝင်လာခဲ့၏။ဘလိုင်းထွန်းထွန်း သည်း မိမိနှုတ်မှ လွတ်ကနဲထွက်သွားသောစကား မှားသွား င်း ချက်ချင်းသိလိုက်၏။

မိမိတို့အုပ်စု လောင်တတ်မှန်း ဘလိုင်းထွန်းထွန်း မသိနိုင်။ င်းထွန်းထွန်းတို့အိမ်သွားစဉ်က မိသူတဦးတည်းသာ စကား းဆုံး ပြောခဲ့၏။ မိမိတို့ကမူ လောင်ရန်ဝေး၍ စကားပင် မပြောခဲ့ကြ။

သို့နောက် ဘလိုင်းထွန်းထွန်းထံမှ မိန်းမတို့ပရိယာယ်ဖြင့် ကိုအောင်အကြောင်း အရစုံစမ်းရန် လူကိုယ်တိုင် အခေါက် က်အခါခါ သွားခဲ့သည်။ တယ်လီဖုန်း ခဏခဏဆက်သည်။ သော် ဘလိုင်းထွန်းထွန်းမရှိ။ အပြင်သွားသည်ဟူသော အဖြေ သာ အသက်ခပ်ကြီးကြီး မိန်းမကြီးတဦးကသာ ပြောခဲ့၏။ ခဲ့၍။

မိမိတို့နှင့် တခါမျှသာ တွေ့ဖူးရုံနှင့် မိမိတို့အုပ်စုလောင်တတ် ဘလိုင်းထွန်းထွန်း တယ်သို့သိသနည်း ဆိုသော အတွေးက ငွင်အောင်မှုလွဲ၍ သူတို့အားလုံး အတွေးတွေ ဝင်လာစေခဲ့ သည်။

ချောစုသူသူ စုပ်စုံတွဲသည်မှာ မှန်များနေသလား။ ဘလိုင်း ထွန်းနှင့် ဇော်ကိုအောင်တို့ တနည်းနည်းဖြင့် ပတ်သက်နိုင် သည်ဟူသော သံသယလေးက သူတို့အသီးသီး၌ ဝင်ရောက် ခဲ့သည်။

ထို့ကြောင့် အခွင့်အရေးကြုံတုန်း ဘလိုင်းထွန်းထွ အကဲခတ်ရန် မျက်လုံးများဖြင့် အချင်းချင်း စကားပြေ ကြသည်။ ထို့နောက် ခပ်သွက်သွက်ခိုင်ခိုင်စိုးနှင့် ယုယုခိ ဘလိုင်းထွန်းထွန်းသံမှ စကားကို အရဖမ်းရန် ကြိုးစား သည်။

'ကိုထွန်းထွန်းနဲ့ခိုင်ခိုင်တို့ တွေ့ဖူးတာ ခဏလေးရဲ့ ခို လောင်တတ်မှန်း သိနေပါလား'

'ဒါက ကျနော်က မျက်စိမမြင်တော့ အသံကိုသဲ စိုက်ပြီး လေ့လာရတာ၊ မခိုင်ခိုင်တို့အသံက ရှင်လန် ပြောဆိုရာမှာ တက်တက်ကြွကြွရှိလို့ ပျော်ပျော်နေတ ခန့်မှန်းမိပြီး ပြောလိုက်တာပါ'

'ကိုထွန်းထွန်းက သီချင်းဆိုတော်ရုံတင်မကဘူး ခန့် တော်တယ်၊ ဗေဒင်ဟောစားပါလား'

ယုယုခိုင်က ဝင်တွယ်လိုက်ပြန်သည်။ ဘလိုင်းထွန်းထွ ချင်အောင်လည်း ယိနေခြင်းဖြစ်သည်။

'Please don't ရိတက် to me'

ဘလိုင်းထွန်းထွန်းကလည်း ပြုံး၍ ရင်းနှီးစွာစလိုက်

'ဟုတ်တယ်၊ ကျနော်လဲ စဉ်းစားနေတာ၊ သီချင်း ဟန်မကျယင် ဗေဒင်ဟောစားမလားလို့.... ဘုရားပေါ် လာကြည့်တာ'

'မိသူရေ....တိုက်ဆိုင်ပုံက တော်တော်ထူးဆန်းတယ်မနေ

တချိန်လုံး ငြိမ်နေသော သန္တာစိုးက စကား စ လိ တလိုင်းထွန်းထွန်းနားက သန္တာစိုး အသံကြားရာဘက် န သွားပြန်သည်။



'ဘာဆိုလိုတာလဲ မိသန္တာ'

'အော်....သန္တာတို့အဖြစ်က ရိုဖို့ကောင်းတယ်၊ ကိုထွန်းထွန်း သိ တကူးတက အခါပေါင်းမရေတွက်နိုင်အောင် သွားလဲမတွေ့၊ ဖုန်းဆက်လဲမရှိနဲ့ ဖလက်ပြုပြီး ပြန်လာခဲ့ရတာ အမြဲမဟုတ်လား၊ တွေ့မယ့်တွေ့တော့လဲ မိသူမွေးနေ့မှာ လာတွေ့တယ်၊ ပိုထူးဆန်း တာက ဘောကြာဒေါင့်မှာ ဘုရားရှိခိုးနေဘယ်နော်'

ခိုင်ခိုင်စိုးတို့အုပ်စုမှာ ပညာတတ်များလည်းဖြစ်၊ သွက်လက် မှုလည်းရှိ၍ အင်းသင်းမှာ ဘလိုင်းထွန်းထွန်းကို စိတ်မချ ဖြစ် သွား၏။ ဘလိုင်းထွန်းထွန်းနှင့် ချော စုသူထူတို့တွေ့ ရင်းနှီးသွား မည်ကို စိုးရိမ်သွားမိ၏။

'အကိုထွန်း မြန်မလား'

'နေပါအုံး သင်းသင်း.... ချောစုသူသူ သူငယ်ချင်းတွေက အကိုထွန်းကို စုံထောက်လုပ်နေကြတာ နားထောင်လို့ ကောင်း တယ်မဟုတ်လား'

'ထောင်တန်တဲ့စကားကို ရိလိုက်လို့ ပေါ့သွားအောင် မပြော ပါနဲ့ ကိုထွန်းထွန်း၊ အေးအေးတို့ပြောတာ မဟုတ်ဘူးလား၊ သန္တာ့ထင်မြင်ချက်ကို ရှင်းပြလေ'

'ကြောက်နေရပါလား ကိုနေလွင်အောင်'

'ကျနော်လဲ ကြောက်နေရတာပဲ ကိုထွန်းထွန်း'

ယောကျ်ားနှစ်ဦးမှာ ဟာသမမြောက်ဘဲ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ကြတော့သည်။

'မိသန္တာတို့ထင်သလို သူသူလဲ့ တွေးမိတယ်၊ ကိုထွန်းထွန်း နာမည်က 'တ-ထ-ဒ-ဓ-န'ထဲမှာပါတော့ စနေသားဖြစ်ရမှာ

ဘာလို့ စနေဒေါင့်မှာမရှိခိုးဘဲ သောကြာဒေါင့်မှာ ရှိခိုးတာ ဟင်....'

'ဟဲ... ဟဲ.... ကျနော်က တွေ့မိ တွေ့ရာမှာ ထိုင်ကန်တော့တာပါ၊ ဘာလဲ သောကြာဒေါင့်ကို မချောစုသူသူက ကံထ ဆွဲထားလို့လား'

ချောစုသူသူပြောမှ သင်းသင်းလည်း ဘလိုင်းထွန်းထွန်းအ ပို၍ နားမလည်ခဲ့တော့။ မနက်မိုးလင်းသည်နှင့် ဘုရားပွဲခိုးသည်၊ သင်းသင်းက စနေသားမို့ ဘလိုင်းထွန်းထွန်းအား စ ဒေါင့်ပို့ပေးသည်။ ဘလိုင်းထွန်းထွန်းက ဘာဒေါင့်လဲ မေး စနေဒေါင့်ဟုပင် ပြန်ဖြေခဲ့ရ၏။

ထိုအခါ ဘလိုင်းထွန်းထွန်းက သောကြာဒေါင့်ပို့ပေး ပြော၍သာ သင်းသင်းပို့ပေးရသည်၊ ဘာမှနားမလည်။ အချိန်တွင် ချောစုသူသူတို့နှင့် တွေ့ခြင်းပင်။ ချောစုသူသူတို့ တွေ့သည်နှင့် ဘလိုင်းထွန်းထွန်းမျက်နှာလေးရွှင်ပျလာကြောင် သင်းသင်း သတိထားမိသည်။

ဟိုစဉ်က ချောစုသူသူတို့ လာတွေ့စဉ်ကလည်း သူမရှိ သင်းသင်းအမေကို ပြောခိုင်းပြီး ချောစုသူသူတို့ ပြန်သွားသည် နှင့် မျက်နှာညှိုးသွားကာ တနေ့လုံးအခန်းထဲမှ မထွက်တော့

သင်းသင်းမှာ ဘလိုင်းထွန်းထွန်းကိုကြည့်ပြီး ရှုးချင်လာမိ တော့၏၊ ဘလိုင်းထွန်းထွန်းကဲ ဘာမှမမေးရန် ပိတ်ပြောထား ၍သည်း သင်းသင်းမမေးရဲပေ။

ခုပည်း ချောစုသူသူတို့နှင့် ပျော်ရွှင်နေသော ဘလိုင်းထွန်းထွန်းအားကြည့်ပြီး သင်းသင်း မသိဖသာ ပင့်သက်ရှိုက်လိုက်ရပါ၏၊ သင်းသင်း မည်မျှအတွေးလွန်သည်မသိ၊ ချောစုသူသူ၏



ဲ့ဆောင်မှုအပြည့်ဖြင့် သနားစရာလေးကိုကြားရမှ အတွေးပြတ် ားကာ နားထောင်လိုက်မိ၏။

'ထားပါတော့လေ-ကိုထွန်းထွန်းအကြောင်းပြချက်ကတော့ ိဘိလိုပါဘူး၊ ခု ကိုထွန်းထွန်းဘယ်သွားစရာရှိလဲ ဟင်'

'မရှိပါဘူး၊ အိမ်ပြန်ရုံဘဲ'

'ဒါဆို အားတာပေါ့'

'ဟုတ်ကဲ့'

'သူသူတို့ကို မိတ်ဆွေလို သတ်မှတ်ယင် သူသူ မွေးနေ့မှာ ားလုံး တပျော်တပါး စားသောက်ကြရအောင် လိုက်ခဲ့ပါလို့ တ်ခေါ်ပါရစေ ကိုထွန်းထွန်းတို့ကို သူသူလိုက်လွှဲစွာ ခေါ် ာပါနော်'

နေလွင်အောင်မှာ ချောစုသူသူ၏ ဘလိုင်းထွန်းထွန်းအပေါ် ော်ရွေစွာ ဖိတ်ခေါ်ချက်ကို ကြားရ၍ ခံစားသွားရသည်။ ပိုင်းသွန်းသွန်းအပေါ် ဖော်ရွေသလောက်ပင် ချောစုသူသူ ည် မိမိအပေါ် ခင်မင်မှုမပြဟု နေလွင်အောင် ထင်မိသည်။ နေ့လည်း 'ချောစုသူသူ မွေးနေ့ လာပါ ကိုကို'ဟု ခိုင်ခိုင်စိုးက ်းနှင့်လှမ်းခေါ်၍သာ ရောက်လာခဲ့၏။

ဘလိုင်းထွန်းထွန်းကို သူမ ဖိတ်ခေါ်သကဲ့သို့ ချောစုသူသူက ု ကိုမခေါ်နိုင်။ နေလွင်အောင် ဆုတောင်းလိုပါသည်။ ဘဝ က်တိုင်းတွင် တဖက်သတ်ချစ်ရသောအဖြစ်မျိုး မခံစားပါရ စေနိုင်ဟူ၍။

'လိုက်မယ်မဟုတ်လားကိုထွန်းထွန်း၊ ကိုအောင်နဲ့လဲ စကား ပြောလို့ရတာပေါ့'

ချောစုသူသူက ထပ်မံပြောလိုက်ပြန်သည်။ နေလွှ
သက်ပြင်းချယင်း ဘလိုင်းထွန်းထွန်းအား....

'ဟုတ်သားဘဲကိုထွန်းထွန်း ကျနော်တို့ Group ကိ
ဆိုယင် ချောစုဗိတ်ခေါ်ချက်ကိုလက်ခံစေချင်ပါတယ်၊
မွေးနေ့ရှင်မဟုတ်လား၊ ချောစုက လိုလိုလားလားခေါ်
ထွန်းထွန်းတယောက်ထဲရှိပါတယ်ဗျာ'

နေလွှင်အောင့်အသံမှာ ထိန်းထားသည့်ကြားမှ ဝ
ပါနေလေသည်ဟု ဘလိုင်းထွန်းထွန်းသိလိုက်၏၊နေလွှင်
လည်း ကိုယ်ချင်းစာနာစိတ်ဖြင့် ဘလိုင်းထွန်းထွန်းသန
သည်။

'ကဲလေ....ဒီလောက်တောင် ကျနော့ကို လိုလာ
လိုက်ခဲ့ပါမယ်ဗျာ၊ ကျနော်ပါလို့ ရှုတ်နေမှာစိုးလို့ပါ'

ဘလိုင်းထွန်းထွန်းက လိုက်မည် ဆိုသည်နှင့် ချေ
မျက်နှာလေး ဝင်းလက်သွားသည်ကို နေလွှင်အောင်
သည်။ ချောစုသူသူဝမ်းသာမည်ဆိုလျှင် ချောစုသူသူ၏
လေး ရွှင်လန်းနေမည် ပျော်ရွှင်နေမည်ဆိုလျှင် နေလွှ
ဝမ်းသာမိသည်သာ။

ချောစုသူသူကိုကြည့်ရသည်မှာ ဘလိုင်းထွန်းထွန်းနှင့်
ချိန်မှစ၍ ပျော်နေပုံရသည်။ ချောစုသူသူသည် အသံလေး
မကျယ်လေးဖြင့် တခစ်ခစ်ရယ်ယင်း နေလွှင်အောင်ကိုလှမ်
ကာ....

'ကိုထွန်းထွန်းတို့ပါလို့ မရှုတ်တဲ့အပြင် ပိုတောင် ပေ
ကောင်းမှာပါနော် ကိုအောင်'

'ဟုတ်....ဟုက်ပါတယ်ဗျာ'



'ဟဲ....ဟဲ....ကိုနေလွှင်အောင်ကတော့ မွေးချောစုသူသူ ပြော
သမျှ အားလုံးခေါင်းညိတ်တာဘဲနော်'

'ဟာဗျာ....'

နေလွှင်အောင်ရှက်သွား၏။ ချောစုသူသူကိုလည်း ခိုးကြည့်
လိုက်၏။ ချောစုသူသူအကြည့်နှင့် သွားတိုး၍ နေလွှင်အောင်
ရင်ထဲတွင် တဆတ်ဆတ်ခုန်သွားရပြန်သည်၊ ချောစုသူသူနှင့်
တွေ့တိုင်း ရင်ခုန်ရလွန်း၍ မိမိမှာနှလုံးရောဂါများ ရှိနေမည်
လားဟု နေလွှင်အောင်ထင်လာမိသည်။

'ဒါဆို....သူသူတို့ ဘုရားရှိခိုးလိုက်အုံးမယ်၊ ကိုထွန်းထွန်းတို့
ခဏစောင့်ပါလား'

'စောင့်ပါမယ်ဗျာ....အေးအေးဆေးဆေးသာရှိခိုးပါ'

ချောစုသူသူက ဝယ်လာသောပန်းများကို အားလုံးခွဲဝေ ဘ
ပေးနေပါ၏၊ နေလွှင်အောင်အား လှမ်းပေးလိုက်သောအခါ
ရီဝေသောမျက်လုံးများဖြင့် မိမိအားကြည့်ကာ ခေါင်းခါပြနေ
သော နေလွှင်အောင်ကို ချောစုသူသူနားမလည်ဖြစ်သွားရသည်၊

'ဘာဖြစ်လို့လဲကိုအောင်၊ ကိုအောင့်အတွက်ပါ၊သူသူဝယ်လာ
တာပါ'

'ကိုယ်....ကိုထွန်းထွန်းနဲ့စကားသွားပြောယင်း စောင့်နေမယ်
လေ၊ သူကလဲ ကိုယ်နဲ့စကားပြောချင်တယ်လို့ ပြောဖူးတယ်
မို့လား'

'ကိုအောင့်သဘောလေ'

နေလွှင်အောင်ထွက်သွားမှ ချောစုသူသူ လည်းစိတ်ပါလက်ပါ
ဖြင့် ဘုရားရှိခိုးပါတော့သည်၊ မိနစ်လေးဆယ်နီးပါးမျှ ကြာပြီး

နောက်မှ ချောစုသူသူတယောက် ပန်း၊ ရေဆီမီး ကပ်လှူပြီး တော့သည်။

ထို့နောက်တော့ ရောက်တတ်ရာရာစကားများ ထိုင်ပြောကြပြီးနောက် ဘလိုင်းထွန်းထွန်းတို့ကားတစင်းနှင့် နေလွင်အောင်ထို့ကားတစင်းဖြင့် နှစ်စင်းပေါင်းပြီး နန်းယုဟော်တယ်သို့ ထွက်လာခဲ့ကြသည်။ သူတို့ရောက်ချိန်မှာ နေ့လည်(၁၁)နာရီ ထိုးပြီးလေပြီ။

သူတို့အဖွဲ့ သီးသန့်ခန်းထဲ ရောက်သည်နှင့် စားပွဲထိုးသည် စာရွက်နှင့်ခဲတံကိုင်ကာ ဝင်လာ၏။ နေလွင်အောင်သည် မီနူးကတ်ပြားကိုကြည့်ကာ....

'ကိုထွန်းထွန်းဘာကြိုက်သလဲ'

'ကျနော်က စားလို့ကောင်းတာဆို အားလုံးစားပါတယ်'

'ဘော်ဒါတွေကော ဘာမှာကြမလဲ'

နေလွင်အောင်က ယုယုခိုင်တို့ဘက်လှည့်ကာ မေးလိုက်သည်။ သူတို့ကိုအရင်မေးမှပင် သက်သာရာရသည်။ နို့မဟုတ်လျှင် 'အပြတ်ယိ'သဖြင့် ချောစုသူသူမှာ မနေတတ်အောင် ဖြစ်ရသည်မို့လား။

နေလွင်အောင်အတွက်က အရေးမကြီး။ နေလွင်အောင်မှာ ဖွင့်မပြောဘဲ ရင်ထဲမှနှစ်နှစ်ကာကာချစ်ရသူ ချောစုသူသူအပေါ် ငဲ့ညှာလွန်းလေသည်။

'I တို့ကလဲ ကိုထွန်းထွန်းလိုဘဲ စားကြောတွေယင် အပြတ်တွတ်ဖို့ ဝန်မလေးဘူး'

ယုယုခိုင်က နေလွင်အောင်အမေးကိုဖြေလိုက်သည်။ နေလွင်အောင်သည် တခန်းလုံးဝေ့ဝဲ့ကြည့်ယင်း ညီမဖြစ်သူအား....



'မိခိုင်....'

'ဘာလဲကိုကို'

'အခန်းထဲမှာ ခွေးတကောင်ဝင်နေလားမသိဘူး၊ ကြည့်စမ်းပါ...'

ခိုင်ခိုင်စိုးက အောက်သို့ငုံ့ကြည့်ပြီး မော့လာကာ အကိုဖြစ်သူအားကြည့်ကာ....

'ကိုကိုကလဲကြောင်ပြန်ပြီ၊ ဒီအထဲဘယ်လိုခွေးဝင်ပါ့မလဲ'

'ဟုတ်ရဲ့လား....တော်ကြာတုန်းက ကိုကို 'ဆိုင်'လို့ အော်သံကြားလိုက်သလားလို့ပါ'

'ဟာ....ကြည့်စမ်း လက်စသတ်တော့ ယုခိုင်ကို ချွတ်နေတာကိုး၊ ရေရေလည်လည်ခံလိုက်ရပြီဟေ့'

ယုယုခိုင်က ရယ်ရယ်မောမောဖြင့်ပင် သူငယ်ချင်းများဘက်လှည့်ကာ ပြောနေပါ၏။ ယုယုခိုင်စကားကြောင့် တဝိုင်းလုံးမှာ ဟာသမမြောက်ဘဲရယ်သွားကြပြီးမှ စားပွဲထိုးကို သတိရကာ....

'Srory နော်၊ ကျနော်တို့ချည်းထင်သွားလို့ပါ၊ ကဲ ချောစု ဘာစားမလဲ၊ ချောစုက မွေးနေ့ရှင်ဆိုတော့ ချောစု ကြိုက်တာမှာ'

'အာလုံးကြိုက်တာမှာပါ'

'မချောစုသူသူက ကြက်သားလုံးချိုချဉ်ကြော်နဲ့ ငါးခေါင်းဟင်းချိုကြိုက်တတ်တယ်'

'ရှင်....'

ချောစုသူသူမှာ ဘလိုင်းထွန်းထွန်းကို ကြည့်ပြီး အံ့ဩသွားသဖြင့် 'ရှင်' ဟု လုံးတည်းသာ ပြောနိုင်သည်။ ခိုင်ခိုင်စိုးတို့မှာလည်း

မျက်လုံးပြူးသွားကြပြီး ဘလိုင်းထွန်းထွန်းအပေါ်ပို၍ သံသယ များ ဖြစ်လာစေတော့၏၊

'ငါး ခေါင်းပေါင်းချိုနဲ့ ကြက်သားလုံး ချိုချဉ်ကြော်ဘဲလား'

'အော်....အစိမ်းကြော်ရယ်၊ ကုန်းဘောင်ကြီး ကြော်ရယ် ဝက်သားပေါင်း၊ ထမင်းပေါင်းတပွဲပေးပါ'

'ဟုတ်ကဲ့'

'ဒီမှာ....ဒီမှာ လိမ္မော်ရည်(၈)ပုလင်းပေးပါနော်'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

အခန်းထဲတွင် သူတို့ချည်းသာ ရှိတော့၏၊ သန္တာစိုးသည် ဘလိုင်းထွန်းထွန်းနှင့် ဇော်ကိုအောင် အဆက်အသွယ် ရှိသည် ဆိုခြင်းကို မည်မျှဘူးကွယ်ပါစေ မယုံကြည်မိတော့။

'ကိုထွန်းထွန်းကတော့ သန္တာတို့ကို မျက်လှည့်ပြနေတယ်'

'ဘာလို့လဲ....'

'မိသူနဲ့ပတ်သက်ပြီး အတွင်းရေးတွေကိုလဲ ကိုထွန်းထွန်း သိနေတယ်၊ ဒါပေမယ့်လဲ ကိုထွန်းထွန်းကိုမေးယင် မသိတာ ချည်းဘဲ'

'ဟဲ....ဟဲ....ကျနော်က ဘာများသိလို့လဲဗျာ'

'ခုဘဲကြည့်ပါလား၊ မိသူကြိုက်တတ်တဲ့ အစားသောက်ကို အမြဲတန်းပေါင်းလာတဲ့ သူငယ်ချင်းတွေတောင် မသိကြဘူး၊ ကိုထွန်းထွန်းကသိနေတယ်၊ မိသူအကြောင်းကိုသိတာ ကိုဇော်ကို အောင်ကိုဘဲရှိတယ်'

ဘလိုင်းထွန်းထွန်းတွေဝေသွားမှန်းတွေ့ရ၏၊ သန္တာကလည်း အားမနာတမ်းပြောနေပါ၏၊



'ကိုထွန်းထွန်းက မသိသေးလို့ဘဲနော်၊ မိသူမွေးနေ့မွေးရက်က ဲနေတာကို....'

ဇယ်နှယ်လဲကိုနေလွင်အောင် ငြိမ်လှချည်လား၊ ကိုနေလွင် င်ကို Group ကကျနော်တို့ကိုထောင်းဖိတ်ကျွေးပြီးအပြတ် နေပါလားဗျာ'

နေလွင်အောင်ကို အားကိုးသောအသံဖြင့် ဘလိုင်းထွန်းထွန်း သိတောင်းခံပုံနှင့် ပြောလိုက်သည်၊နေလွင်အောင်ကလည်း ာသူတို့ဖက်လှည့်ကာ....

ယ်သားဘဲ....ချောစုဘာ ဘာမှ မပြောရ သေးဘူး၊ ေတွေကဘဲ အပြတ်ချွတ်နေတာကိုး၊ တော်ကြာ ကိုထွန်း စားမဝင်ဘဲဖြစ်နေအုံးမယ်'

နေလွင်အောင်စကားကို ဘလိုင်းထွန်းထွန်းမှာ သဘောကျ ၍ အသံထွက်အောင်ရယ်လေတော့သည်၊

Sorry ဘဲနော်ကိုထွန်းထွန်း၊ သူသူ့ သူငယ်ချင်းတွေက က်ဆဲရှိတာကို Opon Discussion ပွင့်ပွင့်လင်းလင်း နွေးတဲ့သဘောပါ၊ သူသူသိုဘဲ သူတို့စိတ်ထဲမှာလဲ ကိုထွန်း ကို (Suspect)သံသယဝင်လာရအောင် ကိုထွန်းထွန်းက ဆိုနိုင်ခဲ့တာကိုး'

ဒါကတော့....ကျနော်ပြောဖူးအားဘဲဗျာ၊ မျက်လုံးကန်းနေ နားကိုသိပ်အားကိုးရတာလို့ ဘာ့ဆားပေါ်မှာကျနော်သူရှိခိုး န်းမချောစုသူသူ့ Birthdayလို့ ပြောသံကြားလိုက်မိလို့ပါ' ပစ်စုဘယ်လို့ မထင်စေချင်ဘူး၊ကိုထွန်းထွန်းကို ကျနော်တခု ချင်လို့ပါ'

ပေးပါကိုနေလွင်အောင်'

'ကိုထွန်းထွန်းဟာ အောင်မြင်ကျော်ကြားနေတဲ့ စ အဆိုကျော်တယောက်မို့လား၊ကိုထွန်းထွန်းမျက်လုံးကိုကျွမ်း တဲ့ ပါရဂူကြီးတွေကိုမပြဘူးလား၊ ရန်ကုန်မှာ နိုင်ငံခြားက တသိတဘန်းကြီးပါတဲ့ ဆရာဝန်ကြီးတွေ ရှိသားနဲ့ဗျာ'

အားလုံးမှာ ဘလိုင်းထွန်းထွန်းနှင့် နေလွင်အောင်တို့ သောကေကြားတွင် စိတ်ဝင်စားနေကြ၏။ နေလွင်အောင်ကဲ့ သူတို့စိတ်ထဲတွင်သည်း ဘလိုင်းထွန်းထွန်းအား မေးချင် သည် မဟုတ်ပါလား။

'သိပ်ပြတာပေါ့ကိုနေလွင်အောင်၊ ကျနော့မျက်လုံး ပြန်အလင်းမြင်ရမယ်ဆိုယင်ကျနော်ကုန်ချင်ထလောက်ကုန် ပိုက်ဆံရအောင်ရှာပြီး ကုလိုက်မှာဘဲ၊ ကိုနေလွင်အောင် ပါရဂူဆရာဝန်ကြီးတွေနဲ့လဲ ပြခဲ့ပါတယ်၊ ဒါပေမယ့်....'

ဘလိုင်းထွန်းထွန်းအသံမှာ ပြောမောင်း တိမ်ဝင်လာခဲ့ နေလွင်အောင်လည်း မေးလိုက်ပြီးမှ စိတ်မကောင်းဖြစ်သွား မိမိအမေးကြောင့် ဘလိုင်းထွန်းထွန်း၏ မေ့ထားသော သ လေးကို ပြန်လည်အစဖော်ပေးသကဲ့သို့ ဖြစ်သွားဟန်တူပါ၏၊

ထို့ကြောင့် နေလွင်အောင်မှာ ဘာမှဆက်မပြောဘဲငြိ လိုက်သည်။ဘလိုင်းထွန်းထွန်းကပင်ဆက်၍....

'ဒါပေမယ့်....ဆရာဝန်ကြီးတွေ ကျနော့မျက်စိနဲ့ပတ်သ ပြောပြတာတော့ အများကြီးဘဲ၊ ကျနော်လဲမမှတ်မိဘူး၊ဆ ကတော့ ကျနော့မျက်စိဟာ တသက်လုံး ပြန်မကောင်းနိုင် ဆိုတာဘဲ သိတော့တယ်ဗျာ၊ ခုဆိုယင် ကျနော့ဘဝဟာနေ ထ မမြင်ဘဝမျိုးပါ၊ ရောက်ရာဘဝမှာ ကိုယ့်စိတ်ကိုယ်အား ပြီး ပျော်အောင်ကြိုးစားနေလိုက်တာဘဲ'



'အော်....ကိုထွန်းထွန်းရယ်'

ချောစုသူသူထံမှ ငိုရှိုက်သံလေးဖြင့် တိုးတိုးလေးရေရွတ် းကို နားပါးသော ဘလိုင်းထွန်းထွန်းကြားလိုက်သည်။

ထိုစဉ် မှာကြားထားသော စားသောက်စရာများ ရောက် ၍ စကားပြတ်သွားကာ စတင်စားသောက်ကြတော့သည်။ လွင်အောင်သည် ချောစုသူသူပန်းကန်ဆီသို့ ဟင်းများထည့် ရန် ခပ်နေစဉ် ဘလိုင်းထွန်းထွန်းက....

'သူသူ'

'ရှင်....'

သူသူလို့ ခေါ်ပါရစေ....ခင်မင်တဲ့အနေနဲ့ ကျနော့ကို သူသူ ခေါ်ခွင့်ပြုပါနော်'

'အော်....ဟုတ်....ဟုတ်ကဲ့၊ ကိုထွန်းထွန်း ကြိုက်သလိုခေါ်နိုင် တယ်'

'ကျနော့ကို ကြက်သားလုံး ချိုချဉ်ကြော်ပန်းကန်ဆီရောက် င် ပို့ပေးပါ'

လူတွေအများကြီးထဲမှ ချောစုသူသူကို ရွေးကာခိုင်းလိုက် ဖြင့် အားလုံး အံ့အားသင့်သွားသည်။ ချောစုသူသူသည် လိုင်းထွန်းထွန်းလက်ကို ကြက်သားလုံးချိုချဉ်ကြော် ပန်းကန် ပို့ပေးလိုက်၏။

'သူသူပန်းကန်ကော.... ကျနော်ထည့်ပေးပါရစေ'

'ဒီ....ဒီမှာပါ'

ချောစုသူသူက ပန်းကန်ကို တဖက်မှကိုင်ယင်း ဘလိုင်း ထွန်းထွန်းခပ်ထားသော ဟင်းကို မိမိပန်းကန်ထဲ ထည့်စေသည်။ နေလွင်အောင်မှာ ချောစုသူသူအား ထည့်ပေးရန်ခပ်ထား

ဆော ဟင်းကို ဆက်ပြင်းချ၍ မိမိပန်းကန်ထဲသို့သာ ထည့် လိုက်၏။

'ချောစုရယ်....ချောစုနဲ့ ပတ်သက်လာ ယင် ကိုယ်ဟာ ဒုတိယလူ ဖြစ်နေပြီလားကွယ်' ဟု ရင်ထဲမှငိုနေမိယင်း လိုက်မိဘည်။ သို့သော် နေလွင်အောင်အသံက အပြင်သို့ မလာပါ။

'ကျေးဇူးဘဲ ကိုထွန်းထွန်း'

'သူသူမွေးနေ့ရောက်တိုင်း ပျော်နိုင်ပါစေ'

ဘလိုင်းထွန်းထွန်းက ချောစုသူသူအား ဆုတောင်းပေ ထမင်းကို စတင်စားလေတော့သည်။ ထမင်းဝိုင်းသည် ပျော်ရွှင်ရွှင်ဖြင့် ပြီးဆုံးရမည့်အစား အသီးသီး၏ ရင်ထ အတွေးကိုယ်စီဖြင့် ထိတ်ဆိတ်နေပါ၏။

စားသောက်ပြီးစီးချိန်တွင် ချောစုသူသူက ခိုင်ခိုင်စိုး ဆုတန်နှစ်ရွက် ထုတ်ပေးပြီး ငွေရှင်းသွားစေသည်။

သူတို့သူငယ်ချင်းများမှာ ပြောမနာဆိုမနာများ ဖြစ် ညီမအရင်းကဲ့သို့ ချစ်ခင်ကြသဖြင့်လည်း ချောစုသူသူ ငွေပေးပြီး သွားရှင်းခိုင်းသည်ကို မည်သို့မျှထင်ကြ။ ခိုင် နှင့် ယုယုခိုင်က ကောင်တာသို့ထွက်သွားကြ၏။

'သူသူကို ကျနော် မွေးနေ့လက်ဆောင်နှစ်ခု ပေးပ

'အို....သူသူမလိုချင်ပါဘူး၊ စုလို သူသူမွေးနေ့ကို တကူး လိုက်လာကြတဲ့ ကိုထွန်းထွန်းတို့မောင်နှမနဲ့ ကိုအောင်ကို အသာ ကျေးဇူးတင်နေမိတာပါ'

ချောစုသူသူက နေလွင်အောင်ကို မလုံမလဲ့ကြည့်ကာ လိုက်၏။ နိုင်ငံခြားမှပြန်လာစဉ် နေလွင်အောင်ပေးသော



ဆောင်ကို သူမလက်မခံဘဲ ငြင်းဆန်ခဲ့သည်။ ခုမှ ဘလိုင်းထွန်းထွန်းလက်ဆောင်အားလက်ခံလျှင် နေလွင်အောင် စိတ်မကောင်း ဖြစ်မည်။ ထို့ကြောင့်လည်း ချောစုသူသူက အကြောက်အကန် ငြင်းဆန်ခြင်းဖြစ်ပါ၏။

နေလွင်အောင် ဒုတိယအကြိမ် လက်လျှော့ရပြန်သည်။

မိမိကလည်း ချောစုသူသူအား လက်ဆောင်ပေးရန် ချစ်သူ စုံတွဲနှစ်ဦးပါသည့် ရွှေလော့ကက်တခု ဝယ်လာခဲ့သည် မဟုတ် ပါလား။ ချောစုသူသူအကြောင်း သိနေ၍ ပေးရန်ခက်နေ၍ မပြောမိ၊ အေးအေးဆေးဆေးမှ ပေးမည်ဟု ဆုံးဖြတ်ထားစဉ် ဘလိုင်းထွန်းထွန်းက ဦးစွာပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်ချောစု၊ ချောစုကို ကိုယ်လဲ လက်ဆောင်ပေး ချင်တာနဲ့ အတော်ဘဲ၊ ကိုယ့်လက်ဆောင်ကော ကိုထွန်းထွန်း လက်ဆောင်ပါ လက်ခံစေချင်ပါတယ်၊ ဒီအတိုင်း အသားလွတ် ဝယ်ပေးယင်တော့ ချောစုလက်မခံတာ မှန်ကန်ပါတယ်၊ ခုဟာ က ချောစုရဲ့ မွေးနေ့မို့ အမှတ်တရဖြစ်စေချင်လို့ပါ'

'မိသူရယ် မိသူလဲ ပညာတတ်မိန်းကလေးဘဲ ကိုယ့်မွေးနေ့ မို့ ပေးတယ်ဆိုလာတဲ့ ပစ္စည်းကို လက်ခံရမှာပေါ့ကွယ်၊ ဒို့များ ကျတော့ လက်ဆောင်ပေးပါဆိုတာတောင် ပေးမယ့်သူမရှိဘူး၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်ရတာ လက်ခံလိုက်၊တော်ကြာ ကိုထွန်းထွန်း ကော ကိုနေလွင်အောင်ပါ စိတ်မကောင်းဖြစ်မယ်'

သန္တာက အစပိုင်းတွင် အတည်အပေါက်ပြောနေ၍ နေလွင် အောင်မှာ ကျေးဇူးတင်သွားမိ၏။ နောက်ပိုင်းတွင် ဆန္တာ့ စကား ပေါက်သွာတော့သဖြင့် သူတို့ ပြုံးသွားမိကြသည်။

ချောစုသူသူမှာ ဘာမှဆက်မပြောတော့၊ သူတို့ပြောစကားက သဘာဝကျသဖြင့် နောက်ဆုံးတော့ ချောစုသူသူမှာ လ[illegible] လိုက်ရသည်။

နေလွင်အောင်ကော ဘလိုင်းထွန်းထွန်း ပေးသည်များ ကတ်ဗူးကဒလေ များဖြစ်၍ အဖိုးတန်ပစ္စည်းများ ဖြစ်မည်ဟု ချောစုသူသူ ခန့်မှန်း၍ရသည်။ သို့သော် ဖွင့်မကြည့်ဘဲ ပို[illegible] အိတ်ထဲ ထည့်ထားလိုက်ပါ၏။

ဘလိုင်းထွန်းထွန်း ထုတ်ပေးသောဗူးကို တွေ့သည်နှင့် [illegible] သင်း နားလည်သွား၏၊ တနေ့က မိမိနှင့်အတူ ဗိုလ်ချုပ်[illegible] သွားဝယ်လာသော ရွှေဒလော့ကက် မဟုတ်ပါလား။

ထိုကြောင့် ချောစုသူသူအပေါ် ဘလိုင်းထွန်းထွန်းခင်[illegible] ပြီး သည်မျှ အဖိုးတန်သောပစ္စည်းပေးမှန်း သင်းသင်း န[illegible] လည်တော့။ ချောစုသူသူအား ပေးရန်မှန်း အစက မထင်[illegible] ပါပေ။

ဘလိုင်းထွန်းထွန်းတွင် ချောစုသူသူ ချစ်သူ ဇော်ကိုအေ[illegible] နှင့် ပတ်သက်ပြီး ဂါတိခံယူထားချက်များ ရှိနေမည်လာ[illegible] သင်းသင်း တွေးတောလာမိပေသည်။

'သူသူကို ကျနော်ပြောတဲ့ လက်ဆောင်နှစ်ခုအနက် [illegible] တော့ ပေးပြီးပြီ၊ နောက်တခုက စကားလက်ဆောင်ပါ'

**'ရှင်....စကားလက်ဆောင်'**

**ဘလိုင်းထွန်းထွန်း စကားများကြောင့် နေလွင်အောင်[illegible] ဘယ်လိုပါလိမ့်ဟု ထင်သွားမိ၏။ ဘလိုင်းထွန်းထွန်းက ခေ[illegible] ညိတ်ပြီး....**



**'ဟုတ်တယ်....စကားလက်ဆောင်ပါ၊ ဒီစကားကို ကြားယင် [illegible]သူကော ဇော်ပါတွေပါ အံ့ဩသွားကြမှာ သေချာတယ်'**

'ဘာများလဲ ကိုထွန်းထွန်းရယ်၊ ပဟေဠိ ဖွက်လှချည်လား'

'သူသူ ကျနော့ဆီရောက်လာပြီး စုံစမ်းတာ အကူညီတောင်း[illegible]ာကို သတိရမှာပေါ့နော်'

'ဟုတ်ကဲ့'

**'သူသူထင်တာ ခိုင်ခိုင်စိုးတို့ထင်တာတွေ မှန်ပါတယ်။ ဇော်ကိုအောင်ဟာ ကျနော့သူငယ်ချင်းပါ'**

**'ရှင်'**

ချောစုသူသူမှာ ဝမ်းသာအားရဖြင့် 'ရှင့်'ဖြစ်သွားခြင်းပင်။

**'အံ့ဩသွားလား၊ ဒီထက်ပို အံ့ဩစရာကောင်းတာ ရှိသေး[illegible]ယ်၊ မီးထဲမှာ ဇော်ကိုအောင်မပါသွားဘူး'**

**'ဒါ....ဒါဆို ကို....ကိုအောင် မသေဘူးပေါ့နော်'**

ချောစုသူသူမှာ ဝမ်းသာလွန်း၍ တုန်ယင်သော အသံလေး[illegible]ဖြင့် စကားထစ်နေပါသေး၏၊ နေလွင်အောင်မှာ ချောစုသူသူ[illegible]ားကြည့်ပြီး နောင်တရလာမိသည်။ ချောစုသူသူတို့ သူပေး[illegible]သော လက်ဆောင်ထဲတွင် စာထည့်ပေးလိုက်ခြင်းမှာ မှားသွား[illegible]း နောင်တရလာသည်။

'ဟုတ်တယ်၊ ဇော်ကိုအောင်မသေဘူး၊ ကျနော့်ကိုလာတွေ့[illegible]း သူနဲ့ သူသူအကြောင်းတွေ ပြောပြတယ်'မပို့သောမြင့်မိုရ်' [illegible]ချင်းကိုလဲ ပေးခဲ့တယ်၊ ဒီသီချင်းကြားယင် သူသူ မင်းဆီလာ

စုံစမ်းမှာဘဲ၊ ဒါပေမယ့် ငါ့အကြောင်း မပြောနဲ့လို့ နှုတ်ပိတ်လို့ မပြောတာပါ'

'သူသူ ဝမ်းသာလိုက်တာရှင်၊ ကိုထွန်းထွန်းကို ကျေး သိပ်တင်တာဘဲ၊ ဒါနဲ့ သူ ကိုအောင်ကော ဟင်၊ ဘာလို့ သူ့ဆီ မလာတာလဲ ကိုအောင်သိပ်ဆိုးတာဘဲ'

'ဇော်ကိုအောင်ကို သူသူကို သိပ်ချစ်ပါတယ်၊ ဒါကိုကျနော် အသိဆုံးပါ၊ ဒါပေမယ့် ဒီကောင် သူသူဆီတော့ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး'

'ဟင်'

ဘလိုင်းထွန်းထွန်းစကားကြောင့် ချောစုသူသူမှာ ဝမ်းနည်းပြီး မျက်ရည်များ ကျလာခဲ့သည်။

'ဘာ...ဘာလို့ သူသူ့ဆီ မလာတာလဲဟင်'

'ဇော်ကိုအောင် မသေပါဘူး၊ ဒါပေမယ့် ဇော်ကိုအောင် ခမျာ ခြေထောက်နှစ်ဖက်လုံး ဖြတ်လိုက်ရတဲ့ ဂျိုင်းထောက် သွားနေရတဲ့ ဒုက္ခိတမို့ သူသူ့ကို သူ့အကြောင်း မပြောဖို့ ပိတ်ပင်ခဲ့တာပါ၊ ဒါပေမယ့် ကျနော် သူသူကို ကြာကြာမလိမ်ချင်ဘူး၊ သူသူနဲ့ပတ်သက်ပြီး ပြောနိုင်တာတွေဟာ ဇော်ကိုအောင် ကျနော့်ကို ပြောထားခဲ့လို့ပါ'

အားလုံးမှာ ဘလိုင်းထွန်းထွန်းစကားထဲတွင် နစ်မြောနေကြ၏၊ ချောစုသူသူတို့ ချစ်သူနှစ်ဦးအဖြစ်ကို စိတ်မကောင်း ဖြစ်ရ ကြကာ တိတ်ဆိတ်သွားကြသည်။



'ကိုအောင် ဘယ်မှာနေတယ်ဆိုတာ ကိုထွန်းထွန်း သိလား င်'

'ဒီတခါတော့ ကျနော်မလိမ်တတ်ပါဘူး၊ တကယ့်ကို မသိ ကျနော့်ကိုလဲ မပြောသွားဘူး'

'အင့်...'

ချောစုသူသူထံမှ ရှိုက်သံလေးထွက်လာသည်။ မပီမသဖြင့် င်းနင့်ပင်...

'ဒါကတော့ ကိုအောင်က သူသူ့အချစ်ကို သက်သက်အထင် းတာဘဲ၊ သူသူနဲ့တွေ့ပြီး သူသူသဘောထားကို မေးဖို့ ာင်းပါတယ်၊ သူသူ့အချစ်က အသာစီးရမှ ချစ်မယ်ဆိုတဲ့ ချစ်မျိုးမဟုတ်ပါဘူးရှင်၊ ခုလို ဒုက္ခိတ ဖြစ်နေမှန်းသိယင်၊ သူ ကိုအောင်ကို လက်ထပ်မှာပါ၊ ကိုအောင့်ကို ချစ်တဲ့ အချစ် တော့ ဒီတသက် ဘယ်သူ့ကိုမှ မပေးနိုင်ပါဘူး၊ ကိုယ့်ချစ်သူကို န်နာခံပြီး သူသူချစ်နိုင်ပါတယ်၊ ကိုအောင်ကို ကြင်နာ ယုယ ပါတယ် ကိုထွန်းထွန်းရယ်၊ ခုတော့ ကိုအောင်က သူသူ့ မေတ္တာ ကို အထင်သေးသွားတယ်'

'ဒီလိုမဟုတ်ဘူးသူသူ၊ ဒီကောင်က သူ့ရဲ့ ဒုက္ခိတ ဘဝထဲ သူသူကို မဆွဲသွင်းရက်ဘူးတဲ့၊ အနစ်နာခံစရာရှိယင် သူဘဲ င်နာခံမယ်တဲ့လေ၊ သူ့ကြောင့် သာယာချမ်းမြေ့တဲ့ သူသူ့ ကို အမဲစွန်းထင်သွားတာ မခံစေချင်ဘူးတဲ့လေ'

'ကိုအောင်ရယ်'

ချောစုသူသူမှာ ချစ်သူဇော်ကိုအောင် အကြောင်းကြားရ၍ သနားမနာဖြစ်ကာ နာကျင်လိုက်လှစွာ ခံစားလိုက်ရသည်၊ ချော သူသူရင်ထဲတွင်တော့ ရှိုက်၍ရှိုက်၍ ငိုနေရတော့မည်သာ။

ဘယ်သောင်ဘယ်ကမ်း ကပ်ရမှန်းမသိအောင် အဖော်မဲ့
တဦးတည်း လှော်သွားရသော ဒုက္ခိတချစ်သူ၏ အဖြစ်ကို
စားမိရုံနှင့်ပင် ချောစုသူသူရင်ထဲတွင် နာကျင်လာ၍ 'ကိုဗေ
ရယ်' ဟု တမ်းတမ်းတတလေး မြည်တမ်းလိုက်ခြင်းသာ ဖြစ်
လေသတည်း။

ဝ



ချောစုသူသူသည် စာရွက်လေးကို ပြန်ခေါက်သိမ်းလိုက်ကာ
ားလေးထဲသို့ သေချာစွာ ထည့်လိုက်၏။ ရွှေလော့ကက်လေး
လှပလွန်းပါ၏။ သို့သော် ချောစုသူသူ၏ လည်တွင် မဆွဲမိ။
ထို့အတူ ဘလိုင်းထွန်းထွန်းပေးသော လက်ဆောင်ကို
ည်း ချောစုသူသူက ဗူးထဲ၌ပင် ထားခဲ့သည်။ နှစ်ရက် သုံး
်ကြာမှ သတိရကာ ချောစုသူသူသည် လက်ဆောင်များအား
ာ်ကြည့်မိခြင်းဖြစ်သည်။ ဤအခါမှ ဟောင်ကောင်တွင် ဘလိုင်း
်းထွန်း ပြောဆိုခဲ့ခြင်းများမှာ ယုတ္တိမရှိဟု ချောစုသူသူ စဉ်း
းကြည့်မိလေသည်။

သူမနှင့်တူ ဘော်ဒါအားလုံးကလည်း အမှတ်တမဲ့နေကာ
ဉ်းစားကြ၍သာ၊ ဘလိုင်းထွန်းထွန်းစကားကို ယုံကြည်ခဲ့ကြ
င်း ဖြစ်ဟန်တူ၏၊

'ဟင်း.....ကိုထွန်းထွန်း ပြောသွားတာ မဖြစ်နိုင်ပါလား'

ချောစုသူသူသည် တဦးတည်းအသံထွက်၍ ပြောလိုက်မိ၏။
က်ထဲတွင်လည်း ရွှေဗူးနှစ်ဗူးကိုင်ထားဆဲပင်။ ထိုစဉ် အခန်း
သို့ ခိုင်ခိုင်စိုးနှင့် ယုယုခိုင်တို့ဝင်လာပြီး....

ဘာတွေ မဖြစ်နိုင်ဘဲနေတာလဲ မိသူ'

'အော်....မိခိုင်တို့လဲ သတိမထားမိလိုက်ကြဘူးထင်တယ်'

'ဘာကိုလဲ'

'ပြောယင်လဲ နားလည်အောင်ပြောကွာ'

တယောက်တမျိုးမေးသော သူငယ်ချင်းနှစ်ဦးတို့ကိုကြည့်၍
ချောစုသူသူ မေးလိုက်ပါ၏၊

'ကိုထွန်းထွန်းက သူသူ့ကို ပစ္စည်းလက်ဆောင်နဲ့ စကားလက်
ဆောင် (၂) ခု ပေးသွားတာ မှတ်မိတယ်မို့လား'

'အေးလေ....ခုသတိရလို့ ဘာတွေပေးသလဲ လာကြည့်ရ

ယုယုခိုင်စကားကြောင့် ချောစုသူသူက ဗူးနှစ်ဗူးစလုံး ယူ

ပေးလိုက်သည်။

ခိုင်ခိုင်စိုးနှင့် ယုယုခိုင်တို့က ပြိုင်တူ ကြည့်လိုက်ကြသည်။

'ဟာ....လှလိုက်တာ....'

ယုယုခိုင်နှုတ်မှ ဝမ်းသာအားရ ထွက်သွား၏။

'ဒီထက်လှတာ မိခိုင်အကိုပေးတဲ့ပစ္စည်းပေါ့၊ ဖွင့်ကြည့်ပ

ဘာတွေထူးလာသလဲဆိုတာ'

'ဟုတ်လား'

နှစ်ဦးသား စိတ်ပါဝင်စားစွာ နေလွှင်အောင်ပေးသော

လက်ဆောင်ကို ကြည့်ပြန်သည်။

'အင်း....ဒီခလာ့ဏကက ပိုလှတယ်၊ ဟင်....စာတစောင်

လား....'

ခိုင်ခိုင်စိုးက ချောစုသူသူအား ကြည့်ပြီးပြောလေသည်

ချောစုသူသူသည် ဆက်ပြင်းချယင်း....

'ဖတ်ကြည့်ပါလား၊သူသူတော့'ကိုနေလွှင်အောင်ပေးတဲ့လ

ဆောင်ကို ပြန်ပေးမလားလို့'

ချောစုသူသူစကားကို မည်သို့မျှ မဝေဖန်သေးဘဲ နှစ်ဦးသ

ဖတ်လိုက်ကြပြန်သည်။ ယုယုခိုင်က စာဖတ်မြန်၍ အရင်ပြီး

ဖြင့် ချောစုသူသူအားကြည့်ကာ....

'ဘာလို့ပြန်ပေးရမှာလဲ ပေးယင် မိသူသိပ်ရှိင်းသွားမှာပေ

ကိုကိုကိုယ်တိုင်က မွေးနေ့မို့ပေးတာပါ သူကရေးထားသလိ

လက်ဆောင်ပေးတာနဲ့ Propose လုပ်တာ ချဉ်းကပ်တာ



ကခြားစီပါလို့ ပါနေသားဘဲ၊ ပြီးတော့ ကိုထွန်းထွန်းလက်

ဆောင် လက်ခံပြီး သူ့လက်ဆောင် လက်မခံဘူးဆိုတာ သိသွား

ရင် မကောင်းပါဘူးကွာ....'

'ဟုတ်တယ်မိသူ.... ခိုင်ခိုင့်အကိုအကြောင်း ခိုင်ခိုင်အသိဆုံး

ပါ ကိုကို့မှာ ချစ်တတ်တဲ့နှလုံးသားဖြစ်လာတာ မိသူကိုတွေ့

ပါ။ ကိုကို့ကို လက်ခံတာလက်မခံတာ မိသူသဘောပါ၊ကိုကို

အမြတ်တနိုးနဲ့ ပေးတဲ့မွေးနေ့လက်ဆောင်ကိုတော့ လက်ခံလိုက်

ပါကွာ....'

ခိုင်ခိုင်စိုးကဝင်၍ တောင်းပန်လိုက်ပြန်သည်။ ချောစုသူသူ

သည် သူငယ်ချင်းများကိုကြည့်ကာ....

'ခက်တယ်သူငယ်ချင်း၊တို့ရယ် ကိုအောင်ကို သူသူခင်ပါတယ်၊

ဒါကြောင့်လဲ ရင်းရင်းနှီးနှီးဆက်ဆံခဲ့တာပေါ့၊ သူသူ့ဆက်ဆံ

ရေးဟာ ကိုအောင့်အတွက် မျှော်လင့်ချက် ဖြစ်စေရမယ်ဆိုတဲ့

ရည်ရွယ်ချက် သူသူ့မှာ မရှိတာတော့အမှန်ဘဲ၊ ခုလဲ သူသူ့မှာ

သားကျပ်နံကျပ်ပါ လက်ဆောင်မယူယင် ကိုအောင် စိတ်အား

ငယ်သွားစိုးသလို သူသူ့အနေနဲ့ လက်ဆောင်ယူပြီး ချစ်ပါတယ်

လို့ မပြောနိုင်သလို ကိုအောင်နဲ့ မျက်နှာချင်းကို မဆိုင်ရဲတော့

ဘူး'

'ဒီလိုဘယ်ဟုတ်ပါ့မလဲ ကိုကိုပြောသားဘဲ၊ သူ့ကိုမချစ်ချင်

နေပါ၊ သူသူ့ဘဝအတွက် သူ့ကို အဖော်မွန်အဖြစ်ရွေးချယ်

ယင်ကျေနပ်ပါပြီတဲ့'

'မပတ္တာမပါတဲ့ အိမ်ထောင်ရေးဟာ သာယာစိုပြေမယ်လို့

ခိုင်ယူဆသလား'

'တချို့လဲ ညားပြီးမှ ချစ်သွားကြတာတွေ ဒုနဲ့
ခိုင်ခိုင်စိုးကလဲ ချက်ကျလက်ကျ ပြန်လည်ချေပ

'အင်းလေ....ချစ်တိုင်းသာ ညားကြယင် လောက
မျက်ရည်ကျခြင်းတို့၊ ဝမ်းနည်းပူဆွေးခြင်းတို့ဆိုတဲ့ ဝေ
တွေ ဘယ်ပေါ်လာပါ့မလဲ၊ သူသူ့ဘဝမှာ တချိ ကျယ
အားကိုးလိုလာမှာပါ၊ အတိအကျမပြောနိုင်တဲ့ အချိန်
အထိ စောင့်နေသေးတယ်ဆိုယင်တော့ မိခိုင်အကိုကို သူ
စားပါ့မယ်'

ခိုင်ခိုင်စိုးမျက်နှာလေး ဝင်းလာသလို ယုယုခိုင်လည်
သက်ပြင်းချနိုင်တော့သည်။ ချော့သူသူထံမှ သံည်မျက
ရလာလျှင်ပင် သူတို့ကျေနပ်ကြပါ၏။ ချောစုသူသူသည်
ပေးလျှင် ပေးသလိုလုပ်တတ်မှန်း သူမအကြောင်း သိ
ဖြစ်၏။

'ဒါဆို ကိုကို့လက်ဆောင်ကို ပြန်မပေးရတော့ဘူးနေ

ချောစုသူသူထံမှ စကားတိတ်ဆိတ်သွား၏။ အခ
ကြာမှ ခိုင်ခိုင်စိုးဘက်လှည့်ကာ မေးလိုက်၏။

'မိခိုင်က မပေးစေချင်ဘူးလား'

'ဟင့်အင်း....သူသူ အမှတ်တရသိမ်းထားစေချင်တယ်

'ဒါပေမယ့် ကိုအောင်ရဲ့ လက်ဆောင်က တန်ဖိုး
မဟုတ်တာ၊ ဒီလိုပစ္စည်းကိုလက်ခံဖို့ သူသူ စိတ်မရဲ
အမှန်ဘဲ၊ ပြီးတော့ ရွှေငွေလက်ဆောင်ပေးပြီးမှ ရတဲ့
မျိုးလို့ အထင်လဲမခံနိုင်ဘူး မိခိုင်ရယ်'

'မဟုတ်သေးဘူးလေ၊ သူသူ့ရဲ့ စာရိတ္တ သိက္ခာ သ
မိခိုင်တို့အားလုံး သိကြတာဘဲ ဘယ်သူကမှလဲ သူသူ



မတွေးကြပါဘူး၊ ကိုကို့မှာ အဲ့လိုရည်ရွယ်ချက် လုံးလုံးမရှိဘူး
ဆိုတာ မိခိုင်ပြောရဲတယ်၊ မေတ္တာကို အရောင်းအဝယ်သဘောလို့
မထားပါဘူးကွာ'

'အကို့ကို တော်တော်ချစ်တဲ့ညီမဘဲ'

ချောစုသူသူသည် ခိုင်ခိုင်စိုးခေါင်းလေးကို မနာအောင်
ထုယင်း ပြောလိုက်ရတော့သည်။ ယုယုခိုင်သည် သူတို့ဝင်လာ
ခါစက ချောစုသူသူ ညည်တွားပြီး တဦးတည်းပြောဆိုသော
စကားကို သတိရလာသည်။

'ဟော့....မိသူ'

'ဟာ....လန့်လိုက်တာ'

ချောစုသူသူက စဉ်းစားနေချိန်တွင် ယုယုခိုင်ခေါ်သံကြောင့်
အလန့်တကြား ဖြစ်သွားရသည်။

'ယုခိုင်တို့ဝင်မလာခင်တုန်းက မိသူတယောက်ထဲ မဖြစ်နိုင်
ဘူးဆိုတာ ဘာကိုပြောတာလဲ'

'အေး....သူသူလဲ အဲ့ဒီအကြောင်းကို ယုခိုင်တို့နဲ့ ဆွေးနွေး
ကြည့်မလို့'

'ပြောလေ'

'ကိုထွန်းထွန်းက ကိုအောင်....အဲ့....ကိုအောင်ဆိုတာ သူသူ့
ချစ်သူကို ပြောတာနော်၊ကိုအောင်မသေဘူးလို့ ပြောသွားတယ်၊
အဲဒါ ယုံကြလား'

'ဟုတ်မှာပေါ့....သူ့သူငယ်ချင်းလို့ ဝန်ခံသွားတာဘဲ၊ ပြီး
တော့ မိသူတို့နှစ်ဦးရဲ့ အချစ်သင်္ကေတသီချင်းကိုလဲ ကိုဇော်ကို
အောင်က သူ့ကိုပေးထားခဲ့တယ် ပြောတယ်မို့လား၊ ကိုထွန်းထွန်း
ပြောတာတွေ ဖြစ်နိုင်ပါတယ်'

ခိုင်ခိုင်စိုးက ချောစုသူသူမွေးနေ့အကြောင်း ပြန်စဉ်း…ယင်း ပြောလေသည်။

'ဒါဆို ယုံတယ်ပေါ့'

'အင်း'

'သူသူလဲ ကိုအောင် မသေဘူး၊ မီးထဲကလွတ်လာတယ်ဆ…ဖတော့ ယုံတယ်၊ ဒါပေမယ့်….'

ချောစုသူသူ စကားဖြတ်ထားကာ အပြင်သို့ ငေး…လိုက်၏။

'ဒါပေမယ့် ဘာဖြစ်လဲ ဆက်ပြောလေ မိသူ'

ချောစုသူသူစကားကို ယုယုခိုင်က ဝင်ထောက်ပေးသည်။

'ဒါပေမယ့် ကိုအောင် ခြေနှစ်ဖက်လုံးပြတ်ပြီး ဂျိုင်းထောက်ကြီးနဲ့မို့ သူသူ့ကို ရှောင်သွားတယ်ဆိုတာတော့ မယုံဘူး'

'ဒါလဲဖြစ်နိုင်တာဘဲ၊ သူ့ရဲ့ဆိုးရွားသွဲ့ဘဝထဲကို မိသူကိုမ…စေချင်လို့ မိသူကိုသိပ်ချစ်ပေမယ့် လာမှာတွေ့ဘူး၊ အဆက်အ…မလုပ်ဘူးဆိုတာ ဟုတ်မှာပေါ့'

ခိုင်ခိုင်စိုးကပါ ချောစုသူသူနားလည်အောင် ရှင်းပြ…သေး၏၊ ချောစုသူသူက ခေါင်းခါကာ….

'ဒါကလဲ ကိုအောင်ရဲ့ သူသူ့အပေါ် ချစ်တဲ့စိတ်ကြေ…အနစ်နာခံစရာရှိယင် ကိုအောင်ဘဲ အနစ်နာခံမယ်လို့ ဆုံးဖြ…ခဲ့တာနေမှာ၊ ဒီမှာသူငယ်ချင်းတို့ရယ်…. ကိုထွန်းထွန်းပြော…စကားဟာ တစက်မှား တဝက်မှန်တယ်ဆိုတာ သူသူ သေ…ချာချာစဉ်းစားမှ သိလာတယ်'

'တဝက်မှား တဝက်မှန် ဟုတ်လား'



'သူသူဟာ ကိုအောင့်အပေါ် သစ္စာရှိတယ်၊ ခုချိန်ထိ မမေ့ဘဲ တမ်းတနေတယ်ဆိုတာရယ်၊ ကိုအောင်နဲ့ပတ်သက်ယင် သူသူ့မှာ ခံစားနေရတယ် ဆိုတာရယ်ကိုသိလို့ သနားပြီး ဟိုနေ့က ကိုအောင်မသေဘူးလို့ နှုတ်ကထွက်သွားတာနေမှာ၊ ကိုအောင် မသေဘူးဆိုတာ ဖြစ်နိုင်သေးတယ်'

'ဒါဆို ဘာကမဖြစ်နိုင်တာလဲ'

ယုယုခိုင်က မတွေးတတ်တော့ဟန်ဖြင့် ဆံပင်ထဲ လက်ထည့်၍ ခေါင်းဖွလိုက်ယင်း မေးလေသည်။

'ကိုအောင့်မှာ ထိခိုက်ဒဏ်ရာဆိုးရွားတဲ့ထိ တခုခုရခဲ့နိုင်တယ်၊ ဒါပေမယ့် ကိုထွန်းထွန်းပြောသလို ခြေနှစ်ဖက်လုံးပြတ်တာ မဖြစ်နိုင်ဘူး၊ စဉ်းစားကြည့်လေ၊ ခြေနှစ်ဖက်လုံးပြတ်သွားမှ ဘယ်လိုဂျိုင်းထောက်နဲ့ သွားနိုင်တော့မှာလဲ၊ မသကာ Whell Chair ဘီးတပ်ကုလားထိုင်နဲ့ သွားနေရတယ်ဆို ဟုတ်သေး….'

'ဟုတ်သားဘဲ ကြည့်စမ်း၊ မိသူတွေးတာ သိပ်မှန်တယ်၊ ဒို့ကဲလဲ အသေးစိတ် ပြန်မစဉ်းစားမိကြဘူးလေ၊ သတိမူတော့ ဂူကြီးတခုလုံးတောင် မမြင်အောင် ခလုပ်တိုက်တာ ဒို့လိုလူမျိုးတွေနေမှာ'

ခိုင်ခိုင်စိုးနှင့် ယုယုခိုင်တို့မှာ သူတို့နဖူးသူတို့ရိုက်ယင်းဖြင့် ရယ်ကာမောကာ ပြောလိုက်ကြ၏။

'အင်းနော်…ဘလိုင်းထွန်းထွန်းက ပြောခါစက ဟုတ်မလိုလိုနဲ့ ဘာလိုအဖျားရှူးသွားပါလိမ့်'

'သူသူက ကိုအောင်ကို မတွေ့တွေ့အောင် လိုက်ရှာမယ်ဆိုတာ ရိပ်မိသွားလို့ အဖျားရှူးသွားတာနေမှာ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ မိခိုင်ရာ၊ ပုန်းတဲ့သူက လွတ်အောင်ပုန်းပါ

စေ သူသူတွေ့အောင် ရှာပြပါမယ်၊ ခုတောင် ကိုအောင်ဘ မှာ ရှိမယ်ဆိုတာ သူသူရိပ်မိလာသလိုဘဲ....'

'ဘယ်မှာလဲ.. ခိုင်ခိုင်တို့လဲ လိုက်ရှာပေးမယ်'

'ဟင့်အင်း....သိပ်မသေချာဘူး၊ ဘလိုင်းထွန်းထွန်းရဲ့ ပြေ လှုပ်ရှားမှုတွေကို ပသိမသာ အကဲခတ်ပြီး သူသူကိုအော ရှာပြမယ်၊ ကိုအောင်ရဲ့အထာလေးတွေ၊ အကျင့်လေးတွေကို သူသိတယ်'

ယုယခိုင်သည် စိတ်ပါဝင်စားစွာ နားထောင်နေရာမှ အ ဆန့်လိုက်ယင်း....

'ဟဲ....ဟဲ့ .. မိသူတို့အဖြစ်က စိတ်ဝင်စားစရာပါလား၊ ဝ ထဲမှာသာဆိုယင် မင်းသမီးက မင်းသားကိုရှာ၊ တွေ့တာနဲ့ သားဒုက္ခတကြီးကိုဘဲ လက်သပ်ပြီးဇာတ်သိမ်း ဘယ်လေ ကောင်းသဲ၊ အဲဒီအတိုင်းဖြစ်ပါစေလို့ ဆုတောင်းပေးမယ်ပ လား'

'သိပ်ကောင်းတာပေါ့၊ မင်းသမီးကို တဖက်သတ်ရှိတ်နေ ဘဲက ကျန်ရစ်မင်းသာဖြစ်၊ ဖီသင်တွေများလွန်းလို့ ရင်ထဲမှ ဆန့်တာနဲ့ ရှုံးရှုံးတွေ ဘောက်ဘောက်ယိုအား....နာတယ် စစ်-ခဲ'

ခိုင်ခိုင်စိုးကပါဝင်၍ ပြက်လုံးထုတ်လိုက်သဖြင့် သုံးဦးသ ရယ်မောကြတော့သည်၊

'ဒေါက်....ဒေါက်'

'ဘယ်သူလဲ....ဝင်ခဲ့လေ၊ အော်-မိသန္တာ ကြီးကြီးကျယ်ကျ သူ့ကများတံခါးခေါက်လို့၊ ဝင်ခဲ့စရာပေါ့'



'ဘာတွေများ ဒီဒလောက်သဘောကျနေကြလဲ၊ အောက်မှာ ကိုကိုကားရောက်နေတာ မတွေ့ဘူးလား'

ချောစုသူသူတို့အခန်းမှာ အပြင်ကိုမြင်ရ၍ လှမ်းကြည့်လိုက် နေလှင်အောင်ကား ရပ်ထားသည်ကို တွေ့ရသည်။ ခိုင်ခိုင် က ဇက်လေးပုကာ....

'ဘုတ်ပါရဲ့....စကားကောင်းနေလိုက်တာ၊ ပြတင်းပေါက်နား ိုင်နေပြီး ကိုကို့ကားကို မမြင်ကြဘူး'

'ဒါလဲ သတိမမူ ဂူမြင်တာဘဲ'

ချောစုသူသူက ဝင်နောက်လိုက်ပါ၏။ သူ စိတ်ထဲတွင် ၃-၄ အတွင်း ဇော်ကိုအောင်ကို တွေ့အောင် ရှာနိုင်တော့မှာမို ျော်နေ၍လည်း ရယ်ရယ်မောမော ဖြစ်လာခြင်း ဖြစ်သည်။

'နေပါအုံး- ကိုကို့ကားကို မိသူကကော တွေ့လို့လား'

'ဟင့်အင်း'

'ဝါး....'

အားလုံး ဝိုင်းရယ်ကြတော့သည်။ ခိုင်ခိုင်စိုးကပင် ဦးစွာ ထ်တပ်ရပ်ပြီး....

'သနားပါတယ်၊ ကိုကိုစောင့်နေရတာ ကြာရောပေါ့၊မိခိုင်တို့ ားလုံး အောက်ဆင်းရအောင်နော်'

'လုပ်လိုက်လေ ကြာသလားလို့'

'ခုမှ သုံးနာရီခွဲဘဲရှိသေးတယ် ကိုကိုက ဝီရိယတယ်ကောင်း'

ု တယောက်တခွန်းပါက်ပြောကြကာ အောက်ထပ်သို့ တဖွဲလုံး င်းလာခဲ့ကြသည်၊

ခိုင်ခိုင်စိုးတို့ မလာခင်က လျှော်ထားသော ချောစုသူသူ ေါင်းမှာ ခြောက်၍ပင် သွားလေပြီ။ ကျောင်းအားသဖြင့်

လည်း စိမ်းပြေနပြေ ရေချိုးခေါင်းလျှော်ကာ သနပ်ခ ထားပါ၏။

ထို့ကြောင့် အောက်ထပ်ဆင်းခါနီးတွင် ခိုင်ခိုင်စိုးက ခေါ်းချေပစ်ရန်ပြောသော်လည်း မဖျက်ခဲ့ဘဲ ဆင်းလိုက်လ ခိုင်ခိုင်စိုး၏ မျက်စောင်းတော်ကိုပင် ခံခဲ့ရပါ၏။

နေလွင်အောင်မှာ ချောစုသူသူအား ကြည့်မဝနိုင်အေ ဖြစ်နေတော့သည်။ အစဉ်အမြဲ ဝင်းဝါနေသော ပါးပေ သနပ်ခါးလိမ်းထားသည်ကို တွေ့ရသဖြင့် အထူးအဆန်း ဖြစ်နေသည်။ ထို့အပြင် အမြဲတန်း ဆံပင်ကို ကျစ်ဆံမြီး လည်းကောင်း၊ စည်း၍လည်းကောင်း ထားသည်ချည်း ရ၏။

ယခုကဲ့သို့ မည်းနက်ပြီး ပိတုန်းရောင်တောက်နေသော လျှားထူထဲသည့် ဆံပင်ကို ဖြန့်ချထားခြင်းကို မမြင်ရ၍ ကြည့်ကောင်းလိုက်ပါဘိခြင်း။ ဖြန့်ချထားသောဆံပင်မှာ တည်းဖြောင့်စင်း၍ တင်ပါးပင်ဖုံးကာနေပါ၏။

ထို့ပြင် မျက်နှာလှလှလေးတွင် သနပ်ခါးတင်ကာပါ နှစ်ခုကို ညီညီညာညာကွက်ထားသဖြင့် နေလွင်အောင်ကို စေခဲ့သည့်ပြင် မချင့်မရဲလေးလည်း ဖြစ်စေခဲ့တော့၏။

'အို....သူသူ့ကို မမြင်ဘူးတာကျနေတာဘဲ၊ ဒီလောက် တော့ သူသူ မနေတတ်တော့ဘူး'

ချောစုသူသူစကားကြောင့်သာ နေလွင်အောင်မှာ မူ လွှဲမိတော့သည်။ အရှက်ပြေရယ်ယင်း....

'အော်....အဟဲ....ဟို....ဒီနေ့ ချောစုက အပြတ်လှနေ မြန်မာဆန်ဆန် သနပ်ခါးလိမ်းထားတော့ သိပ်ကျက်သရေ



ဘျာ၊ ကိုယ့်ဒီနေ့မှာ ချောစုရဲ့အလှ အစစ်အမှန်ကို တွေ့ရပြီး သပ်ရှမောအံ့သြသွားလို့ပါ၊တကယ်ဘဲ ချောစုက လှမှလှနော်'

'ဟော်....မိသူ ကိုကို ဒီလောက်ပင့်နေယင် သတိထားနော်၊ ခုကျွေးခိုင်းလိမ့်မယ်'

မိန်းကလေးသဘာဝကိုက မိမိအားလှသည်ပြောလျှင်မကြိုက် ဘဲ့သူ မရှိတတ်ကြ။ ကိုယ့်ကိုချီးမွမ်း ပြောဆိုလျှင် ကျေနပ်မိ ဘဲကြသည် မဟုတ်ပါလား။

'ကဲ....ကိုအောင် ဘာစားမလဲပြော၊ သူသူဝယ်ကျွေးမယ်'

'ကိုယ်က ရင်ထဲရှိတဲ့အတိုင်း ပြောလာပါ၊ ကိုယ်ဝယ်ကျွေး ဒို့ မဲကျတဲ့သူက ယုယုခိုင်နဲ့သန္တာတို့ကို ကျွေးခိုင်းမလို့'

'ဟာ....နေယင်းထိုင်းယင်းမျက်ခုံးလှုပ်လိုက်တာနော်၊မိဆန္တာ ဒို့နှစ်ဦးလစ်စို့'

ယုယုခိုင်က ဟာသ ဖေါက်လိုက်သည်။

'သူသူ ကျွေးပါ့မယ်၊ ဘာစားမလဲဟွင်'

'အင်းလျှားသွားပြီး ဘူးသီးကြော်လဲစားယင်း လေညှင်းခံကြ အောင်'

'သည်လောက်ဆိုယင်တော့ ယုခိုင်တို့က ကျွေးနိုင်ပါတယ် သန္တာ'

'အေး....ယုခိုင်ပြောတာ ဟုတ်တယ်၊ ယုခိုင် ပိုက်ဆံထည့်ခဲ့

'ခွေးသန္တာ'

'ခဏစောင့်အုံးနော်၊ သန္တာ အခန်းသော့တွေ လိုက်ခတ်ပြီး ယောက်ယောက်အခန်းက ပိုက်ဆံတိုခဲ့မယ်'

'ဟာ့း....ဟား.... ချောစုတို့ Group က ပျော်တတ်
နော်၊ ကိုယ့်ကိုလဲ ချောစုတို့အဖွဲ့ထဲ ဝင်ခွင့်ပေးမလားဟင်'
သန္တာကိုစောင့်ယင်းနှင့် နေလွင်အောင်က မေးလိုက်
'ဝင်ချင်ယင်ဝင်ပါ ကိုအောင်၊ ဘယ်သူမှ မတားပါဘူး
'ဒါကျတော့ ဖြေတာ မြန်လိုက်တာ၊ ကိုယ့်စာဇကာ ဖ
ပလား ဟင်'
'ပြီးပါပြီ'
'ကိုယ့်ကို ဘယ်လိုသဘောထားထလဲ ချောစုရယ်'
'သူသူစဉ်းစားတုန်းပါ'
'မျှော်လင့်ချက်လေးရှိတယ်ဆိုယင် ကျေနပ်လှပါပြီဗျာ
သည့်နောက်တော့ သန္တာဆင်းလာသည်နှင့် သူတို့အ
အင်းလျားကန်သို့ ထွက်လာခဲ့ကြတော့သည်။ သူတို့အားလုံး
အရိပ်ကောင်း၍ သန့်ပြန့်ကျယ်ဝန်းသော ကန်စပ်နဘေး
၌ ထိုင်လိုက်ကြသည်။
'ဒီနေရာရောက်ယင် ကိုယ့်စိတ်ထဲ တမျိုးလေး ခံစား
ဘဲ၊ ဘာမှန်းတော့မသိဘူး၊ ရင်ထဲအလိုလိုလွမ်းသလိုအဲ
ရယ်'
'ဒါပေါ့ ကိုအောင်....လူတိုင်းမှာ သူတို့နဲ့ သက်ဆိုင်တဲ့
လေးတွေရောက်ယင် ခံစားမှုအမျိုးမျိုးရှိတတ်ကြတာ မ
ဘူး၊ ခံစားမှုဆိုတာကလဲ သူတို့ခံစားရတဲ့ အတိမ်အနက်
လိုက်ပြီး အနည်းနဲ့အများရှိကြတာမျိုး မဟုတ်လား'
ချောစုသူသူသည် အင်းလျားကန်ကို ဖြတ်ကာ ဟို
တနေရာဆီသို့ ရိဝေစွာကြည့်ယင်း ပြောနေခြင်း ဖြစ်၏
သည် တချိန်က ချစ်သူဇော်ကိုအောင်နှင့် သွားလာခဲ့ဖူးပုံ



မေတ္တာတွေ ယှဉ်ပြိုင်ခဲ့ဖူးပုံ၊ အကြော်ကို မစားရက်ဘဲ တဦးကို
တဦး တယုဘယ ခွန့်ပေးနေပုံများကို ပြန်လည်သတိရလာမိသည်။
နေလွင်အောင်မှာ မိမိစကားပြောမှားသွားကြောင်း ချက်
ချင်းသိ၍ စကားလမ်းကြောင်း ပြောင်းလိုက်ပါ၏။
'အော်....ချောစု ဘာအကြော်စားမှာလဲ'
'ကြိုက်တာမှာကြပါ.... သူသူ ဘာမဆိုစားပါတယ်၊ သိပ်လဲ
မဆာလှဘူးလေ'
'မဟုတ်ပါဘူး.... ချောစု ကြိုက်တာမှာပါ၊ ချောစု စားတာ
ကိုယ်စားမှာဘဲ'
'အဟင်း ဟင်း....ဝယ်းကျူးမယ့်သူကဲ ဒီမှာပါနော်၊ မျက်စိ
နောက်လာပြီ၊ မကျေးဘဲနဲ့ ထပြန်သွားရ'
သန္တာက ဟန်ပါပါ ထလိုက်သဖြင့် ခိုင်ခိုင်စိုးကလက်ဆွဲကာ....
'စိတ်ဆိုးလို့ ပြန်ချင်ပြန်ပါ၊ မစားချင်လဲ နေပါ၊ ပိုက်ဆံ
လေးတော့ ပေးထားခဲ့ပါ သူဌေးကတော်ရယ်'
'ဟာ... ကောင်စုတ် မိခိုင်'
ရယ်ကျဲကျဲဖြင့် သန္တာကပြန်ထိုင်လိုက်သည်။ ချောစုသူသူက
နေလွင်အောင်ကိုကြည့်ကာ....
'ကိုအောင်စားချင်တာမှာပါ၊ သူသူနဲ့ ကိုအောင်က ဝမ်းချင်း
ဆက်နေတာမှ မဟုတ်တာဘဲနော်'
ချောစုသူသူစကားကြောင့် နေလွင်အောင် ဝမ်းနည်းသွား
၏။ သူ့စေတနာကို ချောစုသူသူ နားမလည်သေးပေ။
'ဒါဆိုယင် ကိုကို့အတွက် မမှာနဲ့တော့၊ သန္တာတို့အတွက် ဘဲ
မှာတော့၊ ကိုကိုမစားတော့ဘူး'

မျက်နှာပျက်ပျက်ဖြင့် နေလွင်အောင် ပြောလိုက်၏။ ခိုင်ခိုင်စိုးက အကိုဖြစ်သူအား စိတ်မကောင်းစွာ ကြည့်မိသည်။ ချောစုသူသူသည် မိမိစကားမှားသွားမှန်းသိ၍ နေလွင်အောင်ကို တောင်းပန်လိုက်သည်။

ချောစုသူသူတွင် ချစ်စရာကောင်းသည်မှာ မိမိမှားမှန်းသိလျှင် ဝန်ခံရန် ဝန်မလေးခြင်းပင်။

'ဘာလဲ ကိုအောင်က သူသူ့ကို စိတ်ကောက်သွားတာလား သူသူက ပျော်လို့နောက်တာပါ'

'စိတ်မကောက်ပါဘူး ချောစု၊ စိတ်မကောင်းဖြစ်သွားတာပါ၊ ကိုယ့်အပေါ် ချောစုမခင်လို့သာ စိမ်းကားတဲ့စကားပြောရက်တာ၊ ကိုယ်က ချောစုအပေါ် တန်ဖိုးထားသလောက် ကိုယ့်ရဲ့စေတနာကို ချောစုက လျစ်လျူရှုရာရောက်မနေဘူးလား ဟင်၊ ကိုယ့်မေတ္တာကို ချောစု အသိအမှတ်မပြုချင်ယင်နေပါ၊ ကိုယ့်စေတနာကိုတော့ မစော်ကားပါနဲ့ ချောစုရယ်'

ခိုင်ခိုင်စိုးမှာ သူ့အကိုပြောစကားများကို နားထောင်ယင်း အံ့သြနေမိသည်။ အိမ်တွင် စကားအနည်းဆုံးဖြစ်ကာ စကားပင်သုံးခွန်းပြည့်အောင် မပြောတတ်သော ကိုကို၊ ခုတော့လည်း သူ တဖက်သတ်ချစ်နေသူအပေါ် ပြောတတ်လိုက်ဘိခြင်း။ အော်-တကယ်တမ်း ချစ်မိပြီဆိုတော့လည်း ချစ်စကားတွေ....ရင်ထဲမှာ ခံစားမှုတွေကို ဘယ်သူ့မှ သင်ဖို့မလိုပါလား....ဟု တွေးမိလာသည်။

ထို့အပြင် အင်မတန်ရှက်တတ်သည့် ကိုကိုသည် အသဲငှဲ့ချစ်နေမိသူကို ညီမ သူငယ်ချင်းတွေရှေ့မှာပင် မရှက်တော့ဘဲ ဖီလင်အန်နေ၍ ခိုင်ခိုင်စိုးမှာ အကိုဖြစ်သူကို သနားမဆုံးပင်။



မိမိကဲ့သို့ ချောစုသူသူတွင်လည်း နေလွင်အောင်အပေါ် သနားကြင်နာစိတ်လေးများ ဝင်လာပါစေဟု ဆုတောင်းမိ၏။

ခိုင်ခိုင်စိုး ဆုတောင်းပြည့်သည် ပြောရမလား မပြောတတ်။ ချောစုသူသူမှာလည်း နေလွင်အောင်စကားကို နားထောင်ရင်းဖြင့် ရင်ထဲတွင် မည်မျှခံစားနေမှန်း နားလည်သွားသည်။ သူမသည် နေလွင်အောင်အပေါ် ကိုယ်ချင်းစာပါသည်။ မိမိက ခပ်ပေါ့ပေါ့ ပြောလိုက်ခြင်း ဖြစ်သော်လည်း တဖက်သားအပေါ် ဂရုမစိုက်သည့်သဘောမျိုး ဖြစ်သွား၍လည်း စိတ်မကောင်းပါ။ မိမိ အနွံတာကိုခံကာ နှစ်နှစ်ကာကာ တဖက်သတ်အချစ်ဖြင့် ချစ်နေသော နေလွင်အောင်ကို သနားစိတ်ဝင်လာခဲ့ရပါသည်။

'သူသူ့ကို စိတ်မဆိုးနဲ့နော်....စကားမှားသွားယင် ခွင့်လွှတ်ပါ၊ သူသူ ကိုအောင့်စကားကို အလေးအနက်မထားတဲ့ သဘောမျိုး မဟုတ်ပါဘူး။ အားလုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်ပါစေတော့ဆိုပြီး နောက်တဲ့ သဘောပါ၊ ကိုအောင်ကို စိတ်မကောင်းအောင် လုပ်မိတဲ့အတွက် သူသူတောင်းပန်ပါတယ်'

နေလွင်အောင်၏ ညှိုးနွမ်းနေသောမျက်နှာမှာ ချောစုသူသူ၏အပြောလေးကြောင့် ပြန်လည်လန်းဆန်းလာကာ....

'ချောစု ကိုယ့်ကို ဘယ်တော့မှ တောင်းပန်စရာမလိုပါဘူးကွယ်၊ ကိုယ်က ချောစုအပေါ် အမြဲတန်းခွင့်လွှတ်ထားပြီးသားပါ၊ ခုနက ပြောတာကလဲ ကိုယ့်ရင်ထဲက ခံစားချက်ကို ချောစုနားလည်စေချင်လို့ပါ၊ ချောစုကို စိတ်ဆိုးလို့ စိတ်ကောက်လို့ပြောတဲ့ ရည်ရွယ်ချက်မျိုး ကိုယ့်ဆီမှာ ချောစုနဲ့ပတ်သက်လာယင် ဘယ်တော့မှ မရှိပါဘူး'

'ကဲ....ကဲ ခံစားမှုတွေချည်း ပြောနေလို့ မပြီးသေးဘူး။ ဘိုက်ဆာနေကြပြီ မှာလိုက်လေ ဘူးသီးကြော်တပွဲ'

ခိုင်ခိုင်စိုးက စကားဖြတ်ကာ အားလုံး ပျော်ပျော်ပ စားသောက်ရန်အတွက် ဟာသလေးနှောကာ မှာလိုက်ပ သည်။

'အမ....တပွဲထဲလား'

ခိုင်ခိုင်စိုးဟာသကို တကယ်ထင်၍ ရောင်းသည့်ကောင် က မေးလေသည်။

'ဟ....ဒီလူအုပ်ကြီးနဲ့ တပွဲထဲ ဘယ်လိုစားမလဲ၊ အာ (၈) ပွဲပေး'

'ဟုတ်....ဟုတ်ကဲ့'

အကြော်သည်ကောင်လေး ထွက်သွားပါ၏။ သန္တ ခိုင်ခိုင်စိုးအား ကြည့်ကာ....

'အားလုံး လာတာမှ ခြောက်ယောက်ယ်ပါ၊ (၈) တောင်၊ အလကားရတိုင်း ငတ်–ငတ်လွန်းတယ်၊ သိပ်မ မသထာချင်တော့ပါလား' ဟု ရွှတ်နောက်နောက်လေး ပြေ ရယ်မောမိကြတော့သည်။

အင်းလျားကန်မှာ လေတဖြူးဖြူးကြောင့် လှိုင်းကြ လေးများ ထလျက်ရှိသည်။ ညနေစောင်း ချိန်မို့ လမ်းထွက်လ ကြသော အဆောင်သူ ပိန်းလှေလေးများကိုလည်း ဟို ဒီတချို့တွေ့ရပါ၏။ ဘူးသီးကြော်ဆိုင်ဘက်တွင် အတွဲသုံး တွဲမျှသာရှိကြပြီး လူရှင်းလျက်ရှိနေပါ၏။

ညနေစောင်း လမ်းထွက်လျှောက်သူများမှာ တံတား အင်းလျားကန်ဘောင်ရိုးတွင် လမ်းလျှောက်နေကြ၏။တ



ကန်ဘောင်ရိုးတွင်ထိုင်ကာ အင်းလျားကန်ထဲတွင် လှေပြိုင်၊ လှေခလှော်လေ့ကျင့်နေသည်များကို ကြည့်နေကြပါသည်၊

ပြိုင်လှေများကို လေ့ကျင့်လှော်ခတ်သော ကျောင်းသား များမှာ ညနေပိုင်းတွင် တံတားဖြူဘက် လာရောက် လေ့ကျင့် လေ့ရှိကြသည်။ ဤအချိန်တွင် တံတားဖြူဘက်ရှိ ကန်ဘောင် တွင် လှမ်းဖြူများလမ်းလျှောက်လေ့ရှိသည် မဟုတ်ပါလား။

တခါတုံရံကန်ဘောင်ပေါ်မှ ပျော်တတ် နောက်တတ်သော မိန်းကလေးတသိုက်နှင့် လှေပေါ်မှကျောင်းသားများတယောက် နှင့်တယောက် စကြပြောင်ကြယင်း ခင်မင်ရင်းနှီးသွားသလို၊ ရန်လည်းဖြစ်သွားတတ်ကြသည်။ ဒါကပင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၏ ပျော်စရာသဘာဝတမျိုး ဖြစ်နေတတ် သည်။

'ချောစု....ဟိုမှာကြည့်စမ်း၊ လှေနှစ်စင်းပြိုင်နေကြတယ်'

နေလွင်အောင်စကားကြောင့်သာ အားလုံး၏မျက်လုံးအစုံက အကြော်စားနေရာမှ အင်းလျား ရေပြင်ထဲသို့ ရောက်သွား ကြပါ၏။

ဟိုး....ခပ်ဝေးဝေးနေရာတွင် လှေနှစ်စင်း အပြိုင်လှော်နေ သည်ကိုတွေ့ရပြီး လှေခလှော်အသင်းတည်ရှိရာ ကျွန်းစွယ်ကလေး တွင်လည်း လူများစည်ကားလျက်ရှိသည်ကိုတွေ့ရသဖြင့်လှေပြိုင်ပွဲ လုပ်နေမှန်းသိလိုက်၏၊

တက္ကသိုလ်တွင် ထိုကဲ့သို့လှေပြိုင်ပွဲကလေးများကိုဌာနအလိုက် လည်းကောင်း၊ ဌာနပေါင်းစုံအလိုက်လည်းကောင်း၊ကျောင်းသူ ကျောင်းသားများ ပျော်ရွှင်မှု အတွက် ပြုလုပ်ပေးလေ့ ရှိသည်။

'အဲ…ဟုတ်ပါရဲ့…မနေ့က ကျောင်းမှာ ပြောနေကြတာ မေ့သွားတယ်၊ ဒီနေ့လှုပွိုင်ပွဲရှိတယ်တဲ့၊ ဖိုင်နယ်ပွဲတွေလဲ့ပါတ ပြောဘယ်၊ သူသူတို့အိကိုက အမျိုးသမီးတွေရော အမျိုးသ တွေပါ ဖိုင်နယ်ဘက်ရဘယ်လို့ ပြောသံကြားတယ်၊ သူသူက စိတ်မဝင်စားဘူး၊ မိအေးနဲ့သန္တာတို့ကစိတ်ဝင်စားတယ်'

'ဟာ…ချောစုညံ့တာပေါ့၊ လှေလှော်ရတာ သိပ်ပျော် ကောင်းသလို ကြည့်ရတဲ့သူမှာလဲ အားမလိုအားမရဖြစ်ကော ကိုယ်တိုင်ဝင်လှော်ချင်တဲ့စိတ် ဖြစ်လာအောင်ကို ဆွဲဆောင် ရှိတယ်၊ နည်းနည်းလေး စိတ်ဝင်စားကြည့်ပါလား'

'ကိုအောင်က လှေလှော်တတ်လို့လား'

ချောစုသူသူက နေလွှင်အောင်ကိုမေးလိုက်၏။

'ကိုကိုကသိပ်တတ်တာပေါ့၊ ဖူးလ်ဂရင်း (Full Green) တောင်ရခဲ့တာ'

နေလွှင်အောင်မှဖြေခင် ခိုင်ခိုင်စိုးက အဘတ်ကြီး လုပ်၍ ဝင်ပြောလိုက်သည်။ လှေလှော်တတ်ချင်သော်လည်းရေကြောက်၍ အသင်းမဝင်ရသော အေးအေးမှာ စိတ်ပါဝင်စားစွာဖြင့် ခိုင်ခိုင်စိုးအားမေးပါတော့သည်။

'ဖူးလ်ဂရင်းဆိုတာ ဘာလဲမိခိုင်'

'ဟဲ…ဟဲ… ဖူးလ်ဂရင်းဆိုတာ ဘာလဲတဲ့ ကိုကို၊ ဖြေလိုက်ပ အုံး…'

'ကောင်စုတ်…သိသလိုနဲ့ လူဘတ်သိပ်လုပ်ချင်'

'နင့်ထက်တော့ သာပါတယ်၊ ခိုင်ခိုင်က ဖူးလ်ဂရင်းဆိုတဲ့ စကားလုံးလေး သိသေးတယ်'



နေလွှင်အောင်ကလည်း သူစိတ်ဝင်စားသည့် ဘာသာရပ် Subject မှု ဖိုးပြောချင်ဖြစ်နေသည်။ ကျောင်းသားဘဝတုန်းက လှေလှော်အသင်းဝင်ထားခဲ့သူဖြစ်၍လည်း ကျွမ်းကျင်ပိုင်နိုင်စွာ ပြောနိုင်ပါ၏။

'ပြောရမှာ ရှည်တော့ရှည်တယ်၊ ပျင်းများပျင်းသွားမလား ဘဲ…'

နေလွှင်အောင်က ချောစုသူသူကို မျက်လုံးဝေ့ကြည့်ယင်း ပြောလိုက်သည်။ ဆိုလိုသည်မှာ ချောစုသူသူ ပျင်းမည်ဆိုလျှင် မပြောတော့ အဓိပ္ပာယ်ကောက်နိုင်သည် မဟုတ်ပါလား၊ ဒါကို နားလည်သော နေလွှင်အောင့်အထာကို ကျွမ်းနေကြသော အေးအေးတို့အုပ်စုမှာ…

'မိသူက မပျင်းပါဘူး၊ စိတ်ဝင်စားပါတယ်၊ နော် မိသူ' ဟု ပြောယင်း နေလွှင်အောင်နောက်မှနေ၍ ခေါင်းညိတ်ပြရန် အချက်ပေးနေသည်။

သူငယ်ချင်းများ၏အလိုကို အနစ်နာခံကာ အမြဲလိုက်ခဲ့သော ချောစုသူသူမှာ သွားတက်လေးများပေါ်အောင် ပြုံးကာ နေလွှင်အောင်အား ပြောလိုက်ရတော့သည်။

'မပျင်းပါဘူး ပြောပါကိုအောင်'

'ဒီလိုရှိတယ်'

'ဘယ်လိုရှိတာလဲ'

'ဟော…နောက်နေယင် မပြောတော့ဘူး'

'ရှေ့မှာဘဲ နေတာပါ'

ယုယုခိုင်က နေလွှင်အောင်ကို ယိနေပါ၏။ အေးအေးက ဝင်၍ ယုယုခိုင်ကို ဟန့်လိုက်ရ၏။

'မိယု ငြိမ် ငြိမ် နား ထောင် စမ်း၊ နား မ ထောင် ချင် ယင် အကြော်စားနေ'

'ကြောက်နေရပါလား'

ယုယုခိုင်က အ ကြော်စားယင်း ငြိမ်သွားသည်၊ သည့်နောက်မှ နေလွှင်အောင်က စပြောတော့သည်။

'အရင်ဆုံး လှေစသင့်တဲ့ လူတွေဟာ 'တစ်' လို့ခေါ်တဲ့ ဝမ်းပြားလေးယောက်လှော် လှေကို လှော်ရတယ်၊ အဲဒီမှာ ကျွမ်းကျင်ပြီး ပြိုင်ပွဲတွေ ဝင်ပြိုင်လို့ ဆုတွေ ရလို့ရှိယင် ကာလာ (Colour)ရတယ်လို့ခေါ်တယ်၊ တနည်းအားဖြင့် (Colour) အဆင့်ကို ဟပ်ဖ်ဂရင်း (Half Green)လို့လဲ ခေါ်တယ်လေ၊ အဲဒီ အဆင့်ရောက်သင်တော့ 'ရှယ်' လို့ ခေါ်တဲ့ ဝမ်းလုံးပြီးမောက်နိုင်တဲ့ လေးယောက်လှော်လှေနဲ့ ရှစ်ယောက်လှော်လှေကို လှော်ခွင့်ရှိတယ်'

'ဒါဆိုယင် 'တစ်နဲ့ရှယ်'ဟာ ကွာခြားမှုရှိတာပေါ့နော်'

'ဟုတ်ဘယ်....လှေပုံစံချင်းကိုက မတူတော့ဘူးလေ၊ တဖြည်းဖြည်းနဲ့ ပို... ပိုကျွမ်းကျင်လာတဲ့ သဘောပေါ့'

'ပြီးတော့ကော'

ချောစုသူသူက တကယ်စိတ်ဝင်စားလာ၍ မေးလိုက်သည်၊ မိမိစကားကို ချောစုသူသူစိတ်ဝင်စားသဖြင့် နေလွှင်အောင်မှာ ပြောအားပိုရှိလာသည်။

'ပြီးတော့ 'တစ်နဲ့ရှယ်'ကို နိုင်နိုင်နင်းနင်းကျွမ်းကျင်လာပြီဆိုယင် 'ပဲ့ထိန်း' (Cox)လုပ်နိုင်သေးတယ်၊ (Cox)လို့ခေါ်တဲ့ ပဲ့ထိန်းအလုပ်က လှေသားလေးယောက်ဖြစ်ဖြစ်... ရှစ်ယောက်



...ဖြစ် လှော်တဲ့ လှေကို လမ်းကြောင်း မကွေ့ကောက်စေဘဲ ...သို့ဘည့်မတ်မတ်ဖြစ်အောင် ထိန်းပေးရတယ်'

'Cox ပဲ့ထိန်းက အရေးကြီးတာပေါ့နော်၊ ကြည့်တော့ ...ာ လွှယ်လွှယ်လေး ထင်ရ...ယ်၊ အဆင်မသင့်ယင် ကြောက်...ာကြီး ပါလား ကိုကိုရာ'

အေးအေးက ရေကြောက်သူပီပီ တွေးပြီး ကြောက်စကား...ြာသဖြင့် အားလုံးပြုံးမိကြသည်။

'အေးအေးတွေးတာတွေးသင့်တယ်၊ ဟုတ်ဘယ်.... Cox ပဲ့...်းက သိပ်အရေးကြီးဘယ်၊ ဒါကြောင့် ...လှအကြောင်း...်းကျင်ဖို့ ပိုဘာပေါ့၊ ပြိုင်ပွဲဘပွဲအနိုင်ရဖို့မှာ ပဲ့ထိန်းရဲ့ကျွမ်း...်နိုင်နင်းမှုက အဓိကဘဲ၊ သူက လှေသားတွေကို အားအင်...ှည့်လှော်ဖို့ အားပေးစကားပြောရဘယ်၊ လှော်ကက်အထုတ်...သွင်းညီအောင် ဩဇာအာဏာသံအပြည့်နဲ့ အော်ပေးရဘယ်၊ ...က်ပြိုင်ဖ...်လှေရဲ့ အခြေအနေ၊ ကိုယ့်လှေသားတွေ အခြေ...နေကိုကြည့်ပြီး လှေလှော်အားကို အလျော့အတင်းလုပ်ဖို့...နှိပေးရသေးတယ်'

ချောစုသူသူမှာ ဘာရယ်မဟုတ်၊ စိတ်ဝင်တစား ပြောနေ...သာ နေလွှင်အောင် စကားကို နားထောင်နေရာမှ ငေးကြည့်...သည်၊ နေလွှင်အောင်မှာ အားကစားလိုက်စားသဖြင့် ထောင်...ထောင်မောင်းမောင်းဖြစ်ကာ သူ့နေရာနှင့်သူ ကြွက်သားများ...က်ကာ ကြည့်ကောင်းနေခြင်းဖြစ်နိုင်သည်ဟု တွေးမိ စဉ်းစား...ိုက်မိသေး၏။

'ကိုကိုဘ ဖူးလ်ဂရင်း ဆိုတော့ ဘာ လှေမောင်းရတာလဲ...င်....'

သန္တာက နေလှင်အောင်အား မေးလေသည်။ နေလှင်(...)
မှာ သန္တာ့စကားကြောင့် သဘောကျကာ ရယ်မောယင်း(...)

'ဟား....ဟား....လှေကဲ မောင်းရအောင် ကားမှမဟု(...)
လော်ရတာပါဗျာ'

'သိပါတယ်....တမင်ရီရအောင် ပြောတာပါ၊ ဘယ်(...)
ပြောပေါ့၊ လိုရင်းရောက်ယင် ပြီးတာဘဲမဟုတ်လား'

မိမိစကားမှားသွား၍ ရယ်ချင်သော်လည်း အဟား(...)
စိုး၍ ရယ်ချင်စိတ်ကို မျိုသိပ်ကာ ခပ်တည်တည်လေး(...)
သန္တာမျှ ပြောလိုက်မိသည်။

'ကိုကိုကျတော့ Cox အဆင့်တွေ ဘာတွေကျော်ပြီး
တော့မှာ ဆုတွေ ဘာတွေရပြီးတော့မှ Full Green
ပေါ့၊ အဲဒီအဆင့်ကျယင် တယောက်ထဲနဲ့ တက်(၂)ချ(...)
တပြိုင်ထဲလော်ရတဲ့ 'ကာ(လ်)'လို့ခေါ်တဲ့ ဝမ်းလုံးတဲ့(...)
လော်နိုင်ခွင့်ရှိတယ်၊အဲဒီလှေမျိုးက တော်ရုံ သင့်ရုံအဆင့်(...)
တတ်သူသွားတက်ပြီးလော်ယင် ကမ်းစပ်တင် မှောက်(...)
ဘဲ၊ သိပ်ကျွမ်းကျင်မှ လော်နိုင်တာမျိုး'

နေလှင်အောင်က စကားဆုံးသည်နှင့် ရေနွေးကြမ်း(...)
သောက်လိုက်သည်။ မနားတမ်းပြောလိုက်သဖြင့် မော(...)
သည်။

'ဒါဖြင့် ကိုကိုက အရမ်းကျွမ်းကျင်တာပေါ့နော်.... အ(...)
လိုက်တာ ကျွတ်... ကျွတ်'

သန္တာက နေလှင်အောင်ကို ယိပြီး ပြောလိုက်သ(...)
စကားမှား၍ တားသည်ကို အကြွေးမထားဘဲ ချက်ချ(...)
'လောင်'လိုက်ခြင်းပင်။



နေလှင်အောင်သည် သန္တာ့စကားကို မည်သို့မျှ တုံ့ပြန်ဘဲ
လှုပ်ပြင်ပွဲကိုသာ ငေးကြည့်နေလိုက်သည်။

'ကိုအောင်'

'ဟင်'

'တကယ်လို့ သူသူ့မှာအကူအညီလိုယင် ကူညီမလား ဟင်'

'သိပ်ကူညီတာပေါ့၊ ဘာကူညီရမလဲ ပြော'

နေလှင်အောင်က ချောစုသူသူ၏ အဆက်အစပ်မရှိသော
အမေးကို နားမလည်သော်လည်း သူ့စေတနာကို ချက်ချင်း
ပြောလိုက်ပါ၏။

'ကျေးဇူးတင်ပါတယ် ကိုအောင်၊ ကိုအောင် အကူအညီလို
မှာပါ၊ လိုတဲ့အချိန်ရောက်ယင် သူသူပြောမယ်နော်'

'ကောင်းပါပြီဗျာ'

ချောစုသူသူက လက်မှနာရီကို ငုံ့ကြည့်လိုက်၏။

'၅ နာရီထောင်ခဲ့သွားပြီ အဆောင်ပြန်သွားကြစို့'

သည်တော့မှ စားသောက်ခြင်းလည်း ပြီးဆုံးသွားကာ အား
လုံးထလိုက်ကြသည်။ မှာထားသမျှ ပန်းကန်များလည်း ပြောင်
သွားလေပြီ။

'ပိုက်ဆံပေး စားရတာဆိုတော့ တန်အောင် အကုန်ဖြိုရတယ်
ဟဲ့....ဟဲ....'

သန္တာက ရယ်ရယ်မောမောပြောယင်း ဆိုင်ရှင်အဒေါ်ကြီး
အား ပိုက်ဆံသွားရှင်းပြီး ပြန်လာခဲ့ကြပါတော့သည်။

(အခန်း-တဆယ့်ငါး)

'အော်....လာ....တူမကြီး ဝင်ဝင်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်'

ချောစုသူသူသည် တံခါးဖွင့်ပေးသော အဒေါ်ကြီးကို အပြုံးလေးဖြင့်ပြောကာ အဆောင်လိုက်သည်၊ ဘသိုင်းထွန်းထွန်းထံ ချောစုသူသူတို့ မကြာခဏ ဝင်ထွက်သွားလာသဖြင့် ဘလိုင်းထွန်းထွန်း၏အဒေါ်နှင့်လည်း ရင်းနှီးကျွမ်းဝင်ကာ မျက်မှန်းတန်းမိနေကြလေပြီ။

ထို့ကြောင့်လည်း ချောစုသူသူအား တံခါးဖွင့်ပေးကာ ရင်းရင်းနှီးနှီးဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်၊ ဧည့်ခန်းထဲသို့ ဝင်ထိုင်မိသည်နှင့်....

'တူမကြီးဘယောက်ထဲလား ဒီဘခါတော့ သူငယ်ချင်းတွေ မပါဝါလား'

'ဟုတ်ကဲ့ သူဘို့မအားကြလို့ပါ'



ချောစုသူသူက မသွားမပါလျှင် လက်ထမချော ဖြစ်မည်စိုး၍ ပြောလိုက်ရခြင်းပါ။ အမှန်တော့ သူငယ်ချင်းများ အားလုံး အလစ်တွင် သူမထွက် လာခဲ့ခြင်းဖြစ်သည်။ သူမတို့အတန်း အားသည့်အချိန်တွင် ခိုင်ခိုင်စိုးတို့က မုန့်သွားစားတတ်ကြစမြဲ၊ထိုနေ့ကို တမင်စောင့်ကာ ချောစုသူသူသည် ခေါင်းကိုက်သည်ဟု အကြောင်းပြကာ ချန်နေခဲ့ယင်း လစ်ထွက်လာခြင်းဖြစ်၏။

ချောစုသူသူ မွေးနေ့ပြီးသည့်နောက်တွင် နေလှင်အောင်းဆောင်၍ သူတို့ဘဖွဲ့လုံး ဘသိုင်းထွန်းထွန်းထံ အရောက် အပေါက် များလာခဲ့သည်။ ဘသိုင်းထွန်းထွန်းကလည်း ရှောင်နေဘဲ အတွေ့ခံကာ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံကြသည်။

သည်လိုဆက်ဆံလေ ချောစုသူသူမှာ ဘလိုင်းထွန်းထွန်းကို ဘကဲခတ်၍ရလာပြီး သူမ၏ သံသယက ပိုမိုကြီးမားလာခဲ့သည်။ သူမစိတ်ထဲတွင် ထင်မြင်ချက်ကို မည်သူ့ကိုမျှ ဖွင့်မပြောခဲ့၊ သူမ ဘဦးတည်း စုံစမ်းရန်ကိုသာ အခွင့်အရေးချောင်းခဲ့သည်။

သို့သော် သည်သူငယ်ချင်းတွေက ဘယ်သွားသွား မခွဲခဲ့ကြသဖြင့် ချောစုသူသူမှာ အောင့်နေခဲ့ရသည်၊ အကယ်၍ သူတို့ ငင့်သွားပြီး သူမယူဆချက်ကို အကောင်အထည်ဖော်ရာ၌ လုံးသလွဲမှားသွားလျှင် ချောစုသူသူအား အပြစ်တင်ကြမည်။ ချောစုသူသူမှာလည်း သူမသံသယကို တိုကျစွာမပြောနိုင်၊ ထင်မြင်ချက်ကို စုံစမ်းရန်သာဖြစ်၏။

ဒါကြောင့်လည်း သူမဘဦးတည်း ထွက်လာနိုင်ရန် အခွင့်အရေးသည် နှစ်လနီးပါးကြာမှ ရရှိခဲ့ပါ၏။ ချောစုသူသူသည် ဘာမှမစဉ်းစားတော့ဘဲ တဦးတည် ထွက်လာခဲ့တော့ခြင်း ဖြစ်သည်။

ခိုင်ခိုင်စိုးတို့ပြန်ရောက်၍ သူမအားမတွေ့လျှင် စိတ်[illegible] တော့မည်ကို တွေးမိပါ၏။ သို့သော် မတတ်နိုင်ပေ။ ပြန်[illegible] သွားမှသာ သူတို့ကိုနားလည်အောင် ပြောပြရတော့မည် မ[illegible] ပါလား။

'တူမကြီး'

'ရှင်'

'ဘာတွေများ စဉ်းစားနေတာလဲ၊ အင်းလေ တူမကြ[illegible] မညာလဲတတ်၊ ရုပ်ရည်ကလဲ သိပ်ချောတဲ့မိန်းကလေးအဖို့ စားစရာလေးတွေရှိမှာ မဆန်းပါဘူးကွယ်'

'အော်....ဟို....မဟုတ်ပါဘူးဒေါ်ဒေါ်၊ သူသူမောလို့ အ[illegible] ဖြေနေတာပါ၊ ဟို....သင်းသင်းတို့၊ ကိုထွန်းထွန်းတို့ မ[illegible] လား မရှိကြဘူးလားဟင်....'

ချောစုသူသူက တအိမ်လုံး မျက်လုံးဝေ့ကြည့်ယင်း လိုက်သည်။ ထိုအဒေါ်ကြီးက ခေါင်းခါပြကာ....

'မရှိကြဘူးကွဲ့၊ မောင်ထွန်းထွန်း အလုပ်ကိစ္စရှိလို့ [illegible] သွားကြတယ်၊ တူမကြီးက မောင်ထွန်းထွန်းကို စောင့်[illegible] မဟုတ်လား'

'အော်....ဟုတ်ကဲ့....ဒေါ်ဒေါ်'

ချောစုသူသူသည် ဘလိုင်းထွန်းထွန်းတို့ မရှိမှန်းသိ၍ သာသွားမိ၏။ သူမအလည်း ထိုကဲ့သို့ သူတို့မရှိစေချင်ပါ။ စုံစမ်း၍ လှယ်မည်မဟုတ်ပါလား။ ထို့ကြောင့်ပင် အဒေ[illegible] အားပြော၍ စားပွဲပေါ်တွင်တွေ့သော သပြေမဂ္ဂဇင်းကို [illegible] ကိုင်လိုက်သည်။



ချောစုသူသူ ထွက်လာချိန်သည် ချက်ပြုတ်ချိန်ဖြစ်နေ၍ [illegible]ဒေါ်ကြီးမှာ ထိုင်၍ စကားမပြောနိုင်မှန်း ချောစုသူသူ သိ[illegible]သည်၊ သူမကို တံခါးလာဖွင့်ပေးကာသည်းက အဒေါ်ကြီးလက် [illegible]ကွင် ယောင်းမကိုင်လာသည် မဟုတ်ပါလား။

'ဒေါ်ဒေါ်....ချက်စရာရှိတာ သွားချက်ပါ၊ သူသူကို အား[illegible] [illegible]ပါနဲ့၊ သူသူဓာဖတ်ယင်းနဲ့ ကိုထွန်းထွန်းတို့ကို စောင့်နေပါ [illegible]'

'အေးကွယ်....ဒေါ်ဒေါ်ဆို ခွင့်လွှတ်နော်၊ သူတို့မောင်နှမ [illegible]ယ် အဆင်သင့်စားရအောင် ချက်နေလို့ပါ၊ တူမကြီးပါ [illegible]ါထဲစားသွားပေါ့'

'ရပါတယ် ဒေါ်ဒေါ်ရယ်၊ သူသူ့ကို ဒေါ်ဒေါ်တို့ အိမ်[illegible]လိုသဘောထားပြီး လုပ်စရာရှိတာလုပ်ပါ၊ သူသူကော [illegible]ဒေါ်ကို ဘာကူညီလုပ်ပေးရအုံးမလဲဟင်'

'အို....နေပါစေကွယ်၊ တူမကြီး အေးအေးဆိုင်ပြီး ဖတ်သာ[illegible]ပါ၊ ဒေါ်ဒေါ်မီးဖိုထဲဝင်လိုက်အုံးမယ်နော်'

'ဟုတ်ကဲ့'

ချောစုသူသူက အဒေါ်ကြီး ထွက်သွားသည်ကိုသာချောကြည့်[illegible]သည်၊ မီးဖိုထဲဝင်ရောက် ပျောက်ကွယ်သွားမှ ထိုင်ရာက ထ[illegible]၏၊ မီးဖိုခန်းထဲမှကြည့်လျှင် ဧည့်ခန်းကို လုံးဝ မမြင်နိုင်[illegible]

ချောစုသူသူသည် အချိန်ကိုလုပြီး စုံစမ်းရမည်မို့ လျှင်မြန်စွာ [illegible]င်းထွန်းထွန်း အိပ်ခန်းရှိရာ ဝင်လာခဲ့သည်။ သည်အိမ်ကို [illegible]သွက်နေ၍ ဘလိုင်းထွန်းထွန်းအခန်းကို သိနေခြင်းဖြစ်ပါ၏။

ဘလိုင်းထွန်းထွန်း အခန်းလေးသည် သန့်ရှင်း သပ်ရပ်နေသည်။ ကုတင်ဘေးရှိ စားပွဲလေးပေါ်တွင်လည်း ပန်းအိုးလေး ကို တင်ထားပြီး နှင်းဆီပန်းများကို ဝေဆာအောင်ထိုးထား သည်မှာ ချောစုသူသူစိတ်ကိုပင် လန်းဆန်းလာစေသည်။

ချောစုသူသူသည် စားပွဲနားတွင် လာရပ်ယင်း နှင်းဆီပန်း ငုံနမ်းလိုက်သည်။ စားပွဲပေါ်တွင် တအုပ်တည်းသော စာ ဖြစ်သည့် ဒိုင်ယာရီစာအုပ်ကို တွေ့ရပါ၏။ တကယ်ဆိုလျှင် ချော စုသူသူမှာ ပိုင်ရှင်ခွင့်မပြုဘဲ အခန်းထဲဝင်ခွင့်မရှိသလို စာ ကိုလည်းယူကြည့်စရာမလိုပါ။ ယဉ်ကျေးမှု အနေဖြင့်ကြည့်လ သူမ၏အပြုအမူမှာ ရိုင်းစိုင်းနေသည်။

သို့သော်....ကိုယ့်အကြောင်းနှင့် ကိုယ်မို့ ချောစုသူသူ ရင်ထဲမှ တောင်းပန်လိုက်ပြီး ဖွင့်ကြည့်မိသည်။ ဘလိုင်းထွန်း က အလုပ်ကိစ္စနှင့် ပတ်သက်ပြီး ရေးထားသည်များကိုသာ ရ၏၊

‘ဟင်....လက်ရေး....ဒီလက်ရေးဟာ’

ချောစုသူသူသည် ဘလိုင်းထွန်းထွန်းလက်ရေးကို မြင် နှင့် သူမယူဆချက်က ပိုမိုမှန်ကန်သည်ဟု ပြောနိုင်လာပြီ မဟု ပါလား။

‘ဟုတ်ဘယ် ဒီလက်ရေးဟာ ကိုအောင့်လက်ရေးမှ ကိုအေ လက်ရေးအစစ်ဘဲ၊ ဒီလက်ရေးတခုထဲနဲ့ ငါ့အတွက် အတိ မပြောနိုင်သေးဘူး၊ ငါကတော့ ကိုအောင့်လက်ရေးတင်မ တူး ကိုအောင်နဲ့ပတ်သက်ယင် အကုန်မှတ်မိတယ်၊ ဒီတော့ အောင် ဟုတ်မဟုတ် သေချာအောင် ငါဆက်ရှာမယ်၊ ငါ ရှာမယ်’



ချောစုသူသူ စိတ်ထဲမှ ရေရွတ်ယင်း ဒိုင်ယာရီစာအုပ်ကို သူ့နေရာသူ ပြန်ထားပြီး ကုတင်ရှိရာ လှမ်းလာခဲ့သည်။

‘မိသူ ဘလိုင်းထွန်းထွန်းသာ ကိုအောင်မဟုတ်ဘူးဖြင်းယင် မွေ့ယာအောက်မှာ ဒိုင်ယာရီစာအုပ် ရှိမနေဘူး၊ ကိုအောင်က သူ့ရင်ထဲကခံစားချက်တွေကို အမြဲ ဒိုင်ယာရီရေးပြီး မွေ့ယာအောက်မှာ ထည့်တဲ့အကျင့်ရှိတယ်၊ တကယ်လို့ မွေ့ယာအောက်မှာသာ ဒိုင်ယာရီမရှိဘူးဆိုယင် နင်အထင်မှားတာဘဲ၊ ဘလိုင်းထွန်းထွန်းနဲ့ ကိုအောင်ဟာ သိပ်ချစ်ကြတဲ့ သူငယ်ချင်းဖြစ်လို့သာ ကိုအောင်နဲ့နင့်အကြောင်း အသေးစိတ်ကို ဘလိုင်းထွန်းထွန်း သိတာဖြစ်ရမယ်၊ ဒါဆိုယင် နင် ဘလိုင်းထွန်းထွန်းကို တောင်းပန်ရမယ်၊ နင့်စိတ်ထဲမှာ ကိုအောင်နဲ့ ဘလိုင်းထွန်းထွန်း တဦးထဲဆိုပြီး ဖြစ်နေတဲ့သံသယကို နင်တောင်းပန်ရမယ်’

ချောစုသူသူအား သူ့စိတ်က သူ့ကို ပြန်လည်သတိပေးနေပါ၏။

‘ဟုတ်တယ်.... မွေ့ယာအောက်မှာ ဒိုင်ယာရီမရှိယင်တော့ ငါကိုထွန်းထွန်းကိုတောင်းပန်မယ်၊ ဘာလို့လဲဆိုတော့ ကိုအောင်က ဘယ်လောက်ဘဲအလုပ်များနေပါစေ၊ သူ့ခံစားချက်ကို ရေးပြီး မွေ့ယာအောက်ကို ထည့်တတ်တဲ့အကျင့်က သေရာပါလို့ ငါ့ကိုပြောဖူးတယ်လေ’

ချောစုသူသူသည် အရူးမလေးပမာ နှုတ်မှ တတွတ်တွတ် တဦးတည်း တိုးတိုးလေး ပြောလိုက်မိသည်။ ထို့နောက်တော့ မွေ့ယာကို ခေါက်လိုက်ပါ၏။

‘ဟင်....’

ချောစုသူသူသည် မွေ့ယာကို မလိုက်၍၊ ဒိုင်ယာရီစာအုပ်ကို မတွေ့ရသဖြင့် စိတ်ပျက်သွား၏၊ သို့သော် အားမလျှော့ဘဲ ခြေရင်းဘက်မှ မ,တင်သော မွေ့ယာကို ပြန်ချပြီး ခေါင်းရင်းဘက်မှ မ,ကာင်လိုက်ပြန်သည်။

ချောစုသူသူ မျက်လုံးလေးများ ဝင်းလက်လာသည်၊ သူမ တွေ့ချင်နေသော ဒိုင်ယာရီစာအုပ်လေးကို တွေ့ပါပြီလေ၊ ထိုစာအုပ်ကို တယုတယ ရင်တွင်အပ်လိုက်ပြီး ချောစုသူသူမှာ ပျော်နေပါသည်၊ ဝမ်းသာလွန်း၍ မျက်လုံးများမှတဆင့် ပါးပြင်ပေါ်သို့ မျက်ရည်များပင် ကျလာခဲ့ပါ၏၊

ထို့နောက်တော့ ချောစုသူသူသည် မွေ့ယာကို နေသားတကျ လုပ်ကိုင်ယင်း ညှော်ခန်းထဲသို့ ဒိုင်ယာရီစာအုပ်ကိုယူကာ ပြန်ထိုင်ခဲ့သည်၊ သို့မှသာ ဒေါ်တင် ထွက်လာလျှင်လည်း သူမ ထိုင်၍စာဖတ်နေမည်ထင်မည် မဟုတ်ပါလား။

အဘဲမှ စာသားများကို မဖတ်ရသေးပေမယ့် ချောစုသူသူသည် တလိုင်းထွန်းထွန်းအား မိမိ အသဲနှင့်အောင်ချစ်ရသည့် ချစ်သူ ဇော်ကိုအောင်ဟု တပ်အပ်ပြောရဲလေပြီ၊ တလိုင်းထွန်းထွန်းအသံ၊ ပြောပုံဆိုပုံတွေကို လေ့လာရာမှ မသင်္ကာဖြစ်ခဲ့ရသည်နှင့်တော့ လက်ရေးကို စတွေ့သည်နှင့် သူမ၏ ရင်ကျိုးနပ်သွားမှန်း သိ၏၊

ထို့ပြင် မိမိအကြောင်း၊ မိမိအကျင့်လေးများကို တလုံးမချန်ဘဲ ချစ်သူအား ယုံကြည်စွာပြောခဲ့သော စကားလေးများကြောင့် ချောစုသူသူ၏ သံသယကို အကောင်အထည်ဖော်ရန် ဖန်တီးပေးသကဲ့သို့ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။



ချောစုသူသူသည် ဒိုင်ယာရီစာအုပ်ကို ဖွင့်လိုက်၏၊ သည်စာ ...်သည် သူမအခေါ်တွင်ထားသော ဇော်ကိုအောင်၏ အချစ်၊ ...တ္တာနှင့်သစ္စာတရားတို့ကို သိသာနိုင်ပေသည်၊

ဇော်ကိုအောင် (ဝါ) တလိုင်းထွန်းထွန်း၏ လက်ရေးမှာ ...နှင့်ရှိ...တည်းက ဝိုင်းစက်လှန်းပါ၏၊ ယခုလို မျက်စိမမြင် ...်သည်း လက်ရေးကို တန်းနေအောင် ရေးနိုင်သည်မှာ ...ချောစုသူသူအတွက် ထူးဆန်းမနေပါပေ၊

အကြောင်းကား ဇော်ကိုအောင်သည် မျက်လုံးမဖွင့်ဘဲ မိမိ...တွင် စာရေးကျင့်စဉ်က ပြောခဲ့သောစကားလေးကို သတိ...ရ၍လည်း ဖြစ်သည်။

'ကိုအောင်'

'ဗျာ....ဗျာ'

'ဘာလို့ အဲဒီလို အာ ာန်းယောင်ဆောင်ပြီး ရေးနေရတာလဲ'

'ရေးနည်းအစုံ ရေးဘတ်အောင်လို့လေ၊ ခုဆို ကိုအောင် ...်လက်နဲ့လဲ ရေးတတ်ပြီ၊ မျက်စိဖွင့်ဘဲလဲ တန်းနေအောင် ...တတ်ပြီ၊ ဘယ်လောက် တော်သလဲ၊ နော်သူသူလေ'

'အားကြီးတော်တဲ့နော်....ကိုအောင့်ကို ဒါ့ထိ သူသူလေးက ...ချီးရမလား'

'ဆုချယင် စိတ်မဆိုးပါဘူး'

...ကိုစဉ်က ဇော်ကိုအောင်မှာ အပျော်အပြက်သဘောမျိုးဖြင့် ...်ရေးကျင့်ခဲ့ခြင်းဖြစ်သည်၊ စ,ကျင့်စတွင် မညီမညာဖြစ်ကာ ...သုံးတပ်သည့်နေရာများကို နှစ်ဦးသား ကြည့်ပြီး ဟားခဲ့ကြသည်၊ ကျင့်ဖန်များလာသောအခါ လက်ရေးမှာ လှကောင်း

လက်ရေးကဲ့သို့ ဖြစ်လာသည်။ ထို့ပြင် ဇော်ကိုအောင်သည် ချစ်သူကို ထွေးပိုက်ထားယင်းဖြင့်....

'ကိုအောင်တို့အတန်းထဲမှာမျက် မမြင်ကောင်လေးတ ယော ရှိတယ်၊ မျက်လုံးသာ မမြင်တယ် ဆရာနဲ့ (Lecture) လက် ကို အမှီလိုက်နိုင်တယ်၊ သူ့စာအုပ်ယူကြည့်ယင် သန့်ရှင်း ဖြစ်ရာတလုံးမှ မတွေ့သလို တန်းပြီး အတန်းညီညီညာညာ နိုင်တာကို တွေ့ရတော့ ကိုအောင် သိပ်အားကျမိတယ်၊ သူ ဘာလို့မရေးနိုင်ရမှာလဲဆိုပြီး ကိုအောင်လဲ ကျင့်ကြည့်တာ ပြီးတော့–အဲဒီဘဲက စာလဲသိပ်တော်တာလေ'

'အင်းနော်.... သူ့ဘဝအကျိုးပေးက သူ့ကို တခုခု ထူးချွန်အောင် ပေးထားသေးလို့ တော်သေးတာပေါ့'

ထိုစဉ်က ချောစုသူသူသည် ဇော်ကိုအောင်နှင့်အတူ ပြေ သောစကားလေးများကို ပြန်လည်စဉ်းစားမိနေရာမှ သတိ ဝင်လာသည်။ ဒါကြောင့်လည်း ဘလိုင်းထွန်းထွန်းတို့မလာ ဒိုင်ယာရီ စတင်ဖတ်ရန် စိတ်ကူးမိသည်။

အကယ်၍ သူမဖတ်နေစဉ် ရောက်သာလျှင်လည်း သူ ကျောင်းစာအုပ်သဘောမျိုးဖြင့် အဆောင်ကိုယူသွားရန်ဆုံးဖြ လိုက်၏။ သို့မှသာ ဘလိုင်းထွန်းထွန်းသည် ဇော်ကိုအော ဖြစ်ကြောင်း ဝန်ခံမှည်မဟုတ်ပါလား။

ချောစုသူသူသည် ပထမဆုံးစာမျက်နှာကို ဖတ်လိုက်ပါ

သွားပြီ....တို့ဘဝတော့လုံးဝပျက်စီးသွားပြီ။ ဒီ ဒိုရဲ့အချစ်ဆုံး ချစ်သူလေး သူသူနဲ့ တို့ချစ်သက်တ ခြောက်လပြည့်တယ်၊ ဒို့တွေဘုရားသွား၊ပြီး ဆုတောင်း



တာ ပျော်ခဲ့တာတွေဟာ တို့ဘဝမှာ နောက်ဆုံးပျော်ရွှင် ခြင်းဖြစ်ခဲ့ရမယ်လို့ တို့မမျှော်လင့်ခဲ့ဘူး....

ဒီနေ့ဘဲ တိုက်တိုက်ဆိုင်ဆိုင် တို့နေတဲ့ရပ်ကွက် မီးလောင်လို့ တို့ပြန်လာခဲ့တယ်၊ ဒီတုန်းက တို့ကို စိုးရိမ် တကြီး ကြည့်နေရှာတဲ့ သူသူလေး မျက်နှာလေးဟာ ထို့အသဲထဲ စွဲနေခဲ့ရပါတယ်အချစ်ရယ်။

ဒါပေမယ့်....သူသူလေးကို တို့ဘယ်တော့မှ မမြင်နိုင် တော့ဘူး။ သူသူလေးနဲ့လဲ ခွဲရတော့မယ်ကွယ်၊ဟုတ်တယ် တို့အချစ်ဟာ တကိုယ်ကောင်းဆန်တဲ့အချစ် မဟုတ်ဘူး၊ တို့ချစ်သူကိုချစ်လွန်းလို့ တို့စွန့်လွှတ်ရမှာဘဲ။

မမျှော်လင့်ဘဲ သင်းသင်းတို့သားအမိကို တို့ဝင်ကယ် မိတယ်။ အပြင်ထွက်အလာ မီးခိုးလုံးတွေ တို့မျက်လုံးထဲ ဝင်ပြီး ဘာမှမမြင်ရဘဲ ဖြစ်နေချိန်မှာ မီးတုတ်တခုဟာ တို့ရှေ့လာမကျခင်သင်းသင်းအမြန်ဆွဲလို့သာ တို့သေတွင်း က လွတ်ခဲ့ရတာပါ။

ဒါပေမယ့် တို့မျက်စိကိုတော့ သင်းသင်းသမီးလေးရဲ့ အသက်နဲ့လဲပြီး ကယ်တင်နိုင်ခဲ့တဲ့အတွက် တို့ဝမ်းသာ ပါဘယ်။ တို့လေ သူသူလေးကို သိပ်သနားမိတယ်၊ တို့ အဖြစ်ကိုသိယင် သူသူလေးဝမ်းနည်းနေရှာမှာဘဲ။

'အော်....ကိုအောင်ရယ် သူသူ့ရင်ထဲမချိတော့ပါလားကွယ်'

ချောစုသူသူမှာ ဇော်ကိုအောင်ရေးထားသလောက် ဖတ်ရုံ နှင့်ပင် မျက်ရည်များ ကျလာမိတော့သည်။ တကယ်တော့ ဇော် ကိုအောင်က ဒိုင်ယာရီကို လျှို့ဝှက်စွာသဘောထားပြီး သူ့ဘဝ ကို ဇာတ်မြှုပ်နေခြင်းမှန်း ချောစုသူသူ နားလည်လာသည်။

ချောစုသူသူသည်နေ့စွဲမထိုးဘဲရေးသွားသော ဇော်ကိုအောင် အကြောင်းများကို ဆက်ဖတ်ပြန်သည်။

ကမာရွတ်မီးလောင်တာနဲ့ ပတ်သက်ပြီး သတင်းစာထဲပါတဲ့အကြောင်း သိချင်လို့ သင်းသင်းကို ဖတ်ခိုင်းမိတယ်၊ တို့မျက်လုံးတွေဟာ ကြည့်လို့မကောင်းပေမယ့် တို့နားရုံမသွားဘူးလို့ ဆုံးဖြတ်လိုက်ပြီ။ ဘာလို့လဲဆိုတော့ သတင်းစာထဲမှာတို့သေဆုံးပြီလို့ ပါလာလို့ဘဲ။ တို့ရဲ့မှတ်ပုံတင် ကျကျန်ခဲ့ပြီး တို့သေပြီ ယူဆသွားကြတာဘဲ။

ကောင်းပါတယ်....ဒါမှ တို့ချစ်သူလေး ဘဝလဲ အေးချမ်းသာယာလာနိုင်မှာ၊ တို့ ခုလိုအဖြစ်မျိုးနဲ့ကြုံနေမှန်းသိယင် သူသူလေးတို့ဆီ လာမှာဘဲ၊ တို့ကိုတွေ့ပြီး စိတ်ဆင်းရဲရမယ့်အစား တို့ဘဝကို ဇာတ်မြှုပ်လိုက်တာ ပိုကောင်းလိမ့်မယ်၊ ဖေဖေတို့ကလဲ တို့အတွက် ပူဆွေးရတာ တခဏဘဲဖြစ်နေရမယ်၊ တို့ဒုက္ခကို တို့မိဘနဲ့ချစ်သူကို မသိစေချင်ဘူး။

'ကိုအောင်မသိစေချင်ပေမယ့် သူသူသိနေပါပြီ၊ ကိုအောင် စိတ်ဆင်းရဲခဲ့သမျှကို အတိုးချပြီး သူသူ ပြုစုပေးတော့မယ်၊ ကိုအောင့်ကို သူသူမခွဲတော့ပါဘူး၊ ကိုအောင်နဲ့ ဘဝခရီးကို လက်တွဲဖို့ သူသူဆုံးဖြတ်လိုက်ပါပြီကွယ်၊ သူသူ့ရဲ့ အချစ်ကို ကိုအောင်ပိုနားလည်စေရမယ်၊ သူ့ရင်ထဲမှာ ငိုနေခဲ့ရတဲ့ မျက်ရည်တွေကို ကိုအောင့်ရဲ့မေတ္တာနဲ့ ပက်ဖြန်းပေးပါလား အချစ်ရယ်....'



ကနေ့ဆိုယင် သူသူလေးနဲ့ အဆက်အသွယ်ပြတ်တာ (၄)လရှိပြီ၊ တနေ့မှ သူလေးကို မမေ့မရဘူးသိပ်လွမ်းတာဘဲအချစ်ရယ်။ ကိုအောင့်ဘဝက ချစ်သူကိုအလိုလို စွန့်လွှတ်လိုက်ရတဲ့အတွက် လူမသေပေမယ့်ဘဝသေသွားပါပြီ။ ကိုအောင်ဆုတောင်းမိတယ်၊ ဝဋ်ကြွေးရှိခဲ့ယင် ဒီဘဝမှာ ဒီမျှနဲ့ဘဲ ကျေပါစေတော့လို့....

လောကကြီးမှာ အချစ်ဆုံးချစ်သူကို ဆုံးရှုံးရတာလောက် ခံစားမှုကြီးမားတာ မရှိဘူးလို့ကိုအောင် ပြောချင်ပါတယ်။ ကိုအောင့်ရင်ထဲမှာ သူသူလေးကိုချစ်ရက်နဲ့ ဆုံးရှုံးရပြီဆိုတဲ့ အတွေးကြောင့် အမြဲ ငိုနေရတယ်ဆိုတာ သူသူလေးသိပါလေစ။

ချောစုသူသူသည် ဇော်ကိုအောင် ရေးထားသည်များကို မျက်ရည်များပြည့်လျှံကျနေယင်းမှဖတ်ကာ ဇော်ကိုအောင်ကို တွေ့ချင့်လှပါလေပြီ။ ဇော်ကိုအောင်အပေါ်လည်း ကရုဏာတွေ ပွားများကာ အသနားပိုခဲ့ရသည်။ မိမိမှာ လူကောင်းဖြစ်ရက်နှင့်ပင် ချစ်သူအတွက် ပူဆွေးသောက ရောက်နေခဲ့ရသေးလျှင် ဇော်ကိုအောင်မှာ ပိုခံစားရမည်ဟု ကိုယ်ချင်း စာလာမိသည်။

ဇော်ကိုအောင်မှာ ဘာလိုင်းထွန်းထွန်းအဖြစ် အသွင်ပြောင်းနေ၍ မိမိက ချက်ချင်းမမှတ်မိသော်လည်း ဇော်ကိုအောင်အနေဖြင့် မိမိကို သူ့ဆီလာတွေ့ကတည်းက သိပေလိမ့်မည်။ သိရက်နှင့် မိမိကိုငဲ့ညာကာ ဟန်ဆောင်နေခဲ့ရသော ဇော်ကိုအောင် ဒုက္ခက မသေးလှပါ။ မိမိကဲ့သို့ပင် ဇော်ကိုအောင် ရင်ထဲတွင် ငိုနေခဲ့ရမည်ဆိုသည်ကို ချောစုသူသူ ယုံကြည်မိသည်။

ချောစုသူသူသည် သူမသိချင်သည့် အပိုဒ်လေးများကိုသာ ရွေးဖတ်ပြန်ပါ၏၊ ဇော်ကိုအောင်ဆီကို မိမိတို့အုပ်စု လာမိတ် ယင်းနှင့် လာသည့်နေ့က ရေးထားခြင်းဖြစ်သည်။

တို့ဆီ ကို သူသူလေးတို့ သူငယ်ချင်းတွေ ရောက်လာကြတယ်၊ ချောစုသူသူဆိုတာနဲ့ တို့ရင်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်သွားရတယ်။ ဝမ်းသာတာက တို့စိတ်ထဲမှာ တွေ့ချင်နေတဲ့ လွမ်းနေရတဲ့ ချစ်သူရောက်လာလို့ ဒါပေမယ့်တို့ဘဝက ချစ်သူကိုမမြင်နိုင်တော့တဲ့ဒုက္ခ ဘမို့ ဝမ်းနည်းသွားရပြန်တယ်။

သူသူ့ ပေးက 'မပျိုသောမြန်မိုရိ' သီချင်းနဲ့ ပတ်သက်ပြီး သိချင်လို့တဲ့၊ ဒီသီချင်းဟာ သူ့ချစ်သူနဲ့သူ နှစ်ဦး သိတဲ့သီချင်းတဲ့။ ခုချိန်ထိ တို့အပေါ်မှာ သစ္စာရှိပြီ မမေ့နိုင်သေးတဲ့ သူသူလေးရဲ့မေတ္တာကို သိလိုက်ရ တို့သိပ်ဝမ်းသာသွားမိတယ်။

ဒီသီချင်းကိုဆိုယင် ဘယ်နည်းနဲ့မဆို တို့ဆီ သူသူလေး ရောက်လာမယ်ဆိုတာ တို့သိပါတယ်။ ဒါကြောင့် တို့ဘခင် သူသူလေးရဲ့ တက္ကသိုလ်နယ်မြေမှာ စဆိုခဲ့တာပေါ့။ တို့စိတ်ထဲမှာ သူသူလေးကို မတွေ့နိုင်ပေမယ့် တို့ဘဝနဲ့ သူသူလေးရဲ့ဘဝ မတန်မှန်းသိပေမယ့် သူသူလေးရဲ့အသံကို ကြားချင်မိလို့ တို့ဆိုခဲ့တာ။

ထင်တဲ့အတိုင်းဘဲ သူသူလေးရောက်လာတာဘဲ။ ကိုယ့်ချစ်သူရဲ့အသံကိုကြားရပြီး တစိမ်းလိုဆက်ဆံခဲ့ရတဲ့ တို့ဘဝဟာ ရင်နာစရာကြီးပါ၊ တို့ကို တချိန်လုံး အကဲခတ်နေမယ်ဆိုတာ တို့သိနေတယ်။ တို့ရဲ့အသံကို သူသူလေးသံသယဖြစ်မှန်း တို့သိတယ်။ တို့ကို သူသူလေးမယုံဘူး။ ဒါပေမယ့် တို့အနေနဲ့ 'ဘူး' တလုံးကိုင်ပြီး ငြင်းရုံကလွဲပြီး ဘာမှ ဆက်သက်တွေ့ဆုံဖို့ဟာ မကောင်းတော့ဘူး။

ခုဆို....တို့ကြားချင်တဲ့ သူသူလေးအသံကိုကြားလိုက်ရလို့ တို့သေပျော်ပါပြီ၊ သေဆုံးတဲ့အထိ ကိုအောင်ရဲ့အချစ်ဟာ သူသူလေးအပေါ်မှာဘဲ ရှိသွားမယ် သူသူလေးရယ်။ ကိုယ့်ချစ်သူ ပိုမတွေ့ရပေမယ့် ရင်းရင်းနှီးနှီးလေး ပြောဆိုနေရယင် သိပ်ကောင်းမှာဘဲနော်။

ဒါပေမယ့် မဖြစ်နိုင်ပါဘူး၊ ဒါကဲ ကိုအောင့်သန္ဓပါ။ ကိုအောင်နဲ့ ရင်းရင်းနှီးနှီးဆက်ဆံတာနဲ့ သူသူလေး ရိပ်မိသွားမယ်၊ အားလုံး စိတ်ဆင်းရဲမယ်၊ အကောင်းဆုံးက သူသူလေးကို ကိုအောင် ရှောင်နေ တာဘဲ အကောင်းဆုံးပါ။

ချောစုသူသူ စာအုပ်ကို ရင်တွင်ကပ်ကာ ကျောမှီထိုင်ချလိုက်သည်၊ သူတို့လာတိုင်း ဘလိုင်းထွန်းထွန်းရှောင်နေသည်မှာ ဒါကြောင့်ကိုး–ဟု ချောစုသူသူ သိလာရသည်။

'ဟင်း....ကိုအောင် ဘယ်လောက်ရှောင်ရှောင် သူသူက တွေ့အောင် လာရှာမယ့်လူပါ ကိုအောင်ရယ်....'

ချောစုသူသူက နှုတ်မှ တိုးတိုးလေးရေရွတ်ယင်း စာရွက်ပေါ်မှ စာလုံးများဆီသို့ အာရုံစိုက်လိုက်ပြန်သည်။

တို့ရင်ထဲမှာ ဘယ်လိုဆုံးဖြတ်ရမလဲ။ တို့ဟာ ေ
အောင်ဆိုတာကိုသူသူလေးကို ဖွင့်ပြောလိုက်ရမလား
သူလေးလာတိုင်းတို့အတွေ့မခံဘဲနေခဲ့လို့ တို့ရင်ထဲမှာ
အောင် ခံစားခဲ့ရတယ်....။

အခံစားရဆုံးက သူသူလေးနားမှာ ခိုင်ခိုင်ရဲ
နေလွင်အောင်ဟာ အမြဲပါလာတတ်တယ်။ ဒီလေ
လှတဲ့ ဂုဏ်ရှိတဲ့မိန်ကလေးကို နေလွင်အောင် စိတ်
စားတယ်ဆိုတာ ယောကျ်ားချင်းမို့ တို့နားလည်
နေလွင်အောင်ရဲ့မေတ္တာဟာလဲ တို့လောက်
သူသူလေးအပေါ် ထားနိုင်ပါလားဆိုပြီးတို့ရင်ထဲ
လိုစိတ်လေး ဝင်သွားမိသေးတယ်။ ဒါပေမယ့် နေ
အောင်နဲ့ တို့နှစ်ဦးချင်းတွေ့ပြီး ပြောဆိုကြည့်တော့
နေလွင်အောင်ကို ယုံကြည်တယ်၊ နေလွင်အောင်
သူသူလေးအတွက် အကောင်းဆုံး ဘဝဖော်မှန်အ
လက်တွဲသွားမယ်ဆိုယင် တွဲသွားနိုင်တယ်။

တို့လို ဒုက္ခိတမျက်မမြင်ကိုပြုစုံယင်း စိတ်ဆင်း
မယ့်အစား နေလွင်အောင်လို အစစပြည့်စုံတဲ့ သူသူ
အပေါ် ခွင့်လွှတ်ချစ်နိုင်တဲ့သူမျိုးနဲ့မှ သူသူလေး
နိုင်မှာ၊ နေလွင်အောင်သဘောထားကို အကဲမခ
တ မနာလိုစိတ် ဖြစ်မိပေမယ့် ခုတော့ ကိုနေလွင်
သာ သူသူလေနဲ့ အထိုက်တန်ဆုံးပါ....း

'ကိုအောင်ရယ် သူသူ့ကို စေသနာ္တရာမလုပ်ပါနဲ့၊ သူသူ
အောင့်ကိုဘဲချစ်တယ်၊ ခုဆို ကိုအောင့်ကိုဘဲလက်ထပ်ဖို့ သူ
ဆုံးဖြတ်လိုက်ပြီ၊ သူသူဆုံးဖြတ်ချက်ကိုသိယင် ကိုအောင် ဝမ်းသာ
မှာပါနော်၊ ကိုအောင်ရဲ့ဘဝထဲကို သူသူလေး လာခဲ့မယ်နော်
သူသူလေးကို စောင့်နေပါအချစ်ရဖဲ....'

'ကလင်....ကလင်....ကလင်'

ချောစုသူသူတဦးတည်း ဝမ်းသာအားရ ဇော်ကိုအောင်
အား စိတ်ထဲမှ ပြောနေစဉ် တဝင်လီဖုန်းမြည်လေ၏။ ချောစု
သူသူမှာ မီးဖိုထဲတွင် ချက်ပြုတ်နေသော ဒေါ်ဒေါ်တင်ကို
သွားခေါ်ပေးလိုက်သည်။ သူ့အနေနှင့် ညည်းညည်းဖုန်းကိုင်ရန်
မသင့် မဟုတ်ပါလား။

'ဟလို'

'သင်းသင်းလား ဘာလို့လဲသမီး'

.... .... .... .... .... ....

'ဟုတ်လား ဒါဆိုယင် အလုပ်ကိစ္စတွေပြီး အောင်လုပ်ပေါ့၊
မေမေတယောက်ထဲ နေရပါတယ်၊ ဟို-ချောစုသူသူ တောင်
ရောက်နေတယ်'

.... .... .... .... .... ....

'မမောင်ထွန်းထွန်းနဲ့ တွေ့ချင်လို့တဲ့'

.... .... .... .... .... ....

'အေးအေး၊ မေမေပြောလိုက်မယ်နော်'

ချောစုသူသူသည် ဇော်ကိုအောင် ရေးထားသည်ကို ဖတ်နေ
ယင်း ဒေါ်ဒေါ်တင် ဖုန်းပြောအပြီးကို စောင့်နေလေသည်။
သင်းသင်းဆိုကတည်းက တခုခုတော့ ကြားရမည်ကိုလည်းသိနေ
ပါ၏။

တို့ဘဝရဲ့ကျေးဇူးရှင်ဟာ သင်းသင်းတို့ သားအမိပါ
သင်းသင်းဟာ တို့ကို လိုလေသေးမရှိအောင် ဂရုစိုက်
တယ်၊ အနွံတာခံတယ်၊ တို့အပေါ် လိုတာထက် ပိုပြီ
ခင်တွယ်လာမှန်း သံယောဇဉ်ရှိလာမှန်း တို့သိတယ်၊
ဘယ်လိုလုပ်ရမလဲ၊ သင်းသင်းကိုဗိုလ်ရဲ့နှမလေးလို သံယော
ဇဉ် ရှိပါတယ်၊ တို့ကို မောင်နှမလိုထက် ပိုပြီး သံယော
ဇဉ် မတွယ်ချင်ပါ သင်းသင်း။

ချောစုသူသူမှာ စာရွက်များကို ဟိုလှန်သည်လှန်နှင့် လုပ်ရ သင်းသင်း နှင့်ပတ်သက်၍ ဘလိုင်းထွန်းထွန်းအပေါ်ထားသော သဘောထားကို နားလည်လာခဲ့သည်။ ထို့ကြောင့် ချစ်သူ စိတ်မချသောစိတ်၊ မနာလိုသောစိတ်သည် မိန်းကလေးသဘာ အတိုင်း ပေါ်လာခဲ့တော့၏။

'အေးအေး ကိုစွပ်ပြီးမှဘဲ ပြန်ခဲ့တာပေါ့၊ စောင့်နေမယ်ဆို ယင် မေမေနဲ့ စကားပြောနေလိုက်မယ်လေ၊ ဒါဘဲရှိသား'

ဒေါ်ဒေါ်စင်သည် ဖုန်းကိုချထောင်း ချောစုသူသူနားရော လာကာ ပြုံးချိုစွာဖြင့်....

'တူမကြီးကိုတော့ အားနာဖို့ကောင်းပြီ၊ မောင်ထွန်းထွန် အလုပ်ကိစ္စက တနေ့ရာပြီးလို့ နောက်တနေ့ရာ သွားရအုံးမယ် မောင်ထွန်းထွန်းကို တေးသံသွင်းတခုက စီးရီးတခုစာသီ သွင်းမလို့ကိစ္စဘဲ၊ အဲဒါ ညနေမှပြန်ရောက်မယ်တဲ့၊ တူမကြီ တောင်းပန်ပေးပါတဲ့လေ'

'ကိစ္စမရှိပါဘူးဒေါ်ဒေါ်၊ သူသူနောက်မှ လာခဲ့ပါအုံးမ ဆိုဘာကိုဘဲ ကိုထွန်းထွန်းကို ပြောပေးပါ။ သူသူပြန်လိုက်ပါအုံး မယ်နော်'



'အေးကွယ်....စိတ်မရှိနဲ့နော်'

'ရပါတယ်ဒေါ်ဒေါ်၊ သူသူပြန်လိုက်ပါအုံးမယ်'

ပြောပြောဆိုဆိုဖြင့် ချောစုသူသူသည် ဘလိုင်းထွန်းထွန်း ဒိုင်ယာရီကိုပါယူကာ ခြံဝင်းထဲမှထွက်ခဲ့သည်၊ ထီးမပါဘဲ ထွက် လာခဲ့၍ဖြင့် နေ့လယ်ခင်း၏နေပူဒဏ်ကို အောင့်ခံလိုက်ပါ၏။ ချောစုသူသူသည် ဘေးဘီသို့ဝင်လှည့်ပတ်မကြည့်ဘဲ ခေါင်းငိုက် စိုက်ချကာ လျှောက်လာခဲ့သည်။

ထိုစဉ် သူမအားကို ကားလေးတစင်းထိုးရပ်ကာ ကားရှေ့ ဘက်ခါးကိုပင် ဖွင့်ပေးကာ....

'ကားပေါ်တက်လေ ချောစု'

'ဟင်....ကိုအောင်'

ချောစုသူသူမှာ နေလွင်အောင်ကို တွေ့လိုက်ရသဖြင့် တအံ့ တသြ ဖြစ်သွားရသည်။ နေလွင်အောင်မျက်နှာမှာ ညှိုးနွမ်းနေ သော်လည်း ဟန်ဆောင်ပြုံး၍....

'ဟုတ်ပါတယ်....ကိုအောင်ပါ၊ နေပူတယ်၊ တက်လေချောစု'

ချောစုသူသူသည် ကားရှေ့ခန်းတွင်ပင် ဝင်ထိုင်လိုက်ရ၏။ ချောစုသူသူဝင်ထိုင်သည်နှင့် ကားလေးမှာ ထွက်လာခဲ့တော့ သည်။

'ကိုအောင် ဘယ်ကပြန်လာတာလဲ'

တိတ်ဆိတ်နေခြင်းသည် ချောစုသူသူအား အပြစ်ရှိနေသကဲ့သို့ ဖြစ်နေ၍ ချောစုသူသူက တွေ့ရာမေးလိုက်မိခြင်းဖြစ်သည်၊

'ကိုယ်....ဘယ်မှမသွားပါဘူး၊ ချောစုဆီလာတာ၊ ချောစု ဘယောက်ထဲ ကိုထွန်းထွန်းတို့အိမ်ထဲ ဝင်သွားတာ တွေ့လို့

အပြန် ချောစုကို လိုက်ပို့ဖို့ ကိုယ်စောင့်နေမိတယ်၊ကိုထွန်းထွန်း
တွေ့လား'

'ဟင့်အင်း....သူတို့မရှိကြဘူး'

'ဟုတ်လား....ချောစုကြာနေတော့ ကိုထွန်းထွန်းနဲ့ စကား
ပြောနေတယ်ထင်တာ'

'မတွေ့ခဲ့ပါဘူး....သူနဲ့တွေ့အောင် ထပ်သွားရှာဦးမယ်၊ အဲ
အခါကျယင် ကိုအောင့်ကိုသဲ အကူအညီတောင်းရမှာဘဲ'

'ရပါတယ်ချောစုရယ်'

နေလွင်အောင်က စိမ်းကားလွန်းသော ချောစုသူသူ စကာ
ကို ပြန်မဖျက်ပြောလိုက်ရသော်လည်း စိတ်မကောင်း ဖြစ်သွ
ရသည်သာ။

'ချောစုအတွက်ဆိုယင် နေလွင်အောင်ဆိုတဲ့ ကောင်
အသဲနှလုံးထုတ်ပေးချင် ပေးပါရစေ၊ အပြုံးလေးနဲ့ ဖါရမီဖြည့်
မယ့်သူပါ' ဟုစိတ်ထဲမှတိုးတိုးလေးပြောယင်းစီးပွားရေးတက္ကသို
သို့ ဦးတည့်မောင်းလာခဲ့ပါလေသည်။

(အခန်း—တဆယ့်ငါး)

ချောစုသူသူသည် ဘလိုင်းထွန်းထွန်းမှာ ဇော်ကိုအောင်
ဖြစ်ကြောင်းသိရှိပြီး ဘလိုင်းထွန်းထွန်းထံ သွားရန် ကြံစည်ခဲ့
သော်လည်း အနှကြောင်းအမျိုးမျိုးကြောင့် မသွားဖြစ်သေးသည်
ာဆယ်ရက်ပင်ရှိလေပြီ။

သူဝယ်ချင်းများကိုလည်း ချောစုသူသူက ဖွင့်မပြောဘဲ
ယ်ရက်အတွင်းတွင် သူမ သေချာစွာစဉ်းစားပါ၏။သေချာစွာ
ုံးဖြတ်ပြီးမှ ချောစုသူသူသည် နေလွင်အောင်ကို ဖုန်းဆက်
ခေါ်လိုက်ပါ၏။

'ထူးထူးဆန်းဆန်း ချောစု ကိုယ်တိုင် ဖုန်းဆက် ခေါ်ပုံ
ထောက်တော့ အရေးကြီးလာပြီနဲ့တူတယ်'

နေလွင်အောင်မှာ မကြာမီရောက်လာပြီး ချောစုသူသူအား
မေးလိုက်သည်။ ခိုင်ခိုင်စိုးတို့ဘတွေမှာလည်း ချောစုသူသူ အပြု
အမူအား နားမလည်ကြ။

ချောစုသူသူမျက်နှာ ရွှင်လန်းကာ အားတက်မာန်တက်ပြ
ပြောဆိုလှုပ်ရှားနေသည်။ စိတ်ကပျော်နေတော့ လှုပ်ရှားမှုမျ
မှာလည်း တက်တက်ကြွကြွ ရှိနေသည်သာ။

'ဟုတ်တယ်ကိုအောင်....သူသူလိုချင်တဲ့အကူအညီ ခုကိုအေ
ဆီ[illegible] တောင်းရတော့မယ်'

'မိသူ ဘယ်သွားမလို့လဲ'

သစ်သစ်လွင်လွင်ဝတ်စားကာ အလှအပများကို ဝေ
အောင်သေဆုံးကတည်းက မပြုမပြင်ဘဲနေခဲ့သော ချောစုသူ
ကနေ့တော့ မျက်နှာကိုမိတ်ကပ်ပါးပါးလေးလိမ်းကာ လိမ်
ဖဲရောင်ကို ဝတ်ဆင်ထားအပြင့် လှပလွန်းနေပါသည်။ မြင်
နဂိုရှိယဉ်အတိုင်းပင် ချောစုသူသူ၏အလှမှာ ပေါ်လွင်နေ
ယခုကဲ့သို့ဝတ်စားထားသဖြင့် ကြည့်မဝအောင်ကို လှနေ
သည်။

သူ့ကို့အုပ်စုကို တဦးမျှမခေါ်ဘဲ တယောက်တည်း အ
စားလဲကာ နေလွင်အောင်ကိုခေါ်သဖြင့် အားလုံးမှာ အံ့
သင့်နေကြသည်။ ထို့ကြောင့်လည်း ခိုင်ခိုင်စိုးက မေးလိုက်ခြ
ဖြစ်သည်။

ချောစုသူသူသည် သွားတက်လေးများ ပေါ်အောင်ပြ
လိုက်ပြီး—

'ကိုအောင့်ဆီသွားမလို့'

'ကိုအောင်... ဟုတ်လား'



ချောစုသူသူ၏စကားကြောင့် သူငယ်ချင်းများမှာ မှင်သက်မိသွားပမာ ကြောင်နေကြသည်။ ယုယုခိုင်က ဝင်၍ ချောစုသူသူစကားကို သေချာအောင် မေးမြန်းသည်။

'ကိုအောင်ဆိုတာ ဟို....ကိုဇော်ကိုအောင်ကိုပြောတာလား'

'ဒါပေါ့ ယုရ....သူသူပြောဖူးတာ မှတ်မိတယ်မဟုတ်လား၊ ကိုအောင့်ကို သူသူတွေ့အောင်ရှာပြမယ်ဆိုတာ၊ ဟိုတလောက သူသူတယောက်ထဲ ထွက်သွားတာ ကိုအောင်ကို အရသွားရှာတာပေါ့'

'တွေ့ခဲ့လား'

'မတွေ့ခဲ့ပါဘူး....ဒါပေမယ့် ကိုအောင် နေတဲ့အိမ်ကို သိခဲ့တယ်'

ချောစုသူသူမှာ သူမစိတ်ဝင်စားသည့်အကြောင်း ပြောနေရ၍ နေလွင်အောင်ကိုပင် သတိမထားမိ။ နေလွင်အောင်မှာ ချောစုသူသူစကားကို နားထောင်ယင်း မိမိတဖက်သတ်ချစ်နေရသူလေးကို စွန့်လွှတ်ရတော့မည်ဆိုသောအသိက ဝင်လာသဖြင့် မျက်နှာပျက်လာခဲ့သည်။

မိန်းကလေးများရှေ့တွင် ဟန်ဆောင်ကာ ပြုံးနေရသော်လည်း နေလွင်အောင့်ရင်ထဲတွင် ငိုနေရပါပြီ။ ချောစုသူသူနှင့် ရင်းနှီးစွာ ပြောဆိုဆက်ဆံရန် အခွင့်အရေးမရှိတော့မှန်း နေလွင်အောင် နားလည်ခဲ့လေပြီ။

'ယုခိုင်တို့ပါ လိုက်ခဲ့မယ်လေ'

'ဟင့်အင်း....ဒီနေ့မလိုက်နဲ့အုံး၊ သူသူကအယောက်ထဲ သွားအုံးမယ်၊ သူသူ့အတွက် စိတ်ချပါ၊ ကိုအောင်လဲ အဖေါ်ပါသွားတဲ့နော်'

ချောစုသူသူက နေလှင်အောင်ကိုကြည့်ပြီး ထောက်ခံမဲ့ဆွယ်လိုက်ပါ၏၊ နေလှင်အောင်မှာ နှုတ်မှပြောလျှင် သူ့အသံတုန်ယင်နေမှန်း သိမည်စိုး၍ ခေါင်းသာညိတ်ပြလိုက်ရသည်၊

'ကဲ... သွားစို့ကိုအောင်'

ချောစုသူသူသည် ရှေ့မှထွက်သွားနှင့်သည်၊ နေလှင်အောင်မှာ ခေါင်းငိုက်စိုက်ချကာ ချောစုသူသူနောက်မှ လိုက်လာစဉ် ခိုင်ခိုင်စိုးက အဘိုဖြစ်သူလက်ကိုဆွဲယင်း....

'ကိုကိုတို့ ဘယ်သွားကြမလို့လဲ'

'ကိုထွန်းထွန်းအိမ်'

'ကိုထွန်းထွန်း–ဟာ....ဟုတ်ပြီ၊ သွားတော့ကိုကို၊ ခိုင်ခိုင်တို့ တိတ်တိတ်လေး လိုက်ခဲ့မယ်'

နေလှင်အောင်မှာ စက်ရုပ်ပမာ လှုပ်ရှားနေခြင်းသာမက ကားထဲတွင် အသင့်စောင့်နေသော ချောစုသူသူအား တချက်စိုက်ကြည့်ကာ ကားမောင်းလာခဲ့တော့သည်၊

'သူသူလေ ကိုအောင့်ကို သိပ်ကျေးဇူးတင်ပါတယ်၊ ကိုထွန်းထွန်းဟာ သူသူ့ချစ်သူပါပဲ ကိုအောင်'

'ဟင်....'

နေလှင်အောင်မှာ အံ့ဩသွား၏၊ သူထင်နေသည်က ကိုထွန်းထွန်းဆက်သွယ်ပေးမှုဖြင့် ချောစုသူသူနှင့် ဇော်ကိုအောင်တို့



ပြန်လည်တွေ့ဆုံရသည်။ ကိုထွန်းထွန်းပြောပြသဖြင့် ချောစုသူသူ ဇော်ကိုအောင် ရှိမည့်အရပ်ကို သိသွားခြင်းဖြစ်သည်ဟု ထင်နေခဲ့၏၊

ချောစုသူသူကလည်း တယ်လီဖုန်းဆက်ပြောစဉ်က ကိုထွန်းထွန်းတို့အိမ် အရင်သွားရအောင်ဟု ဆိုခဲ့သည်။ ထို့ကြောင့် နေလှင်အောင်စိတ်ထဲတွင်လည်း ကိုထွန်းထွန်းနှင့် ဇော်ကိုအောင်မှာ တဦးတည်းဟု လုံးဝမထင်ခဲ့ပါ။ ချောစုသူသူအားပြောမှပင် ယုံကြည်သွားမိတော့၏။

အစထဲကသာ ကိုထွန်းထွန်းသည် ဇော်ကိုအောင်မှန်းသိခဲ့လျှင် နေလှင်အောင်သည် ခိုင်ခိုင်စိုးအား ကိုထွန်းထွန်းအိမ် သွားမည်ဟု မပြောခဲ့၊ ကိုထွန်းထွန်းကိုလည်း ချောစုသူသူနှင့် ပတ်သက်၍ ထားရှိသည့် မိမိ၏သဘောထားကိုလည်း ဖွင့်ပြောခဲ့မည် မဟုတ်။

ခုတော့....နေလှင်အောင်မှာ ကိုထွန်းထွန်းအား မျက်နှာမပူ သာမိသည်။

'ကိုအောင်....ဘာတွေစဉ်းစားနေလဲဟင်'

'အော်....ချောစုနဲ့ ချောစုချစ်သူတို့အကြောင်း စဉ်းစားပြီး ဝမ်းသာနေလို့ပါ'

'ကိုအောင်တောင် ဝမ်းသာယင် ကာယကံရှင်တွေမှာလဲ သိပ်ဝမ်းသာရပါတယ်၊ တဆက်တည်း ကိုအောင့်ကို တောင်းပန်ပါရစေ'

'မလိုပါဘူးချောစုရယ်....ကိုယ်က ချောစုအပေါ် အပြစ်နားလည်စွာနဲ့ ခွင့်လွှတ်ထားသူပါ'

'မဟုတ်ပါဘူး... သူသူချစ်သူကို မမေ့နိုင်လို့ သူသူ့ရဲ့ကိုယ်စား ကိုကိုအောင်လို့ အဖျားဆွတ်ခေါ်မိတာကို...'

'ကိုယ်နားလည်ပါတယ် ချောစုရယ်'

ချောစုယူသူ့ကားမဆုံးခင် နေလွင်အောင်က ဖြတ်လိုက်သည်။

'ကိုယ်လေ ချောစုအပေါ် သိပ်ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ ချောစုရဲ့အချစ်ကိုတော့ ကိုယ်မမျှော်လင့်ရဲခဲ့ဘူး၊ ကိုယ်က နေရယင်ကို ကျေနပ်ပါပြီ၊ အရာရာတိုင်းမှာ ပြောင်းလဲတတ်သဘောတွေရှိကြတယ်၊ ဒါပေမယ့် ကိုယ့်အနေနဲ့တော့ အပေါ်ထားတဲ့ မေတ္တာစေတနာဟာ ဘယ်တော့မှ မပြောင်းလဲသွားဘူးဆိုတာ ချောစုကို နောက်ဆုံးပြောခဲ့ပါရစေ၊ အဲဒီဆီမှာ အခက်အခဲပြဿနာတွေလာယင် ကိုယ့်ကို အကိုတစ်ယောက်လို သဘောထားပြီး တိုင်ပင်နိုင်ပါတယ်ကွယ်'

'သိပ်ဝမ်းသာတာဘဲ ကိုကိုအောင်ရယ်'

'ကိုယ့်ကို....ကိုကိုအောင်လို့ခေါ်တယ်'

'အင်း....သူသူ့ရဲ့အကိုတယောက်လို အစစအရာရာမှာအားကိုးသွားချင်လို့၊ ကိုကိုအောင်လို့ခေါ်မယ်နော်'

'ချောစုစိတ်ချမ်းသာဖို့ အဓိကပါ'

စကားတပြောပြောဖြင့် ကားလေးသည် ကိုထွန်းထွဋ်အိမ်နားရောက်ခါနီးလေပြီ'



'ကိုကိုအောင်....'

'ဟင်....'

'ဒီနားတင်ရပ်လိုက်ပါ။

'ဘာလို့လဲ'

'သူသူတို့ဆင်းလျှောက်သွားရအောင်၊ ကားသံကြားယင် သူ့ကိုအောင်မရှိဘူး ဖြစ်နေအုံးမယ်'

'ချောစုသဘော'

နှစ်ဦးသား ကားတံခါးများကို လုံခြုံအောင်ပိတ်ပြီးထွက်လာကြသည်။ ခြံထဲဝင်သည်နှင့် ဂစ်တာသံသဲ့သဲ့ကို ကြားနေမိ၏။ ဘာလိုင်းထွန်းထွန်း သီချင်းဆိုနေခြင်းပင်။ နီးကပ်လာသော ဘာလိုင်းထွန်းထွန်း၏ သီချင်းကိုသဲကွဲစွာကြားလာရလေ ဖြစ်ပါသည်။

ချောစုသူသူသည် ပါးစပ်ကိုလက်ဖြင့်ပိတ်ကာ နေလွင်အောင်အား အသံမပြုရန်သတိပေးပြီး ရပ်နားထောင်နေလိုက်သည်။ ဇော်ကိုအောင်ဆိုနေသော သီချင်းမှာ ချောစုသူသူအသံကို တုန့်လှုပ်စေသော သီချင်းဖြစ်နေ၍ ချောစုသူသူမှာ ပင့်သက်ရှိုက်လိုက်မိလေသည်။ ဇော်ကိုအောင်မှာလည်း ဆိုမယင်းဆိုယင်း အသံတုန်ယင်လာသည်ဟု ချောစုသူသူ ထင်မိသည်။

ချစ်တာလဲသူ အသိသားနဲ့....မဖြစ်နိုင်လို့....ခွဲရ
ပေမယ့်....ကိုယ့်ရင်ထဲ...ဘယ်လိုနေမယ်.... နှလုံး
ကြေကွဲအသံတင်ငိုတယ်...
ကိုအောင်အသံထဲက ငိုနေရပါပြီ သူသူလေးရယ်'

ဇော်ကိုအောင်သည် သီချင်းဆိုနေယင်းမှ ရပ်သွားက မိမိဘဦးစာည်းရှိသည့်အထင်နှင့် တိုးတိုးလေးပြောကာ ငိုရှို နေမိသည်။ သင်းထင်းက မိးဖိုချောင်တွင်မှို ဇော်ကိုအောင်မှ စိတ်လွှတ်ကိုယ်လွှတ် ငိုလိုက်မိခြင်းဖြစ်ပါ၏။

နေလှင်အောင်မင် စိတ်မကောင်းဖြစ်မိသေးလျှင် ချော သူသူမှာ နေလှင်အောင်ရှေ့တွင် ဟန်ပင်မဆောင်ဘဲ မျက်ရ များ ကျလာခဲ့သည်၊ ချောစုသူသူသည် ချစ်သူအယောက်လုံ မျက်ရည်များ ကျနေသည့်မြင် မျက်မမြင်ဒုက္ခိတ ဖြစ်နေ စေဒနာခံစားလာရသည်။

ထိုကြောင့် ဇော်ကိုအောင်ရှိရာသို့ ပြေးဝင်လာခဲ့တေ သည်၊ ဇော်ကိုအောင်မှာ ငိုနေရာမှ ခြေသံကြားရ၍ မျက်ရ များသုတ်ကာ အသံပေးယင်း စမ်း၍လျှောက်လာသည်။

'ဘယ်သူလဲဟင်....အိမ်ထဲကိုဝင်လာတာ ဘယ်သူလဲ'

'သူသူပါကိုအောင်....ကိုအောင့်အချစ်ဆုံး ဆိုတဲ့ သူသူ ပါ....'

'ဗျာ....ကျနော့်ကို ကိုအောင်လို့ ခေါ်လိုက်တယ်၊ လူမှားနေ ထင်တယ်သူသူ'

'ဟင့်အင်း....သူသူမမှားပါဘူး၊ ကိုအောင့်ရဲ့ ဟန်ဆော ကောင်းမှုကြောင့်သာ သူသူ မျက်စိလည်ခဲ့ရတာပါ၊ ခုတော့ ကိုအောင်ဘာပြောပြော သူသူ့ကို ညာလို့ မရတော့ပါဘူး ကိုအောင်ရယ်၊ သူသူ့ကိုမချစ်တော့လို့ ခုလို ညာနေတာလား ဟင်....'



ချောစုသူသူစကားက ဘလိုင်းထွန်းထွန်းအားဆက်၍ မပြော နိုင်အောင် ဖြစ်စေခဲ့သည်။ ဘလိုင်းထွန်းထွန်းမှာ မျက်ရည်များ စီးကျလာယင်း ချောစုသူသူ ပြောသမျှကို နားထောင်နေ သည်။

'ဟိုတုလောက ကိုအောင်မရှိတုန်း သူသူ ကိုအောင့်ဒိုင်ယာရီ ကို တွေ့ပြီးပါပြီ၊ ပြီးခဲ့တာတွေကို မေ့လိုက်ပါတော့ ကိုအောင် ရယ်၊ ဒီနေ့ကစပြီး ကိုအောင့်ဘဝထဲကို သူသူဝင်ခဲ့မယ်၊ ကိုအောင် နဲ့ သူသူနေပြီး ကိုအောင့်ကိုပြုစုသွားမယ်၊ မနက်ဖြန်ကျယင် သူသူတို့ တရားရုံးမှာလက်ထပ်ကြမယ်နော်၊ နောက်ဆိုကိုအောင့် အသံထဲက မငိုရစေတော့ပါဘူးကွယ်'

'သူသူလေး'

ဘလိုင်းထွန်းထွန်း(ဝါ)ဇော်ကိုအောင်မှာ ချောစုသူသူထံမှ ကြင်နာစကားများကို ကြားရတော့ ဝမ်းသာအားရ ဖြစ်သွား ကာ လက်ဆန့်တန်း၍ ချစ်သူကိုခေါ်လိုက်ပါ၏။ ချောစုသူသူမှာ မျက်ရည်များကျဆင်းနေရာမှ ပြုံးလာကာဇော်ကိုအောင့်ရင်ခွင် ထဲဝင်လိုက်မပါ၏။

ချစ်သူနှစ်ဦးမှာ အားရပါးရ ဖက်ထားမိကြလေသည်။ တဦးကို တဦး လွတ်ထွက်သွားမည်ကိုပင် စိုးရိမ်နေကြပါ၏။ ဇော်ကို အောင်၏ မျက်ရည်များမှာ ချောစုသူသူအား ကူးစက်လာခဲ့ရ သည်။

ထိုစဉ် သူတို့အိမ်ဆဲသို့ ခိုင်ခိုင်စိုးတို့တတွေ ရောက်လာမှန်းကို ချစ်သူနှစ်ဦးလုံးမသိကြပါ။ နေလှင်အောင်က တိုးတိုးတိတ်တိတ် နေရန်ပြောပြီး ချောစုသူသူတို့ရှိရာ လက်ညှိုးညွှန်ပြလိုက်သည်။

'သူသူလေး ဘယ်သူနဲ့လာလဲဟင်'

'မိခိုင်အကို ကိုနေလှင်အောင်နဲ့'

'ဒါဆို ပါလာမှာပေါ့၊ အထဲကိုခေါ်လိုက်ပါအုံး'

ညှိခန်းထဲမှ ပြောသံများကို ကြားနေရသဖြင့် ခိုင်ခိုင်စိုးသည် အကိုဖြစ်သူအား တွန်းလွှတ်ကာ....

'ကိုကိုသွားလိုက်လေ...တော်ကြာ မိသူသာခေါ်နေယင် ခိုင်ခိုင်တို့ကို တွေ့သွားမယ်'

နေလှင်အောင်စိတ်များ ထူပူနေသဖြင့် ဘာမှ မစဉ်းစားဘဲ ခိုင်ခိုင်စိုးပြောသည့်အတိုင်း ချောင်းသံပေး၍ ဝင်လာခဲ့သည်။

ချစ်သူနှစ်ဦးမှာ တဦးလက်ကိုတဦးကိုင်ယင်းပင် ကုလားထိုင်ရှိရာသို့ ချောစုသူသူသည် ဘလိုင်းထွန်းထွန်းအား ခေါ်ကာထိုင်စေသည်၊

'ကိုနေလှင်အောင် ထိုင်လေ'

'ရပါတယ် ကိုထွန်းထွန်း'

သုံးဦးသား ဧ ခန်းအလယ်တွင် စုဝေး ထိုင်လိုက်ကြသည်၊ သင်းသင်းမှာလည်း ညှိခန်းထဲမှ စကားသံများကြားရ၍ ထွက်လာခဲ့သည်၊

'ဘယ်သူများလဲလို့....ချောစုသူသူတို့ကိုး'

'ဟုတ်တယ်သင်းသင်းရယ်....ဝရမ်းပြေးကြီးကို လာဖမ်းတာ သူသူပြောနေတဲ့ချစ်သူဟာ ဟောဒီက ကိုထွန်းထွန်းဘဲလေ'

'ရှင်....တကယ်ပြောတာလား ဟင်'

သင်းသင်းမှာ မယုံတဝက် ယုံတဝက်ဖြင့် မေးလိုက်သည်။



'ဟုတ်ပါတယ် မသင်းသင်း... ချောစုပြောတာ မှန်ပါတယ်၊ ကျနော်လဲ ခင်ဗျားလိုဘဲ ဒီနေ့မှသိရတာပါ'

'ဟုတ်....ဟုတ်ကဲ့'

သင်းသင်းမှာ ထစ်ထစ်ငေါ့ငေါ့ဖြင့်ပြောလိုက်သော်။ ဘလိုင်းထွန်းထွန်းအပေါ်ထားရှိရသော သူမ စေတ္တနာတရားကိုလည်း သိလာရ၍ ဝမ်းနည်းမိသည်၊ နောက်ဆုံးတော့ ဘလိုင်းထွန်းထွန်းအနေအတိုင်း သူမ လုပ်ကိုင်ပေးရလျှင်ပင် ကျေနပ်နေခဲ့သူဖြစ်ပါ၏၊ ခိုင်ခိုင်စိုးတို့သူငယ်ချင်းများမှာ ညှိခန်းထဲ၌ လေးပွင့်ဆိုင်ထိုင်ပြီး ပြောဆိုနေသည်များကို အသက်ပင် မရှူရဲအောင် ငိုက်ပြီး နားထောင်နေမိကြ၏။

ချောစုသူသူမှာ ပူဆွေး သောကမြစ်ခဲ့ရသမျှ ချစ်သူကို တွေ့ရသည်နှင့် ကလေးငယ်ပမာ ဝမ်းသာအားရဖြစ်ကာ ရှင်မြူးလျက်ရှိသည်။

'ကိုအောင်....မနက်ဖြန်ကျယင် သူသူနဲ့လက်ထပ်ယင် သင်းသင်းနဲ့ ကိုကိုအောင်ကို အသိသက်သေအဖြစ် လက်မှတ်ထိုးခိုင်းရအောင်နော်'

ချောစုသူသူက အားတက်သရော ပြောနေသော်လည်း ဘလိုင်းထွန်းထွန်း မျက်နှာတွင် ဝမ်းသာအားရ ဖြစ်ပုံ မတွေ့ရသဖြင့် ချောစုသူသူကိုယ်စား ယူကျုံးမရဖြစ် အားမလိုအားမရဖြစ်လာခဲ့ရ၏။

ဘလိုင်းထွန်းထွန်းအနေဖြင့်လည်း ချစ်သူစကားကို အားရဝမ်းသာဖြစ်လိုလှပါသည်၊ သို့သော် သူ၏ အမှောင်ဘဝထဲသို့

ချစ်သူအား ဆွဲမခေါ်ရက်သလို စွန့်လွှတ်ရန် ခက်လှပါသ ဘုဏိုင်းထွန်းထွန်းအား ချောစုသူသူက လက်မောင်း ဆွဲ ကာ....

'ကိုအောင် ကြည့်ရတာ အားတက်သရော မရှိဘူးလို့ ထင် တယ်၊ သူသူ့အပေါ် အချစ်ရော့ သွားလို့လား ဟင်'

ဘလိုင်းထွန်းထွန်း ရင်ထဲတွင် နာကျင်အောင် ခံစားလိုက် သည်။ မိမိအသဲနှင့်အောင် ချစ်ရသူက အထင်လွဲသည့် စကား စကားနာထိုးသည့် စကား ပြောလာသောအခါ ပြန်လည် ရှင်းချက်ထုတ်ချင်လာခဲ့သည်။ သို့သော်....

'ဟော့ ကောင်....မင်းဘဝထဲကို မင်း ချစ်သူကို မဆွဲသွင်းရ ဘူးဆို...မင်းကို အထင်လွဲနေတာ ရှင်းလိုက်ယင် မင်း ချစ်သူ မင်းအပေါ် ပိုသံယောဇဉ်ကြီးလာလိမ့်မယ်၊ ထင်ချင်သလို ထ ပါစေ၊ ဘာလဲ.... မင်းက မင်းချစ်သူကို မစွန့်လွှတ်နိုင်တော့ဘူး လား၊ မင်းတကယ်ချစ်ယင် မင်းချစ်သူကို စွန့်လွှတ်ရမယ်၊ အနာ နာခံရမယ်။

'ဟုတ်တယ်....ငါ သူသူလေးအထင်လွဲအောင်ကို ပြောရမယ် နို့မဟုတ်ယင် သူသူလေး ငါ့ကိုတကယ်လက်ထပ်မှာ၊ ငါကြော သူသူလေး နောင်တချိန် စိတ်ဆင်းရဲရမှာ မလိုလားဘူး၊ သူသူလေးကို စိတ်နာအောင် ပြောရမယ်'

ဇော်ကိုအောင်မှာ အရူးကြီးပမာ စိတ်ထဲမှ ဝေခွဲမရဖြစ် လေသည်။



'ကြည့်ပါလား ကိုအောင်က....မေးတာလဲမဖြေဘူး၊ သူထူး အပေါ် သိပ်စိမ်းကားသွားတာဘဲ'

ဇော်ကိုအောင် သက်ပြင်းချယင်း ချောစုသူသူလက်လေးကို ကိုင်ကာ....

'လက်ထပ်ဖို့ကိစ္စက သိပ်စောလွန်းတယ်၊ ပြီးတော့ ကိုအောင် နဲ့ သူသူလေး ကွာသွားပြီးတဲ့နောက် ကိုအောင့်အခြေအနေကိုလဲ သူသူလေးမသိပါဘူး၊ ကိုအောင့် စကားတွေကိုလဲ ဆုံးအောင် နားထောင်ပြီး ကိုအောင့်ကို ခွင့်လွှတ်ပါကွယ်....၊ အခုထဲက ကိုအောင်ဟာ သူသူလေးကမ္ဘာထဲက သေလူအဖြစ်နဲ့ ထွက်သွား ပြီးသားပါ'

'ကိုအောင်ရယ်.... ကိုအောင် ဘာကိုဆိုလိုပြီး ပြောနေမှန်း သူသူမသိပါဘူး၊ သူသူသိတာတခုဘဲရှိတယ်၊ သူသူ ကိုအောင့်ကို သိပ်ချစ်တယ်၊ ကိုအောင်နဲ့လက်ထပ်မယ်၊ ဘာလဲ-ကိုအောင်က ချက်စိမမြင်တော့လို့ သူသူ လက်မထပ်နိုင်ဘဲ ရှောင်သွားမယ် ထင်ပြီးစိုးရိမ်နေလား....မထင်ပါနဲ့အချစ်ရယ်၊ သူသူ့အချစ်ဟာ ကိုအောင့်အပေါ်မှာ မပြောင်းလဲဘဲ အမြဲချစ်သွားမယ်ဆိုတာ ကိုအောင်မှတ်မိမှာပါနော်....။

'ကိုယ့်ချစ်သူကိုတကယ်ချစ်ယင် ချစ်သူဆီက မျှော်ကိုးစရာ ...က်စရာရှိမှ ချစ်တဲ့အချစ်မျိုး မဟုတ်ပါဘူး၊ ဘယ်ဘဝရောက် ရောက် ကိုယ့်ချစ်သူအပေါ်မှာ လက်တွဲမဖြုတ်ဘဲ ချစ်သွားမယ့် အချစ်မျိုးပါကွယ်၊ ကိုယ့်ဘက်ကဆာဆယင် နားမယ်၊ ဒုက္ခတွေ့ယင် ...နှလှ...တ်မယ်ဆိုတဲ့စိတ် သူသူမှာ လုံးဝမရှိပါဘူး'

ချောစုသူသူ၏ စကားလုံးတိုင်းက ဇော်ကိုအောင်အသဲကို အပ်နှင့်ဆွဲသကဲ့သို့ အခံရခက်လှသည်။ ချောစုသူသူ၏ မေတ္တာ စေတနာနှင့် သစ္စာတရားကို သိရလေ ဇော်ကိုအောင်မှာ ချစ်သူကို နှုတ်ထဲဆွဲမနှစ်ရက်လေ ဖြစ်နေရပါ၏။

'သူသူလေးရဲ့ ကိုအောင့်အပေါ်ထားတဲ့စေတနာကိုလေးစားပါတယ်၊ ကိုအောင် အသိလဲသိတယ်၊ သိပ်လဲ ဝမ်းသာရပါတယ် ဒါပေမယ့် ကိုအောင်နဲ့ သူသူလေး မထိုက်တန်ဘော့ပါဘူး'

'အို....ကိုအောင်နဲ့ သူသူ ဘာလို့မတန်ရမှာလဲ၊ သူသူကိုယ်တိုင်က ကိုအောင့်ဘဝထဲကို ဝင်လာချင်တဲ့ သူပါ၊ သူသူ့ကို ချစ်သေးလား၊ မချစ်တော့ဘူးလားသာ ပြောပါ'

'ချစ်ပါတယ် သူသူလေးရယ်၊ ချစ်တာမှ အသဲနှင့်အောင်ကို ကိုအောင့်ဘဝထက် ပိုပြီး ချစ်ပါတယ်'

ဇော်ကိုအောင်စကားကြောင့် ချောစုသူသူ ပြုံးလာသည်။ ဇော်ကိုအောင်လက်ကိုလည်း တင်းခအောင်ဆုပ်ယင်း ကန္တကယ ဖြင့် ခွဲလိုက်ပါသည်။

'ချစ်ယင် ပြီးတာဘဲ၊ အရင်တုန်းကလိုဘဲ ဘာမှဆို သူသူလေး သဘောပါလို့ပြောယင် ကိုအောင့်ရဲ့သူသူလေး ဝမ်းမသာရဘူးလား ကိုအောင်ရယ်'

ဇော်ကိုအောင် မျက်နှာပျက်သွား၏။

'သူသူလေးကို အမြဲစိတ်ချမ်းသာအောင် ကိုအောင်ပြောချင်ပါတယ်ကွယ်၊ ဒါပေမယ့် ဒီအခွင့်အရေးကို ကိုအောင်မယူထိုက်တော့ဘူး၊ ကိုအောင်လိုဘဲ သူသူလေးအပေါ် ချစ်သွားနိုင်



မယ့် ကိုနေလွင်အောင်ကို ပေးရတော့မယ် သူသူလေးရယ်' ဟု စိတ်ထဲမှပြောယင်း နှုတ်ကမူ....

'ချစ်တာနဲ့ ညားတာ တခြားစီဆိုတာ ကိုအောင်လက်ခံတယ်၊ သူသူလေးကိုချစ်ပေမယ့် သူသူလေးအပေါ် ကိုအောင် သစ္စာမဲ့ခဲ့မိတယ်'

'ဟင်'

ဇော်ကိုအောင်စကားကြောင့် အားလုံးမှာ အံ့အားသင့်သွားမိကြသည်။အပြင်ဘက်မှ နားထောင်နေကြသော ခိုင်ခိုင်စိုးတို့ သူငယ်ချင်းတသိုက်ပင် တယောက်ကိုတယောက် ကြည့်လိုက်မိကြရပါ၏။

'သိပ်အံ့ဩသွားလား သူသူလေး'

'ကိုအောင်ရယ်....သူသူ့ကို ကျီစားနေတာလားဟင်'

'ဒီကိစ္စမျိုးနဲ့ပတ်သက်ပြီး ကိုအောင် သူသူလေးကို မကျီစားရက်ပါဘူး၊ ကိုအောင် တကယ်ပြောတာပါ၊ အိုးချင်းထားတော့ အိုးချင်းထိတာ မဆန်းပါဘူး၊ ကိုအောင်လေ သင်းသင်းနဲ့ လက်ထပ်ရတော့မယ်'

'ဟင်'

ချောစုသူသူမှာ ဇော်ကိုအောင်စကားကြားသည်နှင့် သင်းသင်းဘက် လှည့်ကြည့်မိသည်။ သင်းသင်းမှာလည်း အံ့အားသင့်ကာ မှင်သက်မိသွားတော့၏။ သူမအဖို့ ကိုထွန်းချစ်သည်မှာ ချောစုသူသူမှန်းသိသဖြင့် နားမလည်နိုင်အောင် ဖြစ်သွားရ၏။

'ကိုထွန်း....ဘာ'

'ပါးစပ်ပိတ်ထားစမ်း သင်းသင်း၊ အကိုထွန်းကို ချစ်ယင် သင်းသင်း စကားမဟပါနဲ့ ငြိမ်ငြိမ်လေးနေပါ၊ အကိုထွန်း ပေးခဲ့ကျြားပါ၊ အကိုထွန်းကြောင့် နစ်နာသွားရတဲ့ သင်းသင်းကို အကိုထွန်း လက်ထပ်ယူရမှာပေါ့'

သင်းသင်းမှာ ဖြေရှင်းချက် ပေးချင်သော်လည်း ဇော်ကိုအောင်၏ 'အကိုထွန်းကိုချစ်ယင်' ဆိုသောစကားကြောင့် ငြိမ်နေလိုက်ရသည်။

ဒ္ဒ

ချောစုသူသူမှာ ချစ်သူကိုအထင်ကြီးကာ ပြောခဲ့မိသော စကားများကြောင့် နေလွင်အောင်ကို ရှက်နေမိသည်၊ ထို့ပြင် မမျှော်လင့်သောစကားကြောင့် နာကျင်အောင် ခံစားလိုက်ရသည့်နည်းတူ ဇော်ကိုအောင်အပေါ် နာကျည်းမှုလေးများပင် ဝင်လာခဲ့တော့သည်။

'ကိုအောင့်ကို ခွင့်လွှတ်ပါလို့မပြောနိုင်ပေမယ့် မေ့လိုက်ပါတော့လို့ ပြောပါရစေ သူသူလေး'

ချောစုသူသူမှာ မိမိချစ်သူသည် မိန်းကလေးတဦးနှင့် လက်ထပ်တော့မည်ဆို၍ ဝမ်းနည်းစွာ ငိုကြွေးမိသည်၊ သူမရင်ထဲတွင် နာကျည်းမှုနှင့် ဝမ်းနည်းမှုမှာ တဂဏ္ဍစီ ဖြစ်နေပါ၏။

ဇော်ကိုအောင်မှာလည်း ထိုကဲ့သို့ ချစ်ရသူလေးငိုကြွေးနေသည်ကိုကြားရ၍ ကြေကွဲနေရသည်သာ၊ ချောစုသူသူ၏ သစ္စာတရားနှင့် မေတ္တာကိုသိသဖြင့် ချစ်သူခံစားရမည့် ဝေဒနာကိုလည်း ကိုယ်ချင်းစာမိသည်သာ။ ဇော်ကိုအောင်ရင်ထဲတွင်လည်း သည်တခါတွင်တော့ အချစ်ဆုံးသူသူလေးကို လုံးဝစွန့်လွှတ်လိုက်ရပြီဆိုသော အသိဖြင့် လှိုက်လှဲစွာ ငိုကြွေးနေမိသည်။



'ကိုအောင် စိတ်မကောင်းပါဘူး သူသူလေးရယ်၊ကိုအောင့်ကို သူသူလေး စိတ်နာမယ်ဆိုယင် နာသင့်ပါတယ်'

ချောစုသူသူငိုနေရာမှ မျက်နှာမော့လာကာ မရယ်ချင်ဘဲ ရယ်လိုက်ပါ၏။

'ဟင်း....ဟင်း....စိတ်နာသင့်တယ် ဟုတ်လား၊စိတ်နာသင့်တာ မဟုတ်ဘူး စိတ်နာတယ်၊ တသက်လုံး မကြည့်ချင်အောင်ကို နာတယ်၊ ဒီမှာ နာမည်ကြီးအဆိုကျော်ကြီး ကိုထွန်းထွန်းရှင့်.... ဟိုတုန်းက ကျမပြောခဲ့တဲ့စကားတွေ ရှင်ဘဝင်မမြင့်သွားယင် မှတ်မိမှာပေါ့၊ ကျမက သစ္စာမဲ့တဲ့သူဆို သိပ်မုန်းတယ်၊ ကျမအပေါ် သစ္စာမဲ့သွားယင်တော့ နှလုံးသားက မပြောင်းလဲချင်တောင်မှ ကျမက ပြောင်းလဲသွားအောင် လုပ်လိုက်မှာပါ၊ ကျမအပေါ်မှာကြင်နာတဲ့ ယောကျ်ားကို ကျမက တမ်းတနေစရာ မလိုပါဘူးရှင်၊ ရှင့်ကိုအထင်ကြီးမိခဲ့တဲ့ ကျမရဲ့စိတ်ကို ကျမရွံလာ....မုန်းလာမိတယ်'

ချောစုသူသူကိုကြည့်ပြီး နေလွင်အောင် အံ့အားသင့်မိသည်။ ချောစုသူသူသည် ဇော်ကိုအောင်နှင့်ပတ်သက်လျှင် အနစ်နာခံရန်ပင် ဆုံးဖြတ်ခဲ့သော ချစ်သူအပေါ် သစ္စာရှိသည့် မိန်းကလေး။

ဇော်ကိုအောင်က သင်းသင်းကို လက်ထပ်ရမည်ဆိုသည်နှင့် ကြားခါစက ဝမ်းနည်း၍ ငိုလိုက်မိသော်လည်း ချက်ချင်းမျက်ရည်သုတ်ကာ ဇော်ကိုအောင်အား တလုံးချင်း ပြောနေတော့သည်။ 'ကိုအောင်နှင့် သူသူ ပြောနေရာမှ ရှင်နှင့်ကျမ' ဖြစ်သွားရအောင်ကို စိတ်နာသွားမှန်း နေလွင်အောင် အကဲခတ်

မိသည်။ အချစ်ကြီးတော့ အမျက်ကြီးတတ်ကြသည်မှာ လူ
သဘာဝပင် မဟုတ်ပါလား။

'ချောစုရယ်....စိတ်ကိုထိန်းပါ'

နေလွင်အောင်က ဘလိုင်းထွန်းထွန်းကို အားနာသ
ချောစုသူသူကို ဝင်ဖျောင်းဖျသည်။ ခိုင်ခိုင်စိုးတို့မှာလည်း ရေ
ပမာနေခဲ့သော ချောစုသူသူအားကြည့်ကာ အံ့အားသင့်ရပ
တကယ်တော့ ချောစုသူသူမှာ မြွေပွေးမလေးပမာနှယ်ပင်
နေသည် မဟုတ်ပါလား။

သူသူ နားလည်ပါတယ် ကိုကိုအောင်၊ သူသူကျလိုက်
မျက်ရည်က သစ္စာမရှိတဲ့ ယောကျ်ားကိုမှ မြတ်မြတ်နိုးနိုးချ
ပါလားဆိုပြီး နောင်တရလို့ ကျသွားတဲ့မျက်ရည်ပါ'

'သူသူလေး စိတ်ချမ်းသာသလို ပြောပါစေ ကိုနေလ
အောင်'

ဘလိုင်းထွန်းထွန်းက ချောစုသူသူပြောသမျှ ခံမည်ဆို
အသံဖြင့် နေလွင်အောင်ကို ပြောလိုက်သည်။ ချောစုသူ
သည် ဘလိုင်းထွန်းထွန်းအား နာကျည်းစွာကြည့်၍....

'ရှင် ကျမကို သူသူလေးလို့ ခေါ်စရာမလိုတော့ဘူး၊ ရှင့်
သစ္စာမရှိတဲ့ ယောကျ်ား၊ စကားလုံးလှလှလေးတွေကို တန်
ဆင်ပြီး မိန်းကလေးတွေကျလောက်အောင်သာ ပြောတတ်
လက်တွေ့မပါတဲ့ ယောကျ်ား၊ ကတိမတည်တဲ့ ယောကျ်ာ
ကျမကို ပြောပေးစရာ၊ ချုပ်ချယ်စရာလဲ မလိုဘူး၊ ခေါ်စရ
မလိုပါဘူး'



'ပြောပါ သူသူလေးရယ်၊ သူသူလေးက ကျားနာမလေးဖြစ်
နေတော့ ကိုအောင် စိတ်တင်းပြီးခံပါ့မယ်'

'ဟုတ်တယ်....ရှင်က အသာစီးရထားတော့ ပြောသမျှခံရမှာ
ပေါ့လေ၊ ကျမကလဲ ရင်ထဲရှိသာတွေအားလုံး ပြောခဲ့မှာပါဘဲ၊
ရှင် အရင်ကပြောခဲ့တဲ့ စကားလေးတွေကို ပြန်စဉ်းစားကြည့်စမ်း
ပါ၊ ကျမ့်ကလဲ့ပြီး ရှင့်အသဲနှလုံးမှာ ဘယ်သူ့ကိုမှ နေရာမပေး
နိုင်ဘူး၊ မချစ်နိုင်ဘူး၊ အစားမထိုးနိုင်ဘူးဆို....။

'ရှင့်စကားကို ကျမက အဟုတ်မှတ်ပြီးယုံခဲ့မိတယ်၊ ခုတော့
ရှင်က အတွေ့ကိုမရှောင်နိုင်တဲ့ယောကျ်ားကောင်းကြီးဘဲ၊ ကျမက
ရှင်သစ္စာရှိနေယင် မျက်စိမမြင်ရုံတင်မဟုတ်ဘူး၊ အိပ်ရာထဲမှာ
လဲနေပြီး မထနိုင်ယင်တောင် ရှင့်ရဲ့သစ္စာတရားကို အလေး
ထားပြီး ရှင့်ကိုချစ်ပြမယ်၊ လက်ထပ်ပြမလို့ လာခဲ့တာပါဘဲ၊
ခုတော့—ခုတော့....ရှင့်ကို ကျမမုန်းတယ်၊ ရှင့်အတွက်နဲ့ ကျမ
ဘဝဟာ ခြောက်သွေ့ခဲ့ရတယ်၊ ရှင့်ကို တသသနဲ့လွမ်းပြီး ရင်ထဲ
မှာ အမြဲငိုနေခဲ့ရတယ်၊ ပျော်ရွှင်မှုဆိုတာ ရှင်နဲ့အတူမြေမြှုပ်ပြီး
နေခဲ့တဲ့သူပါ၊ ဒီအတွက် ကျမ ရှင့်ဆီကရလိုက်တဲ့ ဆုလာဘ်က
တော့ ရှင့်ရဲ့သစ္စာမဲ့မှုဘဲ။

'ရှင့်ကို သိပ်စိတ်နာတယ် ကိုဇော်ကိုအောင်၊ အော်....မေ့လို့
နာမည်ကြီးအဆိုကျော်ကြီး ဂ ထွန်းထွန်း၊ ရှင် စိတ်ချမ်းသာတယ်
ဆိုယင် ကျေနပ်ပါတယ်၊ ဒီနေ့ကစပြီး ကျမနဲ့ရှင် ဘာမှမသက်
ဆိုင်သလို ကျမဘဝထဲမှာလဲ ရှင်မရှိတော့ဘူး၊ ရှင့်ကို မတွေ့
နိုင်မယ်၊ ရှင်နဲ့ဝေးရာမှာဘဲ ကျမ့်ဘဝကို အစပျိုးတော့မယ်'

**ချောစုသူသူစကားများက** ဇော်ကိုအောင်ကို ရင်နာစေစေ သည်၊ ချောစုသူသူသည် မိမိအပေါ် တကယ်ဘဲ စိတ်နာသွား မှန်း ဇော်ကိုအောင်သိသည်။ အအိမ်တည်း လက်ပွန်းတတီး ယုယပြုစုနေသော သင်းသင်းနှင့် မိမိ ငြိစွန်းသည်ဆိုခြင်းက ချောစုသူသူအတွက် ယုံကြည်စရာပင် မဟုတ်ပါလား။

'ချောစု နေအုံးလေ၊ မသွားနဲ့အုံး'

နေလွင်အောင် အော်သံကြားမှ ဘလိုင်းထွန်းထွန်းသည် ချောစုသူသူထွက်သွားမှန်း သိရသည်။

'ကိုထွန်းထွန်း ခဏနေဉ်'

နေလွင်အောင်သည် ချောစုသူသူနောက်ကိုလိုက်ရန် ဘလိုင်း ထွန်းထွန်းအား ခွင့်တောင်းကာ ထွက်ခဲ့သည်။ သို့သော် ခိုင်ခိုင် စိုးနှင့် ယုယုခိုင် နှစ်ဦးထဲသာတွေ့ပြီး ခိုင်ခိုင်စိုးက နေလွင်အောင် ကိုကြည့်ပြီး....

'မိသူ သိပ် Hot ဖြစ်နေသေးတယ်၊ ကိုကိုမလိုက်သွားပါ အုံး၊ မိခအါဲ့ သန္တာကို မိသူနောက် လိုက်သွားခိုင်းလိုက်ပြီ'

'ဒါဆို ကိုကို ကိုထွန်းထွန်းနဲ့ စကား ပြောလိုက်အုံးမယ် ချောစုအတွက် စိတ်ချရပါတယ်နော်'

'အင်းပါ စိတ်ချပါ၊ မိသန္တာတို့က မိသူသွားရာ လျှောက် လိုက်ကြမှာပါ'

ထိုအခါမှပင်နေလွင်အောင်မှာအိမ်ထဲပြန်ဝင်လာကာငိုကြွေး နေသောဘလိုင်းထွန်းထွန်း၏မျက်နှာကိုလက်ဖြင့်မော့လိုက်ကာ

'ကျနော်စိတ်မကောင်းပါဘူး ကိုထွန်းထွန်း၊ ချောစုသူသူ ခင်ဗျားဆီကို မျှော်လင့်ချက်နဲ့ ရဲရဲဘင်းတင်း ဆုံးဖြတ်ပြီးလာတာ



ပါ၊ ချောစုံ စိတ်ချမ်းသာမှုကို လိုလားပြီး ချောစုံ ပျော်ရွှင်ပါ စေဆိုပြီး ခင်ဗျားဆီခေါ်လာခဲ့တာပါ၊ ခုတော့ အားလုံးဝမ်း နည်းစရာတွေ ဖြစ်ကုန်ပြီပါဗျာ'

'**စိတ်မကောင်း** မဖြစ်ပါနဲ့ကိုနေလွင်အောင် ဘယ်တတ်နိုင် **မလဲဗျာ** ကံစီမံရာပေါ့'

**တချိန်လုံး**ငြိမ်ခနေသော သင်းသင်းမှာ ဘလိုင်းထွန်းထွန်းအား **တချက်ကြည့်လိုက်ပြီး** နေလွင်အောင်ကို ရှင်းပြလေတော့၏၊

'အကိုထွန်းပြောတာတွေ မဟုတ်ဘူး အကိုနေလွင်အောင် ဒီကိစ္စမှာ အကိုတို့ထင်သလို မဟုတ်ပါဘူး'

'သင်းသင်း အကိုထွန်းစကားကို နားမထောင်တော့ဘူးလား အကိုထွန်းကို ချစ်တယ်ဆို'

'အကိုထွန်းကိုချစ်လို့ အကိုထွန်းစကား နားမထောင်ဘဲ ဝင် ပြောတာပါ၊ အကိုထွန်းစိတ်ချမ်းသာတာဘဲ သင်းသင်းမြင်ချင် တယ်၊ သင်းသင်း အကိုထွန်းကို ချစ်တယ်၊ ဒါပေမယ့် အကို ထွန်းက သင်းသင်းကိုမှ မချစ်နိုင်တာ၊ အကိုထွန်းချစ်တာက ချောစုသူသူ**ကိုဘဲ**'

'အကိုထွန်း အားလုံးကို အရှုံးပေးပါပြီ'

'အကိုနေလွင်အောင်တို့ ကြားခဲ့တဲ့စကားတွေက တခုမှမမှန် ပါဘူး၊ တကယ်တော့ အကိုထွန်းနဲ့သင်းသင်းဟာ လုံးဝ မငြိ စွန်းပါဘူး၊ ခုချိန်ထိ သင်းသင်းတို့မိသားစုအပေ ဆွေမျိုးသား ချင်းလို အကိုထွန်း ဆက်ဆံခဲ့တယ်ဆိုတာ သင်းသင်း ကျိန်ပြော ရဲပါတယ်၊ တကယ်တော့ အကိုထွန်းဟာ ချောစုသူသူ အပေါ်

မှာ သိပ်ချစ်သလို သစ္စာရှိရှိနဲ့ ချစ်ခဲ့တဲ့သူပါ၊ အကိုထွန်းချော သူသူ့အပေါ် သစ္စာမမဲ့ပါဘူး၊ တော်ကြာတုန်းက စကားေ ဟာ ချောစုသူသူ အထင်လွဲသွားအောင် ပြောလိုက်တဲ့ စက တွေပါ'

'ဟင်'

ခိုင်ခိုင်စိုးနှင့်ယုယုခိုင်တို့မှာလည်း သင်းသင်း စကားကြေ ဝမ်းသာဝမ်းနည်း ဖြစ်သွားရပြန်သည်။ ချောစုသူသူသာသိလ မည်မျှ ဝမ်းသာပေလိမ့်မည်နည်း၊ ချောစုသူသူကို ပြေး ခေါ်ချင် စိတ်ပင်ပေါ်လာခဲ့သည်။ သို့သော် အားလုံးကို စုံ အောင် နားထောင်လိုသည့် မိန်းကလေး သဘာဝအတိုင်းငြိမ် ဆက်နားထောင်နေပြန်သည်။

'ဒါဆို....ကျနော် ချောစုသူသူကို ပြန်ခေါ်ခဲ့မယ်၊ ချေ သာကြားယင် ဘယ်လောက်ဝမ်းသာလိုက်မလဲ'

နေလွင်အောင်ထိုင်ရာမှထပြီး ပြောလိုက်သည်။

'ပြန်ထိုင်ပါအုံး ကိုနေလွင်အောင်၊ ကျနော့စကားကို ' အောင် နားထောင်ပါအုံး'

'ဟုတ်ကဲ့-ပြောပါ'

'ပြတ်သွားတဲ့ကြိုးစတစကို ဘာလို့အပင်ပန်းခံပြီး ပြန်ဆ ချင်ရတာလဲ ကိုနေလွင်အောင်၊ သူသူလေး အထင်လွဲပြီး စိ နာသွားတာဘဲ ကောင်းပါတယ်ဗျာ၊ ကျနော့ဘဝက သူသူလေ နဲ့ မတန်တော့ပါဘူး၊ ကျနော့ကို ကတိတခုပေးဗျာ၊ခုသင်းသင် ရှင်းပြတာတွေကို ခင်ဗျား သူသူလေးကို ပြန်မပြောပါဘူးလ



သူသူလေးဟာ ခင်ဗျားနဲ့သာ ထိုက်တန်ပါတယ်၊ သူသူလေး အတွက် ကျနော် ခင်ဗျားကိုဘဲ စိတ်ချတယ်၊ ကိုနေလွင်အောင်'

'စဉ်းစားပါအုံး ကိုထွန်းထွန်း၊ ခင်ဗျား ချောစုကို မချစ်ဘူး လား'

နှစ်ဦးသားတဦးကိုတဦး မေးခွန်း ထုတ်နေကြသည်။ သင်း သင်းမှာ ငြိမ်ရှိပင် နားထောင်နေပါ၏။

'ချစ်တာပေါ့ ကိုထွန်းထွန်း၊ ကျနော်က တဖက်သတ်ချစ်နေ ရတဲ့သူမို့ နောက်ဆုတ်စရာရှိယင် ကျနော်ကဲသာ နောက်ဆုတ် ပေးရမယ့်သူပါဗျာ'

'ကိုနေလွင်အောင်စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ဒါကြောင့် ကျနော်က ခင်ဗျားနဲ့ဆို စိတ်ချတာပေါ့၊ ခြိမ်းခြောက်တယ်လဲ မထင်ပါနဲ့ တကယ်လို့ခင်ဗျားက ဖွင့်ပြောပြလို့ သူသူလေး ကျနော့ဆီပြန်လာယင် ကျနော်ကိုယ်ကျနော် သတ်သေလိုက် မယ်၊ ဒုက္ခကိုကြုံနေရတဲ့သူအဖို့ နောက်ထပ်ဖြစ်လာမယ့် ဒုက္ခကို မကြောက်တတ်တော့ဘူး ကိုနေလွင်အောင်'

နေလွင်အောင် သက်ပြင်း ချလိုက်သည်။ ဘလိုင်းထွန်းထွန်း ကတော့ ဆက်ပြောနေပါ၏။

'ကျနော့ဘဝက မျက်စိလုံးဝပြန်မမြင်မှန်း သိကထဲက သူသူ လေးကို စွန့်လွှတ်ပြီးသားပါ၊ ဟဲ ဟဲ အရင်တုန်းကတော့ သူ့ကို မမေ့နိုင်ပေမယ့် ခုတော့ ကျနော်ကိုယ်တိုင်ကဲ မေ့အောင် ကြိုးစားရတော့မှာပါ၊ တခုတော့ရှိတယ်၊ ခင်ဗျားနဲ့ဆို စိတ်ချ တယ်ဆိုပေမယ့် ကျနော့ရင်ထဲမှာ ခံစားမှုဝေဒနာလေးကတော့

တော်တော်နဲ့ပျောက်သွားမယ် မထင်ဘူး သိလားဗျ ကိုနေလင်း
အောင်၊ ခုမှ ကိုယ့်အချစ်ဆုံးချစ်သူကို တကယ်စွန့်လွှတ်လိုက်ရ
ဗျာ၊ တခုတော့မှာပါရစေ၊ ကျနော့်ချစ်သူဟာ သူတော်ကော
ငလေးပါ၊ သူ့အပေါ် ခင်ဗျားစိတ်သန့်သန့်နဲ့ ဆက်ဆံသွား
သူနဲ့ကျနော်ဟာ စောင့်ထိန်းကြပါတယ်၊ သူ့ကို ခင်ဗျ
အသက်သုံး စိတ်ချမ်းသာအောင် ထားသွားပါလို့ဘဲ ကျနေ
တောင်းပန်ပါရစေ၊ သွားတော့ ကိုနေလွင်အောင်၊ သူသူထ
တွေ့ လျှောက်လုပ်မှာစိုးရတယ်၊ သူသူလေးနောက် လိုက်သ
ပါဗျာ'

ဇော်ကိုအောင်မှာ မျက်ရည်များကျလာပြီး တုန်ရီလှိုက်
သောအသံဖြင့် ပြောလိုက်သည်။

'သွားတော့မယ်ကိုထွန်းထွန်း'

'ဟုတ်ကဲ့....ကျနော်တောင်းတဲ့ ကတိကို ကိုနေလွင်အော
တည်မယ်လို့ ယုံကြည်ပါတယ်၊ ခင်ဗျားနဲ့သူသူလေးတို့ အ
လမ်းခရီး ဖြောင့်ဖြူးသာယာပါစေလို့ ကျနော် ဆုတော
နေပါမယ်'

'စိတ်ချပါဗျာ....သွားမယ်သင်းသင်း'

နေလွင်အောင်က သင်းသင်းကိုပါ နှုတ်ဆက်ပြီး ချောစုသူ
ရှိရာသို့လိုက်ရန် ထွက်ခဲ့တော့သည်။ ဇော်ကိုအောင်သည် မျ
ရသော မျက်လုံးများနှင့်ပင် နေလွင်အောင် ထွက်ခွာသွားရာ
ငေးကြည့်နေမိပါပြီ။

'လာလေ....မိခိုင်တို့ပြန်ကြစို့'



'ကိုကိုပြန်နှင့်'

'နင်တို့က ဘာလုပ်အုံးမလို့လဲ'

'ဘာတွေပြောကြအုံးမလဲလို့ စောင့်နားထောင်ချင် သေးလို့
ကိုကိုသာ အဆောင်ကိုလိုက်သွားပါ၊ ခိုင်ခိုင်တို့ လိုက်လာခဲ့
မယ်....'

'ဒါဆို....ကိုကိုသွားနှင့်မယ်'

နေလွင်အောင်မှာခေါင်းငိုက်စိုက်ချ၍ တရွေ့ရွေ့ ထွက်ခွာ
သွားတော့သည်။ ခိုင်ခိုင်စိုးတို့၏ မျက်လုံးက အိမ်ထဲသို့ ပြန်
ရောက်သွားကြသည်။

သင်းသင်းသည် ဇော်ကိုအောင်လက်မောင်းကို ကိုင်လိုက်ပြီး
ဇော်ကိုအောင်အား နားမလည်၍ မေးလိုက်ပါ၏။

'အကိုထွန်း ဘာတွေလျှောက်လုပ်နေတာ လဲဟင်'

ဇော်ကိုအောင်ခေါ် ဘလိုင်းထွန်းထွန်းသည် သက်ပြင်းရှည်
ကြီး ချလိုက်၍....

'ညီမလေးရယ် အကိုထွန်းလုပ်တာတွေကို မှားတယ်-မှန်တယ်
မဝေဖန်ပါနဲ့၊ အကိုထွန်းအနေနဲ့ အားလုံးကောင်းဖို့ အသဲနှလုံး
ကို စတေးပြီးဆုံးဖြတ်ခဲ့ရတာပါ၊ သူသူလေးက အကိုထွန်းအပေါ်
သစ္စာရှိပြီး အကိုထွန်းဘယ်ဘဝရောက်ရောက် လက်ထပ်မယ်ဆိုတဲ့
စကား ကြားရတာ အကိုထွန်းအဖို့ မျက်စိ ပြန်မြင်တာထက်
တောင် ဝမ်းသာရပါတယ်။

'ဒါပေမယ့်....အကိုထွန်း သူသူလေးကိုသနားတယ်၊ တသက်
လုံး အကန်းဘဝနဲ့ နေသွားရမယ့် အကိုထွန်းရဲ့ကမ္ဘာလေးထဲကို

သူသူလေးကို ဆွဲမသွင်းရက်ဘူး၊ ပတ်ဝန်းကျင်ရဲ့ ရိုက်ပုတ်ဒဏ်ကို သူသူလေးခံရပြီး စိတ်ဆင်းရဲမှာ မလိုဘူး။

'ဒီတော့ တသက်လုံး စိတ်ဆင်းရဲရမယ့်အစား ခဏတာ စိတ်ဆင်းရဲမှုကိုတော့ သူသူလေးခံစားရတာဘဲဆိုတဲ့ အတွေးနဲ့ သင်းသင်းနဲ့လက်မထပ်လို့ မဖြစ်တော့တဲ့ အခြေအနေ ရှိတယ်လို့ ပြောလိုက်တာဘဲ၊ သူသူလေးစိတ်ကို အကိုထွန်းသိတယ်သင်းသင်း၊ သူသူလေးဟာ အကိုထွန်းအပေါ် သိပ်ချစ်ပြီး အရာရာခွင့်လွှတ်နိုင်ပေမယ့် မိန်းမကိစ္စနဲ့ပတ်သက်လာယင် လုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ မိန်းမရှုပ်နေတယ်လို့ အသံထွက်တာနဲ့ အကိုထွန်း ပြေရှင်းချက်ကို နားမထောင်ဘဲ အကိုထွန်းကို လုံးဝ အတွေ့မခံဘဲကြနေမယ့်သူ၊ ဒါကြောင့် သူစိတ်နာသွားအောင် တမင်ပြောလိုက်တာ....'

'အကိုထွန်းကော....ချောစုသူသူပါ ကြေကွဲ ကြရတာဟာ အမြတ်ပေါ့ဟုတ်လား အကိုထွန်း'

'ဒီလိုလဲဘယ်ဟုတ်မလဲ၊ ဘကယ်ချစ်ပြီဆိုယင် ကိုယ့်ချစ်သူကို ပိုင်ဆိုင်ချင်ကြတာဘဲ၊ ဆုံးရှုံးရမှာကြောက်တာဘဲ၊ အကိုထွန်းလူကောင်းတုန်းက သူသူလေးကိုလက်လွှတ်မခံနိုင်ဘူး၊ တွေးရင်း ရင်ထဲနာကျင်အောင် ခံစားခဲ့ရတယ်၊ အဲ ခုလို ဖြစ်နေတော့လဲ ကိုယ့်ရဲ့အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး တကိုယ်ကောင်းဆန်ပြီး ဆုံးဖြတ်လို့မရဘူးလေ၊ အထူးသဖြင့် သူသူလေးက အကိုထွန်းကိုလက်ထပ်မယ်လို့ ဆုံးဖြတ်တော့အကိုထွန်းပိုစဉ်းစားရပြီ၊ သူ့မိဘအသိုင်းအဝန်းက အကန်းကို ယူရသလားဆိုပြီး



ပစ်ပယ်မှာကိုသိသားနဲ့ အကိုထွန်းကို လက်ထပ်ရဲတဲ့ သူသူလေးရဲ့ သတ္တိနဲ့ မေတ္တာကို လေးစားပါတယ်၊ ချီးလဲကျူးတယ်၊ ဒါပေမယ့် အကိုထွန်းမလုပ်ရက်ဘူး'

'အကိုထွန်းအဖြစ်တွေကိုကြည့်ပြီး သင်းသင်းတော့ ငိုချင်လာတာဘဲ'

'မငိုပါနဲ့....အကိုထွန်းဟာ အကောင်းဆုံးကို လုပ်လိုက်တာပါ၊ သူသူလေးကို အကိုထွန်းကိုချစ်သလို ချစ်နိုင်မယ့် ကိုနေလွင်အောင်လို ယောကျ်ားပီသပြီး သဘောထားကြီးတဲ့ ယောကျ်ားကိုလဲသနားတယ်'

'ကိုနေလွင်အောင်ဟာ ချောစုသူသူအပေါ်မှာ အနစ်နာခံပြီး ချစ်နိုင်တဲ့သူ၊ သူတို့နှစ်ယောက်ဟာ နေနဲ့လပမာ လိုက်ဖက်မယ်လို့ အကိုထွန်း ယူဆဘယ်၊ ဒီလိုမှမပြောယင် သူသူလေးဟာ အကိုထွန်းဘဝထဲ ပတ်ဝန်းကျင်ကို ရင်ဆိုင်ပြီးဝင်လာမှာကိုသိလို့ တမင်စိတ်နာအောင် ပြောလိုက်တာပါ၊ ဒါပေမယ့် အကိုထွန်း အချစ်က သင်းသင်းအပေါ် မောင်နှမလိုဘဲချစ်ပြီး စောင့်ရှောက်သွားမှာပါ'

'အကိုထွန်း....ဘယ်လောက်ဘဲ ဟန်ဆောင်ဟန်ဆောင် အကိုထွန်းရဲ့ အချစ်ဆုံးချစ်သူကို စွန့်လွှတ်လိုက်ရလို့ အကိုထွန်းရင်ထဲမှာ ငိုနေရမယ်၊ ငိုတာမှ ရင်နာမဆုံးအောင် ငိုနေရမယ်ဆိုတာ သင်းသင်းသိတယ်၊ အကိုထွန်းစွန့်လွှတ်မှုက သူရဲကောင်းမဆန်လွန်းဘူးလားဟင်'

'အပ်ကြောင်းထပ်နေတဲ့စကားကိုဘဲ ထပ်ပြောပါရစေအုံး၊ အကိုထွန်းလေ သူသူလေးကိုသိပ်ချစ်တယ်၊ အကိုထွန်းရဲ့ နောက်

ဆုံး တွက်သက်ထိကို ချစ်သွားမှာဘဲ၊ သင်းသင်းက သူ့ရဲ့ကောင်းဆန်တယ်ပြောတယ်၊ ဟုတ်တယ် အကိုထွန်းလုပ်ရပ်က သူ့ကောင်းဆန်သွားတယ်။ လူတိုင်းမလုပ်ဝံ့တဲ့ အဆုံးအဖြတ်ကို အကိုထွန်းလုပ်တယ်၊ အချစ်စစ်ဆိုတာ အတူပေါင်းသင်းရမှ မဟုတ်ဘူး' မပေါင်းသင်းရလဲ ချစ်နေမှာပါ၊ သူသူလေးစိတ်ကို အကိုထွန်းသိတယ်၊ သူသူလေးဟာ အကိုထွန်းအပေါ်မှာ နာကျည်းသွားပေမယ့် မုန်းနိုင်မေ့နိုင်မှာမဟုတ်ဘူး၊ လောကကြီးမှာ ချစ်တိုင်းမညားကြရတဲ့ချစ်သူတိုင်းဟာ အကိုထွန်းတို့လိုဘဲ ခံစားနေကြရမယ်ဆိုတာ အကိုထွန်း ကိုယ်ချင်းစာတယ်'

'ဒီလောကမျ်ား ချစ်နေကြသ၀ူးနဲ့ အကိုထွန်းရယ်'

သင်းသင်းက ဘလိုင်းထွန်းထွန်းအားကြည့်ပြီး မချိတင်ကဲ ဖြစ်သွားရသည်။ ဘလိုင်းထွန်းထွန်းမျက်လုံးထဲတွင် မျက်ရည်များ ပြည့်လျှံနေသည်။ သူမတွယ်တာချစ်ခင်မိသော အကိုထွန်း တယောက် ရင်ထဲတွင် ငိုနေပြီဆိုတာကို သင်းသင်းနားလည်လိုက်သည်။

ဘလိုင်းထွန်းထွန်းကဲ့သို့ပင် သင်းသင်းရင်ထဲတွင်လည်း ငိုနေခဲ့ရပါသည်၊ တဖက်သတ် ချစ်နေရသော နေလွင်အောင်ကို သင်းသင်း ကိုယ်ချင်းစာလာမိတော့သည်။

ဘလိုင်းထွန်းထွန်းအသံများမှာ တုန်ယင်နေပြီး ငိုရှိုက်သံလေးများပင် ပါနေသည်ဟု အပြင်မှနားထောင်နေသော ခိုင်ခိုင်စိုးနှင့် ယုယုနိုင်တို့ ထင်မိကြသည်၊ သင်းသင်းသည် အပြင်ဘက်သို့တချက်မျှပင်လှည့်မကြည့်မိသဖြင့် ခိုင်ခိုင်စိုးတို့ကို မတွေ့ခြင်းပေ။



ဘလိုင်းထွန်းထွန်းအာ သင်းသင်းစကားကို ပြန်လည်ချေပပြောဆိုနေပါသည်။

'သင်းသင်းဆိုလိုတာက ဒီလောကချစ်နေကြသ၀ူးနဲ့ ဘာလို့ စိတ်ဆင်းရဲခံနေကြသလဲ ပြောချင်တာ မဟုတ်လား၊ ချစ်တာမှ အသက်မကချင်လို့ ချစ်သူအတွက်ဆို အနစ်နာခံစရာရှိယင် အကိုထွန်းဘဲ အနစ်နာခံမယ်၊ သင်းသင်းပြောသလို အကိုထွန်းရင်ထဲမှာ သူသူလေးကို ခုမှ တကယ်ဆုံးရှုံးသွားရလို့ ငိုနေရပြီ၊တသက်လုံး ကိုယ့်ရင်ထဲမှာ ငိုနေမယ်....ကိုယ့်ရင်ထဲမှာ ငိုနေမယ်'

ဘလိုင်းထွန်းထွန်းသည် တိုးတိုးလေးရေရွတ်ယင်း မျက်ရည်များ ပါးပြင်သို့ စီးကျလာခဲ့သည်၊ ကိုယ့်အချစ်ဆုံးချစ်သူကို စွန့်လွှတ်ရပြီဆိုသော အသိတရားဝင်လာလျှင် တဦးနှင့်တဦးကို ကွာခြားသွားပြီဆိုလျှင် အသဲနှလုံးက ပြင်းထန်စွာ နာကျင်အောင် ခံစားရမှန်း ချစ်တတ်သူများနှင့် ချစ်တိုင်းမပေါင်းလိုက်ကြရသော ချစ်သူများသာ ခံစားမိကြပါမည်။

ထို့အတူ သင်းသင့်မှာလည်း ဘလိုင်းထွန်းထွန်းခံစားနေရသည့် သောကဝေဒနာကို ကိုယ်ချင်းစာလာမိသည်၊

ဒါကြောင့်လည်း ဘလိုင်းထွန်းထွန်းတယောက် ရင်ထဲရှိသမျှကို မမြိုသိပ်နိုင်ဘဲ လွှတ်လပ်စွာရှိစေရန် ထ၍ အိပ်ခန်းထဲ ဝင်သွားခဲ့သည်။ သင်းသင်းခြေသံပျောက်ကွယ်သွားသည်နှင့်ဘလိုင်းထွန်းထွန်းသည် မြိုသိပ်ထားရသမျှကို ဖွင့်အန်လိုက်သည်၊

ဇော်ကိုအောင်၏ ခန္ဓာကိုယ်တနုလုံး တုန်ခါနေအော
ငိုရှိုက်နေသည်ကိုတွေ့ပြီး ခိုင်ခိုင်စိုးတို့ပင် မျက်ရည်ကျလာ
သည်။ သူ့ရင်ထဲမှခံစားရလွန်း၍ ပွင့်အန်ငိုကြွေးခြင်းကို မည
သူမျှမသိဟု ဇော်ကိုအောင် ထင်ထားမိ၍ စိတ်လွတ်ကိုယ်လွ
ငိုနေခြင်းဖြစ်မည်။

သို့သော်....။

သူတို့သုံးဦး ပြဿနာစဖြစ်ကတည်းက ယုယုခိုင်တို့ သူငယ်
ချင်းများရောက်နေမှန်းကို ဇော်ကိုအောင် မသိပါပေ။

ချောစုသူသူဆင်းပြေးသွား၍ ချောစုံသူသူနောက်သို့ အေ
အေးနှင့် သန္တာစိုးထို့ လိုက်သွားမှန်းလည်း ဇော်ကိုအောင်မ
ပါပေ။

ဘလိုင်းထွန်းထွန်းသည် သူ့ရင်ထဲတွင် ခံစားမှုများကို ေ
လွင်အောင်ကိုရှင်းပြပြီး နေလွင်အောင် ထွက်သွားသည်ကိုသ
သိလိုက်သည်။

နေလွင်အောင်က သူမတို့နှစ်ဦးကို ထားခဲ့ကာ ချောစုသူ
အတွက် စိုးရိမ်စွာဖြင့် ချောစုသူသူရှိရာကို အရောက်သွားမ
ဇော်ကိုအောင် မှသိပါပေ၊

အဖြစ်အပျက် အစအဆုံးကိုသိ၍ ဇော်ကိုအောင် လှိုက်
လှဲလှဲကြီး ငိုကြွေးနေသည်ကို တွေ့ရသောအခါ ခိုင်ခိုင်စိ
ယုယုခိုင်ပါ မျက်ရည်များ ဖြေမဆည်အောင်ကျလာသလို
ထဲတွင်လည်း ကာယကံရှင်နှစ်ဦးကဲ့သို့ပင် ခံစားလိုက်ကြရသ



သိပ်ချစ်လွန်းကြသော ဇော်ကိုအောင်နှင့် ချောစုံသူသူတို့
ချစ်သူနှစ်ဦး၏ကံကြမ္မာဖန်တီးပုံမှာ အားလုံးစိတ်ထဲတွင် တသသ
ဖြစ်နေရတော့သည်။

ဇော်ကိုအောင်မှာ အားရအောင်ငိုပြီး ဓမ္မတည့်တည့်ကို
ငူးစိုက်ကြည့်ကာ တဦးတည်းပြောနေသည့်စကားကြောင့် ယုယု
ခိုင်တို့ သူငယ်ချင်းနှစ်ဦးမှာ ပို၍စိတ်မကောင်း ဖြစ်ရပြန်သည်။

'ကိုအောင် သူသူလေးကို မချစ်လို့ မဟုတ်ဘူးဆိုတာ သူသူ
လေး မသိသွားဘူးနော်၊ ဒါကြောင့်သာ ကိုအောင့် အပေါ်
စိတ်နာအထင်လွဲပြီး ရှင်ရှေ့ ကျမတွေနဲ့ ရက်ရက်စက်စက်ပြော
ရက်တယ်၊ သူသူလေးဘက်ကကြည့်ယင် ပြောသင့်ပါတယ်လေ၊
ကိုအောင် သူသူလေး အပေါ် အမြဲခွင့်လွှတ်သွားမှာပါ သူသူ
လေးရယ်....။

'သူသူလေးအတွက် သီးသန့်ရေးစပ်ခဲ့တဲ့ "မပြို့သောမြင့်မိုရ်"
သီချင်းလိုပေါ့ အချစ်ရယ်.... ချစ်သူနဲ့တွေ့ယင် ကြည်နူးရသလို၊
ချစ်သူနဲ့ကွေကွင်းရခြင်းဟာ စိတ်အဆင်းရဲရဆုံးပါ၊ သူသူလေး
ကို ချစ်ခဲ့ရတာ ကိုအောင် အသက်မက ချစ်မိတာပါ၊ မြင့်မိုရ်
တောင်ကြီး မပြိုသလို ကိုအောင်ရဲ့ မေတ္တာကလဲ သူသူလေး
အပေါ် ဘယ်တော့မှ မအိုတွားပါဘူး အချစ်ရယ်၊ ကိုအောင်
သေတဲ့အထိ ကိုယ့်ရင်ထဲမှာ နှစ်မြှောတသသနဲ့ ငိုသွားရမယ့်သူပါ
အချစ်ရယ်'

ခိုင်ခိုင်စိုးနှင့် ယုယုနိုင်တို့ တဦးကို တဦးတဦး ကြည့်လိုက်ကြ
သည်။ နှစ်ဦးစလုံး၏မျက်နှာတွင်လည်း စိတ်မကောင်းလွန်းသ
သက္ကာန်ပေါ်နေကြသည်။

'သွားကြပါစို့ မိခိုင်ရယ်-ကြာယင် ကိုဇော်ကိုအောင်သိသ
လိမ့်မယ်၊ မှဆုံနိုင်တော့တဲ့ မျဉ်းပြိုင်နှစ်ကြောင်းကို ဘယ
ပေါင်းစပ်လို့မှ မရတော့တဲ့ အတူတူ ယုခိုင်တို့ ပြန်သွားတာ
ကောင်းပါတယ်၊ ကိုဇော်ကိုအောင်က ကိုကို့ကို ပြောလိုက်တ
မိုလား၊ သူသူလေးကို ဖွင့်ပြောလို့ သူသူလေး လိုက်လာခဲ့
သူ့ ကိုယ်သူ သတ်သေလိုက်မယ်....တဲ့လေ၊ ဒီတော့ကိုကိုနဲ့ မိသ
ဆီဘဲ ပြန်သွားကြပါစို့၊ ဆက်နားထောင်နေယင် ကိုဇေ
အောင်ကို သနားမဆုံးဖြစ်ရမယ်၊ ဒို့တွေလဲ မကယ်နိုင်တဲ့အ
အနေဖြစ်ပြီး အားလုံး စိတ်ဆင်းရဲကြရလိမ့်မယ်'

'အင်း'

ခိုင်ခိုင်စိုးက သက်ပြင်းကြီးချကာ စိတ်ထဲမှနေ၍ ဇေ
အောင်ကို ပြောခဲ့မိပါသည်။

'ကိုဇော်ကိုအောင့်ရင်ထဲမှာ ခံစားရတဲ့ဝေဒနာအတိုင်း
လှဲ့ခံစားနေရမယ်ဆိုတာယုံပါရှင်၊ ကိုဇော်ကိုအောင်လိုဘဲ
ရင်ထဲမှာ တသက်လုံး ငိုသွားမယ်ဆိုတာ ရဲရဲဝံ့ဝံ့ ပြောခဲ့ချ
တယ်၊ ကိုဇော်ကိုအောင် သွေးအေးသွားတဲ့အချိန်ကျယင်
ဟာ ကိုကို့ကို နှလုံးသားထဲပါတဲ့ မေတ္တာနဲ့ မဟုတ်တောင်



နှောက်နဲ့ လက်ခံသင့်တယ်လို့ ဆုံးဖြတ်နိုင်တဲ့ အဆုံးအဖြတ်မျိုး
ပေါ်လာပါစေလို့ ခိုင်ခိုင်တို့ ကိုကို့ကိုယ်စား ဆုတောင်းနေမိ
ပါတယ် ကိုဇော်ကို ာင်ရယ်'

'သူသူလေးရယ်....ကိုအောင့်ရင်ထဲမှာ ငိုနေမယ်၊ ကိုယ့်ရင်ထဲ
မှာ ငိုနေမယ် အချစ်ရယ်'

**ဇော်ကိုအောင်**ထံမှ ကျယ်လောင်စွာထွက်လာသော စကား
သံနှင့်အတူ လိုက်၍လိုက်ကာ ငိုကြွေးနေသော ဇော်ကိုအောင်၏
ကျောပြင်ကြီးကို နောက်ဆုံး ငေးကြည့်ကြပြီး စိတ်ထဲမှ နှုတ်
ဆက်ခဲ့ကာ နှစ်ဦးသား တရွေ့ရွေ့ထွက်ခွာလာခဲ့ကြသည်။

အိမ်ဘအိမ်မှ ဆူညံစွာထွက်လာသော ကက်ဆက်သံကြောင့်
နှစ်ဦးသားကြည့်မိကြကာ သက်ပြင်း ချလိုက်ကြရပြန်သည်။

ချစ်တာလဲ သူအသိသားနဲ့....မဖြစ်နိုင်လို့ ခွဲရ

ပေမယ့် ကိုယ့်ရင်ထဲတယ်လိုနေမယ်....နှလုံးကြေ

ကွဲ အသဲက ငိုတယ်....၊ ဒို့ရဲ့ကမ္ဘာကြီးတော့ ပျက်

ပြီ....စိတ်ကူးထဲရှိသမျှ မဖြစ်နိုင်ပြီ... စိတ်ကူးထဲရှိ

သမျှ မဖြစ်နိုင်ပြီ....။

သီချင်းသံဏာ ဝေး၍ ဝေး၍ လာလေပြီ၊ ထို့အတူ ချစ်သူ ...င်ဦးမှာလည်း အသဲကြေကွဲဏာ ရင်ထဲတွင် ငိုနေကြရမယ်ဆို ...ကို ခိုင်ခိုင်စိုးတို့ နားလည်ထားကြပါပေသတည်း။

စေတ္တနားကြပါဦးစို့၊
ဆက်လက်ကြိုးစားနေမည်....

လေးလေးမြင့်

အမှတ်–၈၊ သုခိတာလမ်း၊
ပြည်သာယာစာတိုက်၊ တောင်ဥက္ကလာ